

တက္ကသိုလ်
နေလင်းအောင်
သိုင်းသမားရန်ငြိုး
ကုလုံ၏ ဝုဝါးလိန်
စာစဉ် (၁)
၆ အုပ်တွဲသိုင်းစာစဉ်
သိုင်းစာစဉ်များPAGE


Win
စာပေ နှင့် စာအုပ်ချုပ်လုပ်ငန်း
တက္ကသိုလ်
နေလင်းအောင်
သိုင်းသမားရန်ငြိုး
၁

စာမူခွင့်ပြုချက်အမှတ်-၅၀၀၃၇၃၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၅၀၀၅၅၆၀၅၀၅

ပထမအကြိမ်
၂၀၀၅-ခုနှစ်

အုပ်ရေ-၅၀၀
တန်ဖိုး ၁၅၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးတေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးရိုက်
ဦးမြတ်ကျော် (မြ-၀၅၇၇၈)
မြတ်ကျော်ပုံနှိပ်တိုက်
အမှတ်-၂၁၇၊ လမ်း-၃၀
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်
နေလင်းအောင်

# သိုင်းသမားရန်ငြိုး

စာစဉ် (၁)

Win

## အခန်း (၁)

### မိုးသည်းညအန္တရာယ်

စစ်ချွမ်းပြည်နယ်မြောက်ပိုင်းဒေသဖြစ်ပါ၏။

ထက်ကောင်းကင်တစ်ခွင်လုံး မှိုင်းညို့ပြာဝေနေပြီး လျှပ်စီးများ ဝင်းခနဲဝင်းခနဲ လက်နေသည်။မကြာ၊ လေပြင်းများ တဟူးဟူးတိုက်လာပြီး မိုးကြီးဝေါခနဲ ရွာချလာတော့သည်။တောင်စဉ်တောင်တန်းများပေါ်မှ တဝေါဝေါ မြည်ဟီးပြီး လိမ့်ဆင်းလာသော မိုးရေများသည် စိမ့်စမ်းအင်းအိုင်များထဲသို့ တရဟော စီးဝင်သွားကြသည်။

ကြုမြင်ကွမ်းအထိ ပေါက်သော တောင်ပေါ်လမ်းကလေးသည် ရေများဖွေးနေပြီး သွားရလာရ ပိုမိုခက်ခဲလာတော့သည်။ လမ်းကလေးသည် ဘေးအန္တရာယ် ထူပြောသော လမ်းကလေးဖြစ်၍ လူသွားလူလာ ပြတ်လပ်နေသည်။

ရွာနီးချုပ်စပ်မှ လူများက ဤလမ်းကလေးကို မရက အန္တရာယ်လမ်းဟု အမည်ပေး ကင်ပွန်းတပ်ထားကြပြီး တော်ရုံတန်ရုံ ကိစ္စလောက်နှင့် ဖြတ်သန်းသွားလာခြင်း မပြုကြပေ၊ သို့စဥ်လျက် ထိုလမ်းပေါ်တွင် ရေးကြီးသုတ်ပြာ လျှောက်လှမ်းနေသော လူငယ်လေးတစ်ဦးသာ ထူးထူးခြားခြား ရှိနေသည်၊ လူငယ်လေးသည် မည်သည့်အရေးကိစ္စကြောင့် ဤသို့သွားလာနေသနည်း။ မည်သူမျှ မသိပေ။

လူငယ်လေးသည် မည်သည့်အရာကိုမျှ ဂရုစိုက်ဟန်မရှိဘဲ ရှေ့သို့သာ တစ်လှမ်းပြီးတစ်လှမ်း လှမ်းနေသည်။

မိုးသည် သဲကြီးမဲကြီး ရွာသွန်းနေဆဲ ဖြစ်သည်။

ခရီးသည်လူငယ်လေးသည် အသက်နှစ်ဆယ်မျှ ရှိသေးပြီး ဝါးခမောက်ကြီးတစ်ခုကို ဆောင်းထားသည်။ဝတ်ဆင်ထားသော အကျီကား ဝုန်နီအကျီကလေးသာဖြစ်ပြီး ဘောင်းဘီမှာ ဟောင်းနွမ်းနေသောချည်ထည်ဖြစ်သည်။ရုပ်သဏ္ဌာန်သည် မျက်နှာဝိုင်းပြီး ပါးရိုး ကားသည်။ နှာခေါင်းပြားပြီး ပါးစပ်ပြဲသည်။ ခြုံ၍ဆိုရလျှင် အကျည်းတန်သော လူငယ်တစ်ယောက်ပင်။ ထူးခြားသည်ကား မျက်လုံးဖြစ်သည်။ မျက်လုံးသည် မကျဉ်းမကျယ် ဝိုင်းစက်နေပြီး ရိုးသားဖြောင့်မတ်မှုကို ဖော်ပြနိုင်စွမ်းသော မျက်လုံးမျိုးဖြစ်သည်၊ ကြည်လဲ့တောက်ပြောင်လှပေသည်။

လူငယ်သည် မိုးထဲလေထဲတွင် ခြေကုန်သုတ် လျှောက်လှမ်းနေရင်း ပတ်ဝန်းကျင်တစ်ခွင်လုံး အမှောင်သမ်းလာပြီကို သတိပြုမိလာသည်။

"မိုးတောင် ချုပ်လာပြီပဲ"



လူငယ်သည် တီးတိုးရေရွတ်ရင်း အားသွန်လျှောက်လှမ်းခဲ့ပြန်သည်၊ အတန်ကြာလျှောက်လှမ်းမိသော်လည်း လိုရာခရီးနှင့်မနီးသေး။ မိုးသည် သဲသဲမဲမဲ ရွာနေဆဲ၊ မကြာမီ ခပ်ဝေးဝေး အမှောင်ထုထဲမှ မီးရောင်ကလေးများကို မြင်လာရသည်။

"အင်း. . . တော်တော်နဲ့ မရောက်မယ့်အတူတူ ဟိုရှေ့က တန်ဆောင်းထဲ မိုးခိုအုံးမှပါပဲ"

လူငယ် တီးတိုးရေရွတ်မိသည်၊ နှစ်ဖာလုံခန့် ခရီးပေါက်လာသောအခါ မှိန်ပျပျ မီးရောင်ကို သဲသဲကွဲကွဲ မြင်လာရတော့သည်၊ မီးရောင်သည် တန်ဆောင်းအိုကြီးထဲမှ မီးရောင်ပင် ဖြစ်သည်၊ တန်ဆောင်းကြီးသည် နီညိုညို အရောင်အဆင်းရှိသော ရှေးဟောင်း တန်ဆောင်းကြီးတစ်ခုသာဖြစ်သည်၊

လူငယ်သည် တန်ဆောင်းလှေကားပေါ် လှမ်းခနဲ ခုန်တက်လိုက်ပြီး စေ့ထားသောတံခါးကို တွန်းဖွင့်လိုက်သည်၊ ထို့နောက် ခပ်တည်တည်နှင့် တန်ဆောင်းထဲသို့ ဝင်လာခဲ့သည်။

မိုးသည် တဝေါဝေါ ရွာနေဆဲဖြစ်သည်၊အပြိုးကြီးလှသော မိုးသည် စဲပင်မစဲနိုင်ချေတကား။

လူငယ်သည် တန်ဆောင်းထဲရောက်မှ သက်ပြင်းကို ဟင်းခနဲ ချလိုက်မိသည်၊ တစ်ကိုယ်လုံးသည် မိုးရေများဖြင့် ရွှဲနစ်နေသည်၊ ခေါင်းပေါ်မှ ခမောက်ကြီးကို ဆွဲချွတ်လိုက်ပြီး ရှေ့သို့ လှမ်းလိုက်သောအခါ မမျှော်လင့်သောမြင်ကွင်းကြောင့် ရင်ထဲ ထိတ်ခနဲဖြစ်သွားတော့သည်၊

တန်ဆောင်းထဲ၌ ကျောပေးထိုင်နေသူများသည် လူငယ် ဝင်ရောက်လာသည်ကို သိကြဟန် မတူကြပေ၊ သုံးယောက်စလုံး

တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သက်နေကြသည်။

လူငယ်သည် ရပ်နေရာမှ အခြေအနေကို အကဲခတ်လိုက်ပြီး ပြဿနာမပေါ်စေရန် စကားလှမ်းပြောလိုက်သည်။

" မိတ်ဆွေများခင်ဗျား. . . ခရီးသွားရင်း မိုးကြီးလေကြီးကျနေလို့ ခုလို ဝင်ရောက်တည်းခိုတာကို ခွင့်ပြုပါခင်ဗျာ"

လူငယ်က ရည်ရည်မွန်မွန် တောင်းပန်လိုက်သော်လည်း ကျောပေးထိုင်နေသူများသည် တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခြင်း မရှိကြပေ။ သူတို့သည် လူငယ့်အသံကို မကြားကြလေသလော၊ သို့တည်းမဟုတ် လူငယ်ကို အဖက်လုပ် ပြောကြားစရာ မလို၍ ငြိမ်သက်မြဲ ငြိမ်သက်နေကြခြင်းလော။

လူငယ်သည် သိုင်းလောကသို့ ခြေချစ လူငယ်သာ ဖြစ်၍ ပြဿနာတက်လိုသော ဆန္ဒမရှိပေ။ ထို့ကြောင့် စကားဆက်မပြောတော့ဘဲ တန်ဆောင်းထောင့်တစ်နေရာသို့သာ လျှောက်သွားခဲ့သည်။

ထိုစဉ် ငုတ်တုတ်ထိုင်နေသော လူတစ်ယောက်ကို တိုက်တော့မလို ဖြစ်သွားသောကြောင့် ရုတ်ခနဲ ခုန်ဆုတ်လိုက်ပြီး ပြူးပြူးပျာပျာ ကြည့်လိုက်မိသည်။ အမှောင်ရိပ်တွင် ငုတ်တုတ်ကြီးဖြစ်နေသည်မှာ လူသားစင်စစ်မဟုတ်ဘဲ နတ်ရုပ်ကြီးတစ်ခု ဖြစ်နေသည်ကို တွေ့ရလေတော့သည်။

လူငယ်သည် သက်ပြင်းချလိုက်နိုင်ပြီး ကိုယ့်ကိုယ်ကို ရယ်ချင်လာပြန်သည်။ သို့သော် ရယ်ချင်စိတ်ကို ချုပ်တည်းလိုက်ပြီး ရုပ်တုကြီးကို သေသေချာချာ ကြည့်လိုက်မိပြန်သည်။ ရုပ်တုသည် တကကယ့်လူတစ်ယောက်၏ အချိုးအစားအတိုင်း ထုလုပ်ထားသည့် ရုပ်တုတစ်ခုပင်။ ပန်းပုလက်ရာ ပြောင်မြောက်သည်နှင့်အမျှ သက်ရှိလူသားကဲ့သို့ အသက်ဝင်လှပေသည်။ ရုပ်တုသည် အသက်လေးဆယ်လူတစ်ယောက်သဏ္ဌာန် ထုလုပ်ထားခြင်းဖြစ်ပြီး ခါးတွင် ကြီးမားသောဓားအိမ်တစ်ခု ပါရှိသည်။ ဓားအိမ်ထဲတွင်မူ ဓားမရှိတော့ပါ။ တစ်စုံတစ်ယောက် ခိုးယူခြင်းကို ခံခဲ့ရပြီထင်သည်။ ဓားအိမ်မှာ ပိုးပေါက်များ ဖြစ်နေပြီး နှစ်အတော်ကြာကတည်းက ထုလုပ်ထားသောရုပ်တုဖြစ်ကြောင်း သိသာလှသည်။

မီးဖိုမှမီးသည် တဖြည်းဖြည်းနှင့် ငြိမ်းသေလုလု ဖြစ်သွားပြီး မီးစွယ်ကျိုးသွားသောကြောင့် တန်ဆောင်းကြီးတစ်ခုလုံး မည်းမှောင် သွားတော့သည်။ မီးခဲများသာ နီရဲနေဆဲရှိသည်။

လူငယ်သည် နတ်ရုပ်တုကြီးနားတွင် ရပ်နေဆဲရှိပြီး ဘာဆက်လုပ်ရကောင်းမည်နည်းဟု စဉ်းစားနေမိပြန်သည်။ အတန်ကြာမှ. . .

" မီးလှုံနေတဲ့ မိတ်ဆွေများခင်ဗျား၊ ကျွန်တော်မိုးမိလာလို့ အတော်ချမ်းနေပါတယ်၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို မီးလှုံခွင့်ပြုစေချင်ပါတယ်၊ ကျွန်တော့်နာမည်က ဝမ်ယိစိန်းပါ၊ ကျွန်တော့်ဘကြီးက ငွေနတ်လီလုံ ဖြစ်ပါတယ်"

လူငယ်၏စကားကို မည်သူကမျှ ခွန်းတုံ့မပြန်ကြပေ။ လူငယ် ရှက်ကိုးရှက်ကန်း ဖြစ်သွားပြန်သည်။ သူ ငွေနတ်လီလုံ၏ အမည်ကို ထုတ်ဖော်သုံးစွဲလိုက်ခြင်းကား ကြွားဝါလိုသောဆန္ဒကြောင့် မဟုတ်။ ကျောပေးထိုင်နေသူများသည် သိုင်းသမားများ ဖြစ်၍ ဘကြီး၏အမည်ကို ဖော်ထုတ်ပြောဆိုလိုက်ခြင်းသာ

ဖြစ်သည်။ တစ်နည်းဆိုရလျှင် ဘကြီး၏အမည် ဂုဏ်သတင်းကြောင့် မိမိကို မိတ်ဆွေအဖြစ် ဆက်ဆံကောင်း ဆက်ဆံလာလိမ့်မည် ဟူသော ယူဆချက်ကြောင့်သာဖြစ်သည်။

ငွေနတ်လီလုံသည် စစ်ချွန်းပြည်နယ်မြောက်ပိုင်းတွင် အလွန်ချမ်းသာကြွယ်ဝသော လူတစ်ယောက်ဖြစ်သည်နှင့်အမျှ မသိသူရှားသော ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်သည်၊ သူ၏ထင်ရှားကျော်ကြားသောဂုဏ်သတင်းနှင့် လုပ်ရည်ကိုင်ရည်များကြောင့် ကြံ့မင်ကွမ်းကို ဖြတ်ကျော်သွားရသူတိုင်း သူ့ကို လက်ဆောင်ပဏ္ဏာပေး၍ ရိုသေလေးစားမှုရှိကြောင်း ပုဇော်ပသရသည်ချည်းဖြစ်သည်။

ငွေနတ်လီလုံသည် မြို့စား၊ နယ်စားကြီးတို့ထက် တန်ခိုးထက်ပြီး ဩဇာကြီးသောလူတစ်ယောက်ဖြစ်သည်။ သိုင်းလောကရှိ ထိပ်တန်းသိုင်းသမားများကပင် အလေးထားရသောလူ တစ်ယောက်ဖြစ်သည်။

သို့သော် မီးလှုံနေကြသော လူသုံးယောက်ကား တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သက်မြဲ ငြိမ်သက်နေကြသည်။ သူတို့ အဘယ်ကြောင့် ငြိမ်သက်နေကြသနည်း။ ဝမ်ယိစိန်း မသိပေ။

ကိုယ်ကျပ်အကျီဝတ် လူသုံးယောက်ကား ငွေနတ်လီလုံကို မသိများ မသိကြသလော၊ တစ်နယ်တကျေးမှ လူစိမ်းများ ဖြစ်နေကြ၍လော၊ မဟုတ်ပေ၊ သူတို့သည် ဤနေရာဤဒေသမှ သိုင်းသမားများသာ ဖြစ်ကြသည်၊ ထိုအချက်ကို ဝမ်ယိစိန်း ကောင်းကောင်းသိသည်၊ အဘယ်ကြောင့်ဆိုသော် သူတို့ခါးတွင် စည်းနှောင်ထားသော ပိုးချည်ခါးပတ်ကြိုးများကို တွေ့ရသောကြောင့်



ဖြစ်သည်။

" မိတ်ဆွေများခင်ဗျား၊ ကျွန်တော်ဟာ ဘကြီးရဲ့အမိန့်နဲ့ ကိစ္စတစ်ခုကို ဆောင်ရွက်ဖို့ရှိနေပါတယ်၊ ခုညတွင်းချင်း ခရီးဆက်ထွက်ရပါဦးမယ်၊ လောလောဆယ်မှာ ရှာကို အရောက်သွားဖို့ကိစ္စ ရှိနေပါတယ်။ ခုလို မိုးဝင်ခိုပြီး စကားများများ ပြောမိတာကို စိတ်မဆိုးကြပါနဲ့လို့ ကျွန်တော် တောင်းပန်ပါတယ်"

ဝမ်ယိစိန်း လှမ်းပြောလိုက်မိပြန်သည်။

လူသုံးယောက်ကား သူ့ကို လှည့်ပင်မကြည့်ကြ။

ဝမ်ယိစိန်း အနေရအထိုင်ရ ကြပ်လာ၏။ ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်လာသည်။

မီးပုံကို လှမ်းကြည့်သည်။ မီးကား သေလုလုဖြစ်နေပြီ။

"ဟဲဟဲ . . . မိတ်ဆွေတို့က တယ်လဲ စကားနည်းကြတာကိုး။ မီးပုံက မီးတောင် သေတော့မယ်၊ ကျွန်တော် မီးထပ်ထိုးပေးပါ့မယ်ဗျာ"

ဝမ်ယိစိန်း တစ်ယောက်တည်းပြောရင်း ကုလားထိုင်ကျိုးတစ်ခုကို ဆွဲယူလိုက်သည်၊ ခြေထောက်များကို ဆွဲဖြုတ်လိုက်ပြီး ဒူးခေါင်းပေါ်တင်ကာ ဆောင့်ချိုးလိုက်သည်၊ ထို့နောက် မီးပုံအနီးသို့ လျှောက်သွားပြီး မီးပုံထဲကို ပစ်ထည့်လိုက်သည်၊ ထိုင်နေသော လူသုံးယောက်ကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။

တစ်ကိုယ်လုံး တောင့်တင်းသွားသည်၊ ကြောက်စိတ်လန့်စိတ်များ ငယ်ထိပ် တက်လာသည်၊ ဘာလုပ်ရမှန်း မသိတော့၊ အသက်ရှူရပ်သွားသလား ထင်မှတ်ရလောက်အောင် ချောက်ချားသွားသည်၊ အာခေါင်များ ခြောက်ကပ်လာပြီး မည်သည့်အသံမျှ

မထွက်နိုင်တော့၊ ခြေထောက်များ တဆတ်ဆတ်တုန်လာပြီး နေရာရွှေ့မရတော့၊

မြင်ကွင်းသည် ထိတ်လန့်ချောက်ချားစရာမြင်ကွင်း၊ လူသုံးယောက်စလုံး အသက်မရှိကြ၊ ဒဏ်ရာဗရပွနှင့်၊ သွေးများ ရဲနေသည်၊ ရင်ဘတ်အင်္ကျီပေါ်တွင် သွေးများ ခဲနေသည်၊ ညှီစို့စို့ သွေးညှီနံ့ပင် နှာခေါင်းထဲ တိုးဝင်လာသည်။

ဝမ်ယီစိန်းသည် မည်မျှကြာအောင် ရပ်နေမိသည်ပင် မသိတော့၊ သူ အားတင်းပြီး နောက်သို့ ခုန်ဆုတ်လိုက်မိသည်၊ ထိုစဉ် လေပြင်းတစ်ချက် ဟူးခနဲ တိုက်လာပြီး စေ့ထားသော တံခါးပင် ဝုန်းခနဲ ပွင့်သွားသည်၊

ဝမ်ယီစိန်းသည် တွန့်ခနဲ ဖြစ်သွားပြီး ကျောချမ်းသွားသည်၊ ထိတ်လန့်တကြား လှည့်ကြည့်လိုက်သော်လည်း ထူးခြားမှု ဟူ၍ တစ်စုံတစ်ရာ မတွေ့ရချေ၊

မိုးသည် သည်းထန်စွာ ရွာသွန်းနေဆဲဖြစ်သည်၊

ဝမ်ယီစိန်းသည် တံခါးကို ပြန်ပိတ်လိုက်ပြီး သေဆုံးနေသူများကို အားတင်းပြီး အကဲခတ် ကြည့်လိုက်မိပြန်သည်၊ အသက်မဲ့နေသော လူသုံးယောက်၏ခါးတွင် စည်းနှောင်ထားသော ခါးပတ်များမှာ ရိုးရိုးပိုးချည်ခါးပတ် မဟုတ်ဘဲ ရွှေခါးပတ်များ ဖြစ်နေကြောင်း တွေ့မြင်ရတော့သည်။

ဝမ်ယီစိန်း ပို၍မျက်လုံးပြူးသွားပြီး တုန်လှုပ်ချောက်ချားစိတ်များ ပို၍လွှမ်းလာတော့သည်၊ ခါးပတ်သည် ဘကြီးလီလုံ သုံးလေးသုံးထရှိသော ရွှေခါးပတ်များ ဖြစ်နေသည်၊

ငွေနတ်လီလုံ အမည်ရှိ ဘကြီးသူဌေးသည် သိုင်းလောက



နှင့် အဆက်အသွယ် ရှိနေသည်နှင့်အမျှ ရွာထဲတွင်လည်း တပည့်ငယ်သား သိုင်းသမားများ ရှိနေသည်၊ ဘကြီးလီလုံသည် ထို သိုင်းသမားများကို အလွန်ယုံကြည်စိတ်ချသည်၊ အားကိုး အားထားပြုသည်၊ ထို့ကြောင့် ရွာခံသိုင်းသမားများကို ရွှေခါးပတ်များ ဆုချထားခဲ့သည်၊ ယခု တွေ့မြင်နေရသော ရွှေခါးပတ်များသည် ဘကြီးလီလုံ ဆုချထားသော ခါးပတ်များသာဖြစ်သည်၊ ထိုသို့ ဆုရထားသော သိုင်းသမားများသည် တော်ရုံတန်ရုံ သိုင်းသမားများ မဟုတ်၊ အဆင့်မြင့်သိုင်းသမားများ ဖြစ်သည်၊

ဝမ်ယီစိန်းကိုယ်တိုင်ပင် ငွေနတ်လီလုံ၏ အနီးကပ် စေခိုင်းမှုများကို တာဝန်ယူ လုပ်ကိုင်ပေးနေရသောကြောင့် အခြေအနေအားလုံးကို နားလည်ထားပြီးဖြစ်သည်၊

သို့သော် လီလုံ၏ အားထားရသော သိုင်းသမား သုံးယောက် မရှုမလှ သေဆုံးနေသည်ကို ကြောက်ရွံ့ထိတ်လန့်လာသည်၊ မိမိသည် ငွေနတ်လီလုံ၏အသိုက်အဝန်းမှလူ ဖြစ်နေသဖြင့် ရွှေခါးပတ်ပိုင်ရှင်များ၏အဖြစ်မျိုးသို့ ဆိုက်ရောက်သွားကောင်း ဆိုက်ရောက်နိုင်သည်ကို တွေးမိသည်နှင့် ကြောက်စိတ်များ ငယ်ထိပ်တိုင် တက်လာခဲ့တော့သည်၊

ဝမ်ယီစိန်း သည်နေရာတွင် မနေသင့်တော့ပြီ ဖြစ်ကြောင်း တွေးမိလာသည်နှင့် တံခါးပေါက်ရှိရာ ခပ်သုတ်သုတ် လျှောက်သွားမိတော့သည်၊ တံခါးကိုဖွင့်၍ ခြေတစ်လှမ်းမျှသာ လှမ်းရသေးသည်၊ ရှေ့တွင်ကားဆီးနေသော သဏ္ဌာန်ကြောင့် မျက်လုံးမျက်ဆန်ပြူး သွားရပြန်သည်၊

မြင်ကွင်းကား စောစောက လူသုံးယောက်ထက် ကြောက်

စရာကောင်းသောမြင်ကွင်းဟု ထင်မှတ်မိသည်။ ခြေကို ရှေ့သို့ လုံးဝ မလှမ်းရဲတော့ချေ။ ဆယ်ပေမျှအကွာတွင် ရပ်နေသော သဏ္ဌာန်သည် လူလော၊ တစ္ဆေလော၊ ဝမ်ယိစိန်း ပြူးကြောင်ကြောင် စိုက်ကြည့်နေမိသည်။

ရပ်နေသူသည် မိန်းမတစ်ယောက် ဖြစ်ဟန်ရှိပြီး အမှောင်ရိပ်ကြောင့် ဝိုးတဝါးသာ မြင်ရသည်။ ဆံပင်များကို ဖားလျားချထားပြီး ငြိမ်သက်သက်ကြီး ရပ်နေပုံမှာ ကြက်သီး ထဖွယ်ကောင်းလှသည်။ ဝမ်ယိစိန်းသည် အတွေ့အကြုံ နည်းပါး သူဖြစ်၍ ကြောက်ဒူး တုန်နေပြီး ဘာလုပ်ရမှန်း မသိတော့ပေ။ အားတင်းရပ်နေရင်းမှ ဒူးများချောင်သွားကာ ဝုန်းခနဲ လဲကျသွား တော့သည်။ ကြောက်လောဟုန်ကြောင့် ချက်ချင်းပြန် မထနိုင်ပေ။

စကားပြောရန် ပါးစပ်ဟလိုက်စဉ် မိုးရေများဝင်လာ သောကြောင့် ပါးစပ်ထဲ၌ ရေများပြည့်သွားပြီး ဘာမျှမပြော နိုင်ပြန်ချေ။ ရပ်နေသောမိန်းမသဏ္ဌာန်သည် ရိပ်ခနဲ လှုပ်ရှား သွားပြီး ဘေးမှဖြတ်ကျော်သွားသည်။ ဝမ်ယိစိန်းတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားပြန်သည်။

မည်းမည်းသဏ္ဌာန်သည် တစ်စုံတစ်ရာ အန္တရာယ် ပေးခြင်း မရှိ၍ အသက်ရှူချောင်သလို ခံစားလိုက်ရပြန်သည်၊ ဝမ်ယိစိန်းသည် လဲကျရာမှ ကုန်းထလိုက်သည်။ သူ မတ်တပ်ရပ် နိုင်ချိန်တွင် ဖြူဖြူသဏ္ဌာန်နှစ်ခု လှစ်ခနဲလှစ်ခနဲ ပေါ်လာပြန်ပြီး သူ့ဆီ တည့်တည့်လျှောက်လာကြပြန်သည်။

ဝမ်ယိစိန်းသည် ကြောက်ရွံ့ထိတ်လန့်စိတ်များ ပေါ် ပေါက်လာပြီး ဒူးညွှတ်ခွေလဲသွားပြန်သည်။ အဖြူရိပ်နှစ်ခုသည်



အနီးသို့ရောက်လာပြီး သူ့ဘေး တစ်ဘက်တစ်ချက်တွင် ရပ်တန့် သွားကြသည်။ တစ်ဆက်တည်းမှာပင် သူတို့နှစ်ယောက်၏ လက် တစ်ဘက်စီက ပခုံးကို လာကိုင်ထားကြပြန်သည်။ ကြောက်အား လန့်အားနှင့် မော့ကြည့်လိုက်ချိန်တွင် အဖြူရိပ်လူနှစ်ယောက်က သူ့ကို ဆတ်ခနဲ ဆွဲယူလိုက်ကြသည်။ ဝမ်ယိစိန်းသည် မျက်လုံး ပြူးကြီးနှင့် အသက်ရှူရပ်မတတ် ဖြစ်သွားသည်။ ထိုစဉ် အပြင် ဘက်မှ ကြောက်စရာကောင်းသော အသံတစ်သံ ပေါ်လာပြန် သည်။

"ဒီကောင်လေးကို အန္တရာယ် မပေးကြပါနဲ့၊ သူဟာ လီလုံရဲ့ တူမောင်ဖြစ်နေတော့ သူ့ကိုသာ သတင်းပို့ခိုင်းလိုက်၊ ဒါမှ ခြူလိုင်ကဝေလေးဦးနဲ့ တွေ့ဖို့ကိစ္စ အတိအလင်း ဖြစ်သွား မယ်"

အင်္ကျီဖြူဝတ်လူနှစ်ယောက်က အမိန့်ကို နာခံသည်။ ဝမ်ယိစိန်းကို၊ ချုပ်ကိုင်ထားရာမှ ချက်ချင်းလွှတ်ပေးသည်။ ဝမ်ယိ စိန်းသည် ခြေကုပ်မြဲမြဲ မရပ်နိုင်ဘဲ ဒိုင်းခနဲ လဲကျသွားသည်။

စိတ်ထဲတွင်ကား ခြူလိုင်ကဝေလေးဦးဆိုသော အသံ ကြောင့် ထိတ်လန့်တုန်လှုပ်နေသည်။ ယခု လူသုံးယောက်သည် ခြူလိုင်ကဝေသုံးဦး ဖြစ်နေပြီ။ လေးယောက် ပြည့်ဖို့ တစ်ယောက် ကျန်သေးသည်။ ခုကတည်းက လစ်ထွက်သွားလျှင် ကောင်း လိမ့်မည်။ သို့မဟုတ်ပါက-

ကြောက်ရွံ့စိတ်နှင့် တွေးသည်။ မီးပုံရှိရာ လှမ်းကြည့် လိုက်သောအခါ မီးငြိမ်းနေပြီ။

ဝမ်ယိစိန်းသည် ကမန်းကတန်းထပြီး တန်ဆောင်းပေါ်မှ

ဆင်းသည်။ ချုပ်ကိုင်ခဲ့သူများက သူ့ကိုကြည့်ပြီး ပြုံးနေသည်။ ဝမ်ယိစိန်းသည် နောက်သို့ပင် လှည့်မကြည့်ရဲတော့။ ချမ်းသာခွင့်ရသည်နှင့် တရကြမ်း ပြေးထွက်လာမိတော့သည်။ လမ်းတစ်လျှောက်လုံး လဲလိုက်ထလိုက်နှင့် ပြေးလာခဲ့ရာ ခရီးအတော်ပေါက်လာသည်။ တစ်မိုင်ခွဲခန့် လျှောက်လှမ်းမိသောအခါ ကြမြင်ကွမ်းကို လှမ်းမြင်ရတော့သည်။

တောင်ဆင်းလမ်းသည် ကြောက်စရာကောင်းလှသည်၊ သို့သော် ဝမ်ယိစိန်း မကြောက်။ တန်ဆောင်းထဲက အဖြစ်က တောင်ဆင်းလမ်းထက်ပိုပြီး ကြောက်စရာကောင်းသည်။ ထို့ကြောင့် မရပ်မနား သွားသည်။

မိုးသည် စဲသွားရာမှ တိတ်သွားသည်။ ကြယ်ရောင် လရောင်များပင် မြင်လာရသည်။ ဝမ်ယိစိန်း ကံကောင်းလာပြီဆိုရမည်လား။ တောင်အောက်လှမ်းကြည့်မိသည်။ တောင်အောက်တွင် ကွေ့ဝိုက်စီးဆင်းနေသော စမ်းချောင်းများသည် ရေအဖွေးသားနှင့် ဝင်းလက်နေသည်။ ဝမ်ယိစိန်းသည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး မတ်စောက်သော တောင်စောင်းပေါ်မှ ကုတ်ကတ် ဆင်းရပြန်သည်။ သို့နှင့် တောင်ခုလတ်သို့ ရောက်လာသည်။

"ဘယ်သူလဲကွ"

ရုတ်တရက် ကျယ်လောင်စွာ အော်လိုက်သောအသံကို ကြားလိုက်ရသည်။ ဝမ်ယိစိန်းသည် နွယ်ကြိုးမျှင်များကို ခိုတွယ်ထားရင်း အဖြေလှမ်းပေးလိုက်သည်။

"ကျွန်တော်. . . ကျွန်တော် ဝမ်ယိစိန်းပါခင်ဗျာ"

အသံကကျယ်သည်။ တောင်နံရံများက ပဲ့တင်သံများပင်



ပေါ်လာသည်။ ထိုစဉ် ကျောက်တုံးကြီးတစ်တုံးနောက်တွင် ပုန်းကွယ်နေသော လူနှစ်ယောက် ဖျတ်ခနဲ ခုန်ထွက်လာသည်။ နှစ်ယောက်စလုံးကို လရောင်အောက်တွင် ထင်ထင်ရှားရှား မြင်နေရသည်။ ခါးတွင် ရွှေခါးပတ်ကြီးများ ပတ်ထားကြသည်။ ခါးပတ်ပေါ်တွင်လည်း ခုနစ်လက်မခန့် ရှည်သော ဓားမြောင်ရှစ်ချောင်းစီ ချိတ်ထားသည်ကို တွေ့ရသည်။ မြင်ကွင်းကြောင့် ဝမ်ယိစိန်း ရင်ထဲ ပေါ့သွားသည်။

"တော်ပါသေးရဲ့၊ ငါ အသတ်မခံရဘဲ အသက်ရှင်ခွင့်ရလာလို့" ဟုလည်း တွေးလိုက်မိသည်။ ပါးစပ်ကမူ မည်သည့်အသံမျှ မထွက်နိုင်သေး။

ရွှေခါးပတ်ရှင်နှစ်ယောက်က သူ့အနားသို့ လျှောက်လာရင်း တဟားဟား ရယ်မောလိုက်ကြသည်။

"ကျုပ်တို့က ဘယ်က ထိပ်သီးသိုင်းသမားလဲလို့ ကြည့်နေတာ၊ လက်စသတ်တော့ ဝမ်ကလေး ဖြစ်နေတာကိုး၊ ခင်ဗျား တောင်ပေါ်က ဆင်းလာပုံကလဲ တယ်ကြောက်စရာကောင်းတာကိုးဗျ၊ အခုန်အပျံ အလဲအပြိုတွေနဲ့ အသက်တောင် မရှူဝံ့အောင်ပဲဗျာ၊ ဟား. . . ဟား. . . ဟား"

လှောင်ပြောင်စကားကို ဝမ်ယိစိန်း မတုံ့ပြန်သေး။

ထိုသူနှစ်ဦး ဝမ်ယိစိန်းကို ကြည့်ပြီး တဟားဟား ရယ်မောနေပြန်၏။ သူတို့ရယ်မည်ဆိုလည်း အဖြစ်က ရယ်စရာ။

ဝမ်ယိစိန်းတစ်ကိုယ်လုံး ရွှံ့တွေရေတွေ ပေကျံပြီး ညစ်ပတ်နေသည်။

"မဟုတ်သေးဘူးဗျ၊ မဟုတ်သေးဘူး။ ဒီမယ်ဒီမယ် ကျုပ်

ဝမ်ယိစိန်းသည် စကားကိုဆုံးအောင် မပြောနိုင်။ လက်ကားယား ခြေကားယားနှင့် ပို၍ရယ်စရာကောင်းနေသည်။

"ဟားဟား. . . ဝမ်ကလေး ဘာဖြစ်လာတာလဲဗျ၊ တောထဲတောင်ထဲက ဖြတ်လာရလို့ ကယောင်ချောက်ချား ဖြစ်လာတာလား ဟားဟားဟား"

ဝမ်ယိစိန်းသည် အမောဆို့နေဆဲမို့ ဘာမျှ ပြန်မပြောနိုင်သေး။ လူနှစ်ယောက်က သူ့ကိုကြည့်ပြီး တဟိဟိ ရယ်သည်။ သူတို့နှစ်ယောက်သည် လီယီဖုံနှင့် လီယီယွင် အမည်ရှိသော ဓားပျံညီနောင်ဖြစ်သည်။ သူတို့ညီအစ်ကိုနှစ်ယောက်စလုံး ဓားပစ်ပညာအစွမ်းထက်လှသဖြင့် သိုင်းလောကတွင် 'ဓားပျံညီနောင်'ဟု ကျော်ကြားနေသူများဖြစ်သည်။

သူတို့သည် လီလုံ၏အသက်ကို ကယ်တင်ခဲ့ဖူးကြသဖြင့် လီလုံက အထူးအရေးပေးခဲ့သူများဖြစ်သည်။ သူတို့ ညီအစ်ကိုသည် လီလုံဂေဟာတွင် သောင်တင်နေကြပြီး ရပ်ရွာကိစ္စများကို လီလုံ၏ စိတ်ဆန္ဒအတိုင်း ဆောင်ရွက်ပေးနေကြသူများဖြစ်သည်။သူတို့ညီနောင်သည် ပျော်ပျော်ရွှင်ရွှင် လှောင်ပြောင်တတ်သောညဉ့်ရှိသူများ ဖြစ်ကြသော်လည်း စိတ်ရင်းကောင်းသောလူများသာ ဖြစ်သည်။

ဝမ်ယိစိန်းကား သူတို့၏လှောင်ပြောင်မှုကို အရေးမထားဘဲ အလောတကြီး ပြောလာပြန်သည်။

"ဟေ့လူတွေ. . . သိပ်အူရွှင်မနေကြနဲ့ဗျ"

"ဘာဖြစ်လို့လဲ ဝမ်ကလေးရဲ့"

ဝမ်ယိစိန်းက ထိတ်ထိတ်ပျာပျာ အမူအရာနှင့် တောင်



ပေါ်ကို လက်ညှိုးထိုးပြလိုက်၏။

"မြူးလိုင်းကဝေလေးယောက် ရွာသားသုံးယောက်ကို သတ်ထားတာ တွေ့ခဲ့တယ်၊ ဟိုးတောင်တစ်ဘက်က တန်ဆောင်းထဲမှာဗျ၊ သူတို့ မကြာခင် ရွာထဲကို ရောက်လာကြလိမ့်မယ်"

ဝမ်ယိစိန်းစကားကြောင့် ဓားပျံညီနောင် မျက်နှာ တည်သွားသည်။

"ဘာပြောတယ်၊ မြူးလိုင်ကဝေလေးယောက်က ကျုပ်တို့ရွာသားသုံးယောက်ကို သတ်သွားတယ် ဟုတ်လား၊ တော်စမ်းပါဝမ်ရယ်၊ ညကြီးမင်းကြီး ကယောင်ချောက်ချားတွေ ပြောမနေစမ်းပါနဲ့"

ဓားပျံညီနောင်သည် ဝမ်ယိစိန်းအနားသို့ တိုးကပ်လာပြီး ပခုံးကို တစ်ယောက်တစ်ချက် ပုတ်ချလိုက်၏။ ဝမ်ယိစိန်းသည် ကိုယ်ကိုမဟန်နိုင်ဘဲ ယိုင်ထိုးယိုင်ထိုးနှင့် ဖင်ထိုင်ကျသွားသည်။

"ခင်ဗျားကလဲ ဘယ့်နှယ် မဟုတ်တာတွေ လာပြောနေရတာလဲ၊ အဲဒီစကားကို ကျုပ်တို့ပြောမယ့်အစား တစ်ခြားလူတွေကို သွားပြော၊ ကျုပ်တို့ကတော့ ယုံစရာမရှိလို့ မယုံနိုင်ဘူး ဝမ်ရေ"

"ဘာ. . . ခင်ဗျားတို့က မယုံဘူး ဟုတ်လား၊ ကျုပ်က မျက်မြင်ကိုယ်တွေ့မို့ အရေးတကြီး ပြောပြနေတာ"

ဝမ်ယိစိန်းသည် လဲကျရာမှ လူးလဲထလာသည်။ အသံက ဒေါသသံ ပါလာသည်။

သို့သော် ဓားပျံညီနောင်က ဂရုမစိုက်။

"ဟုတ်တယ်လေဗျာ၊ မြူးလိုင်းကဝေလေးယောက်ဆိုတာ

ဘယ်ကပေါ်လာတဲ့ ကဝေလေးယောက်လဲ၊ ခင်ဗျားက သိုင်းလောကကို ခုမှဝင်မယ်ရှိသေးတာ၊ ဘာမှ ဖြစ်ဖြစ်မြောက်မြောက်ရှိတာ မဟုတ်ဘူး။ ခင်ဗျားပြောတာတွေက ယုံတမ်းစကားတွေဖြစ်နေတယ်၊ သိုင်းလောကအကြောင်း ဘာမှ မသိဘဲ စွတ်ပြောနေတာတော့ ကျုပ်တို့က ဘယ်လိုလုပ် ယုံနိုင်မလဲ၊ ခင်ဗျား ခုလိုပြောတာကို သိုင်းသမားတွေကြားရင် အရှူးချီးပန်းစကားတွေဆိုပြီး ဝိုင်းတောင် ရယ်ကြလိမ့်ဦးမယ်"

လီယီဖုံစကားကြောင့် ဝမ်ယီစိန်း မျက်မှောင်ကုပ်သွားသည်။ ခပ်နှိမ်နှိမ်ပြောလာသောကြောင့်လည်း မခံချင်အောင်ဖြစ်သွားသည်။

လီယီယွင်က ဝင်ပြောလာပြန်သည်။

"ဟုတ်တယ် ဝမ်ကလေး၊ ခင်ဗျား တွေ့ခဲ့တယ်ဆိုတာ တစ်မျိုးတစ်မည် ဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ မြူးလိုင်ကဝေလေးယောက်ဆိုတာ ခြသေ့်ဦးခေါင်း အမည်ရှိတဲ့ လူဆိုးခေါင်းဆောင်ကြီးတွေရဲ့တပည့်တွေဗျ၊ တစ်ခါတုန်းက သူတို့တွေနဲ့ သိုင်းသမားတွေနဲ့ မြူးလိုင်တောင်ပေါ်မှာ တိုက်ပွဲဖြစ်ခဲ့ကြတယ်၊ အဲဒီမှာ မြူးလိုင်ခြသေ့်ကြီး တောင်ပေါ်ကနေ ချောက်ထဲ ကျသွားခဲ့တယ်၊ ချောက်က ကိုက်တစ်ထောင်လောက် နက်တဲ့ချောက်၊ သေသလား၊ ရှင်သလားဆိုတာ ဘယ်သူမှ သေသေချာချာ မသိကြဘူး၊ သိုင်းလောကသားတွေကတော့ သေပြီလို့ ယူဆခဲ့တယ်၊ အဲဒီတိုက်ပွဲမှာပဲ မြူးလိုင်ကဝေလေးယောက် သေဆုံးသွားခဲ့တယ်၊ ဒီကိစ္စကို သိုင်းသမားတိုင်းလိုလို သိပြီးဖြစ်တယ်၊ ခုတော့ ခင်ဗျားက မြူးလိုင်ကဝေလေးယောက် ပေါ်လာပြီဆိုတော့ ရယ်စရာကြီးဖြစ်နေတာပေါ့"



ဝမ်ယီစိန်း ပါးစပ်အဟောင်းဖြစ်သွားသည်။ ဘာ ပြန်ပြောရမှန်း မသိတော့။ တန်ဆောင်းပေါ်တွင် ရှိစဉ်က အကျီအဖြူဝတ်နှစ်ယောက်၏ ချုပ်ကိုင်ခြင်းကို ခံရစဉ် ကြောက်စရာကောင်းသောအသံကို ကြားခဲ့ရသည်ကား အမှန်ပင်ဖြစ်သည်။ သူတို့စကားထဲမှ မြူးလိုင်ကဝေလေးယောက်ဆိုသောအသံကိုလည်း သေသေချာချာ ကြားခဲ့ရသည်။ ယခု လီယီယွင် ပြောနေသောစကား ကလည်း ယုံနိုင်စရာ ဖြစ်သည်။

ဝမ်ယီစိန်းသည် အခြေအနေကို နားမလည်တော့။စိတ်စနိုးစနောင့်နှင့် ထင်မြင်ချက်ပေးလိုက်မိသည်။

"ကျုပ်အထင်တော့ သူတို့သေတယ်ဆိုတာ တကယ်မဟုတ်ဘူးထင်တယ်"

လီယီဖုံက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး စဉ်းစဉ်းစားစား ပြောလာသည်။

"ခင်ဗျားပြောတာ တကယ်ဆိုရင် ပြဿနာက စဉ်းစားစရာ ပြဿနာပဲ၊ မြူးလိုင်တောင်ပေါ်တိုက်ပွဲမှာ ခြသေ့်ဦးခေါင်းလူဆိုးခေါင်းဆောင်နဲ့ မြူးလိုင်ကဝေလေးယောက် သေဆုံးသွားပြီဆိုတဲ့ သတင်း ထွက်လာပေမယ့် သူတို့အလောင်းကို ဘယ်သူမှ မတွေ့ခဲ့၊ မမြင်ခဲ့ဘူး၊ ရှာကြည့်တော့လည်း အစအနတောင် မတွေ့ကြဘူး၊ ဒါနဲ့ သူတို့သေတာ ဟုတ်ချင်မှဟုတ်မယ်လို့ သံသယဖြစ်လာပြီး သိုင်းလောကမှာ လှုပ်လှုပ်ရွရွ ဖြစ်လာတယ်၊ အဲဒီနောက် ပေါ်လာတဲ့သတင်းကတော့ သူတို့တစ်တွေဟာ ဒုစရိုက်လောကသားတွေဖြစ်လို့ သိုင်းသမားတွေလက်ချက်နဲ့ တကယ်

သေပြီဆိုတဲ့အကြောင်းနဲ့ သူတို့မျက်နှာကို ဖျက်ဆီးပစ်ခဲ့ကြတယ် ဆိုတဲ့သတင်းပဲ၊ ခုဆို ဒီကိစ္စကြီးဖြစ်တာ ဆယ်နှစ်ကျော်ခဲ့ပါပြီ၊ ဒီဆယ်နှစ်အတွင်းမှာ မြူးလိုင်ကဝေလေးဦးနဲ့ ခြသေ့်ဦးခေါင်းဟာ လုံးဝ ပေါ်မလာခဲ့ဘူး၊ ဒါကြောင့် သူတို့အားလုံး သေဆုံးခဲ့ကြပြီ ဆိုတာကို သိုင်းလောကသားတွေ ယုံကြည်နေကြပြီ၊ ခုခင်ဗျား ပြောတဲ့ကိစ္စက တစ်မျိုးတစ်မည်ကိစ္စ ဖြစ်လိမ့်မယ်ထင်တယ်"

ဝမ်ယိစိန်း ဘာမျှ မပြောတတ်တော့ပေ။ မျက်လုံးထဲတွင်မူ တန်ဆောင်းပေါ်မှ ရုပ်ပျက်ဆင်းပျက် အလောင်းကောင်များကို ပြန်လည်မြင်ယောင်နေဆဲဖြစ်သည်။

"ကျုပ်တွေ့ခဲ့တဲ့ လူသုံးယောက်ဟာ ရုပ်ပျက်ဆင်းပျက် အသတ်ခံထားရတာဗျ"

"ဘာ"

ဓားပျံညီနောင် မျက်လုံးမျက်ဆန်ပြူးသွားသည်။

သို့သော် စိတ်လှုပ်ရှားသွားမှုကို ထိန်းသိမ်းလိုက်ကြပြီး လီယီယွင်က ခပ်လောလော မေးလာသည်။

"အဲဒီမှ အသတ်ခံထားရတဲ့ လူသုံးယောက်ဟာ မျက်နှာ အဖျက်ခံထားရတယ်ဆိုတော့ ကျုပ်တို့ရွာကလူတွေလို့ ခင်ဗျား ဘာ့ကြောင့် ပြောနိုင်ရတာလဲ"

ဝမ်ယိစိန်း မဲ့သွားသည်။ ဓားပျံညီနောင်သည် သူ့ကို သူငယ်နှပ်စားများ အောက်မေ့နေသလား မပြောတတ်။

"ဒါက ရှင်းပါတယ်ဗျာ၊ အဲဒီလူသေတွေရဲ့ခါးပတ်မှာ ပတ်ထားတဲ့ခါးပတ်တွေက ရွှေခါးပတ်တွေ ဖြစ်နေလို့ပေါ့ဗျာ"

ဝမ်ယိစိန်းစကားကြောင့် ဓားပျံညီနောင် မျက်နှာ ကွက်



ခနဲ ပျက်သွားကြသည်။ ရွှေခါးပတ်ပိုင်ရှင်ဆိုသည်မှာ တော်ရုံ တန်ရုံ ပုဂ္ဂိုလ် မဟုတ်ပေ။ မိမိတို့လို ထိပ်တန်းကျသော အဆင့်မြင့် သိုင်းသမားများသာ ဖြစ်သည်။ သူတို့ကိုသတ်နိုင်သူသည် အတော် ကြောက်စရာကောင်းသူများသာ ဖြစ်ပေလိမ့်မည်။ အဖြစ်သည် အလွန်ကြောက်စရာကောင်းသောအဖြစ်ပင်။ ဓားပျံညီနောင် အတန်ကြာ တွေဝေသွားပြီး မယုံမရဲ မေးလိုက်ပြန်သည်။

"ခင်ဗျားပြောနေတာ တကယ့် အဖြစ်အပျက်ပဲလား ဝမ်"

"ကျုပ် လိမ်ပြောနေစရာ အကြောင်း မရှိပါဘူး"

ဓားပျံညီနောင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့် လိုက်မိကြသည်။

"ဒီလိုဆို ကျုပ်တို့နှစ်ယောက် သူကြီးနဲ့ သွားတွေ့ လိုက်မယ်၊ ခင်ဗျားဒီမှာ သတိထားပြီး စောင့်နေ"

လီယီဖုံက လီယီယွင်ကိုပြောပြီး ဝမ်ယိစိန်းကို ခေါင်း ညိတ်ပြလိုက်သည်။

"ကောင်းပြီ. . . ကောင်းပြီ၊ မင်းတို့ စိတ်ချသာသွား"

လီယီယွင်က ခပ်အေးအေး လှမ်းပြောသည်။ လီယီဖုံနှင့် ဝမ်ယိစိန်းတို့သည် ရပ်နေရာမှ လှည့်ထွက်လိုက်ကြသည်။

ထိုစဉ် သူတို့နှင့် ဆယ်ကိုက်ကျော် အကွာအဝေးလောက် မှ ခပ်အေးစက်စက် အသံတစ်ခုကို ကြားလိုက်ရ၍ လှမ်းလက်စ ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်မိတော့သည်။

"ဘာမှ သတိထားနေစရာ မလိုပါဘူးရှင်"

လီယီယွင် မြန်လွန်းသည်။ သူ့ခါးမှ ဓားများ တစ်ချောင်း ပြီးတစ်ချောင်း လွင့်ထွက်သွားသည်။

ထိုစဉ် အသံရှင်ထံမှ ခစ်ခနဲရယ်သံ ကြားလိုက်ရပြီး အလွန် ပေါ့ပါးသော ခုန်ပျံတိမ်းရှောင်မှုကို တွေ့လိုက်ကြရသည်။ အသံရှင်သည် အခြားမဟုတ်။ ဝမ်ယိစိန်း တွေ့ခဲ့သော ဆံပင်ဖားလျားချထားသည့် အမျိုးသမီးကြီးပင်။

လီယီယွင် မြန်သလောက် သူမကလည်း မြန်လွန်းလျင်လွန်းသည်။ လီယီယွင် ပစ်လွှတ်လိုက်သောဓား ရင်ဝသို့ ရောက်လာချိန်တွင် သူမ၏လက်ချောင်းကလေးများ လှုပ်ရှားသွားပြီး ဓားကလေးများ ပြန်ကန်ထွက်လာသည်။ ဓားဦးသည် လီယိယွင်ထံ ဦးတည်ပြီး ပြန်ပြေးလာသောကြောင့် လီယီယွင် ထိတ်လန့်သွားပြီး လက်ထဲက ဓားသုံးချောင်းကို တစ်ပြိုင်နက် လွှတ်ပစ်လိုက်ရလေသည်။

ဓားသုံးချောင်းသည် မြားဦးပုံစံကဲ့သို့ လွင့်ထွက်သွားပြီး တစ်ချောင်းက အမျိုးသမီး ပြန်ပစ်လိုက်သော ဓားကို ထိမှန်သွားသည်။ ကျန်နှစ်ချောင်းအနက် တစ်ချောင်းသည် မိန်းမပျို၏ရင်ဝသို့ ပြေးဝင်သွားပြီး တစ်ချောင်းက ဝမ်းဗိုက်ဆီသို့ တန်းသွားသည်။

အမျိုးသမီးသည် ဤအဖြစ်ကို ရယ်မောစရာကဲ့သို့ တဟင်းဟင်း ရယ်မောလိုက်ပြီး ပြေးဝင်လာသော ဓားနှစ်ချောင်းကို ဆတ်ခနဲဆတ်ခနဲ ဖမ်းယူလိုက်သည်။ မမျှော်လင့်သော အဖြစ်ကို မြင်တွေ့လိုက်ရသော လီယီယွင်တို့ညီအစ်ကိုနှစ်ယောက်သည် မျက်လုံးပြူးသွားပြီး ထိတ်လန့်တုန်လှုပ်သွားကြသည်။

အမျိုးသမီးသည် ဤမျှနှင့် ရပ်တန့်မသွား။ လက်ထဲမှ ဓားနှစ်ချောင်းကို မည်သို့မည်ပုံ လုပ်လိုက်သည်မသိ။ ဓားနှစ်ချောင်း သည်



ထန်ခနဲထန်ခနဲ အသံနှင့်အတူ အပိုင်းပိုင်း ကျိုးပြတ်သွားလေ၏။ ဓားကျိုးများ မြေပြင်ပေါ်သို့ ဖုတ်ခနဲ ကျရောက်သွားသောအခါ ဝမ်ယိစိန်းနှုတ်မှ တအံ့တဩ အသံထွက်သွားသည်။

"အိုး. . . ဓားနှစ်ချောင်းစလုံး ကျိုးသွားပါပကောလား ဗျာ"

ဝမ်ယိစိန်းသည် အံ့ဩသံနှင့် တစ်ဘက်သို့လှည့်ကြည့်လိုက်သောအခါ လီယီယွင်တို့ညီနောင် မျက်လုံးပြူးမျက်ဆန်ပြူးနှင့် မင်တက်ငေးကြောင်နေသည်ကို တွေ့လိုက်ရလေသည်။ နဖူးပြင်တွင်လည်း ချွေးစေးများ ပြန်နေပြီး ကြောက်ရွံ့တုန်လှုပ်မှုများ အထင်းသား ပေါ်နေသည်။

ဝမ်ယိစိန်းသည်လည်း ကျောရိုးထဲစိမ့်အောင် ကြောက်လန့်လာတော့သည်။ သူ လုံးဝ အသံမထွက်ရဲတော့။

လီယီယွင်တို့ညီနောင် နှုတ်ခမ်းတလှုပ်လှုပ်ဖြစ်လာ ကြပြီး မနေနိုင်မထိုင်နိုင် ပြိုင်တူမေးလိုက်မိသည်။

" ခင်ဗျား သိပ်စွမ်းတာပဲဗျာ၊ ခင်ဗျား ဘယ်သူလဲ ဆိုတာ သိပါရစေ"

အမျိုးသမီးသည် သူတို့ညီနောင်ကိုစူးစူးရဲရဲ ကြည့်ပြီး အေးအေးစက်စက်အသံနှင့် အဖြေပေးလာသည်။

"မြူးလိုင်ကဝေလေးယောက်ထဲက တစ်ယောက်ပဲ"

ကြားရသောအဖြေကြောင့် လီယီယွင်တို့ညီနောင် ဖျတ်ခနဲ နောက်ဆုတ်သွားကြသည်။ အမျိုးသမီးနှင့် ခပ်လှမ်းလှမ်းရောက်မှ ရပ်တန့်သွားကြပြီး မဝံ့မရဲ ပြောကြားလာသည်။

" ခင်ဗျားဟာ ခင်ဗျားပါးစပ် အသနခံပြီး မြူးလိုင်

လေးယောက်ထဲကတစ်ယောက်လို့ ပြောနေတာကို ကျုပ်တို့ အံ့ဩမိတယ်၊ သိုင်းလောကမှာ ဘယ်သူမှ ခြူးလိုင်လေးယောက်ကို အားမကျဘူး၊ ခင်ဗျား ဘယ့်နှယ် မဟုတ်တမ်းတရားတွေ လာပြောနေရတာလဲ"

လီယီယွင်က အရဲကိုး၍ ပြောသည်။ ပြောသာပြောရသည်၊ ရင်ထဲ၌ကား စိုးရိမ်ထိတ်လန့်နေမိသည်။

အမျိုးသမီးသည် လီယီယွင်စကားကို ဟက်ခနဲ ရယ်လိုက်ပြီး အေးစက်မာကျောသောအသံနှင့် ပြောကြားလာသည်၊

"အစကတော့ ရှင်တို့နှစ်ယောက်ကို အသက်ချမ်းသာခွင့်ပေးပြီး လီလုံဆီ သတင်းပို့ခိုင်းမယ်လို့ စိတ်ကူးခဲ့တယ်၊ ဒါပေမယ့် ရှင်တို့နှစ်ယောက်က စော်စော်ကားကား ပါးစပ်သရမ်းနေကြတော့ ရှင်တို့ပါးစပ်ပေါက်တွေကို တစ်သက်လုံး မဟရအောင် ပိတ်ပစ်ရတော့မယ်၊ ဟင်း. . . ဟင်း"

အမျိုးသမီးစကားကြောင့် လီယီယွင်ညီအစ်ကို တဟားဟား ရယ်မောလိုက်ကြသည်။ တပြိုင်နက်တည်းတွင် ဓားများကို ပစ်လွှတ်လိုက်ကြသည်။ တစ်ယောက်နှစ်ချောင်းကျ ပစ်လိုက်သော ဓားလေးချောင်းသည် လွင့်ထွက်သွားပြီး နှစ်ချောင်းသည် အမျိုးသမီး၏ပခုံးနှစ်ဘက်ဆီသို့ ဦးတည်သွားသည်၊ နှစ်ချောင်းသည် ပေါင်နှစ်ဘက်ဆီသို့ ပြေးဝင်သွားသည်။ ဝှစ်ခနဲဝှစ်ခနဲ ပြေးသွားသော ဓားလေးချောင်း၏အရှိန်သည် ပြင်းထန်သည်နှင့်အမျှ ကြောက်စရာကောင်းသည်။

အမျိုးသမီးက တုန်လှုပ်ပုံ မပြ။ ပြေးဝင်လာသော ဓားများကို မျက်ခြည်မပျက် ကြည့်နေရင်းမှ ဖျတ်ခနဲ ခုန်ရှောင်သွားသည်၊ ကိုယ်ခန္ဓာပေါ့ပါးစွာ မြောက်တက်သွားပြီး မြေပြင်နှင့် ဆယ်ကိုက်ကျော်အမြင့်သို့ပင် ပျံတက်သွားသည်။



လီယီယွင်တို့ညီအစ်ကိုသည် တုံ့ဆိုင်းမနေကြ၊ ကြာပွတ်ကိုထုတ်ပြီး တရွှမ်းရွှမ်း ရိုက်လာကြသည်။ သို့သော် ကြာပွတ်များ အမျိုးသမီးကို မထိ၊ လေထဲတွင် တဝိုးဝိုး မြည်သွားသည်။

ဝမ်ယိစိန်းသည် အခြေအနေကိုကြည့်ရင်း ကြောက်ရွံ့ထိတ်လန့်နေသည်။ စိတ်ထဲ၌လည်း ဓားပျံညီအစ်ကို၏ ဓားချက်များနှင့် ကြာပွတ်ရိုက်ချက်များကို အမျိုးသမီး ကြာကြာခံနိုင်လိမ့်မည်မဟုတ်ဟု ထင်ထားသည်။

သို့သော် လီယီယွင်ညီအစ်ကို၏ ဓားပျံများနှင့် ကြာပွတ်ရိုက်ချက်များကို အမျိုးသမီးက နိုင်နိုင်နင်းနင်း တိမ်းရှောင်နေသည်။ အမျိုးသမီးသည် လေထဲတွင် လွင့်မျောနေရင်း ကျွမ်းပစ်ကာ ပြန်ကျလာသည်၊ သူမ၏ခြေနှစ်ချောင်းသည် လီယီယွင်ခေါင်းပေါ် တည့်တည့်သို့ ဦးတည်ကျလာသည်၊ လီယီယွင်သည် မျက်လုံးပြူးသွားပြီး ကြာပွတ်ကို ဝှေ့ယမ်းလိုက်သည်။ ကြာပွတ်သံသည် တရွှမ်းရွှမ်း ကြောက်စရာကောင်းလှသည်။

အမျိုးသမီးက နောက်ကျွမ်းပစ် ထွက်သွားသည်။ သူမ၏ဆံပင်များသည် တွဲလောင်းကြီးကျလာပြီး မျက်နှာကို ထင်ထင်ရှားရှား မြင်လိုက်ရသည်။ အမျိုးသမီးသည် အသက်သုံးဆယ်မျှရှိပြီး ချောမောလှပသော မိန်းမတစ်ယောက်ဝင်ဖြစ်သည်၊ ဖြူဖွေးနုညက်သော မျက်နှာပြင်တွင် နာကျည်းရိပ်များ ယှက်သန်းနေဟန်ရှိသည်။

ဝမ်ယိစိန်းက အမျိုးသမီး၏ အခြေအနေသည် ရှုံးနိမ့်

တော့မည့် အခြေအနေ ရောက်နေပြီဟု ထင်မှတ်လိုက်သည်။ သို့သော် ဝမ်ယိစိန်း အထင်နှင့်အမြင် လွဲသွားပြန်သည်။ အမျိုးသမီးသည် ကြာပွတ်ရိုက်ချက်များကို ရှောင်ရင်း မြေပြင်ပေါ် ဖျတ်ခနဲ ပြန်ကျလာသည်။

ထိုစဉ် လီယီယွင်ညီအစ်ကို၏ ကြာပွတ်ရိုက်ချက်များက လည်း တရှမ်းရှမ်း ပေါ်ထွက်လာပြန်သည်။ အမျိုးသမီး၏ လှုပ်ရှားမှုသည် မြန်လွန်းလှသည်။ ကိုယ်ပေါ်ကျလာသော ကြာပွတ်ကို နောက်ကျွမ်းပစ်ရင်း ရှောင်တိမ်းသွားပြန်သည်၊ လီယီယွင်ညီအစ်ကိုပင် တအံ့တဩ ဖြစ်သွားကြတော့သည်။

အမျိုးသမီး၏ ကိုယ်ဖော့သိုင်းပညာသည် လက်ဖျား ခါလောက်သော ကိုယ်ဖော့ပညာသာတည်း။ အမျိုးသမီး မြေပြင် တွင် မတ်မတ်ရပ်လိုက်မိချိန်တွင် လီယီယွင်ညီအစ်ကိုက ဓားများကို ပစ်လွှတ်လိုက်ကြပြန်သည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်'

ဓားငါးချောင်းသည် ကြောက်စရာကောင်းသော အရှိန် အဟုန်နှင့် အမျိုးသမီး၏ရင်ညွန့်နှင့်ဝမ်းဗိုက်ဆီသို့ တန်းပြီး ပြေးသွားသည်။ အမျိုးသမီးက လူတစ်ရပ်ကျော်ကျော် ခုန်ပျံတက် သွားပြီး ရှေ့ကျွမ်းပစ်တက်လာသည်။ သူမ၏ကိုယ်ခန္ဓာသည် ဓားများကို ကျော်ပြီး လီယီယွင် ညီအစ်ကိုအနီးသို့ ရိပ်ခနဲ ရောက်လာသည်။

လီယီယွင်ညီနောင်သည် မျက်လုံးမျက်ဆန်ပြူးသွားပြီး ကြာပွတ်ရိုက်ချက်များကို တရကြမ်းသုံးလိုက်ကြပြန်သည်။

ကြာပွတ်သံ တရှမ်းရှမ်း မြည်သွားသည်မှာ ကြောက်



စရာကောင်းလှသည်။ ထိုစဉ် အေးစိမ့်သော လေလှိုင်းခတ်မှုတစ်ခု ဖြစ်ပေါ်လာပြီး ကြာပွတ်များသည် ကော့တက်လာသည်။

အမျိုးသမီးက ကြာပွတ်များကို ခြေနှစ်ချောင်းနှင့် ဆီးခံလိုက်ပြီး ဖျတ်ခနဲဖျတ်ခနဲ ခပ်ထုတ်ပစ်လိုက်သည်။

ကြာပွတ်များ ကွေ့ကောက်သွားပြီး လီယီယွင် ညီအစ်ကို၏ နဖူးကို ပြန်ရိုက်မိသွားသည်။

"ဖြန်း. . . ဖြန်း. . . ဖြန်း"

"အိုး. . . အ. . . အား"

လီယီယွင် ညီအစ်ကိုသည် အသံနက်ကြီးဖြင့် အော် လိုက်ကြပြီး ရပ်နေရာမှ လွင့်စဉ်ထွက်သွားကြသည်။ ဝမ်ယိစိန်း မျက်လုံးပြူးနေသည်။ မြင်ကွင်းသည် မယုံနိုင်စရာကောင်းအောင် မြန်ဆန် သောမြင်ကွင်းဖြစ်သည်။

စောစောက လျှပ်ပြက်သလို မြန်ဆန်သွက်လက် လှသော၊ ကျားရဲနှစ်ကောင်လို ရဲရင့်လှသော လီယီယွင် ညီအစ်ကို ဘာမျှ မတတ်နိုင်ကြတော့။ မြေပြင်တွင် ပက်လက်လန်နေပြီး ဆန့်ငင် ဆန့်ငင် ဖြစ်ရာမှ အသက်ထွက်သွားကြတော့သည်။

ဝမ်ယိစိန်းသည် ကြောက်ရွံ့စိတ်ကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ အမျိုးသမီးက လီယီယွင်တို့ ညီအစ်ကို ကို စူးစူးရဲရဲ ကြည့်နေပြီးအနီးသို့ လွှားခနဲ ခုန်ဝင်သွားပြန်သည်။

သူမသည် အသက်မဲ့ ညီအစ်ကိုအနီးသို့ ရောက်သွား သည်နှင့် ခါးကိုညွတ်ကိုင်းပြီး လက်နှစ်ဘက်ကို လှုပ်ရှားလိုက်သည်။

ဝမ်ယိစိန်းသည် ထွက်ပြေးရန် ဟန်ပြင်လိုက်သော်လည်း ခြေနှစ်ချောင်းစလုံး လှုပ်ရှားမရ ဖြစ်နေသည်၊ အမျိုးသမီးက

ဝမ်ယိစိန်းဘက် လှည့်လာပြီး လက်နှစ်ဘက်ကို မြှောက်ပြသည်။

"အို"

ဝမ်ယိစိန်းသည် ထိတ်လန့်ချောက်ချားစွာ အော်ဟစ်လိုက်မိသည်။ အမျိုးသမီး၏ လက်နှစ်ဘက်သည် သွေးများနီရဲနေသည်တကား။ ဝမ်ယိစိန်း ထိတ်လန့်နေသလောက် အမျိုးသမီးသည် အပြုံးမပျက်ပေ။ အခြေအနေကို ကျေနပ်သွားဟန်နှင့် လှိုက်လှိုက်လှဲလှဲ ရယ်မောနေပြန်သည်။ ဝမ်ယိစိန်းသည် သူမ၏ရယ်မောသံကို မရဏရယ်သံဟု ထင်မြင်နေမိသည်။

"ခင်. . . ခင်ဗျား. . . ခင်ဗျား"

ဝမ်ယိစိန်းသည် စကားကို ဆုံးအောင်မပြောနိုင်။ 'ခင်ဗျား ခင်ဗျား'နှင့်သာ ရပ်တန့်သွားသည်။ သူမသည် မျက်နှာပေါ် ဖုံးနေသော ဆံပင်များကို အသာအယာ သပ်ပစ်လိုက်သည်။ သူမ၏ ဝင်းနေသောအသားနှင့် မျက်နှာသည် နှစ်လိုဖွယ်ကောင်းသော မျက်နှာဖြစ်သည်။ ပြောရလျှင် နတ်မိမယ်လို ချောမောသော မျက်နှာဖြစ်သည်။ သို့သော် သည်မျက်နှာကို ဝမ်ယိစိန်း ရဲရဲ မကြည့်ရဲ။

အမျိုးသမီးက လှပသောအပြုံးကိုပြုံးပြီး ရှေ့ကို တိုးလာသည်။ ဝမ်ယိစိန်း နောက်ဆုတ်ရန် ပြင်သည်။ သို့သော် ခြေနှစ်ဘက်စလုံး လှုပ်ရှားမရဘဲ ဖြစ်နေသည်။ အမျိုးသမီး၏ ခြေလှမ်းများသည် ရပ်တန့်မသွား။ ရှေ့သို့သာ တစ်လှမ်းပြီး တစ်လှမ်း တိုးလာနေလေသတည်း။

* * *



အခန်း (၂)

## သွေးသတင်း

ဝမ်ယိစိန်းသည် အမျိုးသမီးကို ငေးကြည့်နေရင်း တုန်လှုပ်ချောက်ချားနေသည်။ မိမိသည် သိုင်းလောက အသိုက်အဝန်းတွင် နေထိုင်သူဖြစ်သော်လည်း သိုင်းပညာ ကျွမ်းကျင်လှသူ မဟုတ်။ မတော့်တခေါက် သင်ဖူးရုံသာ သင်ဖူးသည်။ အရေးအကြောင်းကျလာလျှင် သူ ဘာမျှ မလုပ်တတ်။

ဘကြီးလီလုံ၏မျက်နှာကြောင့်သာ သိုင်းသမားများနှင့် သိကျွမ်းရင်းနှီးနေသော်လည်း ကိုယ်ခံပညာ ကျွမ်းလှသူမဟုတ်။ ပတ်ဝန်းကျင်ရှိ သိုင်းသမားများကလည်း မိမိကို လူပေါလူချာတယောက်လို သဘောထားပြီး ဆက်ဆံတတ်ကြသည်။ သိုင်းပညာကို မည်သူကမျှ ဖြစ်ဖြစ်မြောက်မြောက် သင်မပေးကြ။ ဘကြီးခိုင်းစေရာအလုပ်ကိုသာ လုပ်နေရသော်လည်း အန္တရာယ်ကား

များလှသည်။

အမျိုးသမီး၏ ခြေလှမ်းများ တစ်လှမ်းပြီးတစ်လှမ်း တိုးလာနေသော်လည်း မိမိဘာလုပ်၍ လုပ်ရမှန်းမသိ။ ထွက်ပြေးရန် စိတ်ကူးမိသော်လည်း ခြေနှစ်ဘက်လုံး ရွေ့မရ၊ အခြေအနေသည် တကယ်သတ်လျှင် တကယ်သေရမည့် အခြေအနေဖြစ်သည်။

ဝမ်ယိစိန်းသည် အာခေါင်များ ခြောက်ကပ်လာသည်၊ နဖူးမှာ ချွေးများ သီးနေသည်၊ အမျိုးသမီးကို ကြည့်ရင်း ချောက်ချား ထိတ်လန့်နေသည်။ သည်ကြားထဲက စကားတစ်ခွန်း ထွက်ဖြစ်အောင် ထွက်သွားသေးသည်။

"ခင်ဗျား. . . ခင်ဗျားဟာ တန်ဆောင်းပေါ်မှာ တွေ့ခဲ့တဲ့ အမျိုးသမီးကိုး၊ စောစောက ခင်ဗျားမျက်နှာကြီး ကြည့်ရတာ ကြောက်စရာကောင်းသလောက် ခုကျတော့လဲ တယ်ချောနေတာပဲ ကျုပ်. . . ကျုပ်. . . "

ဝမ်ယိစိန်းသည် စကားကို ဆုံးအောင် မပြော။

အမျိုးသမီးမျက်နှာတွင်မှ အပြုံးရိပ်များ သမ်းသွားသည်၊ အမျိုးသမီးသည် ပင်ကိုယ် ချောမောလှပသူ ဖြစ်သောကြောင့် အပြုံးရိပ်များ သမ်းလာသောအခါ ချစ်စရာကောင်းသောမျက်နှာ ပိုင်ရှင်ဖြစ်လာသည်။ ဤမိန်းမသည် ရုပ်ရည်ချောမောလှပသလောက် ရက်စက်ကြမ်းကြုတ်သော မိန်းမတစ်ယောက်ပေတည်း။ ဝမ်ယိစိန်းသည် အနီးသို့ရောက်လာပြီဖြစ်သော အမျိုးသမီးကို ကြောက်ရွံ့ဟန်နှင့် မေးမြန်းလိုက်ပြန်သည်။

"ခင်. . . ခင်ဗျား. . . ဘာလုပ်ချင်လို့လဲဗျာ"

အမျိုးသမီးက တစ်ဘက်သို့လှည့်ပြီး လက်ညှိုးညွှန်ပြသည်။



"ဟောဟိုက မီးရောင်လင်းနေတဲ့ရွာဟာ လီကျားကျေးရွာမဟုတ်လား"

ဝမ်ယိစိန်းက အမျိုးသမီး ညွှန်ပြရာ လှမ်းကြည့်လိုက်သည်။ တောင်ခြေနှင့် ခပ်လှမ်းလှမ်းတွင် မီးရောင်တလက်လက်နှင့် ပြောက်တိပြောက်ကြား အိမ်ကလေးများကို တွေ့ရသည်။

"ဟုတ်. . . ဟုတ်ပါတယ်၊ အဲဒီရွာဟာ လီကျားကျေးရွာပါ"

ထစ်ထစ်ငေါ့ငေါ့ ဖြေသံကြောင့် အမျိုးသမီး ပြုံးသွားသည်။

"ကျွန်မ အဲဒီရွာကို သတင်းပို့စရာရှိနေတယ်၊ ရှင့်ကို ကြည့်တော့လဲ အသုံးချလို့ ရဟန်မတူဘူး၊ ပြီးတော့ ဟိုလူနှစ်ယောက်လို သတ်ပစ်လိုက်မှ ကောင်းမယ်ထင်တယ်"

အမျိုးသမီးက လေသံအေးအေးနှင့် ပြောလိုက်သော်လည်း ဝမ်ယိစိန်းမှာ မျက်လုံးမျက်ဆန်ပြူးပြီး ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။

"ဒီ. . . ဒီ. . . ဒီလိုတော့မလုပ်. . . မလုပ်ပါနဲ့ဗျာ၊ ကျုပ်. . . ကျုပ် ခင်ဗျားခိုင်းတာကို ကောင်းကောင်း ဆောင်ရွက်ပေးနိုင်ပါတယ်၊ ကျုပ်. . . ကျုပ်ကိုတော့ မသတ်. . . မသတ်ပါနဲ့ဗျာ၊ ကျုပ်က လူ့ပြည်မှာ အကြာကြီး နေချင်သေးတဲ့လူပါ"

ဝမ်ယိစိန်း ကြောက်ကြောက်လန့်လန့် ပြောနေဟန်ကို အမျိုးသမီးက သဘောကျသွားဟန်နှင့် ခစ်ခနဲ ရယ်လိုက်သည်။

"ကောင်းပါပြီရှင်၊ ကောင်းပါပြီတဲ့၊ ရှင်က စကားပြောကောင်းတဲ့လူ ဆိုတော့ ရှင့်ကို မသတ်တော့ပါဘူး၊ ဒါပေမယ့် ကျွန်မ

နိုင်းတာကိုတော့ ကျေကျေပွန်ပွန် လုပ်ပေးရလိမ့်မယ်"

"လုပ်. . . လုပ်ပါ့မယ်ဗျာ၊ ပြောစရာရှိတာသာ ပြောပါ"

"ကောင်းပြီ. . . ကောင်းပြီ. . .၊ ရှင် ခုချက်ချင်း လီကျား ကျေးရွာကိုသွား၊ ဟိုရောက်ရင် လီလုံဆိုတဲ့လူကို သေသေချာချာ ပြော အကြောင်းကတော့ လီလုံရဲ့ လီကျားကျေးရွာကြီးဟာ နောက်တစ်နေ့ သန်းခေါင်မကျော်မီ လုံးဝပျက်စီးသွားလိမ့်မယ် ဆိုတဲ့ အကြောင်းပဲ"

ကြားရသောစကားကြောင့် ဝမ်ယိစိန်း မျက်လုံးပြူး သွား သည်။

"ခင်. . . ခင်ဗျားတို့က လီကျားရွာကြီးကို ဖျက်ဆီးပစ်ကြ တော့မလို့လား"

"ဟုတ်တယ်"

အမျိုးသမီးက မာထန်ထန်ဖြေပြီး လက်ထဲမှာအထုပ်ကို ဝမ်ယိစိန်းရှေ့သို့ ပစ်ချလိုက်သည်။ ဝမ်ယိစိန်းသည် မြေကြီးပေါ် ကျနေသောအထုပ်ကို ကြည့်ရင်း တုန်လှုပ်နေသည်။

"လီလုံက ရှင်ပြောတာကို မယုံဘူးဆိုရင် အဲဒီအထုပ်ကို ပေးလိုက်"

"ဒီ. . . ဒီအထုပ်က ဘာအထုပ်များလဲဗျာ"

"သိုင်းသမားငါးယောက်ရဲ့ သေဆုံးကြောင်း သက်သေခံ"

"ဗျာ. . . ဒါ. . . ဒါ"

ဝမ်ယိစိန်း စကားဆုံးအောင် မပြောနိုင်။ ကြောက်ရွံ့စိတ် ကြောင့် မျက်စိမျက်နှာပျက် ဖြစ်နေသည်။ အမျိုးသမီးက သဘော ကျစွာနှင့် တခစ်ခစ် ရယ်လိုက်သည်။



သိုင်းလောကသား၊ သိုင်းသမားများအဖို့ ခြေပြတ် လက်ပြတ်ကိစ္စမှာ အရေးလုပ်နေစရာကိစ္စမဟုတ်။ သေခြင်းရှင် ခြင်းကိစ္စသည်ပင် ထမင်းစားရေသောက်အလုပ်လို ဖြစ်နေ၍ ခုလိုကိစ္စမျိုးသည် အရေးလုပ်စရာကိစ္စ လုံးလုံးမဟုတ်လှ။

ဝမ်ယိစိန်းကား သိုင်းသမား စင်စစ် တေန် မဖြစ်သေး သဖြင့် သွေးရဲရဲသံရဲရဲ မြင်ရုံနှင့် သေမတတ်ကြောက်ရွံ့နေ၏။ သိုင်းလောက ပတ်ဝန်းကျင်တွင် ကျက်စားနေရသူဖြစ်သော်လည်း လူရိုးလူအ တစ်ယောက်သာ ဖြစ်သည်။

သူ့ကိုကြည့်ပြီး တစ်နှစ်နေ၍ တစ်ခါ ရယ်လေ့မရှိသော အမျိုးသမီးပင် အကြိမ်ကြိမ် ရယ်မောနေလေပြီ။

"ရှင်ဟာ ကျွန်မတွေ့ဖူးတဲ့လူတွေထဲမှာ တကယ်ရိုး တကယ်အတဲ့ လူတစ်ယောက်ပဲ၊ ဒါကြောင့် ရှင့်ကို တစ်ခုတော့ သတိပေးချင်တယ်၊ မကြာမီအချိန်ပိုင်းအတွင်းမှာ လီကျားကျေးရွာ ကြီး မုချ ပျက်စီးသွားရလိမ့်မယ်၊ ဒါကြောင့် ဒီကိစ္စကို သတင်းပို့ပြီး တာနဲ့ တပြိုင်နက် ရှင်ရွာထဲက အမြန်ဆုံးထွက်သွားပါ၊ ဒီလိုမှ မဟုတ်ရင် ရှင့်အသက် ချမ်းသာခွင့် ရချင်မှ ရလိမ့်မယ်၊ လီကျား ကျေးရွာကို သွေးနဲ့ဆေးကြောပစ်ရမယ့်အချိန်ဟာ မကြာခင် ဆိုက်ရောက်လာလိမ့်မယ်"

ဝမ်ယိစိန်းသည် မည်သို့မျှ ခွန်းတုံ့မပြန်နိုင်တော့ပေ။ ကြားရသော သတင်းကြောင့် နှုတ်ဆွံ့သွားသလို ကြောင်ငေးငေး ဖြစ်နေသည်။ အမျိုးသမီးကမူ သူ့စကားဆုံးသည်နှင့် တစ်ကိုယ်လုံး ကို လှုပ်ခါလိုက်ပြီး ရပ်နေရာမှ ရိပ်ခနဲရိပ်ခနဲ ထွက်သွားသည်။

အချိန်အနည်းငယ်အတွင်းမှာပင် သူမကို အရိပ်အရောင်

မှ မမြင်ရတော့ချေ။

ဝမ်ယိစိန်းသည် လီယီယွင်တို့ညီအစ်ကိုကို လှမ်းကြည့်လိုက်မိပြန်သည်။ ဒဏ်ရာရထားသော မျက်နှာမှ သွေးများ တစိမ့်စိမ့် ထွက်နေဆဲရှိသည်။ ဝမ်ယိစိန်းသည် ကြည့်ရင်းကြည့်ရင်း ပို၍ကြောက်လာသည်။ နေရာတွင် ရပ်မနေရဲတော့သဖြင့် မြေကြီးပေါ်မှအထုပ်ကို ကောက်ယူလိုက်ပြီး တရကြမ်း ပြေးထွက်ခဲ့တော့သည်။

ထိုစဉ် မျက်နှာချင်းဆိုင်အရပ်မှ လူနှစ်ယောက် ပြေးတက်လာသည်ကို တွေ့ရသည်။ သူတို့သည် ခြေကားယား လက်ကားယားနှင့် ပြေးထွက်လာကြပြီး ဝမ်ယိစိန်းကို ဝင်တိုက်သွားကြသည်။ ဝမ်ယိစိန်းသည် ဒေါသထွက်ထွက်နှင့် လှမ်းအော်လိုက်မိသော်လည်း ထိုသူတို့က သူ့ကို ဂရုစိုက်ဟန် မရှိကြ။ တောင်ပေါ်သို့သာ ပြေးတက်မြဲ ပြေးတက်သွားကြသည်။

ဝမ်ယိစိန်းသည် ပုံပျက်ပန်းပျက် လဲနေရာမှ လူးလဲထလိုက်ရသည်။ ထိုလူနှစ်ယောက်သည် ရွာထဲမှ သိုင်းသမားများသာ ဖြစ်သည်။ သူတို့သည် ဝမ်ယိစိန်းကို လူချာတစ်ဦးဟုသာ သဘောထားပြီး မထေမဲ့မြင် ပြုသွားကြခြင်းပင်ဖြစ်သည်။ ဝမ်ယိစိန်းသည် မကျေမနပ်နှင့် 'တက်' တစ်ချက်ခေါက် လိုက်ပြီး ရွာတံခါးဆီသို့ အားသွန်ပြေးလာခဲ့ပြန်သည်။ ရွာတံခါးပေါ်တွင် ချိတ်ဆွဲထားသော မီးပုံးနီနီနှစ်လုံးကို ခပ်လှမ်းလှမ်းမှပင် လှမ်းမြင်နေရသည်။ အနီးသို့ရောက်သွားသောအခါ ရွာတံခါးဝတွင် လူနှစ်ယောက်ရပ်နေသည်ကို တွေ့ရသည်။ တံခါးသည် မင်းတုပ်နှစ်ခု ထိုးထားသည်။ လူနှစ်ယောက်သည် မင်းတုပ်တစ်ခုစီတွင်



ရပ်နေကြသည်။

တံခါးညာဘက်တွင် ရပ်နေသူသည် ပုပုဝဝဖြစ်ပြီး ဘယ်ဘက်တွင် ရပ်နေသူသည် ပိန်ပိန်ရှည်ရှည် လူတစ်ယောက်ဖြစ်သည်။ သူတို့နှစ်ယောက်သည် ငွေနတ်လီလုံ၏ လက်ရုံးလေးဦးအနက် နှစ်ဦးဖြစ်သည်။ ဝဝပုပု၏အမည်သည် 'ရင်ပေါင်' ဖြစ်ပြီး၊ လူပိန်ရှည်၏အမည်သည် 'ယန်စင်းမင်' ဖြစ်သည်။ သူတို့နှစ်ဦးသည် ဝမ်ယိစိန်း ပြေးလာသည်ကို ခပ်တည်တည်နှင့် ငေးကြည့်နေသည်။ ဝမ်ယိစိန်းကား သူတို့အနီးသို့ရောက်သည်နှင့် ဒရောသောပါး ပြောလိုက်သည်။ မောမောပန်းပန်းနှင့် ပြေးလာရသူ ဖြစ်သဖြင့် စကားလုံးများ ထစ်ငေါ့နေ၏။

"အစ်. . . အစ်ကိုကြီး. . . ရင်. . . ရင်ပေါင်၊ တို. . . ဟိုမိန်းမက လီကျားကျေးရွာကို သွေး. . . သွေးနဲ့ဆေးကြောပစ်မယ်တဲ့. . . သွေးနဲ့ ဆေးကြောပစ်တော့မယ်တဲ့. . . တဲ့"

ရင်ပေါင်နှင့် ယန်စင်းမင်းသည် ကြားရသောစကားကြောင့် ပါးစပ်အဟောင်းသားနှင့် တအံ့တဩဖြစ်သွားသည်။ အတန်ကြာမှ ယန်စင်းမင်က ခပ်ငေါက်ငေါက်ပြောသည်။

" ခင်ဗျား. . . ဘာတွေလျှောက်ပြောနေတာလဲ"

ဝမ်ယိစိန်း ကြိတ်မနိုင်ခဲမရဖြစ်သွားသည်။ သို့သော် ယန်စင်းမင်ကို ရန်မလုပ်ရဲ။

"မိန်း. . . မိန်းမတစ်ယောက်က ပြောခိုင်းလိုက်တာဗျ၊ မကြာခင်မှာ လီကျားကျေးရွာကို သွေးနဲ့ ဆေးပစ်တော့မယ့်တဲ့၊ အဲဒါကို ဘ. . . ဘကြီးဆီ ပြောခိုင်းလိုက်တယ်၊ ခင်ဗျားတို့ ဘကြီးလီလုံဆီ အမြန်သတင်းပို့ပေးကြပါ"

ရင်ပေါင်သည် ဒေါသထွက်လာဟန်နှင့် ဝမ်ယိစိန်း၏ ဝခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ အတွင်းအားပါသော ဆုပ်ကိုင်မှုကြောင့် ဝမ်ယိစိန်း မျက်နှာမဲ့သွားသည်။နာကျင်လွန်းသောကြောင့်လည်း အော်ကျယ်အော်ကျယ် အော်ဟစ်လိုက်သည်။

"အား. . . နာတယ်ဗျ၊ ခင်ဗျားလုပ်လိုက်ရင် အရမ်းချည်းပဲ"

ဝမ်ယိစိန်း စကားကို ရင်ပေါင် ဂရုမစိုက်။

ဆုပ်ကိုင်ထားသော လက်ကို မြှောက်တင်လိုက်သောကြောင့် ဝမ်ယိစိန်းသည် ခြေလွတ်လက်လွတ်နှင့် ယက်တန်ယက်ကန် ဖြစ်သွားသည်။

"ခင်ဗျား. . . လာကြောင်မနေနဲ့၊ အရက်မူးရင် အေးအေးမူး၊ မဟုတ်တာတွေ လာပြောမနေနဲ့၊ ခင်ဗျားတော်တော် မကောင်းတဲ့လူ"

ဝမ်ယိစိန်း မခံချင်။ ဒေါသကြောင့် ရင်ပေါင်လက်ထဲမှ အတင်း ရုန်းကန်ထွက်သည်။ ထိုစဉ် ခါးကြားတွင် ထိုးထည့်ထားသော အထုပ်က ဖုတ်ခနဲ ပြုတ်ကျသွားသည်။

"ခင်ဗျား မယုံရင် အဲဒီအထုပ်ကို ယူကြည့်၊ ကျုပ်ကို မတရား. . ."

ရင်ပေါင်က မြှောက်ထားသောလက်ကို ဆောင့်ချလိုက်၍ ဝမ်ယိစိန်း စကား ပြတ်သွားသည်။ ရင်ပေါင်လက်ထဲမှ လွတ်သွားပြီ ဖြစ်သော်လည်း ဝမ်ယိစိန်း မကျေနပ် ရင်ပေါင်ကို ဒေါသ မျက်လုံးနှင့် စိုက်ကြည့်လိုက်သည်။

ရင်ပေါင်ကား သူ့ကို ဂရုမစိုက်၊ မြေပေါ်ကျနေသော



အထုပ်ကို ကုန်းကောက်ပြီး ဖြေကြည့်လိုက်သည်။ သွေးများ ရဲနေသည့် လျှို့ဝှက်အမည်များ ရေးထိုးထားသည့် ရွှေခါးပတ်ငါးခုကို တွေ့ရတော့သည်။

" အို . . . "

ရင်ပေါင်သည် ထိတ်လန့်တကြား အော်လိုက်ပြီး အထုပ်ကို လွှတ်ချလိုက်သည်။ ယန်စင်းမင်က ဆတ်ခနဲ ကုန်းကောက်လိုက်ပြီး ဖွင့်ကြည့်ပြန်သည်။ မြင်ကွင်းကြောင့် ယန်စင်းမင် ကြက်သေသေသွားသည်။ အထုပ်ထဲမှ ရွှေခါးပတ်ရှင်များသည် လောလောလတ်လတ် သိုင်းသမားငါးယောက်၏ လျှို့ဝှက်နာမည်ပါ ရွှေခါးပတ်များ ဖြစ်နေသည်။ ပြီး. . . ရွှေခါးပတ်ရှင်များသည် တရပ်တကျေးမှ လူများမဟုတ်ကြဘဲ မိမိတို့ လီကျားကျေးရွာမှ သိုင်းသမားများဖြစ်နေသည်၊

ရင်ပေါင်နှင့် ယန်စင်းမင်းသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ငေးကြောင်ကြောင်နှင့် တုန်လှုပ်နေကြလေပြီ။

ဝမ်ယိစိန်းသည် သူတို့အနီးတွင် ရပ်မနေတော့၊ ရွာထိပ်ခါးဘေးတွင်ရှိသော မလှယ်ပေါက်မှနေ၍ ရွာတွင်းသို့ ဝင်မြေးလေတော့သည်။ လီကျားကျေးရွာသည် လီဝှချောင်တွင်ရှိသော ကျေးရွာဖြစ်ပြီး စိမ့်စမ်းချောင်းမြောင်း ပေါများသည်နှင့်အမျှ ကျောက်ဆောင် ကျောက်စွန်း များလည်း ပေါများလှပေသည်၊ အချို့သော ကျောက်စွန်းကျောက်ဆောင်နှင့် ကျောက်ဂူယ်များသည် လွင်ပြင်ကြီးထဲတွင် ထိုးထိုးထောင်ထောင် ဖြစ်နေသည်မှာ ရင်သပ်ရှုမောဖွယ် ရှုကွင်းရှုကွက်များဖြစ်သည်၊

ဝမ်ယိစိန်းသည် ကွေ့ပတ်ပြေးလွှားနေရင်း. . .

“လီကျားကျေးရွာကို သွေးနဲ့ဆေးကြောမယ်တဲ့ဗျို့. . .၊ လီကျားကျေးရွာကို သွေးနဲ့ဆေးကြောမယ်တဲ့ဗျို့. . .”

ဟု တကြော်ကြော် အော်ဟစ်နေတော့သည်။

ဝမ်ယိစိန်း၏ ပြေးပြေးလွှားလွှား အော်ဟစ်သံကြောင့် ရွာသူရွာသားများသည် အထိတ်တလန့်နှင့် လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ ဝမ်ယိစိန်းကား ပြေးရင်းလွှားရင်း ချောမောသလောက် ကြမ်းကြုတ်လှသော အမျိုးသမီးကို မြင်ယောင်နေပြီး သတိပေး အော်ဟစ်နေဆဲရှိသည်။

ဤသို့ အော်ဟစ်နေခြင်းကား အမျိုးသမီး၏ မှာကြားချက်ကို လိုက်နာခြင်းဖြစ်သကဲ့သို့ ရွာသူရွာသားတို့၏ဒုက္ခကို မရှုစိမ့်လို၍ သတိပေးနေခြင်းလည်းဖြစ်သည်။

သို့သော်. . လီကျား ရွာသူရွာသားတို့က သူ့စေတနာကို နားလည်ဟန်မရှိကြဘဲ နားခါးလှဟန်နှင့် ရှုံ့မဲ့ပြစ်တင်နေကြသည်၊ ထိုအချိန်မှာပင် သူ့နောက်မှ ပြေးလိုက်လာသော ရင်ပေါင်က ဒေါသတကြီးနှင့် ဆောင့်တွန်းလိုက်တော့သည်။

ဝမ်ယိစိန်းသည် သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ လေးငါး ခြောက်ကိုက်မျှ လွင့်ထွက်သွားပြီး ကျောက်ဆောင်တစ်ခုကို ဝင်တိုက်မိတော့သည်။ ဤတွင် ခြေကားရားလက်ကားရားနှင့် လဲကျသွားပြီး နဖူးနှင့်နှုတ်ခမ်းများ ပေါက်ပြဲသွားတော့သည်၊ သို့တိုင် “လီကျားကျေးရွာကို သွေးနဲ့ဆေးတော့မယ်တဲ့” ဟူသော အသံကား ထွက်နေဆဲဖြစ်သည်။

ရင်ပေါင်သည် ဒေါသထောင်းခနဲ ထွက်သွားပြီး ဝမ်ယိ



စိန်း၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်ချင်စိတ်များ ပေါ်ပေါက်လာသည်။ သို့သော်. . . ရင်ပေါင်သည်အထိ မလုပ်ရဲ၊ ဝမ်ယိစိန်းသည် ခပ်ပေါပေါခပ်ချာချာ လူတစ်ယောက် ဖြစ်နေပုံရသော်လည်း လီလုံ၏ တူတော်မောင်တစ်ယောက်သာဖြစ်သည်။

ယခုလို တွန်းထိုးနေမိခြင်းသည်ပင် မိမိတို့အဖို့ လွန်နေပြီဖြစ်၏။ မိမိတို့ ယခုလိုလုပ်နေနိုင်ခြင်းမှာလည်း ဝမ်ယိစိန်းသည် အစွမ်းအစ မရှိသူဖြစ်၍ ဤမျှ လက်ရဲနေခြင်းဖြစ်သည်၊ရင်ပေါင်သည် ကိုယ်ရှိန်သတ်လိုက်ပြီး ခြိမ်းခြောက်သံနှင့် ဝေါက်လိုက်ပြန်သည်။

“ခင်ဗျား ဘာဖြစ်လို့ လျှောက်အော်နေရတာလဲ၊ ထပ်ပြီး အော်နေရင် နေရာတင် သတ်ပစ်မယ်၊ နားလည်လား”

ရင်ပေါင်က ဂုန်နီအကျီကုပ်ကို ဆောင့်ဆွဲလိုက်ပြီး နေရာမှ ဆွဲခေါ်သွားသည်။ ရွာသားများသည် ထိတ်ထိတ်ပျာပျာ ဖြစ်လာကြပြီး ရင်ပေါင့်ကို ဝိုင်းကာ အကျိုးအကြောင်း မေးတော့သည်၊

ဝမ်ယိစိန်းသည် ရွာသားများ၏ အမေးကို ဖြေချင်သော်လည်း မဖြေနိုင်၊ ရင်ပေါင်က အကျီကို ခပ်တင်းတင်း ဆုပ်ကိုင်ထားသဖြင့် လည်ပင်းအစ်နေကာ ဘာမျှ မပြောနိုင်တော့ချေ၊

ရွာသူရွာသားများသည် ဝမ်ယိစိန်း အရက်မူးရမ်းနေ၍ ရင်ပေါင်က ဆွဲခေါ်သွားခြင်းဖြစ်သည်ဟုသာ တွက်ဆလိုက်ပြီး တဟားဟား ရယ်ရင်း ကျန်ရစ်ခဲ့တော့သည်။

ရင်ပေါင်နှင့် ဝမ်ယိစိန်းတို့သည် အဆောက်အအုံ တစ်ခုရှေ့သို့ ရောက်လာသည်။ အဆောက်အအုံရှေ့တွင် ရပ်နေသော လူနှစ်ယောက်က တိတ်ထိတ်ပျာပျာ မေးသည်၊

"ဘာကိစ္စလဲ. . . ဘာကိစ္စလဲ"

ရင်ပေါင်က အသံတိုးတိုးနှင့်ဖြေသည်။

"သိပ်အရေးကြီးတဲ့ကိစ္စ ရှိနေတယ်၊ ဆရာကြီးရှိရဲ့လား"

"ရှိပါတယ်၊ အထဲသာ ဝင်သွား"

ရင်ပေါင်က ဝမ်ယိစိန်းကို ချုပ်ကိုင်ထားရင်း အထဲသို့ ဝင်လာသည်။ တံခါးပေါက်ကို ဖြတ်ကျော်မိသောအခါ ကြီးမားခန့်ထည်လှသော ဂေဟာကြီးတစ်ခုကို ဘွားခနဲ တွေ့ရသည်။

ဝမ်ယိစိန်းမှာ ရင်ပေါင် ဆွဲခေါ်ရာသို့သာ တကောက်ကောက်ပါလာရင်း ခန်းမဆောင်ကြီးတစ်ခုကို ဖြတ်ကျော်မိကြသည်။ စကြီလမ်းအတိုင်း ဆက်လျှောက်လာကြရာ ဂေဟာအနောက်ဘက်ရှိ ကွေ့ကွေ့ကောက်ကောက် လမ်းကလေးပေါ် ရောက်လာခဲ့ပြန်သည်။ ထိုမှတဖန် ကျောက်တုံးကျောက်ဆောင်များကို တွေ့ပတ်ပြီး လျှောက်လာခဲ့ပြန်သည်။ အတန်ကြာသော် အင်းကြီးတစ်ခု၏ ကမ်းခြေသို့ ရောက်ရှိခဲ့တော့သည်။

ဝင်းထိန်နေသော လရောင်ကြောင့် ရေပြာပြာကို အထင်းသားမြင်နေရလေသည်။ အင်းရေပြင်သည် လှိုင်းကြက်ခွပ်လေးများ ထနေ၍ အရောင်တလက်လက်နှင့် ကြည်နူးဖွယ်လှပနေသည်။ ကမ်းခြေနှင့် မလှမ်းမကမ်းတွင် မျက်နှာပြင်ညီ၍ ရေပေါ် ထိုးတက်နေသော ကျောက်ဆောင်ပြင်ကျယ်ကြီးတစ်ခုကို တွေ့ရသည်။ ကျောက်ဆောင်ပေါ်တွင်ကား လှပသေသပ်သော အဆောက်အအုံလေးတစ်ခုကို တွေ့မြင်ရသည်။ အဆောက်အအုံလေးထဲမှ မီးရောင်များဖြာကျနေပုံသည် လှပသော ရှုကွင်းရှုကွက် ဖြစ်နေသည်။



ကမ်းစပ်နှင့် ကျောက်ဆောင်သည် ပေနှစ်ဆယ် အစိတ်မျှ ဝေးကွာပြီးအနီးအနားတွင် မည်သည့် လှေသမ္ဗန်မျှ မရှိချေ။ ပေါင်းကူးတံတားဟူ၍ တစ်ခုတစ်လေမျှ မရှိချေ။ ကမ်းစပ်မှ ကျောက်ဆောင်၊ ကျောက်ဆောင်မှ ကမ်းစပ်ဆီ ကူးသန်းသွားလိုလျှင် ကိုယ်ဖော့ပညာကိုသာ အသုံးချရပေလိမ့်မည်။ သို့မဟုတ်ပါက ရေထဲဆင်းပြီး ကူးသွားရုံသာ ရှိတော့သည်။

ရင်ပေါင်က ကမ်းစပ်တွင် ခြေစုံရပ်ရင်း အသံကျယ်ကျယ်ဖြင့် လှမ်းအော်လိုက်သည်။

"ဆရာကြီး. . . ဆရာကြီး"

"ရင်ပေါင်ပါလား၊ မင်းရောက်လာတာ အတော်ပဲကွ၊ ဒီကို မြန်မြန်လာခဲ့"

ကျောက်ဆောင်ပေါ်တွင်ရှိသော အဆောက်အအုံထဲမှ အသံဖြစ်သည်။ ရင်ပေါင်သည် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။ တစ်ယောက်တည်း ခုန်သွားလျှင် ကောင်းကောင်းရောက်နိုင်သော်လည်း ဝမ်ယိစိန်းပါနေသောအခါ ကိုယ်ဖော့ပညာကို သုံး၍မဖြစ်ချေ။

ထို့ကြောင့် မျက်မှောင်ကုပ်သွားရာမှ လှမ်းအော်လိုက်ရပြန်သည်။

"ဆရာကြီးခင်ဗျား. . . ကျွန်တော်နဲ့အတူ ညီလေး ဝမ်ယိစိန်းလဲ ပါလာပါတယ်၊ သူ့ကိုပါ ခေါ်ခဲ့ရမှာလား ဆရာကြီး"

"ဘာကွ. . . ဝမ်ယိစိန်းပါ ပါလာတယ် ဟုတ်လား၊ သူက တစ်လလောက်တောင် နောက်ကျပြီး ရောက်လာရသတဲ့လား၊ တော်တော် အသုံးမကျတဲ့အကောင်ပဲ၊ ရင်ပေါင်. . . မင်းသူ့ကို

ထားပြီး တစ်ယောက်တည်းသာ လာတော့"

အသံက မာကျောပြီး ပြတ်တင်းသံပါသည်။

ရင်ပေါင်က အခြေအနေကို ရှင်းပြန်ရန် ကြိုးစားလိုက်သည်။

"ဆရာကြီး . . . ကျွန်တော်တစ်ယောက်တည်းလာလို့ မဖြစ်ဘူးထင်တယ်၊ သိပ်အရေးကြီးတဲ့ သတင်းထူးတစ်ခု ပါလာပါတယ်"

ဝမ်ယိစိန်း စိတ်မရှည်တော့၊ သူသိသမျှ လှမ်းအော် ပြောလိုက်ချင်၏။ သို့သော် ရင်ပေါင်က တင်းကျပ်စွာ ချုပ်ကိုင်ထားသဖြင့် လည်ပင်းအစ်ကာ တဂစ်ဂစ်ဖြစ်နေ၏။

ထိုစဉ် အဆောက်အအုံထဲမှ မာကျောကျော လေသံ ထွက်လာပြန်သည်။

"ရင်ပေါင် . . . ဒီမှာ ညှို့သည်တစ်ယောက် ရှိနေတယ်ကွ၊ ကျပ်မပြည့် တင်းမပြည့်တဲ့ကောင်ကို ခေါ်လာလို့ မဖြစ်ဘူး၊ နေရင်းထိုင်ရင်း မျက်နှာပျက်စရာတွေဖြစ်လာရင် မကောင်းဘူးကွ၊ မင်းသာ တစ်ယောက်တည်း လာခဲ့၊ ဘာကိစ္စရှိရှိ နောက်မှ ရှင်းမယ် . . ."

ရင်ပေါင် တုံ့ဆိုင်းမနေရဲတော့၊ ဝမ်ယိစိန်းကို လွှတ်ပေးလိုက်ပြီး မကျောက်ဆောင်ပေါ် လွှားခနဲ ခုန်သွားသည်။

ထိုအခါကျမှ ဝမ်ယိစိန်းရင်ထဲ အောင့်ထားရသမျှသည် ပွင့်ထွက်လာတော့သည်။

"ဘကြီးလီလုံ၊ သူတို့တွေက လီကျားကျေးရွာကို သွေးနဲ့ဆေးပစ်မယ်တဲ့ဗျ၊ အဲဒါ နောက်နေ့ သန်းခေါင်မတိုင်မီ



ဖြစ်ရမယ်တဲ့၊ ဘကြီး . . . ကြားရဲ့လားဗျ"

ဝမ်ယိစိန်းက ခပ်ကျယ်ကျယ် နှုတ်အော်ပြောသည်၊

ရင်ပေါင် ဘာမျှ မတတ်နိုင်၊ တစ်ဘက်ကျောက်ဆောင် ပေါ်ရောက်နေပြီ။ ဟန့်ထား ပိတ်ပင်ချင်သော်လည်း အခြေမှာနေ မပေးတော့။ ဒေါသထွက်ထွက်နှင့် ကမ်းစပ်သို့ ပြန်ကူးလိုက်ရပြန်၏၊ ဝမ်ယိစိန်း ပါးစပ်ပိတ်သွားရပြန်၏၊ ထိုစဉ် ရေပေါ် အဆောက် အအုံထဲမှ အသံတစ်သံ ထွက်လာသည်။

"ခုပြောနေတာ ဘယ်သူလဲကွ၊ ဘာဖြစ်လို့ ခုလို ပြောနေရတာလဲ"

အသံက မာသည်။ အေးစက်စက်နိုင်သည်၊ ထိုစဉ် အလွန်အားနာဟန်တူသော အသံတစ်သံပါ ထွက်လာသည်၊

"အဲဒါ ကျုပ် တူတော်မောင်ပါပဲ၊ သူက ရှုပေါပေါ လူငယ် တစ်ယောက်ပါ"

"ဪ . . . ဪ . . . ဦးလေးလီရဲ့ တူတော်မောင်လား၊ သူ့အသံက တော်တော်စူးရှတဲ့အသံပဲ၊ သိပ်ပညာကောင်းမယ် ထင်တယ်"

"သူလား . . . အလကားကောင်ပါဗျာ၊ ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက်ရှိတာ မဟုတ်ပါဘူး၊ လီမိသားစုရဲ့ လက်ဝှေ့ပညာကိုတောင် ကျွမ်းကျွမ်းကျင်ကျင် တတ်တာ မဟုတ်ပါဘူး၊ အဲဒါကြောင့် ကျုပ်လဲ ခက်နေတာပေါ့ဗျာ"

စကားတပြောပြောနှင့် ထွက်လာသူနှစ်ဦးကို ဝမ်ယိစိန်း မြင်နေရသည်၊

ရင်ပေါင်သည် ဝမ်ယိစိန်းအနားတွင် ရပ်နေရင်း

ထွက်လာသူများကို လှမ်းကြည့်နေမိသည်။

ညာဘက်ကလူသည် ငွေနတ်လီလုံဖြစ်သည်။ ကိုယ်ခန္ဓာ ထွားကျိုင်းသည်နှင့်အမျှ မျက်နှာထား တည်ကြည်သူဖြစ်သည်၊ ဘယ်ဘက်မှလူကား ခင်မင်နှစ်လိုဖွယ်မျက်နှာရှိသော လူတစ် ယောက်ဖြစ်သည်။ စာပေသိုင်းသမားဟန်ပေါက်သောလူပင် ဖြစ်သည်။ ဖာထေးထားသောအင်္ကျီရှည်ကြီးကို ဝတ်ထားသော် လည်း သေသေသပ်သပ် ဖြစ်နေသည်။

လီလုံသည် တဖြည်းဖြည်း လျှောက်လှမ်းလာရင်း ရင်ပေါင်ကို လှမ်းမေးသည်။

"ရင်ပေါင်၊ သိပ်အရေးကြီးတယ်ဆိုတဲ့သတင်းက ဘာ များလဲကွ"

ရင်ပေါင်က ဝမ်ယိစိန်းကို ငဲ့စောင်းကြည့်ပြီးမှ လီလုံတို့ကို လှမ်းကြည့်သည်။ စိတ်ထဲတွင်မူ ဝမ်ယိစိန်းက တွေ့ကရာ ရှစ်သောင်း ဝင်ပြောမည်ကို စိုးရိမ်နေဆဲရှိသည်။ ထို့ကြောင့် ခပ်သွက်သွက် လှမ်းပြောလိုက်မိသည်။

"ဆရာကြီးခင်ဗျား၊ ကိစ္စက သိပ်အရေးကြီးတဲ့ကိစ္စမို့ အေးအေးဆေးဆေးနဲ့ အသေးစိတ်ပြောပြဖို့ လိုအပ်နေပါတယ် ခင်ဗျာ"

ရင်ပေါင်သည် စကားကိုသာ လှမ်းပြောနေရသော်လည်း မျက်လုံးက စာပေသိုင်းသမားဆီသို့သာ ရစ်ဝဲရစ်ဝဲ လုပ်နေသည်၊

လီလုံသည် ရင်ပေါင်၏စိတ်ဓာတ်နှင့် သဘောသဘာဝကို နားလည်မှုရှိသူဖြစ်သဖြင့် ရှဉ့်လည်းလျှောက်သွား၊ ပျားလည်းစွဲသာ စကားမျိုးကို ပြောကြားလာသည်။



"ရင်ပေါင် . . . တိုက်တိုက်ဆိုင်ဆိုင် တွေ့နေရတဲ့ ဒီက ပုဂ္ဂိုလ်နဲ့ မင်းကို မိတ်ဆက်ပေးရအုံးမယ်ကွ၊ သူက လျှံကျုံး သိုင်းသမားကြီး ချိုက်ထန်းယံပဲ၊ သူက အင်မတန် ဝေးလံတဲ့ ဖူယွမ် ဒေသကနေပြီး အနောက်ဒေသတစ်လျှောက် လှည့်လည်ရာက ဒီကိုရောက်လာတဲ့ မိတ်ဆွေကြီးပဲ။ ငါနဲ့ အင်မတန်ရင်းနှီးချစ်ခင်တဲ့ မိတ်ဆွေပေါ့၊ ဒါကြောင့် တင်ပြစရာရှိတာကို ပွင့်ပွင့်လင်းလင်း တင်ပြနိုင်တယ်၊ တို့နှစ်ယောက်ကြားမှာ လျှို့ဝှက်စရာအကြောင်း ဘာမှရှိဘူး ရင်ပေါင်"

"ဟုတ်ကဲ့ ခင်ဗျာ၊ ခုလို ကျော်ကြားထင်ရှားလာတဲ့ သိုင်းသမားကြီးနဲ့တွေ့ရတာကို ကျွန်တော် ဂုဏ်ယူလို့မဆုံးပါဘူး"

ရင်ပေါင်မှာ အလွန်လိုက်လျှဝမ်းသာသွားဟန်နှင့် လက်သီးဆုပ်ပြီး ဂါရဝပြုလိုက်သည်။

ဝမ်ယိစိန်း ပြောပြသောကိစ္စနှင့်ပတ်သက်၍ မိမိတို့ သိုင်းသမားအင်အားကို အားမလိုအားမရဖြစ်နေသော ...။ သည် လျှံကျုံးသိုင်းသမား ချိုက်ထန်းယံကို တွေ့ရပြီး လျှာ အတွင်း စိတ်အားများ တက်ကြွသလို ခံစားလာမိ ... မယ်၊ နား

ချိုက်ထန်းယံသည် သိုင်းလောကတွင် ထ ... ဖြစ်ပြီး အဆင့်မြင့် ထိပ်တန်းသိုင်းသမားတစ်ယေ ... ဘကြီး သူသည် တစ်ကိုယ်တော် သိုင်းသမားမဟုတ်ဘဲ ... ဥပေက္ခာ သောက်ညီအစ်ကိုသုံးယောက် ရှိသေးသည်။ ... မရှိ။

သူတို့သည် ရုတ်တရက်ရောက်လာပြီး ရှင ... ပျောက်သွားတတ်သူများဖြစ်၍ ဝူနေ သူရဲကောင်းလေးယောက် ကျော်ကြားနေကြသူများဖြစ်သည်။

ရင်ပေါင် ဝမ်းမသာဘဲ မနေနိုင်တော့။ ကျရောက်လာမည့် အန္တရာယ်ကို သူတို့အကူအညီနှင့် အောင်မြင်စွာ ဖယ်ရှားနိုင်မည်ဟု ယုံကြည်နေမိသည်။ ရင်ပေါင်နေရာတွင် ကြာကြာ ရပ်မနေတော့၊ ကိုယ်ဖော့ပညာကို အသုံးပြုပြီး လွှားခနဲ ခုန်ပျံသွားတော့သည်။ ရင်ပေါင်သည် လေထဲ ဝဲပျံသွားရင်း ကျောက်တုံးကြီးနှင့် မလှမ်းမကမ်းသို့ အရောက်တွင် နှစ်ပတ်မျှလည်အောင် ကွှမ်းပစ်လိုက်ပြန်၏။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် လီလုံတို့အနီးသို့ ရောက်ရှိသွားတော့သည်။

ဝမ်ယိစိန်းသည် ရင်ပေါင်ကို ကြည့်ရင်း ထိုင်ရမလို ထရမလို ဖြစ်နေပြီး ခုန်ပျံကျော်လွှားသွားချင်စိတ်များ ပေါ်ပေါက်လာ၏၊ သို့သော် သူ့တွင် ဤအရည်အချင်းမျိုးမရှိ။ ရင်ပေါင်လိုလိုက်ခုန်လျှင် ရေထဲသို့သာ ဝုန်းခနဲ ကျသွားပြီး ယက်ကန်လူးကန်ဖြစ်နေမည်မှာ သေချာလှသည်။

ရှစ်ခေ ဝမ်ယိစိန်းသည် ကမ်းစပ်မှာရပ်ရင်း နေမထိထိုင်မသာ ခပ်သွက်သွက်ခေါင်းရှုပ်နေတော့သည်။ ထိုစဉ် ရင်ပေါင်က ချိုက်ထန်း

"ခံလိုက်ပြီး . . .

အေးအေးရဲ့ကောင်းကြီး ချိုက်ထန်းယံရဲ့အမည်ကို ကြားဖူးခင်ဗျာ" ပါပြီ၊ လူချင်းတော့ မတွေ့ဖူးသေးလို့ မျှော်လင့်

ခလို ကြွရောက်လာတဲ့အတွက် ဝမ်းသာလို့ မဆုံးပါဘူး မျက်လုံး

ဟု ရိုသေလေးစားစွာ ပြောလိုက်သည်။

နာ ချိုက်ထန်းယံက အသိအမှတ်ပြု နှုတ်ဆက်ရန် လက်ကို ဆန့်ထုတ်လိုက်၏။



ပြင်းထန်သော အားလှိုင်းတစ်ခု ဖြစ်ပေါ်လာသဖြင့် ရင်ပေါင်သည် အနားမကပ်ရဲအောင် ဖြစ်သွားရသည်။

ရင်ပေါင် နားလည်လိုက်မိသည်။ ချိုက်ထန်းယံသည် နာမည်ကျော်ထင်ရှားသလောက် အတွင်းအားကောင်းသူတည်း။

ရင်ပေါင်က လီလုံကို ဂါရဝပြုပြီး လေးလေးစားစား ပြောသည်။

"ဆရာကြီး လီလုံ၊ ကျွန်တော်ရခဲ့တဲ့သတင်းကတော့ ဆံပင်ဖားလျားချထားတဲ့ မိန်းမတစ်ယောက်ဟာ သူ့ကိုယ်သူ ခြူးလိုင်တဝေလေးယောက်ထဲက တစ်ယောက်လို့ပြောပြီး ကျွန်တော်တို့ရွာကို ဒုက္ခပေးမယ်လို့ ကြိမ်းဝါးနေသတဲ့"

ထိုစဉ် ဝမ်ယိစိန်းက စိတ်မရှည်ဟန်နှင့် ကမ်းစပ်မှနေပြီး လှမ်းအော်ပြောလေ၏။ ဝမ်ယိစိန်းအသံကြောင့် လီလုံ ထောင်းခနဲ ဒေါသထွက်သွားသည်။ သူသည် မိမိတူ ဝမ်ယိစိန်းကို သဘောကျနှစ်မြို့ခြင်းမရှိသဖြင့် ခပ်ငေါက်ငေါက် အော်ပြောလိုက်၏။

"ဟေ့ကောင် . . . မင်းပါးစပ်ပိတ်ထားစမ်း၊ ထပ်ပြီး လျှာရှည်နေရင် မင်း ဒီရွာထဲက တစ်ခါတည်း ထွက်သွားရမယ်၊ နားလည်လား"

ဝမ်ယိစိန်း ဆက်မပြောရဲတော့။ စိတ်ထဲ၌လည်း ဘကြီးလုံကို မကျေနပ်။ မိမိက စေတနာနှင့် ပြောသည်ကိုပင် ဥပေက္ခာပြုလွန်းလှ၏။ မိမိကို ခွေးတစ်ကောင်မျှ တန်ဖိုးထားဟန်မရှိ။ ဝမ်ယိစိန်း အံကြိတ်ရင်း ငြိမ်သက်နေရလေသည်။

ချိုက်ထန်းယံကား လီလုံနှင့် ဆန့်ကျင်စွာ ဝမ်ယိစိန်းကို စိတ်ဝင်းစားနေ၏။ ဝမ်ယိစိန်းကား ချိုက်ထန်းယံ ကြည့်နေသည်ကို

သတိမပြုမိ။ခေါင်းကိုသာ ငိုက်စိုက်ချရင်း ရေစပ်ကို ငေးကြည့်နေ၏။

လီလုံ၏ အသံက ခပ်အေးအေး ပေါ်ထွက်လာပြန်သည်၊

"အေး. . . မင်းရလာတဲ့ သတင်းက ဆန်းတော့ဆန်းသားပဲ ရင်ပေါင်၊ ဒါပေမယ့် ခြူးလိုင်ကဝေလေးယောက်ဆိုတာ သေသွားတာ ကြာပြီကွ၊ ဒီတော့ . . . အခုပေါ်လာတဲ့လူဟာ အတုပဲဖြစ်မယ်၊ တွေးကြည့်ရင် ရယ်စရာကောင်းတယ် ရင်ပေါင်၊ သိုင်းသမားတစ်ချို့က ကိုယ့်ကိုယ်ကို အဆင့်မြင့်နဲ့ ကျော်ကြားထင်ရှားလိုကြတော့ မဟုတ်မဟပ် သတင်းတွေ ဖြန့်ပြီး လုပ်ကြနေကြတာပေါ့ကွာ၊ ခု. . . ပြဿနာကလဲ ဒါမျိုးပဲ ဖြစ်မှာပါ ရင်ပေါင်"

"ဆရာကြီးပြောတာ လက်ခံနိုင်စရာပါ ဆရာကြီး၊ ဒါပေမယ့် ခုပြဿနာက အလေးအနက်ထားရမယ့်ပြဿနာပါ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ အဆင့်မြင့်သိုင်းသမားငါးယောက်ဟာ အဲဒီလူရဲ့လက်ချက်နဲ့ ကျဆုံးသွားခဲ့ကြပါပြီ"

"ဘာ. . ."

လီလုံ၏ အာမေဍိတ်သံက ကျယ်ကျယ်လောင်လောင် ထွက်လာသည်။

"ဟုတ်တယ် ဆရာကြီး၊ အဲဒီလို ဖြစ်ခဲ့တာဟာ တကယ့်အဖြစ်ပါ၊ သက်သေပြနိုင်တာကတော့ ဟောဒီ ဥစ္စာပါပဲ"

ရင်ပေါင်က မြေကြီးပေါ် ဒူးထောက်ချလိုက်ပြီး အသင့်ပါလာသော အထုပ်ကို ဖြေပြလိုက်သည်။

ထိုအခါ အဝတ်ထုပ်ထဲမှ လျှို့ဝှက်အမည် ရေးထိုးထားသည့် ရွှေခါးပတ်ငါးခုကို သွေးအလိမ်းလိမ်းနှင့် ထိတ်လန့်ဖွယ် တွေ့မြင်ရတော့သည်။ အပေါ်ဆုံးမှ ရွှေခါးပတ်သည် လီယီဖုံ၏ လျှို့ဝှက်အမည်ပါ ရွှေခါးပတ် ဖြစ်နေ၏။ လီလုံသည် မြင်ကွင်းကြောင့် ကွက်ခနဲ မျက်နှာပျက်သွားသည်။

"အင်း. . . ကိစ္စကတော့ တကယ့်ကိစ္စပဲ၊ ရန်သူရဲ့ပုံသဏ္ဌာန် ဘယ်လိုရှိသလဲ"

"အဲဒါကို ညီလေး ဝမ်ယိစိန်းသာ ပြောပြနိုင်ပါလိမ့်မယ် ဆရာကြီး"

လီလုံသည် ခုမှ ဝမ်ယိစိန်းကို ဂရုစိုက်နိုင်တော့သည်။

"ဝမ်ယိစိန်း၊ ခုကိစ္စကို မင်းသိသလောက် ပြောစမ်း"

"ဗျာ. . . ကျွန်တော်ပြောပြရတော့မယ် ဟုတ်လား ဘကြီး၊ ကျွန်တော်ပြောပြီးရင် ဘကြီးက ကျွန်တော့်ကို မောင်းထုတ်မှာလားဗျာ"

လီလုံသည် ဝမ်မယိစိန်းစကားကြောင့် ရယ်ရအခက် ဒေါသထွက်ရအခက် ဖြစ်သွားသည်။

"ဟေ့ကောင်. . . လျှာမရှည်မနေနဲ့၊ ငါမေးတာကို မြန်မြန်ပြော. . . ."

"ဟုတ်. . . ဟုတ်ကဲ့ပါ. . . ဘကြီး၊ အူတို့က ခြူးလိုင်ကဝေလေးယောက်လို့ ပြောပေမယ့် ကျွန်တော်တွေ့ခဲ့ရတာကတော့ သုံးယောက်ထဲပါ၊ တန်ဆောင်းထဲမှာ သေနေတဲ့သုံးယောက်ဟာ ဘယ်သူ့လက်ချက်နဲ့ သေခဲ့မှန်း မသိခဲ့ပေမယ့် လီယီဖုံတို့ ညီအစ်ကိုကို သတ်ခဲ့တာကတော့ သိပ်ချောသိပ်လှတဲ့ မိန်းမပျိုတစ်ယောက်ပါ၊ သူက ဆံပင်ဖားလျားချပြီး တိုက်တဲ့အလေ့

ရှိပုံရပါတယ်၊ ကျွန်နှစ်ယောက်ကတော့ အကျိုးဖြူဝတ် ယောက်ျား နှစ်ယောက်ပါ၊ သူတို့က ကျွန်တော့်ကို သတ်မလို့ လုပ်ကြပါသေးတယ်၊ မိန်းမချောက မသတ်ဖို့ ပြောလို့ ကျွန်တော် အသက်ရှင်နေရတာပါ၊ ဘာဖြစ်လို့ မသတ်တာလဲဆိုတော့ ကျွန်တော် ပြောတဲ့စကားကို သဘောကျလို့တဲ့ ဘကြီး. . . "

"ဘာ. . . အပိုစကားတွေ ပြောမနေစမ်းပါနဲ့၊ လိုရင်းကိုသာ ပြော. . . . "

"ဟုတ်. . . ဟုတ်ကဲ့ဘကြီး၊ အဲဒီမိန်းမက နောက်တစ်နေ့ သန်းခေါင်မတိုင်ခင် လီကျားကျေးရွာ လုံးဝပျက်စီးသွားရမယ်တဲ့၊ နောက်ပြီး. . . သူက ပြောသေးတယ်ဗျ၊ လီကျားရွာကို သွေးနဲ့ ဆေးကြောပစ်မယ်တဲ့၊ လီကျားကျေးရွာဟာ မြေကြီးပေါ်က လုံးဝပျောက်သွားရမယ်တဲ့၊ အဲဒီအခါမှာ ကျွန်တော်ပါ ရောပြီး မသေချင်ရင် ဘကြီးကို သတင်းပေးပြီးတာနဲ့ ရွာက ထွက်သွားရမယ့်တဲ့၊ ဒီလို မလုပ်ရင် ကျွန်တော်ပါ သေကောင်း သေရလိမ့်မယ်တဲ့၊ ဘကြီး. . . ပြီးတော့လဲ. . . "

"မင်း ပါးစပ်ပိတ်လိုက်တော့. . . "

လီလုံ အသံ ဟိန်းထွက်သွားသည်။

ဝမ်ယိစိန်းသည် စကားကို ဆုံးအောင် မပြောလိုက်ရဘဲ လမ်းခုလတ်မှ ရပ်ပစ်လိုက်ရ၏။ စိတ်ထဲ၌ကား. . . .

"ဘကြီးကပဲ ပြောခိုင်းပြီး ဘကြီးကပဲ ဒေါပွရသေးတယ်ဗျာ. . . " ဟု ပြောနေမိလေ၏။

လီလုံက ဝမ်ယိစိန်းကို ဂရုမစိုက်တော့ဘဲ ရယ်ရယ်မောမောပြောသည်။



"ကျုပ် တူတော်မောင်ကတော့ ခင်ဗျား မြင်တဲ့ ကြားတဲ့အတိုင်း ခပ်ပေါပေါပဲဗျာ၊ မိတ်ဆွေကြီးအနေနဲ့ ရယ်စရာများဖြစ်နေပြီလား၊ ဟား. . . ဟား. . "

လီလုံက သူ့စကား သူသဘောကျသွားပြီး ရယ်သွမ်းသွေးလိုက်သည်။

ချိုက်ထန်းယံက ခေါင်းကို တွင်တွင်ရမ်းပြီး သူ့အမြင်ကို ပြောလာသည်။

"ခင်ဗျား တူတော်မောင်က သိပ်ပေါသိပ်ချာတဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး၊ သူ့ကြည့်ရတာ လူမှုံသက်သက်ပါ၊ ပြောစရာရှိရင် အကြောက်အလန့်မရှိ ပြောရဲတဲ့ လူငယ်တစ်ယောက်ပါ၊ ဖျတ်လတ်သွက်လက်မှုကိုလဲ ရှိပါတယ်၊ စဉ်းစားချင့်ချိန်မှု နည်းတာနဲ့ သိုင်းပညာစွမ်း မပြည့်စုံ မဖြစ်မြောက်သေးတာပဲ ရှိပါတယ်၊ သူ့ကို အတွေးအခေါ် ဗဟုသုတနဲ့ စနစ်တကျ ပျိုးထောင်ပေးနိုင်ရင် လူတော်လူကောင်းတစ်ယောက်ဖြစ်လာနိုင်တဲ့ အခြေအနေ ရှိနေပါတယ်ဗျာ"

လီလုံ ဘာမျှ မပြောနိုင်တော့ပေ၊ မိမိ အော်ငေါက်ကြိမ်းမောင်းနေမိသည်ကိုပင် ရှက်သလိုလို ဖြစ်နေမိတော့သည်။

ချိုက်ထန်းယံက ဝမ်ယိစိန်းကို လှမ်းကြည့်ပြီး ခပ်ကျယ်ကျယ် လှမ်းပြောသည်။

"ဝမ်ယိစိန်း. . . မင်း အဆင့်မြင့်သိုင်းပညာတွေကို မသင်ချင်ဘူးလား၊ သင်ချင်တယ်ဆိုရင် သင်ပေးမယ့်သူ အဆင်သင့်ရှိနေတယ်၊ ကျုပ်ကို ဗုဒ္ဓဘာသာဝင် သိုင်းဆရာကြီး တစ်ယောက်က တပည့်တစ်ယောက် ရှာခိုင်းထားတယ်"

ဝမ်ယိစိန်းက မျက်မှောင်ကြုတ်ပြီး လှမ်းပြောသည်။

"သိုင်းပညာကိုတော့ သင်ချင်တာ အမှန်ပါပဲဗျာ၊ ဒါပေမယ့် ကျုပ်ကို ဘုန်းကြီးဝတ်ခိုင်းမယ်ဆိုရင်တော့ မသင်ပါရစေနဲ့"

လီလုံက ချိုက်ထန်းယံကို အားတုံ့အားနာ ဖြစ်သွားသည်၊

ချိုက်ထန်းယံလိုလူမျိုးကို ဤသို့မပြောသင့်ဟု သူ ယူဆမိသည်။ သို့သော် ဝမ်ယိစိန်းကို အချိန်မီ တားမြစ်နိုင်စွမ်း မရှိ၍ ငြိမ်သက်နေလိုက်ရတော့သည်။ ချိုက်ထန်းယံက ဝမ်ယိစိန်း စကားကို အလေးအနက်ထားသည်။

"အဲဒီသိုင်းဆရာကြီးက တပည့်ခံမယ့်လူကို ဘုန်းကြီးဝတ်ရမယ်လို့ မပြောခဲ့ပါဘူး ဝမ်ယိစိန်းရယ်၊ သူလိုချင်တာက ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းပြီး ရိုးသားဖြောင့်မတ်တဲ့ လူငယ်မျိုးကိုသာ လိုချင်တာပါ"

လီလုံက ခေါင်းခါရမ်းပြီး စဉ်းစဉ်းစားစားဟန်နှင့် ဝင်ပြောလာသည်။

"အင်း. . . ချိုက်ထန်းယံ စီစဉ်သလိုသာ ဖြစ်ရင် ဒီသတ္တဝါကို နတ်ရေကန်ထဲ ပစ်ချလိုက်သလို ဖြစ်သွားမှာပါ၊ ဒါပေမယ့် ဒီကောင်က နုံလွန်းအလွန်းတော့ မျက်နှာပျက်စရာတွေ ဖြစ်လာမှာ စိုးရိမ်မိပါတယ်ဗျာ"

"ဒီလောက်လဲ စိုးရိမ်မနေပါနဲ့လေ၊ ဝမ်ယိစိန်းဟာ သုံးမရလောက်အအောင် နုံချာတဲ့လူ မဟုတ်သေးပါဘူး"

ရင်ပေါင်က ပြတ်သွားသောစကားစကို ပြန်ဖော်လာသည်။

"ဆရာကြီး. . . ခြူးလိုင်ကဝေလေးယောက်ကိုစွက



အနေရှုတ်ကြီးတယ်နော်"

"ရင်ပေါင်. . . မင်း သိပ်စိတ်မပူစမ်းပါနဲ့ကွာ၊ ဒီကိစ္စဟာ အသေးအမွှားကိစ္စပါ၊ လောလောဆယ် မင်းလုပ်ရမှာက ကင်းချဉ်းလှည့်နေဖို့ပဲ၊ ဒီကိစ္စကိုတော့ တိတိကျကျနဲ့ စေ့စေ့စပ်စပ်လုပ်. . ."

လီလုံက ခပ်အေးအေး ပြောသည်။

ရင်ပေါင်. . . "ဟုတ်ကဲ့" ဟုသာ ဆိုလိုက်ရသော်လည်း စိတ်ထဲက သိပ်မကျေနပ်၊ အထုပ်ကို ပြန်ထုပ်ပြီး ကမ်းစပ်သို့ ခုန်ကူးလာ၏။

စိတ်ထဲ၌ကား "ဒီကိစ္စဟာ အသေးအမွှားကိစ္စ မဟုတ်ဘူး၊ လီယီဖုံတို့ ညီအစ်ကို မရှုမလှ ကျဆုံးရတဲ့ဥစ္စာ ဘယ့်နှယ် အသေးအမွှားဖြစ်ရမှာလဲ၊ ရန်သူဟာ တော်ရုံတန်ရုံ သိုင်းသမား မဟုတ်နိုင်ဘူး။ ကိုယ့်ကိုယ်ကို အထင်ကြီးနေရင် အားလုံးဒုက္ခ ရောက်ကြလိမ့်မယ်" ဟု ရေရွတ်လိုက်မိသည်။

ဝမ်ယိစိန်းကား လီလုံတစ်ယောက် တုန်လှုပ်ချောက်ချားမှု မရှိဘဲ တည်တည်ငြိမ်ငြိမ် ဖြစ်နေသည်ကို တွေ့ရသောကြောင့် ဝမ်းသာအားရဖြစ်နေသည်။ ဘကြီးလီလုံ ငြိမ်နေခြင်းသည် ရန်သူကို နိုင်ချေရှိနေ၍ ငြိမ်နေခြင်းသာဖြစ်သည်ဟု ထင်နေသည်။

ထို့ကြောင့် အနီးသို့ရောက်လာသော ရင်ပေါင်အား ဝမ်းသာ‌မေးလိုက်သည်။

"အစ်ကိုကြီးရင်ပေါင်၊ ဘကြီးက ခြူးလိုင်ကဝေ လေးယောက်ကို မကြောက်ဘူးတဲ့လား၊ တွေ့ရင် သူ နိုင်ခြေရှိနေတယ်ထင်တယ်"

ရင်ပေါင်က သက်ပြင်းချပြီး ပြောသည်။

"ဒါလဲ မပြောတတ်ဘူးကွ၊ သုံးကြည့်ရတာ ကြောက်ပုံမရဘူး ဒါပေမယ့် လွယ်လွယ်ကူကူ နိုင်လိမ့်မယ်လို့တော့ ငါ မထင်မိဘူး"

ရင်ပေါင့်စကားကြောင့် ဝမ်ယိစိန်း မျက်နှာမှဲ့သွားသည်၊

"ဒါနဲ့ ပြောရဦးမယ် အစ်ကိုရင်ပေါင်၊ ကျွန်တော် ထန်စုံ ဖိန်ကို သွားခဲ့တာက ဘကြီး စာပို့ခိုင်းလို့ သွားခဲ့တာဗျ၊ အဲဒီက အပြန်မှာ မိုးကြီးလေကြီးမိလို့ တန်ဆောင်းထဲဝင်ပြီး မိုးခိုရသေးတယ်၊ အဲဒီမှာ ခြူးလိုင်ကဝေတွေနဲ့ တွေ့ခဲ့ရတာပဲ၊ ဒါကြောင့် ကျွန်တော် ရွာအရောက် နောက်ကျခဲ့တာ"

ဝမ်ယိစိန်း စကားကို ကြားရသော လီလုံက စိတ်တိုလာဟန်နှင့် လှမ်းအော်သည်။

"ဟေ့ကောင်. . . မင်း ဘာစကားကြော ရှည်နေရတာလဲ သွား. . . သွား. . .၊ ဒီကနေ မြန်မြန်ထွက်သွား"

ဝမ်ယိစိန်း ခွန်းတုံ့မပြန်ရဲ၊ ရပ်နေရာမှ ချာခနဲ လှည့်ထွက်ခဲ့ရသည်၊ ထိုအခါကျမှ လီလုံနှင့် ချိုက်ထန်းယံသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရေပေါ်ဂေဟာထဲသို့ ပြန်ဝင်ခဲ့ကြလေ၏။ အထဲတွင်မူ ကမ္ဗလာန်းရုပ် ပေါက်နေသော လူတစ်ယောက် ရှိနေပြီး မျက်လုံးအစုံသည် ကြောက်စရာကောင်းအောင် ဝင်းလက်တောက်ပြောင်နေ၏။ တော်ရုံတန်ရုံ သိုင်းသမားသည် သူမျက်လုံးကို ရင်ဆိုင် ကြည့်နိုင်စွမ်း မရှိ။

ထိုလူသည် ကျုံးနန်ဂိုဏ်းချုပ်ကြီး၏ ညီဖြစ်ပြီး ကျုံးနန်ဂိုဏ်းတွင် ဒုတိယလက်ရုံးအဖြစ် ကျော်ကြားနေသူ တစ်ယောက်ဖြစ်သည်။ သူ၏အမည်မှာ ရှောဂါနတ်ဟူဝေယီဖြစ်ပြီး ထက်မြက်သူ တစ်ယောက်လည်းဖြစ်သည်။



သူသည် အနီးသို့ ရောက်လာကြသော လီလုံနှင့် ချိုက်ထန်းယံကို လှမ်းကြည့်ပြီး ပြောသည်။

"ဘယ့်နှယ်လဲဗျ၊ ကျုပ်ပြောတဲ့သတင်း မှန်နေပြီ မဟုတ်လား"

လီလုံက ခေါင်းညိတ်ပြရင်း သက်ပြင်းတစ်ချက် ဟင်းခနဲ ချလိုက်သည်။ ချိုက်ထန်းယံကား မျက်မှောင်တစ်ချက် ကုပ်သွားပြီး. . .

"သူတို့တွေက လီကျားကျေးရွာကို ဘာကြောင့် ရွေးချယ်ခဲ့ရတာလဲ"

ဟူဝေယီက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဖြေသည်။

"နာမည်ကြီးကျေးရွာကို တိုက်ခိုက်မှ နာမည်ပိုကြီးလာမယ်ဆိုတဲ့ ရည်ရွယ်ချက် ရှိလို့ပေါ့ဗျာ၊ သူတို့ရည်ရွယ်ချက် အောင်မြင်သွားရင် သိုင်းလောကမှာ ဟိုးတိုးကျော်သွားမယ် မဟုတ်လား"

လီလုံသည် ခပ်ငေးငေး ဖြစ်သွားရာမှ တွေးတွေးဆဆ ပြောလာသည်။

"ဟူဝေယီ ပြောသလိုဆိုရင် ခြသေ့်ဦးခေါင်း မသေဘူးလို့ ယူဆရတော့မှာပဲ၊ ဆယ်နှစ်ဆယ်မိုး ပျောက်ချက်သားတောင်း နေရာက ဖြုန်းခနဲ ပြန်ပေါ်လာတာ စိတ်ဝင်စားစရာကောင်းတဲ့ အချက်ပဲ၊ ဒီအတိုင်းသာဆိုရင် သိုင်းလောကအတွက် အန္တရာယ်များလာပြန်ပြီပေါ့ဗျာ၊ ခြူးလိုင်ကဝေလေးယောက် ပြန်ပေါ်လာတာဟာ ဘယ်လိုသဘောများ ဖြစ်နေမလဲ"

"ကျုပ်အထင်တော့. . . ခြသေ့်ဦးခေါင်းဟာ နောက်ထပ်

တပည့်အသစ်တွေကို မွေးမြူပြီး လေ့ကျင့်ထားတာ ဖြစ်နိုင်တယ်၊ နာမည်ကိုလဲ ဟိုတုန်းကအတိုင်း မြူးလိုင်လေးယောက်လို့ အမည်ပေးထားတာဖြစ်မယ်"

ဟူဝေယီ၏ ထင်မြင်ချက်ကို လီလုံနှင့် ချိုက်ထန်းယံတို့က သဘောတူလက်ခံဟန်နှင့် ခေါင်းညိတ်ပြလေသည်။ လီလုံကား ပြောရင်းပြောရင်း ဒေါသဖြစ်လာကာ မျက်နှာကြီးနီရဲလာပြီး . . .

သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ပြန်သည်။

"ခြင်္သေ့ဦးခေါင်းက သူကိုယ်တိုင်မလာဘဲ လက်အောက်ငယ်သားတွေချည်း လွှတ်လိုက်တာကတော့ ကျုပ်တို့ကို အထင်သေးတဲ့သဘောပဲ၊ စဉ်းစားကြည့်ရင် အင်မတန် ဒေါသထွက်စရာကောင်းတယ်"

လီလုံက မကျေမနပ်နှင့် မာထန်ထန်ပြောသည်။

ချိုက်ထန်းယံကား ခေါင်းကို သွက်သွက်ရမ်းရင်း သူ့အမြင်ကို ခပ်အေးအေးပြောသည်။

"ကျုပ်တို့တွေ စဉ်းစားစရာ အချက်တစ်ချက်တော့ ရှိတယ်၊ ခြင်္သေ့ဦးခေါင်းဆိုတဲ့လူက အင်မတန်ဉာဏ်များတဲ့လူ၊ ခုထိစွမှာ သူက လျှို့ဝှက်ပြီးတော့ ဝင်လာကောင်း ဝင်လာနိုင်တယ်၊ ဒီတော့ ကျုပ်တို့ဘက်က အစစသေချာမှ ဖြစ်လိမ့်မယ်"

ချိုက်ထန်းယံသည် လီလုံကို ပြောရင်း ဟူဝေယီကို လှမ်းကြည့်သည်။

"အစ်ကိုကြီးဟူ၊ အစ်ကိုကြီးအနေနဲ့ လောလောဆယ် လုပ်ပေးဖို့က အစ်ကိုကြီးရဲ့ နောင်တော်ကြီးဆီကို ကျေးစေတမန် လွှတ်ပေးဖို့ပါပဲ"



"စိတ်ချ ချိုက်ထန်းယံ၊ လွှတ်ဆို ခုပဲ လွှတ်လိုက်မယ်၊ ဒါမှ နောက်တစ်နေ့ နေမဝင်ခင် သူ ရောက်လာနိုင်မယ်၊ မြူးလိုင်လေးယောက်ပေးလာတဲ့သတင်းကတော့ ညပိုင်းမယ် လုပ်ကြမယ် ဆိုတဲ့သတင်းဆိုတော့ အစ်ကိုကြီးအနေနဲ့ အချိန်မီ ရောက်လာနိုင်ပါတယ်"

ဟူဝေယီက စကားပြောရင်း လက်တစ်ဘက်ကို မြှောက်တင်လိုက်သည်။ အကျီလက်အိုးကြီးထဲမှ ကြက်တူရွေး တစ်ကောင်ထွက်လာပြီး ပုခုံးပေါ် လာနားသည်။

ဟူဝေယီက အနီးတွင်ရှိသော စာရွက်နှင့်ခဲတံကိုယူပြီး စာတစ်စောင်ရေးလိုက်သည်။ ထို့နောက် ကြက်တူရွေးလည်ပင်းမှ ကြိုးကလေးထဲ ထည့်လိုက်ပြီး မြှောက်တင်လိုက်သည်။

ကြက်တူရွေးလေးသည် အဆောက်အအုံထဲ၌ တစ်ပတ်လှည့် ပျံသန်းလိုက်ပြီး ပြတင်းပေါက်မှ ပျံထွက်သွားတော့သည်။

ဟူဝေယီသည် ကိစ္စတစ်ခုပြီးသွားသည်နှင့် လီလုံကို လှမ်းကြည့်လိုက်သည်။

"မိတ်ဆွေကြီးလီလုံ၊ ခင်ဗျားကို မှာထားချင်တာက မြူးလိုင်လေးယောက် ဖြုန်းခနဲ ရောက်လာရင် အတတ်နိုင်ဆုံး အချိန်ဆွဲပြီး ပျူပျူငှာငှာ ဆက်ဆံပါ၊ နောက်မှ အကွက်ကောင်းကြည့်ပြီး သင့်သလို လုပ်ကြတာပေါ့"

လီလုံက ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်း ခေါင်းညိတ်ပြသည်။

ထို့နောက် သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး ရန်သူကို ခုခံရန် တိုင်ပင်ကြသည်။ ခြင်္သေ့ဦးခေါင်းကြီး တကယ်ရောက်ရှိ

လာခဲ့ပါက သိုင်းလောကတစ်ခုလုံး ပြောင်းဆန်သွားနိုင်သည်ကိုလည်း ရတက်မအေးနိုင် ဖြစ်ကြရသည်။ ဆယ်နှစ်ဆယ်နှစ် ပျောက်ကွယ်နေသော ခြသေ့ဦးခေါင်းကြီး ပြန်ပေါ်လာလျှင် သိုင်းစွမ်းအားများမှာလည်း အံ့မခန်းနိုင်အောင် ရှိနေလိမ့်မည်ဟု တွေးနေမိကြလေတော့သည်။

* * *



## အခန်း (၃)

## မီးလောင်ပြင်မှ ကယ်တင်ရှင်

ဝမ်ယိစိန်းသည် မိမိနေထိုင်သော အိမ်ကလေးထဲသို့ ပြန်ရောက်သည်နှင့် တစ်ညလုံးလုံး စိတ်ပင်ပန်း လူပင်ပန်းဖြစ်လာခဲ့၍ အကျီအဝတ်အစား လဲလှယ်ပြီးသည်နှင့် ခုတင်ပေါ် တက်ကာ အိပ်ပစ်လိုက်လေသည်။ အိပ်ရာဝင်ခဲ့သည့်အချိန်သည် အရုဏ်တက်ချိန်ပင် ရောက်နေပြီဖြစ်၏။

ခေါင်းချလိုက်သည်နှင့် အိပ်ပျော်ခဲ့သော ဝမ်ယိစိန်းသည် မည်မျှ ကြာအောင် အိပ်ပျော်ခဲ့သည်မသိ။ ဆူဆူညံညံ အသံများကြောင့် လန့်နိုးလာ၏။

ထိုစဉ် ပတ်ဝန်းကျင်တစ်ခုလုံး ပူပူလောင်လောင်ကြီး ဖြစ်နေသည်ကို ခံစားလာရသဖြင့် အိပ်ရာမှ လူးလဲထလိုက်ပြီး ဟိုဟိုသည်သည် ကြည့်လိုက်မိ၏။

"ဟိုက်. . ."

ဝမ်မယိစိန်း မျက်လုံးပြူးသွားပြီ။ သူ့အိမ်တစ်ခြမ်း မီးလောင်နေပြီကော။ ထိုစဉ် အပြင်ဘက်မှ အော်ဟစ်သံများ တိုက်သံခိုက်သံများပါ ပေါ်လာသဖြင့် ထိုင်ရာမှ ထပြေးရတော့သည်။ သို့သော် အိမ်အပြင်တွင်လည်း မီးဝိုင်းနေသဖြင့် အိမ်ထဲသို့ ပြန်ဝင်လာပြန်သည်။

ဝမ်ယိစိန်းသည် ထိတ်လန့်တကြားနှင့် ဟိုပြေးသည်ပြေး လုပ်ရင်း "မီးဗျို့. . . မီး. . . မီး. . . မီးဗျို့" ဟူ၍ပင် အော်နေသေး၏။ ထိုစဉ် ခေါင်းမိုးပေါ်မှ တန်းများ ထရံများ ပြုတ်ကျလာသဖြင့် ဟိုရှောင်သည်ရှောင်နှင့် ဗျာများနေပြန်၏။ နောက်ဆုံးတွင် ကြောက်ကြောက်လန့်လန့်နှင့် ပြတင်းပေါက်ရှိရာ ဒရောသောပါး ခုန်ထွက်လိုက်၏။

အပြင်သို့ရောက်ချိန်တွင် အိမ်ခေါင်မိုးကြီးတစ်ခုလုံး ဝုန်းခနဲ ပြုတ်ကျသွားသဖြင့် သေဘေးမှ သီသီလေးလွတ်ခဲ့ရလေသည်။ အပြင်ရောက်မှ မိမိတစ်အိမ်တည်း မီးလောင်နေသည် မဟုတ်ဘဲ တစ်ရွာလုံး မီးလောင်နေသည်ကို တွေ့မြင်ရတော့သည်။

ဘယ်နေရာကြည့်ကြည့် မီးတောက် မီးလျှံများ တက်နေပြီး မီးခိုးများ အလိပ်လိုက်အလိပ်လိုက်ဖြစ်နေသည်။ အနီးတစ်ဝိုက်တွင် မည်သူ့ကိုမျှ မတွေ့ရဘဲ ဝမ်ယိစိန်းတစ်ယောက်သာ ခပ်ကြောင်ကြောင် ရပ်နေမိ၏။ ထိုစဉ် မီးခိုးများကြားမှ လူလေးငါးယောက် ပြေးထွက်လာသည်ကို တွေ့ရသဖြင့် ကမန်းကတန်း လှမ်းမေးလိုက်မိသည်။

"ဘယ်လိုဖြစ်ကြတာလဲဗျို့၊ ဘယ်လိုဖြစ်ကြတာလဲ"



ပြေးလာသူများက သူ့ကို လှည့်တောင် မကြည့်နိုင်ကြ။ ဝင်မတိုက်ရုံတမည် ပွတ်ကာသီကာ ပြေးထွက်သွားကြ၏။ ဝမ်ယိစိန်းသည် ဘာမှမတတ်နိုင်တော့သဖြင့် ထိုလူများနောက်သို့သာ တရကြမ်း ပြေးလိုက်ရတော့သည်။ ထိုစဉ် လီလုံ၏ စူးရှကျယ်လောင်နေသာအသံကို ကြားလိုက်ရသည်။

"ချောင်အပေါက်ဝကို မီးကူးနေပြီ၊ ပစ္စည်းကို မက်မနေကြနဲ့၊ အသက်ကို လွတ်အောင်ပြေးကြ၊ အသက်ကို လွတ်အောင်ပြေးကြ"

တစ်ရွာလုံး အငီးစီငရဲပွက်သလို ဆူညံနေသည်။ ထိတ်လန့်ချောက်ချားဖွယ်အရေးအခင်းကြောင့် ရွာသူရွာသားများသည် ရရာဆွဲပြီး ခြေဦးတည့်ရာ ပြေးနေကြသည်။ မြင်တွင်းသည် ရင်နာစရာကောင်းသော မြင်ကွင်းဖြစ်သည်။

ဝမ်ယိစိန်းသည် ပြေးရင်းလွှားရင်း "ဒုက္ခပဲ့. . . ဒုက္ခပဲ့" ဟူ၍ အော်နေပြန်သည်။ သို့သော် သူ့စကားကို မည်သူကမျှ ဂရုမစိုက်ကြချေ။

လမ်းတစ်လျှောက်လုံးလိုလို မီးပွားများ တဖွားဖွားကျနေသဖြင့် ဝမ်ယိစိန်းသည် သေပြေးရှင်ပြေး ပြေးလွှားနေမိသည်။ မကြာမီ ချောင်အပေါက်ဝသို့ ရောက်ရှိလာခဲ့သည်။ ချောင်အပေါက်ဝ၏အပြင် မြေကွက်လပ်တစ်ခုတွင် ရွာသားများ စုပြုံနေသည်ကို တွေ့ရသည်။ စုစုပေါင်း လေးငါးရာလောက်ရှိမည် ထင်ရသည်။

နောက်လှည့်ကြည့်လိုက်သောအခါ တစ်ရွာလုံး မီးဟုန်းဟုန်း တောက်နေဆဲရှိသည်။ မီးသည် စောစောကထက် အရှိန်ပြင်း

နေသည်။ ရွာဘေးပတ်လည်တွင်ရှိသော ကျောက်ဆောင်ကမ့ူများပေါ်မှ မီးကွင်းများ ပစ်သွင်းနေသည်ကိုလည်း တွေ့မြင်နေရသည်၊ ရွာသူရွာသားများသည် ရေလုံလောက်စွာ မရှိသဖြင့် မီးငြိမ်းရန် အခက်အခဲဖြစ်နေကြသည်။ ချောင်အပေါက်ဝ မြေကွက်လပ်တွင် စုရုံးနေကြသူများသည် သည်အတိုင်း လက်ပိုက် ကြည့်နေရုံမှလွဲ၍ ဘာမျှမတတ်နိုင်ကြပေ။ ရွာဘေးပတ်လည်ရှိ ကျောက်ဆောင်နံရံများပေါ်တွင် ရပ်နေသူများထံမှ ရယ်မောသံများကို စတ်ဆုပ်ဖွယ် ကြားနေရပေသည်။ ထိုစဉ် အရှေ့ဘက် တောင်ကမ့ူတစ်ခုပေါ်မှ လီလုံ၏အော်သံကို ကြားရပြန်သည်။

"ဘယ်က ဒုစရိုက်သမားတွေ လာသောင်းကျန်းနေကြတာလဲကွ၊သတ္တိရှိရင် ထိပ်တိုက်ရင်ဆိုင်ကြပါလား။ ခုတော့ မင်းတို့လုပ်ပုံက တိရစ္ဆာန်ကျင့် ကျင့်လိုက်တာပဲ၊ သတ္တိရှိရင် ထွက်လာကြစမ်း"

လီလုံအသံသည် မိုးခြိမ်းသလို ဟိန်းထွက်နေသည်။ဝမ်ယိစိန်းသည် မီးလောင်မြေကိုငေးရင်း စိတ်ထိခိုက်သောမျက်နှာနှင့် တီးတိုးကလေး ရေရွတ်လိုက်မိ၏။

"သူတို့တွေက လီကျားကျေးရွာကို တကယ်ဖျက်ဆီးနေကြပြီပဲ၊ တော်တော်ရက်စက်ကြမ်းကြုတ်တဲ့ သတ္တဝါကောင်တွေ"

ဝမ်ယိစိန်းလည်း ညည်းညူနေရုံမှတစ်ပါး ဘာမျှမတတ်နိုင်။ မိမိကိုယ်မိမိ သိုင်းပညာအဆင့် မြင့်မြင့်မားမား တတ်ကျွမ်းထားခြင်းမရှိသည်ကိုပင် ဒေါသအပွကြီး ပွနေမိပြန်သည်။ ထိုစဉ် မီးလောင်မြေမှ လူလေးယောက် ပြေးထွက်လာသည်ကို တွေ့ရပြန်သည်။ ဝမ်ယိစိန်းလည်း ထိုလူလေးယောက်နောက်သို့ ကယောင်



ချောက်ချား ပြေးလိုက်နေမိပြန်၏။

စိတ်ထဲတွင်မူ ဘကြီးလုံရှိရာ အရှေ့တောင်ကုန်းသို့ သွားလိုစိတ်များ ပေါ်ပေါက်နေ၏။ ဘကြီးလီလုံနှင့် ရန်သူများ အကြီးအကျယ် တိုက်ခိုက်နေကြပြီဟုလည်း သူ ထင်နေသည်။သို့နှင့် ကျောက်တောင်တစ်ခုအနီးသို့ ရောက်ရှိလာခဲ့သည်၊လီကျားကျေးရွာသည်ကား သူနှင့် ခပ်ဝေးဝေးတွင် ကျန်ရစ်ခဲ့ပေပြီ။ ရွာထဲ၌ကား မီးတောက်မီးလျှံများ နီရဲနေပြီး မီးခိုးများ အလိပ်လိုက်အလိပ်လိုက် တက်နေဆဲဖြစ်သည်။

ဝမ်ယိစိန်း ဘာမျှ စဉ်းစားမနေတော့ပေ။ တွေ့သမျှ ကျောက်ဆောင်ကမ့ူများပေါ် တက်လိုက်၊ ဆင်းလိုက်၊ ကွေ့လိုက် ကောက်လိုက်နှင့် အားသွန်ပြေးနေမိပြန်သည်။ အတန်ကြာအောင် ပြေးမိသောအခါ အရှေ့ဘက်တောင်ကုန်းအနီးသို့ ရောက်ရှိလာခဲ့သည်။ လှမ်းမျှော်ကြည့်လိုက်သောအခါ တောင်ကုန်းထိပ်တွင် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသူများကို တွေ့ရတော့သည်။

တိုက်ပွဲဖြစ်ပွားနေသူများမှာ ဘကြီးလီလုံနှင့် ဆံပင်ဖားလျားချ အမျိုးသမီးဖြစ်နေသည်။ အမျိုးသမီးသည် လီလုံ၏ တိုက်ခိုက်မှုကို နောက်ဆုတ်နောက်ဆုတ် လုပ်ရင်း ခုခံနေသည်။ ဝမ်ယိစိန်းသည် အဝေးမှ ရပ်ကြည့်နေရသည်ကို အားမလို အားမရ ဖြစ်လာပြီး အနီးဆုံးနေရာသို့ရောက်အောင် ပြေးသွားမိတော့သည်။

ထိုစဉ် လီလုံ၏ ကြောက်မက်ဖွယ် ဟိန်းဟောက်သံကြီးကို ကြားရသဖြင့် ဝမ်ယိစိန်း အပြေးရပ်ပြီး ငေးကြည့်နေ လိုက်မိပြန်သည်။ လီလုံနှင့် ဆံပင်ဖားလျားချ အမျိုးသမီးသည် သဲကြီးမဲကြီး တိုက်ခိုက်နေကြပြီး မာန်သွင်းအော်ဟစ်သံများ ဆူညံနေသည်။

လီလုံ၏ လှုပ်ရှားမှုသည် ကြောက်စရာကောင်းအော
သွက်လက်နေပြီး ပြင်းထန်ရက်စက်သော တိုက်ကွက်များကိုသ
ထုတ်ယူသုံးစွဲနေသည်။ ဝမ်ယိစိန်းသည် ကြည့်ကောင်းကောင်းနှ
ငေးကြည့်နေမိသည်။

ထိုစဉ် ပခုံးကို ဖတ်ခနဲ အပုတ်ခံလိုက်ရသဖြင့် ဖျတ်ခ
လှည့်ကြည့်လိုက်မိသည်။ သို့သော် မည်သူ့ကိုမျှ မတွေ့ရ၊ သို့နှ
မြင်ကွင်းကိုသာ ငေးမြငေးနေလိုက်ပြန်၏။ မကြာခင် ဒုတိယ
အကြိမ် အပုတ်ခံလိုက်ရပြီး ဆောင့်တွန်းခြင်းကိုပါ ခံလိုက်
ပြန်သည်၊ ဝမ်ယိစိန်းသည် ရုတ်တရက်မို့ ကိုယ်ကို မထိန်းနို
တော့ဘဲ ဟပ်ထိုးလဲကျသွားတော့သည်။ ဆတ်ခနဲပြန်ထပြီး ဟိုဟို
သည်သည် ကြည့်လိုက်သောအခါ သစ်ပင်တစ်ပင်နောက်ကွယ်
ထွက်လာသော လူတစ်ယောက်ကို တွေ့မြင်ရလေ၏။

ထိုလူသည် ထူးခြားသော ပုံပန်းသဏ္ဌာန်ရှိသူဖြစ်၏
ဝမ်ယိစိန်း လန့်ဖျပ်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေတော့သည်
မြင်ကွင်းထဲမှလူသည် ခေါင်းကြီးကြီး ပါးစပ်ပြဲပြဲနှင့် နှာခေါင်း
လန်လန် မျက်နှာရှင်ဖြစ်သည်၊ ဆံပင်များသည် ရွှေဝါရောင်မျာ
ဖြစ်နေပြီး ပခုံးပေါ်အထိ ဝဲကျနေသည်။ မုတ်ဆိတ်မွေးများကလည်
ရှုပ်ရှုပ်ထွေးထွေးနှင့် ထူထူထဲထဲ ရှိနေသည်။ အရပ်အမောင်းသည်
ပုပုပြတ်ပြတ်ဖြစ်ပြီး အသက်သိပ်ကြီးဟန် မရှိသေးချေ။

ဝမ်ယိစိန်းသည် တွန်းအလှဲခံရစဉ် ဒူးပြဲသွားခဲ့သဖြ
ထော့နင်းထော့နင်း လျှောက်လာပြီး ခပ်မာမာ မေးမြန်းလိုက်သည်

"ခင်ဗျား ဘယ်လိုလူလဲ၊ ကျုပ်ကို ဘာဖြစ်လို့ တွန်းလှ
ပစ်လိုက်တာလဲ၊ ခင်ဗျားကြောင့် ကျုပ် ဒူးပြဲသွားပြီ"



ရွှေဝါရောင်ဆံပင်နှင့်လူက ဘာစကားမျှ မပြောဘဲ
သူ့ကိုသာ ခပ်ပြုံးပြုံး စိုက်ကြည့်နေသည်။လီလုံနှင့် အမျိုးသမီး
တို့သည် သူသေကိုယ်သေ တိုက်နေကြရင်း ရှေ့တိုးလိုက် နောက်
ဆုတ်လိုက် လုပ်နေကြပြန်သည်။ မကြာခင် လီလုံက တရကြမ်း
ဖိတိုက်လိုက်သဖြင့် အမျိုးသမီးသည် ဖျတ်ခနဲ ခုန်ဆုတ်လိုက်ရာမှ
ကျောက်ဆောင်တစ်ခုပေါ် ရောက်သွားသည်။ အမျိုးသမီးသည်
ရှေ့သို့ပြန်တိုးလာခြင်းမရှိဘဲ အောက်သို့ ခုန်ချသွားသည်၊ လီလုံက
လည်း အမျိုးသမီးခုန်ချ သွားရာသို့ တရကြမ်း ပြေးလိုက်သွား
ပြန်သည်။

ထိုအချိန်မှာပင် ရွှေဝါရောင်ဆံပင်နှင့်လူက ဝမ်ယိစိန်း
အနီးသို့ ရိပ်ခနဲရောက်လာပြီး ဖျတ်ခနဲ ချုပ်ကိုင်လိုက်သည်၊
ထို့နောက် ခေါင်းပေါ်မြှောက်တင်လိုက်ပြီး အဝေးတစ်နေရာသို့
ပစ်ထည့်လိုက်သည်။ ဝမ်ယိစိန်းသည် ခြေကားယား လက်ကား
ယားနှင့် လွင့်ထွက်သွားပြီး ချုံဖုတ်တစ်ခုပေါ်သို့ ဖြုတ်ခနဲ ပြုတ်ကျ
သွားတော့သည်။ တစ်ကိုယ်လုံးသည် ထုံကျဉ်သလို ခံစားလိုက်ရပြီး
လဲကျနေရာမှ ပြန်မထနိုင်တော့ချေ။ အကြောပိတ်ခံလိုက်ရပြီဖြစ်၍
တစ်ကိုယ်လုံး လှုပ်ရှား၍ မရတော့ချေ။

ဝမ်ယိစိန်းသည် အတွင်းအားကို သုံးပြီး ပိတ်နေသော
အကြောများကို ပြန်ဖွင့်လိုက်ချင်သည်။ သို့သော် ကိုယ်တွင်းမှ
အတွင်းအားသည် အားကိုးလောက်သော အတွင်းအား မဟုတ်
သဖြင့် သည်အတိုင်းသာ ငြိမ်သက်နေတော့သည်။

ရွှေဝါရောင်ဆံပင်နှင့်လူသည် အနီးသို့ရောက်လာပြီး
ဟက်ဟက်ပက်ပက် ရယ်မောနေပြန်သည်။

ထိုလူ၏ အပြုအမူကြောင့် ဝမ်ယိစိန်း မခံချင်ဖြစ်မိသော်လည်း ဘာမျှ လုပ်၍မရ။ စေ့စေ့စပ်စပ်ကြည့်မိသောအခါ ရန်ပြန်လုပ်ရန် မဆိုထားနှင့် ကြက်သီး တဖြန်းဖြန်းထအောင် ကြောက်ရွံ့သွားမိပြန်၏။ ထိုလူ မည်သူမည်ဝါ ဖြစ်သူကိုကား ဝမ်ယိစိန်း မသိ။ အခြေအနေသည် ကျားသနားမှ နွားချမ်းသာမည့် အခြေအနေဖြစ်နေသည်။

ထိုစဉ် ဆံပင်ဖားလျားချ အမျိုးသမီး ဒရောသောပါး ပြေးလာနေသည်ကို တွေ့မြင်ရပြီး သူ့နောက်တွင်မူ လီလုံ တစ်ယောက် တရကြမ်း ပြေးလိုက်လာနေသည်ကို တွေ့နေရ၏၊ အခြေအနေသည် လီလုံ အသာရနေဟန် ရှိသည်။ မကြာခင် သူတို့နှစ်ယောက်စလုံး ချုံဖုတ်နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာကြသည်။ လီလုံက လက်နှစ်ဘက်ကို ဆန့်တန်းသဖြင့် အကျီအိုးကြီးများ တဖျပ်ဖျပ် လှုပ်ရမ်းသွားပြီး ငွေရောင် ပြောင်ပြောင်လက်လက် ဖြစ်သွားသည်။

လီလုံသည် ငွေနတ်လီလုံဟူသော အမည်နှင့် ကိုက်ညီစွာ ငွေချည်ထိုးအကျီကို ဝတ်ဆင်ထားသဖြင့် တပြောင်ပြောင် တလက်လက်ဖြစ်နေသည်။ အမျိုးသမီးသည် အားသွန်ပြေးသကဲ့သို့ လီလုံကလည်း အားသွန်ပြီး လိုက်နေဆဲဖြစ်သည်။ မီလုမီခင် ဖြစ်သွားစဉ် လီလုံက လက်တစ်ဘက်ကို အားပါပါ ဆန့်ထုတ်လိုက်လေသည်၊ ဤတွင် အားလှိုင်းတစ်ခု ဖြစ်ပေါ်လာပြီး အမျိုးသမီး တစ်ကိုယ်လုံး အေးစိမ့်စိမ့်ဖြစ်သွားသည်။

အမျိုးသမီးသည် မမျှော်လင့်ဘဲ ခံစားလိုက်ရသော ဝေဒနာကြောင့် ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။



လီလုံသည် အမျိုးသမီး အပြေးနှုန်းလျော့ကျသွားသည်ကို တွေ့ရသည်နှင့် လွှားခနဲ ခုန်အုပ်လိုက်သည်။ အမျိုးသမီးသည် လေထဲမှ ဝဲပျံလာသော လီလုံကို ကြည့်ပြီး ထိတ်ခနဲဖြစ်ကာ ဖျတ်ခနဲ ခုန်ရှောင်လိုက်မိသည်။ လီလုံက လက်ဝါးရိုက်ချက်ကိုထုတ်ပြီး ဖျက်နှာကိုဖြတ်ရိုက်လိုက်သော်လည်း လက်ဝါးသည် လက်ထဲမှာသာ ဝှီးခနဲဖြစ်သွားပြီး အနီးတွင်ရှိသော သစ်ပင်တစ်ပင်ကို ရိုက်မိသွားတော့သည်။ အမျိုးသမီးသည် ပြင်းထန်သော လက်ဝါးရိုက်ချက်ကို ကြည့်ပြီး ချောက်ချားထိတ်လန့်သွားသည်။

"နင်. . . သိပ်ကြောက်နေပြီလားဟင်၊ ငါ့ရှာကို မီးတိုက်ဖျက်ဆီးတဲ့မိန်းမ၊ ပြေးလို့လွတ်မယ် ထင်သလား"

လီလုံ၏ နာကျည်းသော ဒေါသသံသည် ကြောက်မက်ဖွယ် မြည်ဟိန်းသွားသည်။ အမျိုးသမီးက လှည့်ပြေးရန် ပြင်လိုက်သည်၊ လက်နှစ်ဘက်ကို ဆန့်တန်းပြီး ပခုံးနှစ်ဘက်ကို ဖျတ်ခနဲ ကုပ်ဆွဲလိုက်သည်။ အမျိုးသမီးက လှစ်ခနဲ ရှောင်ပေးလိုက်ပြီး အားသွန်ပြေးရန် ဟန်ပြင်လိုက်သည်။

လီလုံ လက်နှစ်ဘက် ဝှီးခနဲ မြောက်တက်သွားသော်လည်း အမျိုးသမီးသည် နေရာမှ မရွေ့ပေ။ လီလုံ၏ ကြောက်စရာကောင်းသော ရိုက်ချက်ကို လည်စင်းခံမည့်ပုံမျိုးနှင့် ငြိမ်သက်နေသည်။ ဝမ်ယိစိန်းသည် အမျိုးသမီး၏ အပြုအမူကို တအံ့တဩ ဖြစ်သွားပြီး ကြောင်ငေးငေးကြီး ကြည့်နေမိတော့သည်။

လီလုံနှင့် အမျိုးသမီးသည် အနီးကပ်တိုက်ခိုက်မှု အခြေအနေမျိုး ရောက်ရှိနေသဖြင့် ဝမ်ယိစိန်းခမျာ အသက်ရှူမှားမတတ် ဖြစ်နေသည်။ လီလုံသည် မိမိရိုက်ချက်ကို ရှောင်တိမ်းခြင်းမရှိဘဲ

လဲ ဦးစင်းပေးသည့် အခြေအနေမျိုးကို တွေ့နေရသဖြင့် နားမလည်နိုင်သလို ဖြစ်သွားသည်။

လီလုံသည် တိုက်ပွဲ အတွေ့အကြုံ ကြွယ်ဝသူ ဖြစ်သော်လည်း အမျိုးသမီးလုပ်နေသည့် အဖြစ်မျိုးကို တစ်ခါမျှ တွေ့မြင်ဖူးခြင်း မရှိခဲ့ချေ။ ယခုကဲ့သို့ သေဘေးကို လည်စင်းခံသည့် တိုက်ကွက် သိုင်းဟန်မျိုးကိုလည်း တစ်ကြိမ်တစ်ခါမျှ မကြုံ တွေ့ခဲ့ဖူးချေ။

လီလုံသည် ထူးခြားသော အခြေအနေကြောင့် လက်ဝါးစောင်းရိုက်ချက်ကို အချိန်မီ ရပ်သိမ်းလိုက်ပြီး မျက်လုံးပြူးမျက်ဆံပြူးနှင့် ငေးကြည့်လိုက်မိသည်။ လီလုံသည် အတွင်းအားအဆင့်မြင့်မားသူဖြစ်၍ မိမိ၏အားကို ထုတ်နိုင်ရုပ်နိုင်စွမ်းရှိသူဖြစ်သည်။ အမျိုးသမီးကား လီလုံ၏ လက်ဝါးစောင်းကို ကြည့်ရင်းမျက်လုံးပြူးကြီးနှင့်သာ ရပ်တန့်မြဲ ရပ်တန့်ပြီး ငြိမ်သက်မြဲ ငြိမ်သက်နေသည်။

လီလုံက အခြေအနေကို ကောင်းစွာ ရိပ်စားလာမိသည်၊ အမျိုးသမီးသည် အကြောပိတ်ခံလိုက်ရ၍ ငြိမ်သက်သွားခြင်းဖြစ်ကြောင်း သဘောပေါက်လာသည်။ မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသောကိစ္စကြောင့် ဝမ်းသာရမလို ဝမ်းနည်းရမလို ဝေခွဲမရ ဖြစ်လာသည်၊ စိတ်ထဲ၌လည်း မရှင်းမလင်းနှင့် ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားသည်။ အမျိုးသမီးကို မိမိ တိုက်ခိုက်ခဲ့သည်မှာ အသေအကြေတိုက်ကွက်ကိုသာ အသုံးချတိုက်ခိုက်ပြီး အကြောပိတ်တိုက်ကွက်ကို တစ်ကြိမ်မျှ အသုံးမပြုခဲ့ချေ။ သို့သော် အမျိုးသမီးကား သွေးကြောများ အပိတ်ခံလိုက်ရပြီး မလှုပ်မယှက် ရှိနေပေပြီ။ မည်သူသည် အမျိုးသမီးကို လျှို့ဝှက်တိုက်ခိုက်လေသနည်း။ လီလုံ မသိပေ၊



မိမိတို့ သူသေကိုယ်သေ အာရုံစိုက် တိုက်ခိုက်နေစဉ်အတွင်း အရိပ်အရောင်မျှ မတွေ့မမြင်ရအောင် တိုက်ခိုက်နိုင်စွမ်းရှိခဲ့သူမှာ အဘယ်သို့သောပုဂ္ဂိုလ်မျိုးပေနည်း။ လီလုံသည် အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်သော်လည်း လျှို့ဝှက်စွာ ရောက်ရှိလာပြီး အမျိုးသမီး၏ အကြောပိတ်သွားသည့်လူကို မတွေ့မမြင်လိုက်ရသဖြင့် စိုးရိမ်စိတ်များ ပွားများလာပြန်သည်။

ထိုလူ၏ သိုင်းစွမ်းအားသည် ခန့်မှန်းမရအောင် ကောင်းမွန်နေသဖြင့် လီလုံ တုန်လှုပ်ချောက်ချားသွားသည်၊ ထိုလူသည် မိမိ၏ ရန်သူလော၊ မိတ်ဆွေလော။ ရန်သူသာဆိုလျှင် အလွယ်တကူအနိုင်တိုက်ခိုက်နိုင်မည် မဟုတ်တော့ချေ။ လီလုံသည် ထိုလူကို တွေ့ရလို တွေ့ရငြား ရှေ့နောက်ဝဲယာ လှည့်ပတ်ကြည့်လိုက်မိသည်။ သို့သော် လူရိပ်လူယောင်ဆို၍ ဘာမျှ မတွေ့ရချေ။ မတတ်သာသည့်အဆုံး လက်သီးဆုပ် ဂါရဝပြုပြီး ခပ်ကျယ်ကျယ်အော်ပြောလိုက်မိသည်။

" အဆင့်မြင့် သိုင်းဆရာကြီးခင်ဗျား၊ ကျွန်တော့်ကို ခုလိုအကူအညီပေးလာတဲ့အတွက် အလွန်အမင်း ကျေးဇူးတင်ရှိပါတယ်၊ မိတ်ဆွေဟာ ကျွန်တော့်ရဲ့ ကျေးဇူးရှင်တစ်ယောက် ဖြစ်နေတဲ့အတွက် ဘယ်သူဘယ်ဝါဆိုတာ သိချင်လှပါတယ်၊ ကျေးဇူးပြုပြီး ထွက်လာစေချင်ပါတယ်ခင်ဗျား"

လီလုံသည် မျှော်လင့်ချက်ကြီးစွာနှင့် အော်ဟစ်လိုက်သော်လည်း မည်သည့်တုံ့ပြန်သံကိုမျှ မကြားရဘဲ ဖြစ်နေသည်။ အချိန်အတန်ကြာအောင် ရှာဖွေသော်လည်း ထူးခြားမှု တစ်စုံတရာ မရှိဘဲ ဖြစ်နေသည်။ လီလုံသည် စိတ်မောလှမော ဖြစ်သွားသည်နှင့်

သက်ပြင်းကြီးတစ်ချက်ကို ဟူးခနဲ ချလိုက်မိတော့သည်။

"မိတ်ဆွေကြီးခင်ဗျား၊ မိတ်ဆွေကြီးဟာ သိုင်းလောက အမြင်က သိုင်းဆရာကြီးများဖြစ်နေပါသလား ခင်ဗျား၊ ကျွန်တော့် အနေနဲ့ မိတ်ဆွေကြီးကို အင်မတန် လေးစားလျက် ရှိကြောင်း ပြောကြားလိုပါတယ်၊ ခင်ဗျားကို တွေ့ချင်ပေမယ့် တွေ့ခွင့်မရတာကို စိတ်မကောင်းဖြစ်ရပါတယ်ခင်ဗျား"

လီလုံ၏ စကားသံ ဆုံးသွားသောအခါ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်မြတိတ်ဆိတ်သွားသည်။ လီလုံသည် အမျိုးသမီးအနီးသို့ တိုးကပ်သွားပြီး လက်တစ်ဘက်ကို ဆတ်ခနဲ ဆွဲကိုင်လိုက်သည်။ ထို့နောက် ရပ်နေရာမှ ပြေးထွက်သွားလေသည်။

လီလုံသည် ကိုယ်ဖော့သိုင်းအား အလွန်ကောင်းသူဖြစ်သဖြင့် မြေကြီးနှင့် ခြေထောက်လွတ်သွားအောင် ပြေးအားကောင်းလှပေသည်။ အမျိုးသမီးသည် အရုပ်ကလေးတစ်ရုပ်ကဲ့သို့ လီလုံ ဆွဲခေါ်ရာသို့ တရွတ်တိုက် ပါသွားသည်။

ဝမ်ယိစိန်းသည် လီလုံ ပြေးထွက်သွားရာသို့ ငေးကြောင်ကြည့်နေမိသည်။ အနီးတွင် ရပ်နေဆဲရှိသော ရွှေဝါရောင်ဆံပင်နှင့်လူက နံဘေးကို ဆတ်ခနဲ ကန်ပစ်လိုက်သဖြင့် ဝမ်ယိစိန်း လန့်ဖျန့်သွားပြီး လဲကျနေရာမှ ထ‌ခုန်လိုက်မိသည်။ ရွှေဝါရောင်ဆံပင်နှင့်လူ၏ ကန်ချက်သည် ပိတ်နေသောသွေးကြောများကို ဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

ဝမ်ယိစိန်းသည် ရုတ်ခနဲ ရပ်လိုက်မိသည်နှင့် လှစ်ခနဲ ထွက်ပြေးသွားတော့သည်။ ရွှေဝါရောင်ဆံပင်နှင့်လူက တဟားဟား ရယ်မောလိုက်ပြီး နောက်မှနေ၍ ရိပ်ခနဲ ရိပ်ခနဲ လိုက်သွားပြီး



လှမ်းအော်လိုက်ပြန်သည်။

"ဟေ. . . . ကောင်လေး၊ ငါ့ကို ကြောက်လို့ ထွက်ပြေးတာလားကွ ဟေ၊ ငါ့ကို ကြောက်ဖို့ မလိုဘူးကွ၊ မင်းကို ငါဘာမှ လုပ်မှာ မဟုတ်ဘူး၊ ရပ် . . . ရပ်. . ."

အော်သံကြောင့် ဝမ်ယိစိန်းသည် အပြေးကို တုံ့ခနဲ ရပ်ပစ်လိုက်သည်။ တကယ်ပြေးလျှင်လည်း နောက်မှလူကို လွတ်အောင် ပြေးနိုင်စွမ်း မရှိပေ။

ရွှေဝါရောင်ဆံပင်နှင့်လူ ရောက်လာသောအခါ ဝမ်ယိစိန်းက ခေါင်းကို တဗျင်းဗျင်း တုတ်ပစ်လိုက်ပြီး. . .

"ဘယ်သူမဆို အလကားသက်သက် သေမှာကိုတော့ ကြောက်တာပေါ့ဗျာ၊ ဒါပေမယ့် တကယ်တွေးကြည့်တော့လဲ ကြောက်စရာဆိုတာ ဘာမှ မရှိပါဘူးဗျာ. . ."

ဝမ်ယိစိန်းစကားကြောင့် ရွှေရောင်ဆံပင်နှင့်လူသည် တအံ့တသြဖြစ်သွားသည်။ ဝမ်ယိစိန်းကို စိုက်ကြည့်ပြီး သဘောကျသွားဟန်ဖြင့် ဟက်ခနဲ ရယ်လိုက်သည်။

"ဘာပြောတယ်ကွ၊ ကြောက်စရာဆိုတာ ဘာမှ မရှိဘူးဟုတ်လား၊ မင်းအသက် ငါ့လက်ထဲမှာ ရှိတယ်ဆိုတာ မင်း မသိဘူးလား"

ရွှေရောင်ဆံပင်ရှင်က ခပ်တည်တည် မျက်နှာထားနှင့် ဟိန်းဟောက်ပြောလာပြန်သည်။ သို့တိုင် ဝမ်ယိစိန်းက ကြောက်ရွံ့ဟန် မပြဘဲ ပါးစပ်ဖြဲပြီး ရယ်မောလိုက်ပြန်သည်။

ဝမ်ယိစိန်း၏ လောကအမြင်သည် သီးခြားဖြစ်ပေါ်မှု ဖြစ်နေသဖြင့် သာမန်လူများနှင့် မတူဘဲ ထူးထူးခြားခြား ကွဲပြား

နေသည်။ သူသည် ကြောက်စရာနှင့်တွေ့လျှင် မကြောက်ဘဲ နေထွက်သော အလေ့အကျင့်များ ရှိသကဲ့သို့ ကြောက်စရာ မဟုတ်ဘဲနှင့်လည်း ကြဲဖန်ပြီး ကြောက်ချင်ကြောက်နေတတ်သည်၊ တစ်ခါတစ်ခါ စိတ်ထင်ရာကို တဇွတ်ထိုး လုပ်တတ်ပြီး သင့်၏ မသင့်၏ စဉ်းစားတတ်သူ မဟုတ်ပေ။ ယင်းသို့သော သဘော သဘာဝ ရှိနေသောကြောင့် လီကျားကျေးရွာ သိုင်းသမားများက သူ့ကို လူပေါတစ်ယောက်လို သဘောထားပြီး ဆက်ဆံခဲ့ကြခြင်း ဖြစ်သည်။ ရွှေဝါရောင်ဆံပင်နှင့်လူသည် ရယ်စရာမဟုတ်ဘဲ ရယ်နေသည့် ဝမ်မယိစိန်းကို ကြည့်ပြီး စိတ်တိုသွားသည်။

"မင်းက ဘာဖြစ်လို့ ရယ်နေရတာလဲ"

"ခင်ဗျားပြောတာ သဘောကျလို့ ရယ်တာပေါ့ဗျ၊ ခင်ဗျား သေသေချာချာ စဉ်းစားကြည့်၊ လူဆိုတာ သူ့ကုသိုလ်နဲ့သူ၊ သေ တစ်နေ့ မွေးတစ်နေ့ချည်းပဲ၊ သေနေ့မစေ့ဘဲ ဘယ်လိုမှ မသေနိုင် ဘူး၊ ဒါကို ခင်ဗျားက ဆန့်ကျင်ဘက်လုပ်ပြီး ကျွန်တော့်အသက် ခင်ဗျားလက်ထဲမှာ ရှိတယ်ဆိုတော့ ရယ်စရာကောင်းနေတာပေါ့၊ ဒီတော့ ကျွန်တော် မရယ်ဘဲ ဘယ်နေနိုင်ပါ့မလဲ၊ ဟား... ဟား...ဟား"

"ဩော်...ဩော်၊ မင်းက ငါ့အကြောင်း မသိသေး တော့ ဒီလိုပဲ ပြောတော့မှာပေါ့၊ ကဲ...ကဲ၊ မင်း ဟိုသစ်ပင်ကို ကြည့် လိုက်စမ်း"

ပြောပြောဆိုဆို ရွှေဝါရောင်ဆံပင်နှင့်လူက လက်တစ် ဘက်ကို ဆန့်တန်းလိုက်ပြီး လက်ဝါးကို ဆတ်ခနဲ တွန်းထုတ် လိုက်သည်။ ဤတွင် လေတိုးသံများ တဟူးဟူး မြည်လာပြီး



မလှမ်းမကမ်းတွင်ရှိနေသော သစ်ရွက်ကလေးများ တဖြုတ်ဖြုတ် ကြွေကျလာသည်ကို တွေ့ရတော့သည်။ ဤတိုက်ကွက်သည် ရွှေဝါ ရောင်ဆံပင်ပိုင်ရှင်၏ မုန်တိုင်းလက်ဝါးတိုက်ကွက်ဖြစ်သည်။ ပြင်းထန်ပြီး ကြောက်စရာကောင်းသောတိုက်ကွက်ဖြစ်သည်။ ဝမ်ယိစိန်းသည် ကြွေကျလာသော သစ်ရွက်လေးများကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေတော့သည်။

"ဘယ့်နှယ်လဲ ကောင်လေး၊ ငါ့အစွမ်းကို မြင်ပြီ မဟုတ် လား"

"မြင်...မြင်ပါတယ် ဆရာကြီး၊ ခင်ဗျား ပညာက တယ်ပြီး အစွမ်းထက်တဲ့ပညာပဲကိုး"

ဝမ်ယိစိန်းက အရိုးခံအတိုင်း ပြောလိုက်မိသည်၊ သူသည် စကားလုံးကြွယ်ဝသူ မဟုတ်သဖြင့် တင်စားမှုများ မပြဘဲ ရိုးရိုး နှင့်ရှင်းရှင်းသာ ပြောကြားလိုက်သည်။ ရွှေဝါရောင်ဆံပင်နှင့်လူက သူ့ကို စေ့စေ့ကြည့်လိုက်ပြီး ခပ်အေးအေး ပြောလာပြန်သည်၊

"မင်းအသက် ငါ့လက်ထဲမှာ ရှိနေတယ်ဆိုတာ အဲဒါ ကြောင့် ပြောတာပဲ ကောင်လေး၊ ငါ့လက်ထဲက မင်းလို ကောင်လေး မျိုးကို ပုရွက်ဆိတ်ကလေးကို သတ်သလို သတ်လို့ရတယ်ဆိုတာ မြင်ပြီ မဟုတ်လား၊ ဒီတော့ မင်းအသက် ငါ့လက်ထဲမှာ ရှိနေ တယ်ဆိုတာ မှန်မနေဘူးလား"

ဝမ်ယိစိန်းသည် ရွှေဝါရောင်ဆံပင်ရှည်၏စကားကို ရယ်ချင်စိတ်များ ပေါ်လာပြန်သည်၊ တလိပ်လိပ်တက်လာသော ရယ်ချင်စိတ်ကို အောင့်မထားနိုင်တော့သဖြင့် တခွိခွိရယ်လိုက်မိ တော့သည်။

"ဟော့ကောင် . . . မင်းက ဘာရယ်ရပြန်တာလဲ . . ."

"ဟား . . . ဟား . . . ခင်ဗျားပြောတာကို သဘောကျလို့ပေါ့ဗျာ၊ တကယ့်တကယ်က ခင်ဗျားနဲ့ ကျွန်တော်ဟာ ရန်ငြိုးရန်စရှိတဲ့လူတွေ မဟုတ်ဘူး၊ ဒီတော့ ကျုပ်အသက်ဟာ ခင်ဗျားလက်ထဲ ကျရောက်ရမယ်ဆိုတာ အဓိပ္ပါယ်မရှိဘူး၊ ရန်ငြိုးမရှိဘဲနဲ့ ကျွန်တော့်ကို မသတ်နိုင်ပါဘူး၊ ဒီတော့ ခင်ဗျားပြောတဲ့စကားဟာ အရူးစကားဖြစ်မနေဘူးလား၊ အရူးစကားဆိုတာ ရယ်စရာကောင်းတာချည်းပဲ၊ ဒီတော့ ကျွန်တော် မရယ်ဘဲ ဘယ်နေနိုင်ပါ့မလဲ၊ ဟား . . . ဟား . . . ဟား"

ရွှေဝါရောင်ဆံပင်ရှင် ဘာပြန်ပြောရမှန်းမသိဘဲ ခပ်ငိုင်ငိုင် ဖြစ်သွားသည်။ သက်ပြင်းကိုသာ ဟင်းခနဲ ချလိုက်မိသည်၊

ဝမ်ယိစိန်းသည် စကားအပြောမှားသွားပြီဟူသော အသိနှင့် သူ့စကား သူဖြေရန် ကြိုးစားလိုက်ပြန်သည်။

"ကျွန်တော် အပြောနည်းနည်းလွန်သွားတာ စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော်ဆိုလိုတာက လူဆိုတာ အရူးကြီးပဲ ဆိုတဲ့စကားရှိတယ် မဟုတ်လားဗျာ၊ ဒီတော့ ကျွန်တော်လဲ အရူး၊ ခင်ဗျားလည်း အရူး၊ ဒါပေမယ့် ခင်ဗျားက အသက်ပိုကြီးတော့ ပိုရူးတာပေါ့ဗျာ၊ မဟုတ်ဘူးလား"

ဝမ်ယိစိန်းမှာ သူ့စကားနဲ့သူ လိပ်ပတ်မလည်တော့ဘဲ အားနာစိတ်ကတခြား၊ စကားအဓိပ္ပာယ်ကတခြား ဖြစ်ကာ ချာလပတ် လည်နေတော့သည်၊ ရွှေဝါရောင်ဆံပင်ရှင်သည် စိတ်မရှည်နိုင်တော့သဖြင့် 'တော်စမ်းကွာ' ဟူသောအသံနှင့် ဆောင့်တွန်းပစ်လိုက်တော့သည်။



ဝမ်ယိစိန်းသည် သူ့ကိုယ်သူ မဟန်နိုင်တော့ဘဲ လွင့်ထွက်သွားတော့သည်။ မြေကြီးပေါ် ဖုတ်ခနဲကျသွားပြီး နောက်ပြန်လှည့်ကြည့်လိုက်သောအခါ ရွှေဝါရောင်ဆံပင်ရှင်၏ အရိပ်အရောင်ကိုမှ မတွေ့ရတော့ချေ။

* * *

ဝမ်ယိစိန်းသည် လီကျားရွာကို သတိပြန်ရလာတော့သည်။ မျက်လုံးထဲတွင် ရွာသူရွာသားများ အထိတ်တလန့် ပြေးလွှားနေသည်ကို ပြန်လည်မြင်ယောင်လာပြီး တစ်စုံတစ်ရာ အကူအညီပေးရန် စိတ်ကူးမိလာသည်။ သို့နှင့် လဲကျနေရာမှ လူးလဲထလိုက်ပြီး ရွာဆီသို့ ဦးတည် ပြေးလာမိတော့သည်၊

လမ်းတစ်လျှောက်တွေ့ရသော ကျောက်တုံးကျောက်ခဲများ၊ ရေအိုင်ညွှံဗွက်များ၊ သစ်ပင်ချုံနွယ်များ စသည်တို့ကို ရှောင်ကွင်း ကွေ့ပတ်ရင်း မိုင်ဝက်ကျော်ကျော် ခရီးပေါက်လာလေသည်၊ ထိုစဉ် လက်ဝဲဘက် လမ်းချိုးခွဆုံတွင် ရပ်နေသော ချိုက်ထန်းယံကို တွေ့လိုက်ရတော့သည်။ ချိုက်ထန်းယံသည် ချိုင်းနှစ်ဘက်ကြားတွင် အကျီဖြူလူနှစ်ယောက်ကို ညှပ်ထားပြီး ခပ်ငိုင်ငိုင် ရပ်နေသည်။

ဝမ်ယိစိန်းသည် အကျီဖြူလူနှစ်ယောက်ကို တွေ့လိုက်သည်နှင့် ထိတ်ခနဲဖြစ်သွားပြီး ကတုန်ကယင်ကြီးဖြစ်သွားသည်၊ ဝမ်ယိစိန်းသည် ထိုလူနှစ်ယောက်ကို ယခုထိ ကြောက်နေတုန်းပင်။ မိုးသည်းည တန်ဆောင်းပေါ်ကအဖြစ်ကို မေ့နိုင်ဟန် မရှိသေးပေ။ ချိုက်ထန်းယံကား အကျီဖြူနှစ်ယောက်ကို ချုပ်ကိုင် ဖမ်းဆီးမိပြီဖြစ်သော်လည်း မျက်နှာသိပ်မကောင်းလှ၊ သူ၏ လက်ဝဲဘက်ပခုံးမှ

အကျီသည် စုတ်ပြတ်နေပြီး ပခုံးသားပေါ်တွင် လက်ဝါးရာကြီး တစ်ခု ထင်းထင်းကြီးဖြစ်နေသည်။ ဝမ်ယိစိန်းသည် ထိုလူနှစ်ယောက်အကြောင်းကို သိထားသူဖြစ်၍ လှမ်းအော် သတိပေးလိုက်သည်။

"သူရဲကောင်းကြီး ချိုက်ထန်းယံ၊ ခင်ဗျား ချိုင်းကြားထဲက လူနှစ်ယောက်က မြူးလိုင်ကဝေ လေးယောက်ထဲက နှစ်ယောက်ပဲ၊ သူတို့ကို မလွှတ်လိုက်နဲ့နော်၊ အားလုံး ဒုက္ခရောက်သွားလိမ့်မယ်"

ချိုက်ထန်းယံက ဘာမျှ ပြန်မပြော၊ သက်ပြင်းတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်လိုက်ပြီး ဝမ်ယိစိန်းကို ငေးကြည့်နေသည်၊ တစ်စုံတစ်ခုသော ဝေဒနာကို ခံစားရနေဟန်နှင့် တစ်ခါတစ်ခါ မျက်နှာကြီး ရှုံ့မဲ့သွားသည်။

"သူရဲကောင်းကြီး ချိုက်ထန်းယံ၊ ခင်ဗျား သူတို့ကို ဖမ်းထားနိုင်တာ သိပ်ကောင်းတယ်၊ ဒီလူတွေဟာ လူဆိုးလူမိုက်တွေချည်းပဲ၊ အကောင်းဆုံးက သူတို့ကို အသက်ရှင်ခွင့် မပေးဘဲ သတ်ပစ်သင့်တယ်ဗျ"

ဝမ်ယိစိန်းက စကားတပြောပြောနှင့် အနီးသို့ လျှောက်သွားသည်။ချိုက်ထန်းယံက မောပန်းနွမ်းနယ်ဟန်နှင့် ဝမ်ယိစိန်းကို ကြည့်ပြီး ပြောသည်။

"ဝမ်ယိစိန်း. . . ငါ သူတို့နှစ်ယောက်နဲ့ တိုက်ခိုက်ရင်း အဆိပ်လက်ဝါးနဲ့ အရိုက်ခံခဲ့ရတယ်၊ အခု ငါ့ကိုယ်ထဲမှာ အဆိပ်တက်နေပြီ၊ အချိန်မီ မကုနိုင်ရင် အသက်ကို ထိခိုက်သွားနိုင်တယ်၊ ဒီတော့ ဒီလူနှစ်ယောက်ကို ခေါ်သွားပြီး မင်းဘကြီးလက်ထဲ အပ်လိုက်၊ ငါ ရွာကို မလိုက်နိုင်တော့ဘူး"



ချိုက်ထန်းယံက ပြောပြောဆိုဆို လက်နှစ်ဘက်ကို မြှောက်တင်လိုက်သည်။ ချိုင်းကြား အညှပ်ခံထားရသော လူနှစ်ယောက်သည် ဖုတ်ခနဲ ပြုတ်ကျသွားပြီး ထိုင်လျက်ကြီး ဖြစ်သွားကြသည်။ သူတို့နှစ်ယောက်သည် အကြောပိတ်ခံထားရသဖြင့် မလှုပ်မယှက်နှင့် ငြိမ်သက်နေကြသည်။

ချိုက်ထန်းယံက ထိုလူနှစ်ယောက်ကို လက်ညှိုးထိုးပြီး. . .

"ဝမ်ယိစိန်း၊ သူတို့နှစ်ယောက်ကို ရွာထဲခေါ်သွားပြီး လီလုံလက်ထဲ အပ်လိုက်ပါ၊ ငါတော့ ဒဏ်ရာ အချိန်မီကုဖို့ အရေးကြီးနေပြီ၊ ဘယ်သူ့ကိုမှ နှုတ်မဆက်နိုင်ဘဲ ဆေးကုထွက်သွားပြီလို့ ပြောလိုက်ပါ၊ ဒီလူနှစ်ယောက်ကို စစ်ဆေးကြည့်ရင် အရေးကြီးတဲ့သတင်းတွေ အများကြီးရနိုင်ကြောင်းလဲ ပြောပြလိုက်ပါ"

"ဟုတ်ကဲ့ခင်ဗျာ. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ဝမ်ယိစိန်းသည် အတိုင်းမသိ ဝမ်းသာနေတော့သည်။ ချိုက်ထန်းယံ ပေးအပ်လိုက်သောတာဝန်သည် အလွန် ကြီးမားသောတာဝန်ဖြစ်၍ တစ်ကြိမ်တစ်ခါဖူးမျှ ထမ်းဆောင်ဖူးသောတာဝန် မဟုတ်ပေ။ ဝမ်ယိစိန်းသည် ဘဝင်မြင့်သလိုဖြစ်သွားပြီး ဟိတ်ကြီးဟန်ကြီးအမူအရာနှင့် ချိုက်ထန်းယံကို ပြန်ပြောလိုက်သည်။

"သူရဲကောင်းကြီး ချိုက်. . . ၊ စိတ်ချလက်ချသာ သွားပါ၊ ဒီတာဝန်ကို ကျွန်တော် ကောင်းကောင်းယူနိုင်ပါတယ်၊ အရေးကြီးတာက ခင်ဗျားရဲ့ကျန်းမာရေးပါ၊ ကျွန်တော်ကတော့ ခင်ဗျားပေးတဲ့ တာဝန်ကို ကျေကျေပွန်ပွန်ကြီး ထမ်းဆောင်ပေးနိုင်ပါတယ်ဗျာ"

ဝမ်ယိစိန်းသည် စကားဆုံးသည်နှင့် ခေါင်းမော့ကြည့်

လိုက်သည်။ ချိုက်ထန်းယံကား အနီးတွင် မရှိတော့ပေ။ သူစကားကို ပြီးငွေ့သွားသောကြောင့် ပြေးထွက်သွားသည်လား မပြောတတ်တော့ပေ။ ဝမ်ယိစိန်းသည် ချိုက်ထန်းယံထွက်ခွာသွားသည်ကို ဂရုစိုက်ဟန်မရှိတော့ဘဲ အကျီဖြူနှစ်ယောက်ကို စိုက်ကြည့်လိုက်ပြီး ဟိန်းဟောက်နေပြန်သည်။

"ခင်ဗျားတို့ဟာ တော်တော်တရားမဲ့တဲ့လူတွေပဲ၊ သူများတွေ သွေးနဲ့ချွေးနဲ့ ရင်းပြီးတည်ဆောက်ခဲ့တဲ့ရွာကြီးကို ခုလို မီးတိုက်ဖျက်ဆီးလိုက်တာဟာ လူမဆန်တဲ့ လုပ်ရပ်ပဲ၊ ခင်ဗျားတို့ဟာ ငရဲအိုးထဲ စောက်ထိုးကျပြီး ချိုးကပ်နေမယ့်လူစားတွေပဲ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ လူညစ်ပတ်တွေပဲ၊ ခင်ဗျားတို့ဟာ လူဖြစ်ဖို့ထက် ခွေးဖြစ်ဖို့တောင် မကောင်းတဲ့လူတွေပဲ"

အကျီဖြူနှစ်ယောက်က ဝမ်ယိစိန်းကို ငေးကြည့်နေပြီး ဘာတစ်ခွန်းမျှ တုံ့ပြန်ပြောကြားခြင်းမရှိပေ။ အကြောပိတ်နေသော အကျီဖြူနှစ်ယောက်၏ အခြေအနေကြောင့် ဝမ်ယိစိန်းသည် စောစောကလို ကြောက်လန့်ခြင်း မရှိတော့ဘဲ တကယ့် သိုင်းအကျော်အမော်တစ်ယောက်၏ဟန်မျိုးနှင့်မေးခွန်းများကို တစ်ခုပြီး တစ်ခု ထုတ်လိုက်ပြန်တော့သည်။

"ကဲ. . . ကဲ. . . ကျုပ်မေးတာကို ဖြေကြ၊ ခင်ဗျားတို့ ဘာဖြစ်လို့ ရွာကို မီးရှို့ခဲ့ကြတာလဲ၊ ခင်ဗျားတို့ကို ဘယ်သူ ခိုင်းလိုက်တာလဲ ပြောကြစမ်း"

ဝမ်ယိစိန်းက ဟန်ပါပါမေးနေသော်လည်း အကျီဖြူနှစ်ယောက်က ဘာမျှ ပြန်မပြောကြပေ။



"ဟေ့လူတွေ၊ ခင်ဗျားတို့ မေးနေတာ မကြားဘူးလား ဖြေကြလေ၊ ဘာလဲ. . . အမှန်ကို ပြောရမှာ ခင်ဗျားတို့ ကြောက်နေပြီလား၊ ဟား. . . ဟား"

ဝမ်ယိစိန်းက သဘောကျစွာ တဟားဟား ရယ်လိုက်ပြန်သည်။ ထိုလူနှစ်ယောက်သည် ခပ်ကြောင်ကြောင် လုပ်နေသော ဝမ်ယိစိန်းကို ဒေါသထွက်လာပြီး မျက်နှာများ နီရဲလာတော့သည်၊ သို့သော် နှစ်ယောက်စလုံး အကြောပိတ်ခံထားရသောကြောင့် လုံးဝ လှုပ်ရှားနိုင်ခြင်းမရှိဘဲ မခံချိမခံသာ ခံစားရတော့သည်။ဝမ်ယိစိန်းသည် ခေါင်းကို တဗျင်းဗျင်းကုတ်လိုက်ရင်း တစ်စုံတစ်ခုကို သတိရလာဟန်နှင့် အော်ကြီးဟစ်ကျယ် ပြောလာပြန်သည်၊

"ဟား. . ဟား၊ ကျုပ်ဆိုတဲ့ကောင်က တော်တော် အသုံးမကျတဲ့ကောင်ပဲ၊ ခင်ဗျားတို့က သွေးကြောအပိတ်ခံထားရတဲ့ လူတွေပဲ၊ ဒီတော့ ကျုပ်မေးတာကို ဖြေချင်တာတောင် ဘယ်ဖြေနိုင်ပါ့မလဲဗျာ၊ ဟား. . . ဟား၊ ကျုပ်ဆိုတဲ့ကောင်က တော်တော် မေ့တတ်တဲ့ကောင်ကိုး"

ဝမ်ယိစိန်းသည် ထိုလူနှစ်ယောက်အနီးသို့ တိုးကပ်သွားပြီး ကုန်းလိုက်ကွလိုက် လုပ်နေပြန်သည်။ ပိတ်နေသော, သွေးကြောများကို ဖွင့်ပေးရန် ကြိုးစားသော်လည်း ဘယ်ကစ၍ ဘာလုပ်ရမှန်း မသိပေ။ သူသည် သွေးကြောပိတ်ပညာနှင့် သွေးကြောဖွင့်ပညာကို ကျွမ်းကျင်သူ မဟုတ်သဖြင့် မည်သည့်သွေးကြောကို ဖွင့်ရမှန်း မသိဘဲ ဖြစ်နေသည်။ အကြံမရသည့်အဆုံး ထိုလူနှစ်ယောက်၏ တစ်ကိုယ်လုံးကို ဟိုပုတ်သည်ပုတ် ဟိုနှိပ်သည်နှိပ် လုပ်နေလိုက်သည်၊ အချိန်အတော်ကြာသွားသော်လည်း မည်သည့် ထူးခြား

ချက်မှု မရှိပေ။

ဝမ်ယိစိန်းသည် လုပ်ရင်းကိုင်ရင်း စိတ်တိုလာသဖြင့် ထိုလူနှစ်ယောက်၏ ရင်နှင့်ကျောကို အားရပါးရ တဖောင်းဖောင်း ရိုက်ပစ်လိုက်ပြန်သည်။ သို့သော် ထိုလူနှစ်ယောက်ကား နေမြဲ အတိုင်းသာ ငြိမ်နေဆဲ ရှိသည်။

ဝမ်ယိစိန်းသည် ဒေါသပိုထွက်လာပြီး ကိုယ့်ကိုယ်ကိုသာ အပြစ်တင်နေမိတော့သည်။ ကြံရာမရသည့်အဆုံး ထိုလူ တစ် ယောက်၏ နှာခေါင်းကို ဆတ်ခနဲ ဆွဲကိုင်လိုက်ပြီး ဘယ်ပြန်ညာပြန် ယမ်းခါပစ်လိုက်တော့သည်။

"ဒီသွေးကြောတွေက ဘာဖြစ်လို့ မပွင့်ရတာလဲကွ ဟေ မင်းတို့က ငါ့ကို ကြောက်လို့ သေချင်ဟန်ဆောင်နေကြတာလားကွ တဲ့ကွာ. . . တဲ့ကွာ. . ."

ထိုလူနှစ်ယောက်သည် ဝမ်ယိစိန်း လုပ်သမျှ ငြိမ်ခံနေရပြီး ခေါင်းတယမ်းယမ်းဖြစ်နေလေတော့သည်။ ထိုလူနှစ်ယောက် သွေးကြောအပိတ်ခံလိုက်ရခြင်းသည် ထူးခြားသော အဖြစ်တစ်ခု ဖြစ်သည်။ ချိုက်ထန်းယံ ရွာထဲမှထွက်လာပြီး အနောက် တောင် ကုန်းပေါ်သို့ ပြေးအတက်တွင် လူနှစ်ယောက်၏ ဝိုင်းဝန်းတိုက်ခိုက် ခြင်းကို ခံခဲ့ရသည်။ ချိုက်ထန်းယံသည် အားကုန်မာန်ကုန် တိုက်ခိုက်ခဲ့သော်လည်း ထိုလူနှစ်ယောက်၏သိုင်းစွမ်းအားကို ထိုးဖောက်နိုင်ခြင်း မရှိခဲ့ချေ။

ထိုလူနှစ်ယောက်သည် တက်ညီလက်ညီ တိုက်ခိုက်နိုင်ရုံ မက သူတို့၏ကိုယ်ခန္ဓာကိုလည်း လစ်ကွက်ဟာကွက် မရှိအောင် ကာကွယ်နိုင်ခဲ့ကြသည်။ သိုင်းကွက်ပေါင်း သုံးဆယ်မျှ တိုက်ခိုက်



ပြီးချိန်တွင် ချိုက်ထန်းယံ အခြေအနေ ဆိုးရွားလာတော့သည်။ ထိုစဉ် လူတစ်ယောက်၏ အဆိပ်လက်ဝါးချက်ကို ဖောင်းခနဲ အရိုက်ခံလိုက်ရပြီး သိုင်းကွက်များ ပျက်ယွင်းသွားတော့သည်။ ချိုက်ထန်းယံသည် ကိုယ့်ကိုယ်ကို သေလူဟု သဘော ပိုက်လိုက်ပြီး နောက်ဆုံး ရှန်းကန်ခြင်းမျိုးနှင့် ဖျတ်ခနဲ ခုန်ဆုတ်လိုက်မိသည်။

ခပ်လှမ်းလှမ်းမှ ပြန်ကြည့်လိုက်သောအခါ ထိုလူနှစ် ယောက်စလုံး မတ်မတ်ကြီး ရပ်နေသည်ကို တွေ့ရတော့သည်။ ချိုက်ထန်းယံသည် ဘာမျှ မစဉ်းစားနိုင်တော့ဘဲ လွှားခနဲ ခုန်ဝင်ပြီး ဖောင်းခနဲ ရိုက်ပစ်လိုက်တော့သည်။ တစ်ယောက်သည် ရပ်နေရာ မှ မြောက်တက်ပြီး မြေကြီးပေါ် ဒိုင်းခနဲ ကျသွားတော့သည်။

ချိုက်ထန်းယံက နောက်တစ်ယောက်ကို တိုက်ခိုက်ရန် အနီးသို့ တိုးကပ်သွားသော်လည်း ရပ်နေသောလူသည် မတုန် မလှုပ်နှင့် ကျောက်ရုပ်ကြီးလို ငြိမ်နေဆဲ ရှိနေသည်ကို တွေ့ရတော့ သည်။ထိုအခါကျမှ တစ်စုံတစ်ယောက်က ထိုလူနှစ်ယောက်ကို အကြောပိတ်သွားကြောင်း သိရတော့သည်။

ချိုက်ထန်းယံသည် အဆိတ်တလန့်ဖြစ်သွားရာမှ လျို့ဝှက် လူသည် မိမိ၏အသက်ကို ကြောက်စရာကောင်းသော လျင်မြန် ခြင်း မျိုးဖြင့် ကယ်တင်သွားခြင်းဖြစ်ကြောင်း သဘောပေါက်လာ မိတော့သည်။ နောက်ဆုံးတွင် ချိုက်ထန်းယံက ထိုလူနှစ်ယောက် ကို ဖမ်းချုပ်ပြီး ချိုင်းတွင်ညှပ်ကာ ခေါ်ဆောင်ခဲ့တော့သည်။ ချိုက်ထန်းယံ သတိပြုခဲ့မိသည်ကား လျို့ဝှက်လူ၏ အကြောပိတ် ပညာသည် အဆင့်မြင့်လွန်းသောပညာဟုသာ မှတ်ယူနေမိတော့ သည်။

* * *

အခန်း (၄)

## ချူးလိုင်ကာဝေနှင့် နတ်ရုပ်ရု

ဝမ်ယိစိန်းသည်ထိုလူ၏နှာခေါင်းကို ဆွဲညစ်လှုပ်ရမ်းပြီးနောက် မကျေမနပ်နှင့် စိုက်ကြည့်နေမိပြန်သည်။ ထိုလူသည် 'အား'ခနဲ အသံပြုရင်း လှုပ်လှုပ်ရွရွ ဖြစ်လာတော့သည်။ဝမ်ယိစိန်းသည် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွားသောကိစ္စကြောင့် အံ့အားသင့်ကာ ငေးကြည့်နေမိတော့သည်။

ထိုလူသည် ပိတ်နေသောသွေးကြောများ ပွင့်သွားသည်နှင့် ထိုင်ရာမှ ဆတ်ခနဲထလိုက်ကာ အကျီလက်အိုးကြီးကို ဝှေ့ယမ်းလိုက်ပြီး ဝမ်ယိစိန်းကို တိုက်ခိုက်လာတော့သည်။ ဝမ်ယိစိန်းသည် ကြောက်စရာကောင်းသော တိုက်ကွက်ကြောင့် ရပ်နေရာမှ လွင့်ထွက်သွားပြီး ဝုန်းခနဲ ပြုတ်ကျသွားသည်။

ထိုလူသည် ငြိမ်သက်နေသောအဖော်ကို ကမန်းကတန်းနှင့် အကြောဖွင့်ပေးလိုက်သော်လည်း အောင်မြင်ခြင်းမရှိချေ။ ထိုးဖိုက်သော အကြောပိတ်သမားသည် မည်သို့မည်ပုံ ပိတ်သွားသည်မသိ၊ အဆင့်မြင့်သိုင်းသမားထိုလူပင် မျက်လုံးပြူးနေတော့သည်။မကျေမနပ်နှင့် ပိတ်ရိုးပိတ်စဉ်သွေးကြောများကို ဂရုတစိုက် ဖွင့်နေသော်လည်း အချည်းနှီးသာ ဖြစ်နေသည်။

ထိုလူသည် အတော်ကြာအောင် ကြိုးစားသော်လည်း မည်သို့မျှ အကြောင်းထူးလာခြင်းမရှိသဖြင့် နဖူးတွင်သာ ချွေးများ သီးထလာတော့သည်။ သူကြံရာမရတော့သည်နှင့် ဝမ်ယိစိန်းအနီးသို့ လျှောက်သွားပြီး ဆွဲထူလိုက်သည်။ ဝမ်ယိစိန်းသည် မကျေနပ်ဖြစ်နေမိသော်လည်း ရုန်းထွက်နိုင်ခြင်းမရှိသဖြင့် ဆွဲခေါ်ရာသို့သာ တရွတ်တိုက် ပါလာခဲ့တော့သည်။

"ဟေ့လူ . . . ကျုပ်ကိုလွှတ်ပါဗျ၊ ဘာဖြစ်လို့ အတင်းဆွဲခေါ်နေရတာလဲ"

ဝမ်ယိစိန်းက ဒေါသထွက်ထွက်နှင့် အော်ဟစ်ပစ်လိုက်သည်။

"ခင်ဗျား ကျုပ်လူရဲ့သွေးကြောကို ပြန်ဖွင့်ပေးပါ၊ ဒါပဲ"

ထိုလူက ခပ်ပြတ်ပြတ်ပြောသည်။

"ခင်ဗျား ကျုပ်ကို လွှတ်စမ်းပါ၊ ကျုပ်က ဘယ်လိုလုပ်ပြီး ခင်ဗျားလူသွေးကြောကို ဖွင့်ပေးနိုင်မှာလဲ"

ထိုလူသည် လေးနက်တည်ကြည်သော မျက်နှာထားနှင့် စိုက်ကြည့်ပြီး အေးစက်စက်ရယ်သည်။ရယ်သံကြောင့် ဝမ်ယိစိန်း ကြက်သီးဖြန်းဖြန်း ထသွားသည်။

ငြိမ်သက်နေသော လူအနီးသို့ ရောက်သွားသောအခါ

ထိုလူက ငေါက်ပြောလာသည်။

"ဟေ့လူ. . . သွေးကြောကို မြန်မြန်ဖွင့်ပေးစမ်း"

ထိုလူသည် ဝမ်ယိစိန်းရင်ဘတ်ကို ဆုပ်ကိုင်ထားရင်း ခပ်ဆတ်ဆတ်ပြောသည်။ ဝမ်ယိစိန်းသည် ရင်ဘတ်တစ်ခုလုံး နာကျင်သောကြောင့် စိတ်တိုတိုနှင့် ပြန်အော်သည်။

"ခင်ဗျားက ကျုပ်အကူအညီလဲ လိုချင်တယ်၊ ကျုပ်ကိုလဲ နှိပ်စက်တယ်၊ ဘာကောင်းသလဲဗျ၊ ခင်ဗျားဟာ တော်တော် ရက်စက်တဲ့လူပဲ"

ထိုလူက ချုပ်ထားရာမှ ဖြေလွှတ်လိုက်သည်။

ဝမ်ယိစိန်းသည် ချုပ်ကိုင်ထားမှုမှ လွှတ်သွားသည်နှင့် ငြိမ်နေသော လူအနီးသို့ တိုးကပ်သွားပြီး ဟိုဖိသည်ဖိ၊ ဟိုနှိပ် သည်နှိပ်လုပ်လိုက်ပြန်သည်။

သို့သော် မည်သို့မျှ အကြောင်းထူး မလာသဖြင့် ထိုလူ ဒေါသထွက်လာသည်။

"ဟေ့လူ. . . ခင်ဗျား ရူးသလို ပေါသလို လုပ်မနေနဲ့. . . ကောင်းကောင်းမွန်မွန်လုပ်ပါ. . .၊ သွေးကြော ပြန်ပွင့်မလာရင် ခင်ဗျား သေဖို့သာပြင်"

ဝမ်ယိစိန်းသည် ပခုံးနှစ်ဘက် တွန့်သွားပြီး ကမန်းကတန်း ပြန်ပြောသည်။

"နေစမ်းပါအုံးဗျ၊ ခင်ဗျားတို့က အားအားရှိသတ်ဖို့ချည်း စဉ်းစားနေတာကိုး၊ ကျုပ်လဲ တတ်သလောက် မှတ်သလောက် လုပ်နေတာပဲ၊ သူ့ဘာသာ ပွင့်မလာတာတော့ ကျုပ်လဲ မတတ် နိုင်ဘူး"



"ဒါဖြင့် ခင်ဗျား ကျုပ်ကို ဘယ်လိုဖွင့်ပေးခဲ့သလဲ၊ ကျုပ်ကို ဖွင့်ပေးတဲ့အတိုင်း ပြန်လုပ်"

ဝမ်ယိစိန်းအကြံအိုက်သွားသည်။ မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း စဉ်းစားသည်။ ထိုလူ၏သွေးကြော ပြန်ပွင့်သွား ခြင်းသည် မည်သို့သော အကြောင်းကြောင့် ပွင့်သွားသည်ကို စဉ်းစား၍ မရချေ။

"ကျုပ်. . . ခင်ဗျားကို ဟိန်းဟောက်ပြီး စိတ်ထင်ရာ လျှောက်လုပ်ခဲ့တာပဲဗျ၊ ခင်ဗျားသွေးကြောက ဟောက်သံကြားပြီး ပြန်ပွင့်သွားသလားမှ မသိတာပဲ"

ထိုလူမှာ ရယ်ရအခက်၊ ဒေါသထွက်ရအခက်နှင့် ဘာ ပြောရမှန်းမသိအောင် ဖြစ်လာသည်။ ထို့ကြောင့် ငေးငေးငိုင်ငိုင် နှင့် တစ်စုံတစ်ရာကို စဉ်းစားနေတော့သည်။ ဝမ်ယိစိန်းက ခပ်တည်တည်နှင့် ငြိမ်သက်နေသောလူကို ဟိန်းဟောက်နေပြန် သည်။

"ဟေ့လူ. . . ခင်ဗျားလဲ လူဆိုးပဲ၊ ခုမှ သေချင်ဟန်ဆောင် မနေနဲ့၊ ခင်ဗျားအစ်ကိုက ကျုပ်ကိုသတ်မယ်ချည်း ပြောနေတာ ကောင်းသလား၊ ကျုပ်ကိုလဲ အကူအညီတောင်းသေး၊ ကျုပ်ကိုလဲ နှိပ်စက်သေး၊ ခင့်ဗျား သွေးကြောက ဘာဖြုလို့ ဒီလောက်တောင် ခေါင်းမာနေရတာလဲ၊ သေမှာကြောက်လို့ ဟန်ဆောင်နေတာ လား. ... ကဲကွာ. . . ကဲကွာ. . . . ကဲကွာ"

ဝမ်ယိစိန်းက ပြောရင်းပြောရင်း ဒေါသဖြစ်လာသဖြင့် ခွန့်နေသော နှာခေါင်းကြီးကို ဆွဲညှစ်လိုက်ပြီး အားရပါးရ ယမ်းပစ် လိုက်ပြန်၏။

ထိုလူသည် ဝမ်ယိစိန်းလုပ်သမျှ ငြိမ်ခံနေရပြီး ခေါင်တရမ်းရမ်း လည်ပင်းတယမ်းယမ်း ဖြစ်သွားရာမှ 'အား' ခနဲ အော်လာလေတော့သည်။ ထိုလူသည် ပိတ်နေသောသွေးကြောများပွင့်သွားပြီဖြစ်၍ လဲကျနေရာမှ ဆတ်ခနဲ ထရပ်လာတော့သည်။ ဝမ်ယိစိန်းသည် အားရဝမ်းသာဖြစ်သွားရာမှ ဝာစ်ဘက်သို့ လှည့်ကာ အော်ပြောပြန်တော့သည်။

"ဟေ့လူ. . . ဟေ့လူ. . . ခင်ဗျားလူ အဟောက်ခံရတာနဲ့ သတိရလာပြီဗျ၊ ကြည့်စမ်း. . . ကြည့်စမ်း. . ."

ဝမ်ယိစိန်းစကားအဆုံးတွင် သူ့နောက်တွင် ရပ်နေသော သွေးကြောပွင့်သွားသူက တင်ပါးကို ဖောင်းခနဲ ကန်ထည့်လိုက်တော့သည်။ ဝမ်ယိစိန်းသည် 'အိုး' ဟူသော အော်သံနှင့်အတူ လေဟုန်စီးပြီး အပေါ်သို့ မြောက်တက်သွားတော့သည်။ ကိုယ်လုံးကြီးသည် လေဟာပြင်ထဲ မြောက်နေရာမှ ကိုးရိုးကားရားနှင့် ပြန်ကျလာတော့သည်။

ထိုလူနှစ်ယောက်သည် ဝမ်ယိစိန်းကို မော့ကြည့်ပြီး တစ်ဘက်တစ်ချက်စီမှနေ၍ သူ့ခြေထောက်နှစ်ချောင်းကို တစ်ယောက်တစ်ချောင်းစီ ဖမ်းဆွဲလိုက်ကြတော့သည်။

ဝမ်ယိစိန်းသည် မြေကြီးပေါ်ကျမည့်ဘေးမှ လွတ်သွားသော်လည်း ကိုယ်လုံးကြီးသည် တစ်ပတ်လည်သွားပြီး အုန်းပင်စိုက်သလို ဖြစ်သွားတော့သည်။ ဝမ်ယိစိန်းသည် ယခုကဲ့သို့ဖြစ်နေရသည်ကို သဘောကျဟန်ရှိနေပြီး. . .

"တော်ပါသေးရဲ့ဗျာ၊ ခင်ဗျားတို့ ခုလိုသာ ဆွဲကိုင် မထားကြရင် ကျုပ်မျက်လုံးထဲက ကြယ်တစ်ထောင် လတစ်ထောင် ထွက်သွားမှာ သေချာသဗျ၊ ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်ဗျာ. . . ကျွတ် ကျွတ် ကျွတ်. . . ."

"ဟေ့လူ . . . ခင်ဗျား ဘာနောက်တောက်တောက် လုပ်နေတာလဲ"

ထိုလူနှစ်ယောက်က ပြောပြောဆိုဆို လွှတ်ချလိုက်သဖြင့် ဝမ်ယိစိန်းသည် ဖြုတ်ခနဲ ပြုတ်ကျသွားတော့သည်။ သို့သော် တစ်ပတ်ကျွမ်းပစ်ပြီး ရပ်ပစ်လိုက်နိုင်သောကြောင့် ထိခိုက်နာကျင်မှုကား လုံးဝ မဖြစ်ခဲ့ပါချေ။

ဝမ်ယိစိန်းက ထိုလူနှစ်ယောက်ကို စေ့စေ့စပ်စပ် ကြည့်လိုက်သောအခါ တောင့်တောင့်ကြီးရပ်ပြီး ငေးကြောင်နေသည်ကို တွေ့ရပြန်တော့သည်။

ဝမ်ယိစိန်းသည် အခြေအနေကို သဘောပေါက်ခြင်း မရှိသဖြင့် အနီးသို့တိုးသွားပြီး ဖောင်းခနဲ ဖောင်းခနဲ ရိုက်ပစ်လိုက်တော့သည်။ ထိုလူနှစ်ယောက်သည် တောင့်တောင့်ကြီးဖြစ်နေရာမှ ဝမ်ယိစိန်း၏ ရိုက်ချက်ကြောင့် ဗိုင်းခနဲ ဗိုင်းခနဲ လဲကျသွားတော့သသည်။

"ဟ. . . ဘယ်လိုဖြစ်သွားကြရပြန်တာလဲ၊ ဟဲဟဲ. . . ခင်ဗျားက ကာလိန်ကကျစ်နဲ့ သေချင်ဟန်ဆောင်နေကြပြန်ပြီလား"

ထိုလူနှစ်ယောက်သည် ဘာစကားမျှ မပြောနိုင်ကြ။ သူတို့သည် ဝမ်ယိစိန်းကို ကိုင်မြှောက်ထားကြစဉ်အတွင်း နောက်ကျောဘက်မှနေ၍ တစ်စုံတစ်ယောက်၏ အကြောပိတ်ခြင်းကို ခံလိုက်ကြရသဖြင့် ဝမ်ယိစိန်း၏ ရိုက်ချက်ကို အလွယ်တကူ ခံလိုက်ရခြင်းသာ ဖြစ်တော့သည်။

ဝမ်ယိစိန်းသည် ထိုလူနှစ်ယောက် အကြောပိတ်သွားသည်ကို သိနေသော်လည်း မည်သူ့လက်ချက်ကြောင့် ဖြစ်သည်ကို မသိရှိခဲ့ပေ။ ထိုလူနှစ်ယောက်၏ သွေးကြောများကို နှာခေါင်းညှစ်ပြီး ဖွင့်ပေးလိုက်ချင်သော်လည်း မိမိမှာ သူတို့၏ ကန်ကြောက်နိုပ်စက်ခြင်းကို ခံထားရသူဖြစ်သဖြင့် ဖွင့်ပေးချင်သောစိတ်များ ပျောက်ကွယ်သွားတော့သည်။

ထိုအခါကျမှ ချိုက်ထန်းယံမှာကြားခဲ့သော စကားများကို ပြန်လည်သတိရလာသဖြင့် ထိုလူနှစ်ယောက်ကို ပခုံးပေါ် ဆွဲတင်လိုက်ပြီး ထိုနေရာမှ ပြေးထွက်လာခဲ့မိတော့သည်။

ဝမ်ယိစိန်းသည် သိုင်းပညာ မတောက်တခေါက်သာ တတ်သော်လည်း ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းသူဖြစ်သဖြင့် ထိုလူနှစ်ယောက်ကို နိုင်နိုင်နင်းနင်း ထမ်းလာနိုင်ခဲ့သည်။ချောင်အပေါက်ဝသို့ရောက်ပြီး တောင်ကုန်းတစ်ခုကို ကျော်ဖြတ်မိသောအခါ လီကျားကျေးရွာအတွင်းသို့ ဝင်ရောက်နိုင်ခဲ့ပေတော့သည်။

ရွာထဲတွင်မူ မီးလောင်ငုတ်တိုများနှင့် မီးခိုးတလူလူထွက်နေဆဲဖြစ်ပြီး သိုင်းသမားတချို့၏ အော်ဟစ်ဆဲဆိုသံများကို ကြားနေရသေးသည်။ ရွာသူရွာသားအချို့သည် မီးကြွင်း မီးကျန်များကို ရှင်းလင်းနေကြပြီး အချို့သည် လောင်နေဆဲ အဆောက်အအုံများကို ငြိမ်းသတ်လျက် ရှိနေကြသည်။

ဝမ်ယိစိန်းသည် ထိုလူနှစ်ယောက်ကို ထမ်းလာရင်း တွေ့သမျှလူကို အော်ဟစ် မေးမြန်းနေသည်။

"ဟေ့. . . လူတွေ၊ ကျုပ်ဘကြီး လီလုံကို မတွေ့မိကြဘူးလားဗျို့. . ."



"ဘကြီးလီလုံ၊ ဘကြီးလီလုံ. . ဘကြီး ဘယ်မှာလဲဗျို့. . ."

ထိုစဉ် မုတ်ဆိတ်မွေးထူထူနှင့် ရွာသားတစ်ယောက် အနီးသို့ရောက်လာပြီး ဝမ်ယိစိန်းကို ဟိန်းဟောက်လာသည်။

"ဟေ့လူ . . . ခင်ဗျား ဘာဆူဆူညံညံ လုပ်နေတာလဲ၊ သူကြီးက ခင်ဗျားကို ဆူနေတယ်သိလား၊ အော်ကြီးဟစ်ကျယ် သိပ်လုပ်နေနဲ့ ထိပ်တုံး အခတ်ခံထားရလို့ လှနေဦးမယ်"

ထိုလူက ပြောပြောဆိုဆို ဝမ်ယိစိန်းကို တွန်းထုတ်ပစ်လိုက်သည်။ ဝမ်ယိစိန်းသည် ထိုလူနှစ်ယောက်ကို ထမ်းထားရသဖြင့် ယိုင်ထိုးယိုင်ထိုး ဖြစ်သွားပြီး လဲကျမသွားအောင် မနည်းထိန်းထားလိုက်ရသည်။

"ဟေ့လူ ခင်ဗျား ဘယ်လို လုပ်လိုက်တာလဲ၊ ကျုပ်ဘကြီးက ကျုပ်ကို ဘယ်တော့မှ ထိပ်တုံး မခတ်ဘူးဗျ၊ ကျုပ်က လူဆိုးနှစ်ယောက်ကို ဖမ်းလာခဲ့တဲ့လူဗျ"

ဝမ်ယိစိန်း စကားကြောင့် လူအများက ပခုံးပေါ်မှ အကျိုဖြူနှစ်ယောက်ကို ဝိုင်းကြည့်ကြသည်။ ထိုလူနှစ်ယောက်သည် သာမန်လူများ မဟုတ်ကြောင်း ရိပ်မိကြသော်လည်း မည်သူမည်ဝါမှန်း မသိကြပေ။

ဝမ်ယိစိန်းသည် သိုင်းပညာ မတောက်တခေါက် တတ်သူသာ ဖြစ်သောကြောင့် ပခုံးပေါ်မှ လူနှစ်ယောက်ကိုလည်း သိပ်အထင်မကြီးချေ။

"ဝမ်ယိစိန်း၊ ပခုံးပေါ်က လူတွေက ဘယ်သူတွေလဲဗျ"

လူအုပ်ထဲမှ တစ်ယောက်က လှမ်းမေးသည်။

ဝမ်ယိစိန်းက ခပ်ကြွားကြွား အော်ပြောသည်။

"ခင်ဗျားတို့ မယုံမရှိကြနဲ့၊ ဒီအကျိုးဖြူနှစ်ယောက်က မြူးလိုင်ကဝေလေးယောက်ထဲက နှစ်ယောက်ဗျ"

"ဟား. . . ဟား. . . ဟား. . . ဟား. . . "

"ဟီး. . . ဟီး. . . လူကြွားနဲ့ လာတွေ့နေသကိုးကွ"

"ကျလဲကျတဲ့ ဝမ်ယိစိန်းပါလား၊ ဟား. . ဟား . . . ဟား"

ဝိုင်းအုံနေသူများက ဝမ်ယိစိန်းကို လှောင်ပြောင်ကြတော့သည်။ ဝမ်ယိစိန်းသည် မခံနိုင်ဖြစ်သွားပြီး ခပ်မာမာ ပြန်အော်လိုက်သည်။

"ခင်ဗျားတို့က ဘာရယ်နေကြတာလဲ"

"ဟေ့လူ. . . ပေါက်ကရတွေ လာမပြောနဲ့၊ ခင်ဗျားရဲ့ သိုင်းပညာက သူကြီးထက် ပိုတော်နေသလား၊ သူကြီးတောင် မြူးလိုင်ကဝေတစ်ယောက်ပဲ ဖမ်းနိုင်ခဲ့တယ်၊ ခင်ဗျားက နှစ်ယောက် ဖမ်းလာနိုင်တယ်ဆိုတော့ အကြွားလွန်နေပြီဗျ၊ ကြွားချင်လဲ ကြည့်ကြွားပါ ကိုယ့်လူ. . . ဟားဟား. . . "

ဝမ်ယိစိန်းသည် ကြားရသောစကားကြောင့် ဒေါသထောင်းခနဲ ထွက်သွားသည်။ သူသည် လိမ်ညာတတ်သူ မဟုတ်သကဲ့သို့ အခြားသူများ လိမ်ညာပြောသည်ကိုလည်း ကြိုက်သူ မဟုတ်ပေ။

"ဒီမယ် ကိုယ့်လူ၊ ခင်ဗျားတို့ မယုံချင်နေပါ၊ ဒီလူတွေက မြူးလိုင်လေးယောက်ထဲက နှစ်ယောက်ဖြစ်တယ်ဆိုတာကတော့ အမှန်ပဲ၊ ကျုပ်အလုပ်က ခင်ဗျားတို့ ယုံတာ မယုံတာကို ဖြေရှင်းနေဖို့ မဟုတ်ဘူး၊ ကျုပ်ဘကြီးနဲ့ တွေ့ဖို့ဗျ"

ဝမ်ယိစိန်းသည် ပြောပြောဆိုဆို နေရာမှ လှည့်ထွက်



သွားတော့သည်။ ထိုစဉ် လူအုပ်ထဲမှ မျက်စိမှေးမှေးနှင့်လူက ဝမ်ယိစိန်း၏ ခြေထောက်ကို သူ့ခြေဖြင့် လှမ်းချိတ်ဆွဲလိုက်သည်။

"အိုး. . . အိုး. . . အိုး"

ဝမ်ယိစိန်းမှာ အာမေဋိတ်သံပြုရင်း ဟပ်ထိုးကြီး လဲကျသွားတော့သည်။

ပခုံးပေါ်မှ လူနှစ်ယောက်သည် ဖုတ်ခနဲဖုတ်ခနဲ ပြုတ်ကျသွားပြီး သူကိုယ်တိုင်မှာလည်း ရွှံ့တိုင်ထဲတွင် မှောက်ခုံကြီး ဖြစ်နေလေတော့သည်။

အကျိုးဖြူနှစ်ယောက်သည် နာခေါင်းနှင့်မြေကြီး ဆောင့်မိသွားသဖြင့် ပိတ်နေသော သွေးကြောများ ပွင့်သွားသည်။ သူတို့နှစ်ယောက်သည် ပင်ကိုယ်သဘာဝအရ ဒေါသကြီးသူ၊ စိတ်တိုသူများ ဖြစ်ကြသော်လည်း ယခုမူ ငြိမ်ငြိမ်သက်သက်နှင့် အခြေအနေကို စောင့်ကြည့်နေကြသည်။

သူတို့နှစ်ယောက်သည် အမြွှာညီအစ်ကိုဖြစ်ကြသည်နှင့် အမျှ စိတ်သဘောထားချင်း ဆက်စပ်မှုရှိနေကြသဖြင့် တစ်ယောက်၏ အပြုအမူကို တစ်ယောက်က နားလည်နေကြသည်။

ဝိုင်းအုံနေသူများထဲမှ မုတ်ဆိတ်မွေးထူထူနှင့် မျက်လုံးမှေးမှေးတို့သည် ဝမ်ယိစိန်း အနီးသို့ ကပ်လာပြီး တဝါးဝါး တဟားဟား ရယ်မောရင်း လှောင်ပြောင်နေကြပြန်သည်။

ထိုလူနှစ်ယောက်သည် အနီးသို့ရောက်လာသော မုတ်ဆိတ်မွေးထူထူနှင့် မျက်လုံးမှေးမှေးလူ၏ ခြေထောက်နှစ်ဘက် ကို မြှောက်တင်လိုက်ပြီး အရှိန်ပြင်းစွာ ယမ်းခါပစ်လိုက်ကြသည်။

နှစ်ယောက်စလုံးသည် ခေါင်းချင်း တခွပ်ခွပ်ရိုက်မိသွားပြီး

ဝုန်းခနဲဝုန်းခနဲ လဲကျသွားကာ အသက်ထွက်သွားကြတော့သည်။

ဝိုင်းအုံနေကြသူများလည်း ထိတ်လန့်တုန်လှုပ်သွားကြပြီး နောက်သို့ ဆုတ်သွားကြတော့သည်။ သေဆုံးသူများသည် အဆင့်မြင့် သိုင်းသမားများ ဖြစ်ကြ သော်လည်း တစ်ချက်လေးမျှ ခုခံကာကွယ်ခြင်း မပြုလိုက်ကြရပေ။

ထိုစဉ် . . . အင်္ကျီဖြူနှစ်ယောက်သည် ထိုင်နေရာမှ ဝုန်းခနဲ ထလိုက်ကြပြီး လူအုပ်ထဲသို့ လွှားခနဲ ခုန်ဝင်လာကြသည်။ တပြိုင်နက်တည်းတွင် ရိုက်နှက်သံများ တဖြောင်းဖြောင်း ပေါ်လာပြီး ရွာသားလေးယောက်သည် လေဟုန်စီးပြီး လွင့်စဉ်သွားကြသည်။ လျှပ်တစ်ပြက်အချိန်အတွင်း လူနှစ်ယောက်သေပြီး လူလေးယောက် မရှူမလှုဖြစ်သွားသည်ကို တွေ့မြင်လိုက်ကြရသော သိုင်းသမားများသည် မျက်လုံးပြူးမျက်ဆံပြူးနှင့် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေကြတော့သည်။

မကြာမီမှာပင် ရွာခံသိုင်းသမားအားလုံး လှုပ်လှုပ်ရွရွ ဖြစ်လာကြပြီး ထိုလူနှစ်ယောက်ကို ဝိုင်းရံထားလိုက်ကြတော့သည်။ ထိုလူနှစ်ယောက်သည် ကြောက်ရွံ့တုန်လှုပ်ဟန် လုံးဝ မရှိကြဘဲ တဟားဟား အော်ရယ်လိုက်ကြသည်။

ရွှံ့ရေများ ပေကျံနေသော ဝမ်ယိစိန်းသည် ဒေါသခြောင်းခြောင်း ထွက်နေပြီး လူအုပ်ကြီးထဲမှ ရှေ့သို့ တိုးထွက်လာလေသည်။ ဝမ်ယိစိန်း လုပ်ပုံကို မြင်တွေ့နေရသော ရွာသူရွာသားများနှင့် ရွာခံသိုင်းသမားတို့သည် "ဒီကောင် သေတော့မှာပဲ" ဟူသော အတွေးနှင့် တကြောင့်ကျကျ ဖြစ်နေကြသည်။

သို့သော် ဝမ်ယိစိန်း၏ သွားလာလှုပ်ရှားမှုသည် ရယ်စရာ



ဖြစ်နေသဖြင့် စိုးရိမ်ကြောင့်ကြမှုများ ပျောက်ကွယ်သွားပြီး မပြုံးရဲပြုံးရဲ ပြုံးနေမိကြသည်။ ထိုစဉ်လူအုပ်ထဲမှ တစ်ယောက်က ဝမ်ယိစိန်းကို သတိလှမ်းပေးလိုက်သည်။

"ဟေ့လူ . . . ခင်ဗျား သေလိမ့်မယ်နော် . . .၊ မြန်မြန်နောက်ဆုတ်၊ မြန်မြန်နောက်ဆုတ် . . ."

ဝမ်ယိစိန်းသည် အော်သံကို ဂရုမစိုက်၊ ထိုလူနှစ်ယောက်ရှေ့တွင် ခပ်တင်းတင်းရပ်လိုက်ပြီး မာကျောကျော ပြောလိုက်သည်။

"ခင်ဗျားတို့ဟာ တကယ့်ဒုစရိုက်တွေပဲ၊ ကျုပ်တို့ရွာကို မီးရှို့ဖျက်ဆီးပြီး ဒုက္ခပေးရုံမကဘူး လူသတ်မှုကိုပါ ကျူးလွန်ကြပြန်ပြီ၊ ခင်ဗျားတို့ဟာ လူ့ပြည်မှာ လုံးဝ မနေသင့်တော့ဘူး၊ ခင်ဗျားတို့ဟာ မြန်မြန်သေမှ ကောင်းမယ့်လူတွေပဲ၊ ခင်ဗျားတို့နှစ်ယောက်လုံး ကျုပ်ဘကြီးနဲ့ လိုက်တွေ့ဖို့ အချိန်တန်နေပြီ"

ရွာသားများသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြပြန်သည်။ ဝမ်ယိစိန်းသည် ခပ်ပေါပေါ လူတစ်ယောက်ဖြစ်သော်လည်း သူပြောနေသော စကားများသည် တကယ့် သိုင်းအကျော်အမော်တို့၏ ဟိတ်မျိုးရှိနေသည်။

ထိုလူနှစ်ယောက်က ဝမ်ယိစိန်းကို ငေးကြည့်နေကြပြီး လူကောင်းလော၊ လူရူးလောဟု ဝေခွဲမရ ဖြစ်နေကြသည်။

သူတို့နှစ်ယောက်သည် ဝမ်ယိစိန်းနှင့် တွေ့ရကတည်းက ထူးဆန်းသောသွေးကြောဖွင့်နည်းနှင့် ထူးခြားသော သွေးကြောပိတ်မှုတို့ကို ခံစားခဲ့ရသူများဖြစ်သည်။ ထို့ကြောင့် ဝမ်ယိစိန်းကို မည်သို့သော လူစားဖြစ်နေသနည်းဟူသော အတွေးနှင့် မရဲတရဲ

ဖြစ်နေကြသည်။ အတန်ကြာမှ ထိုလူတစ်ယောက်က သွေးတိုးစမ်းသည့်သဘောနှင့် မေးလာသည်။

"ဟေ့လူ. . . ခင်ဗျားဘကြီးဆိုတာ ဘယ်သူလဲ"

"နိုင်ငံတလွှား ပြိုင်စံရှားနေတဲ့ ငွေနတ်လီလုံ ဆိုတာပေါ့ဗျာ၊ ဟဲ. . . ဟဲ"

ဝမ်ယိစိန်းစကားကြောင့် လူအားလုံး ရယ်ချင်စိတ်ပေါက်သွားသည်။ သို့သော် အခြေအနေသည် သွေးထွက်သံယိုဖြစ်မည့်အခြေအနေ ဖြစ်နေသဖြင့် မရယ်ရဲဘဲ ရှိနေသည်။

ထိုလူနှစ်ယောက်ကား ငွေနတ်လီလုံ ဟူသောအမည်ကိုကြားလိုက်ရသည်နှင့် ထိတ်ခနဲဖြစ်သွားပြီး 'ဟင်' ဟူသောအာမေဍိတ်သံပင် ထွက်သွားတော့သည်။ စိတ်ထဲ၌လည်း ဝမ်ယိစိန်းကို အထင်မသေးရဲတော့ပေ။

ငွေနတ်လီလုံ၏ လူတစ်ယောက်သည် ဘယ်နည်းနှင့်မဆိုသိုင်းပညာအဆင့် မြင့်မားနေလိမ့်မည် ဟူ၍လည်း သဘောပေါက်နေမိကြတော့သည်။ နှစ်ယောက်စလုံးသည် ပေါ့ပေါ့ဆဆ မလုပ်ရဲတော့ဘဲ ဝမ်ယိစိန်း၏အလစ်ကို ချောင်းပြီး ပခုံးကို ဖြောင်းခနဲရိုက်ပစ်လိုက်တော့သည်။

ဝမ်ယိစိန်းသည် မမျှော်လင့်ဘဲ အရိုက်ခံလိုက်ရသောကြောင့် လုံးဝရှောင်တိမ်းခြင်းမပြုနိုင်တော့ဘဲ 'အား' ခနဲသာအော်လိုက်မိတော့သည်။ တစ်ချိန်တည်းတွင် နာကျင်ကိုက်ခဲသောဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားလိုက်ရသည်။

ထိုလူနှစ်ယောက်သည် ဤသို့ ရိုက်ပစ်လိုက်ရသည့်ကိုကပင် အားရဟန်မရှိသေးဘဲ ပခုံးနှစ်ဘက်ကို ချုပ်ကိုင်ထားကြပြန်



သည်။ ဝမ်ယိစိန်းသည် ရှန်းကန်နေရင်းမှ ကယောင်ချောက်ချားအော်ဟစ်လိုက်ပြန်သည်။

"ဟေ့. . . ဟေ့ကောင်တွေ၊ လွှတ်. . . လွှတ်. . . မင်းတို့. . . မင်းတို့. . ."

ရုတ်တရက် ထိုလူနှစ်ယောက်သည် တစ်စုံတစ်ယောက်၏လျှို့ဝှက်တိုက်ခိုက်မှုကို ခံလိုက်ရပြန်သဖြင့် မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားကြပြီး ချုပ်ကိုင်ထားသောလက်များပင် ပြုတ်ထွက်သွားတော့သည်။ တစ်ချိန်တည်းမှာပင် ထိုလူနှစ်ယောက်စလုံး အကြောပိတ်ခံလိုက်ရပြီး တောင့်တောင့်ကြီး ဖြစ်သွားကြပြန်သည်။

ဝမ်ယိစိန်းသည် ထိုအဖြစ်ကို မသိသေးဘဲ ထိုလူ နှစ်ယောက်လက်မှ လွတ်ထွက်လာသည်နှင့် ထိုလူနှစ်ယောက်၏ပခုံးနှစ်ဘက်ကို ဖျတ်ခနဲ ကုတ်ဆွဲလိုက်တော့သည်။

"မင်းတို့က ထွက်ပြေးလို့ လွတ်မယ်ထင်နေကြသလားဟင်"

ဝမ်ယိစိန်းက ပြောပြောဆိုဆို ထိုသူနှစ်ယောက်ကို ပခုံးပေါ်ထမ်းတင်လိုက်ပြီး လူအုပ်ထဲမှ ထိုးထွက်လိုက်တော့သည်။ ရွာသူရွာသားများနှင့် ရွာခံသိုင်းသမားတို့သည် မယုံနိုင်စရာအဖြစ်ကို တအံ့တသြ ငေးကြည့်နေကြရင်း သို့လောသို့လော ပြောဆိုနေမိကြတော့သည်။ ဝမ်ယိစိန်းကား ထိုသူနှစ်ယောက်ကို ပခုံးပေါ်ထမ်းထားရင်းမှ တကျော်ကျော် အော်မေးနေပြန်သည်။

"ကျုပ်ဘကြီး ဘယ်မှာ ရှိနေသလဲဗျ၊ ခင်ဗျားတို့ထဲကသိထားသူရှိရင် ပြောကြစမ်းပါ၊ ကျုပ် ဒီလူနှစ်ယောက်ကို အမြန်ပို့ပေးဖို့က အရေးကြီးနေတယ်ဗျ"

အာပေါက်အောင် အော်မေးနေသော်လည်း မည်သူက အဖြေမပေးကြ။ ရွာသားအားလုံးသည် ဝမ်ယိစိန်းကို တအံ့တ ဖြစ်နေပြီး အစွမ်းထက်လှသော အကျီဖြူနှစ်ယောက်ကို ဘယ်နည ဘယ်ပုံ ချုပ်ကိုင်လိုက်သည်ကိုသာ စဉ်းစားနေမိကြတော့သည်။

ထိုသူနှစ်ယောက် အကြောပိတ်ခံလိုက်ရခြင်းသည ဝမ်ယိစိန်း၏လက်ချက်ဟုသာ ယူဆလိုက်ကြပြီး ဝမ်ယိစိန်း အပေ လူပေါလူကြောင်တစ်ဦးလို ဆက်ဆံခဲ့မိသည်များကိုပင် ပြန်လည သတိရလာပြီး ထိတ်လန့်တုန်လှုပ်နေကြတော့သည်။

လူအတော်များများသည် ဝမ်ယိစိန်းကို မထေမဲ့မြင်ပြ သူများ၊ နောက်ပြောင်စော်ကား်ခဲ့သူများ ဖြစ်ခဲ့ကြသဖြင့် ကိုယ့်ကို ကို မလုံမလဲဖြစ်ကာ ဇောချွေးများ ပြန်လာကြတော့သည်။

ထိုစဉ် အသက်ငါးဆယ်ခန့်ရှိသော လူတစ်ယောက်သည အနီးသို့လျှောက်လာပြီး မျက်နှာလို မျက်နှာရ လုပ်လာသည်၊

"သခင်လေး ခင်ဗျား၊ သခင်လေးက ကိုယ့်ကိုယ် နှိမ်ချပြီး တကယ့်သိုင်းပညာအစွမ်းတွေကို ဖုံးကွယ်ထားခဲ့တာကို သခင်လေး ဒီလိုလောက်တောင် အဆင့်မြင့်မြင့်တတ်ထားမှ မသိလို့ အားလုံး ဒုက္ခရောက်နေပြီမှတ်တာ၊ ခုတော့. . . သခ ကလေးအစွမ်းကြောင့် ရွာသားတွေ ဆက်ပြီး မသေကြရတော့ဘူ

အဘိုးကြီးသည် ဝမ်ယိစိန်းကို အမှန်တကယ် လေးစ လာဟန်နှင့် ခါးကိုင်းပြီး ပြောသည်။ ဝမ်ယိစိန်းသည် အ တစ်လျှောက်လုံးလိုလို 'ကောင်ကလေး၊ အရူးလေး၊ လူပေါဝမ် ဝမ်ကလေး" ဟူ၍သာ အခေါ်ခံခဲ့ရပြီး "သခင်လေး" ဟူသော ဝိသေသထူးနှင့် အခေါ်ခံရခြင်း မရှိခဲ့ဖူးပေ။



ယခုမူ အသက်ငါးဆယ်ကျော် သိုင်းသမားအဘိုးကြီးက သခင်လေး ဟူ၍ ခေါ်ဆိုဆက်ဆံလာသောအခါ ကြောင်တိ ကြောင်တောင်နှင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားလေတော့သည်။ သူသည် အဘိုးအိုကို ဘာမျှ မပြောတော့ဘဲ ရပ်နေရာမှ လှည့်ထွက်လာခဲ့သည်။

အဘိုးအိုနှင့် ရွာသားတစ်ယောက်က သူ့နောက်မှ ပြေးလိုက်လာပြီး ထိတ်ထိတ်ပျာပျာ အမူအရာနှင့် တောင်းတောင်းပန်ပန် ပြောကြားလာကြပြန်သည်။

"သခင်လေး. . . ဝမ်၊ ဟိုတုန်းက ကျုပ်တို့တစ်တွေ နောက်ပြောင်ခဲ့မိတာ စိတ်မဆိုးပါနဲ့နော်၊ ကျုပ်တို့က သခင်လေးကို ခင်မင်စိတ်နဲ့ နောက်ခဲ့ကြတာပါ၊ ကျုပ်တို့ကို မကျေနပ်လွန်းလို့ စကားမပြောဘဲ ထွက်သွားခဲ့တာလားဗျာ"

ဝမ်ယိစိန်းသည် သူ့ရှေ့တွင် ရပ်ကာ တောင်းတောင်းပန်ပန် ပြောနေသည်ကို အူကြောင်ကြောင် အမူအရာနှင့် မော်ကြည့်လိုက်ပြီး ဘုဆတ်ဆတ် ပြောလိုက်သည်။

"ခင်ဗျားတို့က ကျုပ်ကို ဘယ်လို ခေါ်လိုက်တာလဲ"

ဝမ်ယိစိန်း အမေးကြောင့် အဘိုးအိုနှင့် ရွာသားသည် ဘာပြောရမှန်း မသိအောင် ဖြစ်သွားကြသည်၊ အတန်ကြာမှ အဘိုးအိုက ပြောသည်။

"ဒီလိုပါဗျာ. . . ဒီလိုပါ၊ သခင်လေးဝမ်က ရွာသူကြီး ငွေနတ်လီလုံရဲ့ တူတော်မောင် မဟုတ်လားဗျာ၊ ပြီးတော့ သခင်လေးဝမ်ရဲ့ သိုင်းပညာအစွမ်းကလဲ သိပ်ကောင်းတယ် မဟုတ်လားဗျာ၊ ကျုပ်တို့ ဟိုတုန်းက နောက်ပြောင်ခေါ်ခဲ့ကြတာ တွေဟာ

သခင်လေးဝမ်ကို စော်ကားသလိုဖြစ်တယ်လို့ သဘောပေါက်
နားလည်လာလို့ ခုလို လေးလေးစားစားနဲ့ သခင်လေးဝမ်လို့
ခေါ်လိုက်မိတာပါဗျာ"

"ဩော်. . . ဩော်၊ ခင်ဗျားတို့က ခုမှ လေးစားရမှန်း
သိလာကြတာကိုး၊ ဟုတ်လား၊ ဘာတဲ့ ခင်ဗျားတို့ခေါ်တဲ့ နာမည်
သခင်လေးဝမ်. . . သခင်လေးဝမ် ဟုတ်လား၊ ဟား. . . ဟား
. . . ဟား"

ဝမ်ယိစိန်း၏ သရော်ဟန်စကားနှင့် ဝါးလုံးကွဲ ရယ်သံ
ကြောင့် အဘိုးအိုနှင့် ရွာသားမှာ တုံ့ခနဲဖြစ်သွားကြသည်။ ဝမ်ယိ
စိန်းသည် ပျော်ပျော်ရွှင်ရွှင်နှင့် မြူးမြူးကြွကြွ ဖြစ်လာပြီး
ခပ်တည်တည် ပြောလိုက်သည်။

"ခင်ဗျားတို့ ခုလို ခေါ်လာကြတော့ ကျွန်တော့မှာ
အားတုံ့အားနာ ဖြစ်ရပြန်ရောဗျာ၊ ပြီးခဲ့တာတွေလဲ ပြီးခဲ့ပြီပဲဗျာ
ခင်ဗျားတို့ ဘာမှ စိတ်မကောင်းမဖြစ်ကြပါနဲ့၊ ဒါနဲ့ ကျုပ်ဘကြီး
ဘယ်မှာရှိနေတယ်ဆိုတာ မသိကြဘူးလား"

"သိပါတယ်. . . သိပါတယ်၊ ချောင်း အပေါက်ဝနားက
အဆောင် လိုက်ဂူထဲမှာ ရှိနေပါတယ်၊ ဆံပင်ဖားလျားချထားတဲ့
မိန်းမတစ်ယောက်ကို စစ်ဆေးနေပါတယ်"

အဘိုးအို စကားဆုံးသွားသည်နှင့် လူအုပ်ထဲမှ လူ
တစ်ယောက် ပြေးထွက်လာပြန်ပြီး မျက်နှာလို မျက်နှာရ ပြောလာ
ပြန်၏။

"ကဲ. . . ကဲ၊ သခင်လေးကို သူကြီးဆီ အရောက်ပို့ပေးကြ
မှ ကောင်းလိမ့်မယ်၊ ဘယ့်နှယ်လဲ"



"ဟုတ်တယ်၊ ဟုတ်တယ်၊ သခင်လေးက အရေးကြီးတဲ့
လူဆိုးတွေကို ဖမ်းမိထားတော့ အမြန်ပို့ပေးမှဖြစ်မယ်"

တစ်ယောက်တစ်ပေါက် ပြောနေသော စကားသံများ
ကြောင့် ဝမ်ယိစိန်း စိတ်ရှုပ်သွားသည်။

"အို. . . ခင်ဗျားတို့ လိုက်ပို့မနေကြပါနဲ့၊ ကျုပ်ဘာသာ
ကျုပ်သွားပါ့မယ်"

ဝမ်ယိစိန်းသည် ထိုလူနှစ်ယောက်ကို ထမ်းရင်း ရပ်နေရာ
မှ ထွက်လာခဲ့တော့သည်။ ရွာသူရွာသားများနှင့် ရွာခံသိုင်းသမား
အချို့သည် ဝမ်ယိစိန်းကို အဆင့်မြင့်များလှသော သိုင်းပညာများ
တတ်ကျွမ်းထားသူဖြစ်ကြောင်း ယုံကြည်သွားပြီး ငေးကြည့်
ကျန်ရစ်ခဲ့တော့သည်။

ဝမ်ယိစိန်းသည် ကိုက်တစ်ရာမျှ လျှောက်မိသည်နှင့်
သီလုံ၏ အော်ငေါက်မေးမြန်းနေသံများကို ကြားလာရတော့သည်။

ဝမ်ယိစိန်းသည် တဖြည်းဖြည်းနှင့် ချောင်းအပေါက်ဝ
တောင်ဘက်တွင်ရှိသော ကျောက်လိုဏ်ဂူ အဆောင်ကလေးထဲသို့
ဝင်လာခဲ့မိသည်။ အထဲသို့ ဝင်လာမိသည်နှင့် ဆံပင်ဖားလျားချ
အမျိုးသမီးကို ကျောက်တိုင်တစ်ခုတွင် နွယ်ကြိုးများနှင့် ရစ်ပတ်ပြီး
ချည်နှောင်ထားသည်ကို တွေ့ရသည်။ နွယ်ကြိုးများသည် ပြောင်
ချောနေသော နွယ်ကြိုးများမဟုတ်ဘဲ ဆူးများ ပြည့်နှက်နေသော
နွယ်ကြိုးဖြစ်သည်ကို တွေ့မြင်ရတော့သည်။

သူမအနီးတွင် လီလုံ၏လက်ရုံးတပည့်များ ဝိုင်းနေပြီး
စစ်ဆေးနေသည်ကို တွေ့ရသည်။

အမျိုးသမီးက စစ်ဆေးမေးမြန်းသမျှကို တစ်ခွန်းတစ်ပါဒ

မှု ပြန်မဖြေဘဲ ပေတေတေ လုပ်နေသည်ကို ဝမ်ယိစိန်းသည် ဟိုဟိုသည်သည် လှမ်းကြည့်လိုက်ပြီး. . .

"ဘကြီးလုံ. . ကျွန်တော် ရောက်လာပြီဗျို့"

ဟု အော်ဟစ်လိုက်လေ၏။

လီလုံသည် ဝမ်ယိစိန်းကို ကျောပေးရပ်နေရာမှ လုံးဝ လှည့်ကြည့်ခြင်းမရှိဘဲ နှင်ထုတ်နေပြန်လေသည်။

"ဟေ့ကောင်၊ မင်း ဒီကို ဘာလာရှုပ်နေတာလဲ၊ သွားစမ်း သွားစမ်း၊ ဒီနေရာက မြန်မြန်ထွက်သွားစမ်း"

ဝမ်ယိစိန်းသည် မမျှော်လင့်ဘဲ အအော်အငေါက်ခံလိုက် ရသဖြင့် စိတ်မကောင်းဖြစ်သွားပြီး ငေးငိုင်သွားသည်။ အတန်ကြာ မှ အရဲစွန့်ပြီး လှမ်းပြောလိုက်မိပြန်သည်။

"ဘကြီး လီလုံ၊ ကျွန်တော့်ကို သူရဲကောင်းကြီး ချိုက်က လွှတ်လိုက်လို့ လူနှစ်ယောက်ကို လာပို့ပေးတာပါ၊ အဲဒီလူတွေက မြို့လိုင်ကဝေလေးယောက်ထဲက နှစ်ယောက်ပါ ဘကြီး"

လီလုံသည် ထိတ်ခနဲဖြစ်သွားပြီး ဖျာဖျာသလဲ လှမ်းကြည့် လာသည်။ ဝမ်ယိစိန်းက ပခုံးပေါ်မှ လူနှစ်ယောက်ကို ပစ်ချလိုက် သည်။လီလုံသည် ရှေ့သို့ တစ်လှမ်းတိုးလာပြီး ဝမ်ယိစိန်းကို မေးသည်။

"သူရဲကောင်းကြီး ချိုက်က ဘယ်မှာလဲ"

"သူရဲကောင်းကြီး ချိုက်က ဟောဒီလူနှစ်ယောက်ရဲ့ အဆိပ်လက်ဝါးဓာတ် ခံခဲ့ရလို့ ဆေးကုဖို့ ထွက်သွားပါပြီ"

"ကောင်းပြီ၊ ခု မင်း အလုပ်တစ်ခုပြီးသွားပြီ၊ အပြင်ကို ထွက်တော့၊ အပြင်ရောက်ရင် ဘာမှ ပြဿနာ တက်မလာစေနဲ့



. . . သွား. . ."

လီလုံက ခပ်မာမာပြောနေသော်လည်း ဝမ်ယိစိန်းက ခြေလှမ်းမရွေ့သေးပါ။

"ဘကြီး. . . ဒီလူနှစ်ယောက်ဟာ. . ."

"ဟေ့. . . အပိုတွေ ပြောမနေစမ်းနဲ့၊ မင်း ဒီကထွက်သွား ဆို မြန်မြန်ထွက်သွား၊ ဒီမှာ မင်းလုပ်စရာ ဘာမှ မရှိတော့ဘူး. . . သွား. . . သွား"

ဝမ်ယိစိန်းသည် ဒေါသထောင်းခနဲ ထွက်လာသော်လည်း လီလုံကို အာခံရဲသူ မဟုတ်သဖြင့် ခပ်ကုတ်ကုတ်နှင့်သာ အပြင်သို့ ထွက်လာခဲ့ရသည်။ အဆောင်ဂူအပေါက်သို့ ရောက်ရှိစဉ်မှာပင် လီလုံ၏အသံကို ကြားလိုက်ရပြန်သည်။

"ခင်ဗျားတို့နှစ်ယောက် ကျုပ်မေးတာကို မဖြေရင် အရှင်လတ်လတ် မြေမြှုပ်သတ်ပစ်မယ် မှတ်. . ."

ဝမ်ယိစိန်းသည် ထိတ်ခနဲ ဖြစ်သွားသဖြင့် လှမ်းအော်ပြော လိုက်မိပြန်သည်။

"သူတို့ အဖြေမပေးရင် သူတို့ကို အပြစ်တင်လို့ မဖြစ်သေး ဘူး ဘကြီးရဲ့. . ."

ဝမ်မယိစိန်း အသံကြောင့် လီလုံ ဒေါသထွက်လာပြန် သည်။

"ဟေ့ကောင်. . . မင်း မြန်မြန်ထွက်သွားဆိုတာ ခုထိ ထွက်မသွားသေးဘူးလား၊ ဘာလဲ၊ မင်း အသားနာချင်နေပြန်ပြီ လား၊ ငါ ကန်ပစ်လိုက်လို့ အသက်ထွက်သွားအုံးမယ်"

ဝမ်မယိစိန်းသည် အကန်ခံရမည်ကို ကြောက်ရွံ့မိသော်

လည်း ပြောချင်နေသော စကားကိုကား မပြောဘဲ မနေနိုင်အောင် ဖြစ်နေသည်။ နောက်ဆုံးတွင် အသားနာချင်လည်း နာပါစေ တော့ဟူ၍ တွန့်ဆုတ်တွန့်ဆုတ်လုပ်ရင်း လှည့်ပြောလိုက်လေ၏။

"ကျွန်တော်ဆိုလိုတာက ဘုတို့သွေးကြောတွေ အပိတ်ခံ ထားရတာကို ပြောချင်လို့ပါ ဘကြီးရာ၊ အကြောပိတ်ခံ ထားရတဲ့ လူကို ဘကြီး ဘယ်လိုမေးမေး ဘယ်လိုလုပ် ဖြေနိုင်မှာလဲ"

လမ်းကျသောစကားကြောင့် လီလုံ ငေးကြောင်သွားသည်။ သူသည် နှစ်ပေါင်း လေးငါးဆယ်မျှ အပင်ပန်း အဆင်းရဲ ခံပြီး လီကျားကျေးရွာကြီးကို ပြုစုပျိုးထောင်ခဲ့သူဖြစ်သည်။ ယခုသော် မသမာသူ သိုင်းသမားများ၏ မီးတိုက်ဖျက်ဆီးခြင်းကို ခံလိုက်ရသဖြင့် အလွန် စိတ်ထိခိုက်နေမိသည်။ ဖမ်းမိလာသော လူအများထံမှ မိမိတို့ကျေးရွာကြီးကို မည်သို့သော ရန်ငြိုးကြောင့် ဖျက်ဆီးခဲ့ကြသည်ကိုလည်း သိလိုနေသည်။ သူတို့နောက်ကွယ် တွင်လည်း မည်သူတို့က ညွှန်ကြားစေခိုင်းနေသည်ကိုလည်း သိလို လှပေသည်။

ထို့ကြောင့် ဆံပင်ဖားလျားချ အမျိုးသမီးကို ဆူးကြိမ် နှယ်တို့ဖြင့် အထပ်ထပ်ရစ်ပတ်ပြီး ပိတ်ထားသော သွေးကြော များကို ဖွင့်ခဲ့သော်လည်း ပွင့်လာခြင်း မရှိခဲ့ပေ။ နည်းအမျိုးမျိုးနှင့် ကြိုးစားသော်လည်း အချည်းအနှီးသာ ဖြစ်ခဲ့သည်။ ယင်းကြောင့် အမျိုးသမီးကို သက်သက်ဉာဏ်များပြီး မူယာမာယာ လုပ်နေ သည်ဟု ထင်မှတ်နေမိပြန်သည်။

ယခုမူ ဝမ်ယိစိန်းစကားကြောင့် တစ်စုံတစ်ရာသော မျှော်လင့်ချက်ရောင်ခြည်များ ယှက်သမ်းလာပြီး ကမန်းကတန်း



မေးလိုက်မိလေတော့သည်။

"မင်းက ဒါကို ဘယ်လိုလုပ် သိနေသလဲ"

ဝမ်ယိစိန်းသည် ဘကြီးဖြစ်သူ၏ အော်ငေါက်မေးနေသံ ကို ကြောက်ရွံ့သွားပြီး ဘာဖြေရမှန်းမသိအောင် ဖြစ်သွားသည်။

"ဟေ့ကောင်၊ ဘာငိုင်နေတာလဲ၊ ပြောလေကွာ"

"ဟုတ်. . ဟုတ်ကဲ့ပါဘကြီး၊ ဒီလူနှစ်ယောက်ရဲ့ သွေး ကြောကို ဘယ်လိုပိတ်ထားတယ်ဆိုတာ မသိပေမယ့်၊ သူတို့ကို ဟိန်းဟောက်ဆဲဆိုပြီး နှာခေါင်းကို လိမ်ဆွဲလိုက်ရင် သွေးကြောတွေ ပြန်ပွင့်လာပါလိမ့်မယ် ဘကြီး"

"ဘာ. . . တွေ့ကရာတွေ လာပြောမနေစမ်းနဲ့"

"ကျွန်တော် အမှန်ကိုပြောတာပါ ဘကြီး။ ပေါက်ကရတွေ လျှောက်ပြောနေတာမဟုတ်ပါဘူး၊ ကျွန်တော်က လက်တွေ့ စမ်းကြည့်ခဲ့ပြီးမှ ပြောနေတာပါ"

လီလုံသည် မယုံမရဲနှင့် မျက်လုံးပြူးသွားတော့သည်။

ယနေ့အဖို့ ထူးခြားသော အဖြစ်များကိုသာ တွေ့ကြုံနေ ရသည်။ ဆယ်နှစ်ကျော်က ကျော်ကြားခဲ့သော ခြူးလိုင်ကဝေ လေးယောက်ကိစ္စသည် မမျှော်လင့်ဘဲ ပြန်ပေါ်လာပြီး အတုလော အစစ်လော ဝေခွဲမရသည့် လူများကိုလည်း တွေ့မြင်နေရပေပြီ။

တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံ ဖူးခဲ့သော မီးလောင်တိုက်အသွင်းခံရမှုကိုလည်း ကြုံခဲ့ရပြီ။ယခု လည်း ဝမ်ယိစိန်းက ရယ်စရာကောင်းသော အကြောဖွင့်မှုကို အမှန်ပါဟု ပြောနေပြန်ပြီ။ မိမိကိုယ်တိုင်လည်း ဖမ်းမိသူ သုံးယောက်စလုံးကို နှစ်ပေါင်းများစွာ အသုံးချခဲ့သော အကြောဖွင့်

ပညာနှင့် ဖွင့်ကြည့်ခဲ့ပြီးပြီ။ သို့သော် ထူးထူးခြားခြား ဖွင့်မရ ဖြစ်နေသည်ကို အဖြေမှန် ရှာမရပေ။

ဝမ်ယိစိန်းကား ရှုပေါပေါလူတစ်ယောက်ဖြစ်သော်လည်း လိမ်ညာပြောတတ်သူ မဟုတ်ပေ။ ယခုလိုအချိန်၌ သူ့စကားကို လျစ်လျူရှုပြီး ပစ်ပယ်ခဲ့ပါက မှားကောင်းမှားသွားနိုင်သည်ဟုလည်း ယူဆနေမိပြန်သည်။ နောက်ဆုံးတွင်မူ သက်ပြင်းတစ်ချက်ကိုသာ ဟင်းခနဲ မှုတ်ထုတ်လိုက်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ရတော့သည်။

"ဝမ်ယိစိန်း၊ မင်းပြောတာ ဟုတ်မဟုတ်သိရအောင် လက်တွေ့ပြစမ်း"

ဝမ်ယိစိန်း ရှေ့သို့တိုးလာသည်။ လဲကျနေသာ ထိုလူနှစ်ယောက်ရှေ့တွင် ရပ်လိုက်ပြီး အော်ကြီးဟစ်ကျယ် ပြောတော့သည်။

"ဟေ့ကောင်တွေ မင်းတို့နှစ်ကောင်စလုံးဟာ အထော်မိုက်မဲတဲ့လူတွေ၊ ငါတို့ရွာကို မီးရှို့ပြီးတာတောင် အားမရသေးဘဲ ရွာခံသိုင်းသမားနှစ်ယောက်ကို သတ်ပြီး လေးယောက်ကို အပြင်းအထန် ဒဏ်ရာရအောင် လုပ်ခဲ့တယ်၊ ဒါဟာ ပိုပြီး ခွင့်လွှတ်စရာ မကောင်းတဲ့ကိစ္စပဲ၊ မင်းတို့ဟာ လူ့ခေါင်းနဲ့ ခွေးစိတ်ပေါက်နေတဲ့ တိရစ္ဆာန်တွေ"

လီလုံသည် ဝမ်ယိစိန်း လုပ်နေကိုင်နေပုံကို ကြည့်ရင်း လှမ်းမေးသည်။

"အဲဒီကိစ္စက ဘယ်တုံးကကိစ္စလဲ ကောင်လေး"

"စောစောက ဖြစ်တဲ့ကိစ္စပေါ့ ဘကြီး"



လီလုံသည် ဘာစကားမျှ ဆက်မပြောတော့ဘဲ ထိုလူနှစ်ယောက်ကိုသာ ထပ်မံ အကဲခတ်လိုက်သည်။ နှစ်ယောက်စလုံး၏ မျက်လုံးအရောင်သည် တောက်ပြောင်လွန်းနေသဖြင့် တော်ရုံတန်ရုံသိုင်းသမားများ မဟုတ်ကြောင်း ရိပ်စားနေမိသည်။

အခြေအနေကို ကြည့်ရုံနှင့် ရွာထဲမှလူများကို အလွယ်တကူ သတ်ပစ်နိုင်စွမ်းရှိသူများဖြစ်ကြောင်း ခန့်မှန်းမိသော်လည်း ရွာကို ဘာကြောင့် မီးတိုက်ဖျက်ဆီးခဲ့သည်ကို နားမလည်နိုင်အောင် ဖြစ်နေမိတော့သည်။ သူတို့နောက်တွင် မည်သို့သောပုဂ္ဂိုလ်တချုပ်ကိုင် ညွှန်ကြားနေလေသနည်း။

"ဟေ့ကောင်လေး. . . သူတို့နှစ်ယောက်ကို ဘယ်သူ ဖမ်းလာခဲ့တာလဲ"

လီလုံက မေးသည်။ ဝမ်ယိစိန်းက-

"ကျွန်တော် ဖမ်းခဲ့တာပါ ဘကြီး" ဟု ဖြေသည်။

"ဟော. . . "

လီလုံသည် အာမေဍိတ်သံနှင့် ခေါင်းတရမ်းရမ်း ဖြစ်သွားသည်။ ရယ်ချင်စိတ်များ ပေါ်ပေါက်လာသော်လည်း အောင့်အည်းမျိုသိပ်လိုက်ရ၏။

"ကောင်လေး. . . မင်းက ဘာများ အသုံးကျတဲ့ကောင်မို့လဲကွ၊ သူတို့ကို မင်းဖမ်းခဲ့တယ်ဆိုတာ တစ်စက်မှ ယုံနိုင်စရာမရှိဘူး။ ကြွားချင်ရင်လဲ ရိုးရိုးသားသားပြောပြီး ကြွားစမ်းပါ"

"ကျွန်တော် ကြွားတာမဟုတ်ဘူး၊ ဘကြီး၊ အဖြစ်မှန်ကို ပြောနေတာပါ၊ ကျွန်တော်မဟုတ်တာ ပြောတယ်ဆိုရင် ကျွန်တော့်ကိုရော၊ ကျွန်တော့်မိသားစုကိုပါ သတ်ပစ်ပါ"

ဝမ်ယိစိန်းတာ ဘာကြီးဖြစ်သူ၏ ခပ်နှိမ်နှိမ်စကားကို မခံမရပ်နိုင်ဖြစ်သွားပြီး ထိုလူနှစ်ယောက်ကို ငုံ့ကြည့်လိုက်ပြန်သည်၊ သူသည် ဒေါသထွက်လာသည်နှင့်အမျှ အကျီဖြူတစ်ယောက်၏ နှာခေါင်းကို ဆတ်ခနဲဆတ်ခနဲ ဆွဲညှစ်ရမ်းခါလိုက်ပြီး အော်ဟစ်ပြောလိုက်ပြန်တော့သည်။

"ဟေ့လူတွေ. . . မင်းတို့ကို ဖမ်းလာတာ ငါမဟုတ်လား ကွဟေ၊ ပြောလိုက်စမ်း၊ ပြောလိုက်စမ်း၊ မင်းတို့ အမှန်ကို ပြောလိုက်စမ်း"

ထိုလူသည် သွေးကြောပွင့်သွားသည်နှင့် အားခနဲ အော်ကာ ရှုန်းကန် ထလာတော့သည်။ လီလုံသည် ဝမ်ယိစိန်းကို အော်ငေါက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် အလွန်ကြီးမားသော အားလှိုင်းတစ်ခု ရိုက်ခတ်ခြင်းကို ခံလိုက်ရသဖြင့် ထိုလူ၏ ငွေ့ကျိုးသွေးကြောကို ဝုန်းခနဲ ဆောင့်ကန်လိုက်ရသည်။

ထိုလူသည် အားပါသော လက်ဝါးရိုက်ချက်ကို ထုတ်လိုက်သော်လည်း သွေးလည်မှု ပုံမှန်မဖြစ်သေးသဖြင့် ရိုက်ချက်ကို လိုအပ်သလို အသုံးမပြုနိုင်သေးပေ။ ထို့ကြောင့် လီလုံ၏ လက်ဦးမှုကို ခံလိုက်ရတော့သည်။ ထိုလူသည် ငွေ့ကျိုးသွေးကြော ပိတ်သွားသဖြင့် သိုင်းအားများ ပျော့သွားပြီး ယိုင်ထိုးယိုင်ထိုး ဖြစ်သွားတော့သည်။

လီလုံသည် ထိုလူ၏ အတွင်းအားကို ကြောက်ရွံ့ထိတ်လန့်နေသဖြင့် ယိုင်ထိုးယိုင်ထိုး ဖြစ်နေစဉ်မှာပင် ဖျတ်ခနဲ ခုန်ဝင်သွားပြီး ပခုံးနှစ်ဘက်ကို ချုပ်ကိုင်ပစ်လိုက်၏။ တစ်ချိန်တည်းတွင် မြေကြီးပေါ် ဆောင့်ချလိုက်ပြီး ကျောပေါ်မှ လိန်ထိုင်သွေးကြော



ကို နင်းချပစ်လိုက်၏။ ထိုလူ ဘာမျှ မတတ်နိုင်တော့၊ ခြေလက်များ လှုပ်ရှားနိုင်ခြင်းမရှိတော့ဘဲ ငုတ်တုတ်ကြီး ဖြစ်နေတော့သည်။ လီလုံသည် ဒေါသအမျက်ခြောင်းခြောင်း ထွက်လာသည်နှင့် အော်ကြီးဟစ်ကျယ် မေးမြန်းတော့သည်။

"မင်းတို့ ဘယ်ကကောင်တွေလဲ၊ ဘယ်သူညွှန်ကြားချက်နဲ့ ငါ့ရွာကို မီးရှို့ဖျက်ဆီးခဲ့တာလဲ၊ ပြောစမ်း. . . မြန်မြန်"

ထိုလူသည် ကြောက်ရွံ့ဟန် မရှိ၊ ဟက်ဟက်ပက်ပက် ရယ်လိုက်ရာမှ အေးစက်စက်ပြောလာသည်။

"ကျုပ်တို့ဟာ ခြူးလိုင်ကဝေလေးယောက်ပဲ၊ ကျုပ်တို့ ဘယ်သူဘယ်ဝါ ဆိုတာ ခင်ဗျား ခုထိ မသိသေးဘူးလား၊ ဟား. . . ဟား"

"ထွီ. . . မင်းတို့ဟာ လူလိမ်တွေပဲ၊ ခြူးလိုင်ကဝေလေးယောက် သေတာကြာပြီကွ၊ မင်းတို့ ဘယ်ကရောက်လာတဲ့ ခြူးလိုင်ကဝေလဲ"

"ဟဲ. . . ဟဲ သေသွားတဲ့လူဟာ ဘယ်တုန်းက အသက် 'ပြန်ရှင်ဘူးလို့လဲဗျ၊' လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ခြူးလိုင်ကဝေလေးယောက်ဟာ ကွယ်ပျောက်သွားတာ မှန်တယ်၊ ကျုပ်တို့က အသစ်ပေါ်လာတဲ့ ခြူးလိုင်ကဝေလေးယောက်၊ အသစ်ပေါ်လာတဲ့ ခြူးလိုင်လေးယောက်ဟာ အရင်က ပေါ်ပေါက်လာတဲ့ ခြူးလိုင်လေးယောက်ထက် အဆင့်ပိုမြင့်ပြီး အစွမ်းပိုထက်တယ်ဆိုတာ ခင်ဗျား မသိသေးဘူးလား"

"ဟဲ. . . ဟဲ၊ မင်းတို့ အစွမ်း ဘယ်လောက်ထက်ထက်၊ နောက်ဆုံးကျတော့ ငါ့လက်ထဲ ရောက်လာရတာလဲ မဟုတ်ဘူး

လားကွ၊ ဟေ. . . ဟဲ. . . ဟဲ. . . ဟဲ"

"ခင်ဗျား တော်တော် အပြောကြီးတဲ့လူပဲ၊ ကျုပ်တို့ကို ခင်ဗျားကိုယ်တိုင် ဖမ်းလာခဲ့လို့လားဗျ၊ ဟား. . . ဟား. ."

လီလုံ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်၊ ထိုလူနှစ်ယောက်ကို မိမိ ဖမ်းခဲ့ခြင်း မဟုတ်သကဲ့သို့ ဆံပင်ဖားလျားချ အမျိုးသမီးကိုလည်း မိမိ အနိုင်ယူ ဖမ်းဆီးခဲ့ခြင်း မဟုတ်ပေ။ သူတို့အားလုံးသည် တစ်စုံတစ်ယောက်၏ အကူအညီပေးမှုကြောင့် မိမိလက်သို့ ကျရောက်နေခြင်းဖြစ်သည်။ ထိုလူသည် လီလုံ၏ အရိပ်အကဲကို ကြည့်ပြီး တောင်းဆိုချက် ပြုလာသည်။

"ဒီမယ် မိတ်ဆွေ၊ ခင်ဗျား ကျုပ်တို့ကို မြန်မြန်လွှတ်ပေးပါ ဒီလိုမှ မဟုတ်ရင် အချိန်သိပ်နောက်ကျသွားရင် ကျုပ်တို့ဆရာကြီး ရောက်လာလိမ့်မယ်၊ အဲဒီအခါကျရင် ခင်ဗျားတို့ အားလုံး အသက်ရှင်နိုင်မှာ မဟုတ်ဘူး"

လီလုံ ထိတ်ခနဲ ဖြစ်သွားသည်။

"မင်းတို့ဆရာကြီးဆိုတာ ဘယ်သူလဲ"

"သူကြီးတစ်ယောက်လုပ်နေပြီး အခြေအနေကို မခန့်မှန်းတတ်သေးဘူးလား"

လီလုံ မျက်မှောင်ကုပ်သွားသည်။ ခေါင်းကို တစ်ချက်နှစ်ချက် ကုတ်လိုက်သည်။ ပြီးမှ . . .

"မင်းတို့ဆရာကြီးက ခြသေ့်ဦးခေါင်းကြီး မဟုတ်လား"

လီလုံ၏အသံ တုန်ယင်နေသည်။ ထိုလူက ဟက်ခနဲ ရယ်သည်။

"သူကလွဲလို့ ကျုပ်တို့ ဆရာဖြစ်နိုင်တဲ့လူ ဘယ်သူများ ရှိသေးလဲလို့ဗျာ၊ ဟဲ. . . ဟဲ"

လီလုံ မျက်လုံးပြူးသွားသည်။

သူသည် သိုင်းလောက၌ မိတ်ဆွေပေါများသကဲ့သို့ အစွမ်းထက်သောပညာရပ်များကို တတ်ကျွမ်းထားသူလည်း ဖြစ်ပါ၏။ မည်သည့်ပြဿနာကိုမဆို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်စွမ်းရှိသူလည်း ဖြစ်သည်။ သို့တစေ ခြသေ့်ဦးခေါင်းဟူသော အသံကို ကြားလိုက်ရသောအခါ၌ ခေါင်းနားပန်းကြီးပြီး တုန်လှုပ်သွားမိသည်။

ခြသေ့်ဦးခေါင်းအမည်ရှိ လူဆိုးကြီးသည် သိုင်းပညာ အဆင့်မြင့်မားလွန်းသည်နှင့်အမျှ ရက်စက်မှုအရာတွင် ဘုရင်တစ်ပါးဟု ဆိုရအောင် ကြမ်းကြုတ်သူတစ်ဦးဖြစ်သည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်က ခြသေ့်ဦးခေါင်း လူဆိုးကြီးကို သိုင်းသမားများက ဝိုင်းတိုက်ခဲ့ကြဖူးသည်၊ ထိုတိုက်ပွဲတွင် ခြသေ့်ဦးခေါင်းကြီး ချောက်ကမ်းပါးကြီးတစ်ခုထဲသို့ လွင့်စဉ်ကျရောက်သွားသဖြင့် မိုက်ဇာတ်တစ်ဇာတ် သိမ်းသွားပြီဟု ယူဆခဲ့ကြသည်။ သို့သော် သူ့အလောင်းကို မည်သူမျှ ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ကြပေ။

ယင်းကြောင့် ခြသေ့်ဦးခေါင်း သေ၊မသေ ပြဿနာသည် ရှုပ်ရှုပ်ထွေးထွေး ရှိနေခဲ့ပြီး နှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့သည်၊ ဆယ်နှစ်ကျော် တိုင်လာခဲ့သော်လည်း ခြသေ့်ဦးခေါင်းကြီးသည် လုံးဝ ပေါ်မလာတော့ပေ။ သို့နှင့် ခြသေ့်ဦးခေါင်းကြီး သေဆုံးသွားသည်မှာ ကေန်ဖြစ်သည်ဟု ယုံကြည်လိုက်ကြတော့သည်။

ယခုမူ လုံးဝ ပျောက်ကွယ်ခဲ့ပြီဖြစ်သော ခြသေ့်ဦးခေါင်းကြီး၏သတင်းကို ချောက်ချားဖွယ် ကြားလာရပြန်သည်၊တစ်ချိန်

တည်းတွင် အသစ်ပေါ်ပေါက်လာသော ခြူးလိုင်လေးယောက် အနက် သုံးယောက်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရပေပြီ၊

လီလုံသည် မမျှော်လင့်ဘဲ ဖြစ်ပွားလာသောကိစ္စကြီးကို ခေါင်းပေါက်မတတ် စဉ်းစားမိသော်လည်း အဖြေမှန် မရနိုင် သေးပေ။ ဖမ်းမိထားသော ခြူးလိုင်သုံးယောက်ကို လွှတ်ပေးရ ကောင်းမည်လော၊ မလွှတ်ဘဲ ဖမ်းထားရကောင်းမည်လော ဆိုသည်ကို ဝေခွဲမရ ဖြစ်နေမိပြန်သည်။

"ခင်ဗျားတို့ဟာ အသစ်မွေးဖွားလာတဲ့ ခြူးလိုင်ကလေ တွေဖြစ်တယ်ဆိုတာကို ခဏထားလိုက်ပါ၊ ခင်ဗျားတို့ဟာ ဘာဖြစ်လို့ ကျုပ်ရဲ့ကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ကြရတယ်ဆိုတာသာ ပြောပါ"

"ဒါက ရှင်းပါတယ်၊ နာမည်ကျော်ထင်ရှားတဲ့ ရွာကြီး တစ်ရွာကို ဖျက်ဆီးပစ်လိုက်တာဟာ ခြင်္သေ့ဦးခေါင်းကြီး မသေ သေးဘူးဆိုတာ အနိုင်အမာဖြစ်အောင် အချက်ပြလိုက်တာပါပဲ၊ ဟဲ. . . ဟဲ. . . ဟဲ"

ထိုလူက မာန်ဝင့်ဟန်နှင့် ပြောသည်။

လီလုံသည် အခံရအတော်ခက်သွားသည်။ သူတို့၏ နာမည်ထင်ရှားကျော်ကြားမှုအတွက် မိမိရွာကို မတရား ဖျက်ဆီး ခဲ့ခြင်းသည် လူမဆန်သော လုပ်ရပ်သာဖြစ်သည်။ ယင်းအပြုအမူ သည် ဆိုးရွားယုတ်မာသော အပြုအမူသာဖြစ်သည်။ လီလုံသည် အခံရခက်လှသော်လည်း ဘာမျှ မတတ်နိုင်တော့ပေ။

လီကျားကျေးရွာကြီးသည် ခြူးလိုင်သုံးယောက်၏ ရက်စက်မှုကို ကမ်းကုန်အောင် ခံစားခဲ့ရပြီးပေပြီ။ ဖမ်းမိထားသော



လူသုံးယောက်ကို သတ်ပစ်ရန်ကိစ္စကား လွယ်ကူသော ကိစ္စတစ်ရပ် ဖြစ်သော်လည်း ခြင်္သေ့ဦးခေါင်း၏ ရန်ကား အေးဆေးသွားမည် မဟုတ်ပေ။ ဆထက်ထမ်းပိုးတိုး၍ ဆိုးရွားသော အခြေအနေ များသာ ဆိုက်ရောက်လာပေလိမ့်မည်။ ခြင်္သေ့ဦးခေါင်းကို အနိုင် ရဖို့ဆိုသည်ကား သိုင်းလောကသားများ ပေါင်းစည်းညီညွတ်မှသာ အောင်မြင်နိုင်မည့်ကိစ္စဖြစ်သည်။ ခြင်္သေ့ဦးခေါင်းကို တစ်ဦးကောင်း တစ်ယောက်ကောင်း ရင်ဆိုင်ရန်မှာ လွယ်ကူသော ကိစ္စမဟုတ်ပေ။ လီလုံသည် တွေးရင်းတွေးရင်း ချောက်ချားတုန်လှုပ်နေမိသည်။

ထိုလူသည် လီလုံ တွေဝေနေသည်ကို ကောင်းကောင်း သိသည်။ ထို့ကြောင့် လီလုံ စိတ်အခြေအနေကို ဖြိုခွဲရန် ကြံစည် လိုက်သည်။

"ဒီမယ်သူကြီး၊ ခုဆို ကျုပ်ဆရာရဲ့အစွမ်းက အရင်ကနဲ့ မတူအောင် ပိုထက်လာပြီ၊ သိုင်းလောကရဲ့ အမြင့်ဆုံး ပညာရပ် ဖြစ်တဲ့ အနက်ရောင်သရဖူပညာကို ကောင်းကောင်း လေ့ကျင့်ပြီး နေပြီ"

ကြားရသောစကားကြောင့် လီလုံ မျက်လုံးပြူးသွားသည်။

"ဒီပညာရပ်ဟာ သိုင်းလောကထဲက ပျောက်ကွယ်သွား တာ ကြာပြီ၊ သူက ဒီပညာကို ဘယ်လိုလုပ်ပြီး လေ့ကျင့်သင်ကြား နိုင်မှာလဲ"

"ဒါကတော့ ခင်ဗျား ယုံချင်မှ ယုံပေါ့ဗျာ၊ ကျုပ်က ခင်ဗျား တို့ အခြေအနေ ပိုဆိုးသွားမှာကို မြင်နေလို့ သတိပေးနေတာ၊ ကျုပ်တို့ကို လွှတ်ဖို့၊ မလွှတ်ဖို့ဆိုတာက ခင်ဗျားသဘော"

လီလုံ ငြိမ်သွားသည်။ မည်သို့ဆက်လုပ်ရမည်ကို ဝေခွဲ

မရဖြစ်နေသည်။ ဝမ်ယိစိန်းသည် ဒေါသဖြစ်လာသည်နှင့် အခဲ
စွန့်ပြီး ဝင်ပြောသည်။

"ဘကြီး လီလုံ၊ ဒီလူတွေဟာ ကျွန်တော်တို့ရွာကို မီးရှို့ ဖျက်ဆီးပြီး အပြစ်မဲ့တဲ့လူတွေကို သတ်ခဲ့တဲ့လူတွေ၊ သူတို့ကို မိထားပြီးမှ ဘာမှ မလုပ်ဘဲ လွှတ်ပေးလို့ ဖြစ်မလား၊ သူတို့ကိုသာ လွှတ်ပေးလိုက်ရင် ကျွန်တော်တို့ရွာမှာ သိုင်းသမားဆိုလို့ တစ် ယောက်မှ ရှိတော့မှာ မဟုတ်ဘူး"

ဝမ်ယိစိန်း၏ စကားသည် နည်းလမ်းကျသော စကား ဖြစ်သည်။ သူတို့ကို သည်အတိုင်း ပြန်လွှတ်လိုက်လျှင် မိမိသိက္ခာ သည် တစ်ပြားသားမျှ ရှိတော့မည် မဟုတ်ချေ။ ရွာသူရွာသားတို့၏ အားကိုးအားထားပြုမှုလည်း ရေစုန် မျောတော့မည်မှာ သေချာလှ သည်။ လူအများ၏ ကဲ့ရဲ့ရှုတ်ချမှု တံတွေးခွက်တွင် ပက်လက် မျောရုံမကပဲ တစ်ရွာလုံးက မိမိကို စွန့်ခွာသွားကြမည်မှာ စကျ ဖြစ်သည်။ သိုင်းလောကတွင် ငွေနတ်လီလုံ ဟူသော လူသည် သူရဲဘောကြောင်သူဟု ဟိုးဟိုးကျော်သွားပေလိမ့်မည်။ လီလုံသည် အတွေးပေါက်လာသည်နှင့် ဝမ်ယိစိန်းကို ကြည့်ပြီး ပြောသည်၊

"မင်းပြောတာ မှန်တယ်"

ဝမ်ယိစိန်းသည် လီလုံ၏ ထောက်ခံမှုကို ရလိုက်သည်နှင့် အတိုင်းမသိအောင် ဝမ်းမြောက်သွားသည်။ မိမိဘဝ တစ်လျှောက် တွင် ဘကြီးလုံ၏ အအော်အငေါက် အဆဲအဆိုကိုသာ ခံခဲ့ရ ယခုလို လက်ခံမှုမျိုးကို တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ဖူးပေ။

ဝမ်ယိစိန်း ဝမ်းသာအားရဖြစ်နေစဉ် သူ့နောက်ဘက်မှ လူတစ်ယောက် လျှောက်လာသည်ကို သတိပြုလိုက်မိသည်။



လှည့်ကြည့်လိုက်သောအခါ မျက်လုံးမျက်ဆန်ပြူးသွားသည်အထိ အံ့အားသင့်သွားမိတော့သည်။

အဆောင်လိုက်ဂူအပေါက်ဝသို့ ရွေ့ရှလာနေသူသည် သူတွေ့ဖူးခဲ့သော နတ်ရုပ်တုနှင့် တထေရာတည်း တူနေသောလူ ဖြစ်သည်။ ဝမ်ယိစိန်း မျက်စိ မမှားပါ။ ထိုလူ သည် တန်ဆောင်း ဖျက်ထဲတွင် တွေ့ခဲ့ရသော နတ်ရုပ်တုကြီးသာဖြစ်သည်။

ထိုစဉ်က မလှုပ်မယှက် ငြိမ်သက်လှသောလူကို ထိတ် ထိတ်ပျာပျာ ကြည့်ရင်း ထူးခြားဆန်းကြယ်လှသော နတ်ရုပ် တစ်ရုပ်ဟူ၍ မှတ်ထင်ခဲ့မိသည်။ ပိုးပေါက် ဇရပ်နှင့် ဓားအိမ်ကို ကြည့်ရင်း လက်ရာမြောက်လှသော နတ်ရုပ်တုကြီးပေတကား ဟုပင် မှတ်ချက်ချခဲ့မိသည်။

ထိုအချိန်က အခြေအနေသည် မှောင်ရိပ်ပိုးတဝါး အခြေ အနေဖြစ်နေသဖြင့် ကြောက်ရွံ့ထိတ်လန့်စိတ် လွှမ်းနေသော ဝမ်ယိစိန်းသည် သက်ရှိနှင့်သက်မဲ့ မခွဲခြားနိုင်လောက်အောင် အမှတ်မှားခဲ့မိသည်။

ယခုသော် မိုးသည်းညက တွေ့ခဲ့သော တန်ဆောင်း ဖျက်ထဲမှ နတ်ရုပ်တုသည် လူသားစင်စစ်ဖြစ်နေပြီး မိမိရှိရာသို့ပင် လှမ်းလာနေပေပြီ။ နတ်ရုပ်လူ၏ ခြေလှမ်းများသည် အလွန် ပေါ့ပါးနေပြီး အတွင်းအား ကြီးမားထက်မြက်ခြင်းကို ထင်ရှားစွာ ဖော်ပြလျက်ရှိနေသည်။ လီလုံသည် နတ်ရုပ်တုလူကို ငေးကြည့်နေ ရင်း ထိုင်နေရာမှထကာ ဂါရဝ ပြုလိုက်မိသည်။

"မိတ်ဆွေက ဘယ်သူများပါလဲခင်ဗျာ"

လီလုံ၏ အသံသည် နူးညံ့သိမ်မွေ့နေလေသည်။

နတ်ရုပ်လူသည် လီလုံနှင့် ဆယ်ကိုက်မျှ အကွာတွင် တန့်ခနဲရပ်သွားသည်။

"ခင်ဗျား ကျုပ်ကို ဘာမှမေးနေစရာ မလိုဘူး၊ လာရင်း ကိစ္စက ခင်ဗျားကို မေတ္တာရပ်ခံစရာ ရှိနေလို့ပဲ" ဟု နတ်ရုပ်လူက မာဆတ်ဆတ်ပြောသည်။

လီလုံသည် ထိုလူ ဘာဆိုလိုသည်ကို သဘောမပေါက်သဖြင့် ခပ်ငေးငေးဖြစ်သွားသည်။ ပြီးမှ အလိုက်သင့် အလျားသင့် ပြန်ပြောလိုက်သည်။

"ကိစ္စကို အမိန့်ရှိပါ မိတ်ဆွေ"

နတ်ရုပ်လူသည် အကျီဖြူနှစ်ယောက်နှင့် ဆံပင်ဖားလျားချ အမျိုးသမီးကို လှမ်းကြည့်လိုက်ပြီး. . .

"ကျုပ်မိတ်ဆွေသုံးယောက်ကို ခင်ဗျားတို့ ဖမ်းထားတယ် ကြားလို့ ပြန်လွှတ်ပေးဖို့ လာပြောတာပဲ"

မေတ္တာရပ်ခံသူ၏ အသံသည် အေးစက်စက်နှင့် မာကျောနေသည်။လီလုံသည် မျက်နှာကွက်ခနဲ ပျက်သွားပြီး နဖူးကြောများ တွန့်သွားသည်။

"ခင်ဗျားက မြူးလိုင်ကဝေလေးယောက်ထဲက တစ်ယောက် မဟုတ်လား"

"ဟုတ်တယ်"

နတ်ရုတ်လူက ခေါင်းညိတ်ပြီး ဖြေသည်။ လီလုံ၏မျက်နှာ မဲ့ခနဲ ဖြစ်သွားသည်။

"ခင်ဗျားတို့က ကျုပ်တို့ရွာကို မီးရှို့ဖျက်ဆီးပြီး လူပါ သတ်ခဲ့တဲ့လူတွေ၊ ဒီလောက်ကြီးကျယ်တဲ့ကိစ္စကို စကားတစ်ခွန်း ပြောရုံနဲ့ ကျုပ်တို့က ကျေနပ်လက်ခံရမှာလား"

နတ်ရုပ်လူက ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"လီကျားကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ပေမယ့် ခင်ဗျား အသက်ကို ချမ်းသာခွင့်ပေးထားပါတယ်၊ ဒါဟာ ခင်ဗျားအတွက် ကျေနပ်စရာကောင်းတဲ့အချက်ပဲ"

လီလုံ ဒေါသ ထောင်းခနဲ ထွက်လာသည်။ စကားကြောရှည်နေဖို့ မလိုတော့။ အားပါလှသော လက်ဝါးရိုက်ချက်ကိုသာ ဟူးခနဲ မြည်အောင် တွန်းထုတ်လိုက်တော့သည်။ လက်ဝါးနှစ်ဘက်သည် သံလက်ဝါးကြီးနှစ်ခုကဲ့သို့ ကြောက်စရာကောင်းလှပြီး အတွင်းအားလှိုင်းများ ဒီရေတက်သလို ထွက်လာသည်။

နတ်ရုပ်လူ ဖျတ်ခနဲ ရှောင်လိုက်နိုင်၍ လွတ်သွားသော်လည်း ထိုလူနှစ်ယောက်သည် အတွင်းအား လှိုင်းဒဏ်ကို ခံလိုက်ရသဖြင့် သွေးများ အန်ထွက်လာတော့သည်။ လီလုံသည် သူတို့ကို နာကျည်းမုန်းတီးနေပြီ။ အနီးဆုံးရန်သူဖြစ်သည်။ ထိုလူနှစ်ယောက်ကို တရကြမ်းဝင်တိုက်သည်၊ နှလုံးသားတွင် အမုန်းတရားများ ကြီးထွားနေပေပြီ။

နတ်ရုပ်လူသည် ခပ်လှမ်းလှမ်းမှနေ၍ လွှားခနဲ ခုန်ဝင်လာပြီး လီလုံ၏လက်ဝါးရိုက်ချက်ကို တွန်းဖယ် ဟန့်တားလိုက်သည်။ သို့သော် လီလုံ၏ မုန်တိုင်းတိုက်ကွက်များ တရစပ် ထွက်ပေါ်နေဆဲဖြစ်သည်၊ နတ်ရုပ်လူသည် လီလုံ၏လက်ဝါးရိုက်ချက် ဟူးခနဲမြည်ပြီး တန်းခနဲ ဝင်လာသည်ကို တွေ့ရသည်နှင့် ဟက်ခနဲမြူးရင်း ဖျတ်ခနဲ ခုန်ပျံတက်သွားသည်။

ဒေါသထွက်နေသောလီလုံသည် ရိုက်ချက်သစ်ကို ထုတ်ယူ

လိုက်ပြန်ပြီး ခြေနှစ်ချောင်းကို ရိုက်ချိုးပစ်လိုက်ပြန်သည်။

နတ်ရုပ်လူက လေထဲတွင် တစ်ပတ်ကျွမ်းထိုးပစ်လိုက်ပြီး လီလုံ၏နောက်ကျောဘက်သို့ ဖျတ်ခနဲ ကျလာသည်။ လီလုံသည် မျက်လုံးပြူးသွားပြီး ဘေးသို့ တိမ်းရှောင်ပေးလိုက်စဉ် ထိုလူနှစ်ယောက်၏ တိုက်ခိုက်ခြင်းကို ရိပ်ခနဲ တွေ့လိုက်ရသဖြင့် မျက်လုံးများ ပြာခနဲဖြစ်သွားပြီး ကျွမ်းပစ် ထွက်လိုက်ရပြန်သည်။

လီလုံသည် ထိုလူနှစ်ယောက်၏ တိုက်ခိုက်မှုကို လွတ်အောင် ရှောင်တိမ်းလိုက်နိုင်သော်လည်း နတ်ရုပ်လူအနီးသို့ ကျရောက်သွားတော့သည်။

ဤတွင် နတ်ရုပ်လူက အသည်းခြေ လက်ချောင်းဖြင့် ရင်ပတ်ကို ထိုးစိုက်လိုက်တော့သည်။ သို့သော် လီလုံက ကိုယ်ကို တစ်ပတ်လှည့် ရှောင်ပေးလိုက်သဖြင့် သေတွင်းမှ လွတ်သွားသော်လည်း 'ဝေကျုံးရှဲ့' အကြောကို အတိုက်ခံလိုက်ရသည်။ နောက်သို့ ခုန်ဆုတ်ရန် အားပြုလိုက်သော်လည်း အခြေအနေ မပေးတော့ချေ။

ထို့ကြောင့် လက်နှစ်ဘက်ကို မြှောက်တင်လိုက်ပြီး အကျီလက်အိုးကြီးကို ပြင်းထန်စွာ လှုပ်ယမ်းပစ်လိုက်ရသည်။ ထိုအခါ အနီးသို့ တိုးလာသော ထိုလူနှစ်ယောက်သည် ကြီးမားပြင်းထန်သော အားလှိုင်းရိုက်ခတ်မှုကို ခံလိုက်ရပြီး ရပ်နေရာမှ လွင့်စဉ်သွားကြပြန်သည်။ လီလုံသည် ထိုလူနှစ်ယောက်နှင့် ဆယ်ကိုက်မျှ ဝေးကွာသွားသည်နှင့် အသက်ရှူ ချောင်သွားတော့သည်။

လီလုံသည် သူ၏လက်ဝါးရိုက်ချက်နှင့် တွန်းထိုးချက်များအတွက် အတွင်းအားလှိုင်းကို သုံးဆင့်အထိ ထုတ်ယူလိုက်ပြီး



လှမ်းမကမ်းတွင် ရပ်နေသော နတ်ရုပ်လူကို တရကြမ်း တိုက်ပစ်လိုက်တော့သည်။ နတ်ရုပ်လူ၏အားလှိုင်းနှင့် လီလုံ၏ အားလှိုင်းသည် ပြင်းထန်စွာ တွေ့ဆုံသွားကြပြီး လေပွေလှိုင်းတစ်ခု ဖြစ်သွားသည်။ ယင်းအရှိန်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး လေတိုးသံများ တဟူးဟူး မြည်သွားပြီး ချောက်ချားဖွယ် အခြေအနေတစ်ခု ဖြစ်ပွားလာတော့သည်။

ဝမ်ယိစိန်းသည် ကိုယ်ခံအား နိမ့်ကျလွန်းသူ ဖြစ်နေသဖြင့် ကြောက်စရာကောင်းသော အားလှိုင်းဒဏ်ကို ရပ်မခံနိုင်တော့သဖြင့် ဆုတ်ခွာပြေးခဲ့ရသည်။

နတ်ရုပ်လူနှင့် လီလုံတို့သည် အခဲမကြေသော ရန်ငြိုးနှင့် သူသေကိုယ်သေ တိုက်နေကြဆဲဖြစ်သည်။

ဝမ်ယိစိန်းကား ကြောက်မက်ဖွယ်တိုက်ပွဲရှိန်ကြောင့် နောက်ဆုတ်နောက်ဆုတ်နှင့် ဆုတ်ခွာလာခဲ့ရာ အဆောင်လိုဏ်ဂူ အတွင်းဘက်ရှိ လျှို့ဝှက်လိုဏ်ခေါင်းတစ်ခုအတွင်းသို့ ရောက်ရှိလာခဲ့သည်။ သို့သော် ကြောက်ကြောက်နှင့် နောက်သို့သာ ဆုတ်မြဲဆုတ်နေမိသဖြင့် တစ်စုံတစ်ခုနှင့် တိုက်မိကာ ဗိုင်းခနဲ လဲပြိုသွားတော့သည်။

ကမန်းကတန်း ကုန်းထလိုက်စဉ်တွင် 'ခစ်' ဟူသော ရယ်သံတစ်ခုကို ထူးဆန်းစွာ ကြားလိုက်ရသည်။

"ဟင်း. . . ဟင်း. . . လဲပုံလဲနည်းက တော်တော့ကို လှပတဲ့ လဲနည်းပဲကိုးရှင့်၊ ဟင်း. . . ဟင်း"

ဝမ်ယိစိန်းသည် ပြူးပြူးပျာပျာနှင့် အသံလာရာ လှည့်ကြည့်လိုက်မိသည်။ ရုတ်တရက်မို့ ဘာကိုမျှ မတွေ့ရပေ။ ပါးစပ်ကမူ

မကျေမနပ် ရေရွတ်လိုက်မိသည်။

"ကျုပ်အဖြစ်က ဘယ်လောက်များ ရယ်စရာကောင်းနေလို့လဲဗျ၊ သူများ ဒုက္ခရောက်နေတာကိုကြည့်ပြီး ရယ်မောနေတာဟာ မသင့်လျော်တဲ့ကိစ္စပါ"

ဝမ်ယီစိန်း အပြောကြောင့် ခစ်ခနဲ ရယ်သံ ပေါ်လာပြန်သည်။ အသံသည် ဥမင်လိုဏ်ခေါင်းအတွင်းဘက်မှ ပေါ်လာသော အသံသာ ဖြစ်ပါ၏။

* * *



အခန်း (၅)

## ကရဏာကေရီနှင့် တွေ့ဆုံခြင်း

"အစ်ကိုကြီး. . . ဒီလူဟာ တော်တော်စိတ်ဝင်စားစရာကောင်းတဲ့လူပဲနော်၊ ကြည့်ရတာကတော့ ခပ်ကြောင်ကြောင်ပဲ၊ ဒါပေမယ့် စိတ်ကောင်း နှလုံးကောင်းနဲ့ ပျော်ပျော်ရွှင်ရွှင် နေတတ်ပုံတော့ တော်တော်ရတယ်"

"အို. . . အရေးထဲမှာ အရူးအပေါလို လူကို စိတ်ဝင်စားမနေစမ်းပါနဲ့"

"ဟင်း. . . ဟင်း. . . သူ့အမူအရာ ကြည့်စမ်းပါဦး အစ်ကိုကြီးရဲ့၊ တော်တော် ရယ်စရာကောင်းတယ်နော်၊ ခစ်. . . ခစ်. . . ခစ်"

အသံသာကြားရသည်၊ လူကိုတား မမြင်ရ၊ ဝမ်ယီစိန်းသည် ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားနှင့် ခပ်ကြောင်

ကြောင် ဖြစ်နေသည်။ ကြားနေရသောစကားကြောင့် မလုံမလဲနှင့် မျက်နှာကို ပွတ်သပ်နေမိသည်။

မိန်းမပျို၏ရယ်သံသည် ချိုလွင်သော ရယ်သံဖြစ်သည်။

ဝမ်ယိစိန်းသည် လျှို့ဝှက်သောအသံများကြောင့် အခြေအနေကို နားမလည်နိုင်ဘဲ ဖြစ်နေသည်။

"ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ခုလို ပုန်းနေကြတာ ကျုပ်ကိုကြောက်လို့ ပုန်းနေကြတာလား"

ဝမ်ယိစိန်းစကားအဆုံးတွင် ဟက်ခနဲရယ်သံနှင့် ရိပ်ခနဲ လှုပ်ရှားမှုကို တွေ့မြင်လိုက်ရသည်။ ထိုသဏ္ဍာန်သည် မျက်စိရှေ့ကို ဖျတ်ခနဲ ရောက်လာသဖြင့် ထိတ်ခနဲဖြစ်သွားပြီး နောက်သို့ ခုန်ဆုတ်လိုက်မိသည်။ သို့သော် ရုတ်တရက်ပေါ်လာသူက သူ့အကျႌရင်ဘတ်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်တော့သည်။

ဝမ်ယိစိန်းသည် ထိတ်လန့်တကြား အော်ဟစ်လိုက်သော်လည်း ပခုံးသွေးကြောကို အပိတ်ခံလိုက်ရတော့သည်။ ထို့နောက်တွင်မူ လိုဏ်ခေါင်းအတွင်းဘက်ဆီသို့ တရွတ်တိုက်ပြီး ဆွဲခေါ်သွားခြင်းကို ခံရတော့သည်။

ဝမ်ယိစိန်းသည် အလင်းထဲမှနေ၍ အမှောင်ထဲကို ရောက်လာသူမို့ ဘာကိုမျှ မမြင်ရသေးပေ။ ကျင့်သားရလာမှ ဝိုးတဝါး အလင်းရောင်ထဲမှ အရာများကို တစ်စတစ်စ မြင်လာရတော့သည်။ ထိုအချိန်မှာပင် အမျိုးသမီး၏ ချိုလွင်သောအသံကို ကြားလာရတော့သည်။

"အစ်ကိုကြီးက သူ့ကို ဖမ်းပြီး ဘာလုပ်အုံးမလို့လဲ"

"ငါတို့ခိုအောင်းနေတဲ့နေရာကို သိသွားတော့ ဖမ်းမလာလို့



ဘယ်ဖြစ်မလဲ၊ သူက လူတကာကို လျှောက်ပြောနေရင် ဘယ့်နှယ်လုပ်မလဲ"

ဝမ်ယိစိန်းက အပြန်အလှန် ပြောနေသောစကားများကို နားထောင်နေရင်း လူဆိုးလူမိုက်များ ဖြစ်နေမလားဟု သံသယဖြစ်သွားမိပြန်သည်။ မိန်းမပျို၏အသံ ပေါ်လာပြန်သည်။

"ကျွန်မအထင်တော့ ဒီလူ့ကို လူရိုးလူကောင်းတစ်ယောက်လို့ထင်တယ်၊ သူ့မျက်လုံးထဲမှာ ရိုးသားမှုတွေ ပေါ်နေတယ် အစ်ကိုကြီးရဲ့"

ဝမ်ယိစိန်းသည် အသံလာရာသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ မိမိမျက်လုံးကိုပင် မိမိ မယုံနိုင်အောင် ဖြစ်သွားသည်။ မိန်းမပျိုသည် ချောမောလှပလွန်းသော မိန်းမပျိုပင်၊ နံ့သာလိမ်းကျံပန်းမပန်ဘဲ အလှကြီးလှနေသော မိန်းကလေးပင်။ မြူးမြူးလေး ကြည့်နေသောမျက်နှာသည် လပြည့်ဝန်းလို ကြည်လင်ရွှန်းမြနေပြီး မြင်နေရသူရင်ထဲ အေးခနဲ ဖြစ်သွားအောင် လှသောအလှဖြစ်သည်။

လျှို့ဝှက်စွာ ထွန်းညှိထားသော မီးရောင်အောက်တွင် မြင်နေရသော မိန်းမပျိုသည် နတ်မိမယ်အလား ထင်မှတ်ရပေသည်။ ဝမ်ယိစိန်းသည် တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူးသော အလှမျိုးမို့ တမက်မောမော ငေးကြည့်နေမိသည်။ ထိုစဉ် မိန်းမပျို၏ အသံ ပေါ်လာပြန်သည်။

"အစ်ကို သူ့ကို အထင်မှားနေပြီ ထင်တယ်"

လူငယ်က ဒေါသထွက်ဟန်နှင့် ခပ်ဆတ်ဆတ်ပြန်ပြောသည်။

"ပေါက်ကရတွေ ဝင်မပြောမနေစမ်းနဲ့၊ ငါက သူ့ကို ဘာတွေ အထင်မှားနေလို့လဲ. . ."

"ဟင်း. . . ဟင်း. . . အစ်ကိုက သူ့လိုလူမျိုးကို သွေးကြောပိတ်ပြီး ဖမ်းလာရတယ်လို့၊ အစ်ကိုကို သူကဘာမှ လုပ်သေးတာမှ မဟုတ်တဲ့ဥစ္စာ၊ ခုတော့ တစ်ကိုယ်လုံး လှုပ်မရတော့ သူ့ခမျာ မျက်လုံးပဲပြူးပြီး ကြည့်နေရတော့တာပေါ့ အစ်ကိုရဲ့"

ဝမ်ယိစိန်းသည် မိမိကို အကာအကွယ်ပေးနေသော မိန်းမပျိုကို စိတ်ထဲမှ ကျေးဇူးတင်နေမိသည်။

ထိုစဉ် လူငယ်၏လှုပ်ရှားမှုကြောင့် ကျောက်ခဲလေးတစ်လုံး ဝခုံးကို ဒေါက်ခနဲ လာမှန်ပြီး ပိတ်နေသော သွေးကြောပွင့်သွားသည်။ ဝမ်ယိစိန်းသည် မြေကြီးပေါ်တွင် လက်နှစ်ဘက်ကို ထောက်ပြီး စိတ်ထဲရှိရာ ပြောချလိုက်တော့သည်။

"မဟုတ်သေးဘူးဗျ . . . မဟုတ်သေးဘူး၊ ကျုပ်သွေးကြောတွေ အပိတ်မခံရလဲ ကျုပ်က မိန်းကလေးကို ငေးကြည့်နေမိမှာပဲ၊ ကျုပ်က စိတ်ထဲရှိတာကို ဘယ်တော့မှ လိမ်မပြောဘူးဗျ"

ဝမ်ယိစိန်း၏စကားကြောင့် လူငယ် ဒေါသထွက်သွားသည်။ မိန်းမပျိုက သူ့ကိုကြည့်ရင်း သနားစိတ် ဝင်နေသည်။ လူငယ်ကမူ ဝမ်ယိစိန်းကို လူပေါ်ဟန်ဆောင်နေသည်ဟု ထင်နေသည်။ ထို့ကြောင့် ဝမ်ယိစိန်းအနီးသို့ တိုးကပ်လာပြီး ရိုက်မောင်းပုတ်မောင်းလုပ်ရန် ဟန်ပြင်လိုက်သည်။ မိန်းမပျိုသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး လူငယ်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်သည်။

"အစ်. . . အစ်ကိုက ဘာလုပ်အုံးမလို့လဲ"

"ဘာလုပ်လုပ်၊ နင် နောက်ဆုတ်နေစမ်း. ."



လူငယ်က ဒေါသသံနှင့် ပြောပြီး မိန်းမပျိုကို ဆောင့်တွန်းပစ်လိုက်သည်။ ဝမ်ယိစိန်းသည် မခံမရပ်နိုင် ဖြစ်သွားသဖြင့် ခပ်မာမာ လှမ်းပြောလိုက်သည်။

"ဟေ့လူ. . . ခင်ဗျား ဘယ်လိုလုပ်တာလဲ၊ ပြောစရာရှိရင် အေးအေးဆေးဆေး ပြောမှပေါ့၊ ခင်ဗျားက ခြေအားကိုး လက်အားကိုးနဲ့ ဘာကောင်းသလဲ"

ဝမ်ယိစိန်း စကားကြောင့် လူငယ် ခပ်ကြောင်ကြောင်ဖြစ်သွားသည်။ ပြီးမှ ရယ်ချင်သလို ဖြစ်သွားပြီး မာဆတ်ဆတ်ပြောသည်။

"ကျုပ်ညီမကို ကျုပ်တွန်းတာ ခင်ဗျားနဲ့ ဘာဆိုင်လဲ"

ဝမ်ယိစိန်းသည် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

"ဆိုင်ဆိုင်၊ မဆိုင်ဆိုင် ခင်ဗျားအလုပ် မဟုတ်ဘူး၊ အမြင်မတော်ရင်တော့ ပြောရမှာပဲ"

"အောင်မာ. . . မင်းက လူပါးဝလို့"

လူငယ်က ပြောပြောဆိုဆို ဝမ်ယိစိန်း၏ အကျီရင်ဘတ်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်သည်။ ဝမ်ယိစိန်းသည် အထိတ်တလန့်ဖြစ်သွားပြီး လူငယ်ကို အတင်းတွန်းတော့သည်။ လူငယ်သည် ထိတ်ခနဲ ဖြစ်သွားပြီး နောက်သို့ လေးငါးဆယ်လှမ်း ဆုတ်ပေးလိုက်မိသည်။ သို့သော် ဝမ်ယိစိန်းက ရှေ့သို့သာ အတင်းတိုး လာပြီး လူငယ်ကို တွန်းမြဲတွန်းနေသည်။ လူငယ်သည် စိတ် မရှည်နိုင်တော့သဖြင့် ခပ်ငေါက်ငေါက် အော်ဟစ်လိုက်သည်။

"ဟေ့လူ. . . ကျုပ်ကို ဘာဖြစ်လို့ ဒီလောက်တောင် တွန်းနေရတာလဲ၊ ကျုပ်နောက်မှာ ကျောက်နံရံပဲ ရှိတော့တယ်"

လူငယ်က စိတ်တိုတိုနှင့် ဝမ်ယိစိန်းကို ဆောင့်တွန်းလိုက်သည်။

လူငယ်၏ တွန်းချက်သည် အတွင်းအားပါသော တွန်းချက်ဖြစ်သဖြင့် ဝမ်ယိစိန်းခမျာ နောက်သို့ လွင့်ထွက်သွားတော့သည်။

"အိုး . . . အိုး . ."

"ဗုန်း. . . "

ဝမ်ယိစိန်း မသက်သာ။ ကျောက်နံရံနှင့် ကိုယ်လုံးကြီး ရိုက်မိသွားပြီး တစ်ကိုယ်လုံး နာကျင်ကိုက်ခဲသွားတော့သည်။

မိန်းမပျိုသည် မနမျှော်လင့်ဘဲဖြစ်ပေါ်လာသော အရေးအခင်းကြောင့် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားပြီး လူငယ်အနီးသို့ ဖျတ်ခနဲ ခုန်ဝင်သွားတော့သည်။

"အစ်ကိုကြီး ဘယ့်နှယ် လုပ်လိုက်တာလဲ၊ ဘာမှ အစွမ်းမရှိတဲ့လူတစ်ယောက်ကို နိုင်ထက်စီးနင်း မလုပ်စမ်းပါနဲ့"

မိန်းမပျိုစကားကြောင့် လူငယ်သည် ရှက်သွေးတက်သွားပြီး မျက်နှာကြီး ရဲခနဲ ဖြစ်သွားတော့သည်။

"ဒီကောင်က ငါ့ကို ရိုင်းရိုင်းပျပျ လုပ်နေတာ၊ လက်ပိုက်ကြည့်နေလို့ ဘယ်ဖြစ်မလဲ၊ မှတ်လောက်သားလောက်အောင် နည်းနည်းတော့ ဆုံးမပေးရမှာပေါ့"

မိန်းမပျိုသည် မကျေမနပ်နှင့် နှုတ်ခမ်းစူသွားသည်။

"ဒီလိုဆို ကျွန်မတို့ လာရင်းကိစ္စ အနှောင့်အယှက်ဖြစ်သွားမှာပေါ့"

လူငယ် တွေခနဲ ဖြစ်သွားသည်။



"နင် မနေကျနပ်ရင် သူ့ဘက်က ဝင်ကူမှာလား"

"အစ်ကို ဘုကျမနေနဲ့၊ သူက သိုင်းပညာ အဆင့်ရှိတဲ့လူ မဟုတ်ဘူး၊ သူ့ကို နိုင်လို့လဲ အစ်ကို့မှာ ဘာသိက္ခာမှ တက်မလာဘူး"

လူငယ်သည် ဒေါသထောင်းခနဲ ထွက်လာပြန်သည်။ စိတ်ဆတ်သူဖြစ်သည်နှင့် လက်ဝါးတစ်ဘက်ကို ဆန့်ထုတ်လိုက်ပြီး ဝမ်ယိစိန်းရင်ဘတ်ကို တွန်းထည့်လိုက်ပြန်သည်၊ ဝမ်ယိစိန်းသည် ပြင်းထန်သော လက်ဝါးအားကြောင့် နောက်သို့ လွင့်သွားပြန်ပြီး ကျောက်နံရံနှင့် ဝင်တိုက်မိကာ ဗိုင်းခနဲ လဲကျသွားလေတော့သည်၊ မိန်းမပျိုသည် လူငယ်ကို ဟန့်တားနိုင်စွမ်း မရှိသဖြင့် ဝမ်ယိစိန်းအနီးသို့ ပြေးသွားကာ ပခုံးနှစ်ဘက်ကို ဆွဲမပြီး ထူပေး လိုက်မိသည်။

"ရှင်ကလဲ ရှင်ပဲ၊ သူများကို မတိုက်နိုင်မှန်းသိရင် ပါးစပ်ကို ပိတ်ထားရတယ်၊ ခုတော့ ကြည့်စမ်းပါအုံး၊ နဖူးတွေ ဘာတွေ ရောင်လို့"

မိန်းမပျိုက ကရုဏာမျက်လုံးများနှင့် ကြည့်ရင်း ပြောကြားလာသည်။ ဝမ်ယိစိန်းသည် ရင်ထဲ လှိုက်ခနဲဖြစ်သွားပြီး ဝမ်းနည်းသလို ခံစားလာရသည်။ ရှက်စိတ်ကြောင့် မျက်နှာတစ်ပြင်လုံး နီရဲနေတော့သည်။

ဝမ်ယိစိန်း၏ဘဝတွင် ဤသို့သော ကရုဏာမျက်လုံးကို တစ်ခါမျှ တွေ့ဖူးခြင်း မရှိသကဲ့သို့ ကြင်နာသောစကားသံများကိုလည်း တစ်ခါမျှ မကြားခဲ့ရဖူးချေ။ အကျည်းတန် အရုပ်ဆိုးသူဖြစ်၍လည်း လီကျားရွာ တစ်ရွာလုံးရှိ အမျိုးသမီးများသည် သူ့ကို လူပေါလူကြောင်တစ်ယောက် ဟုသာ သဘောထားခဲ့ကြပြီး

နောက်ပြောင်သည့်စကားများကိုသာ ပြောကြားခဲ့ကြဖူးသည်၊

ယခုတွေ့နေရသော မိန်းမပျိုကဲ့သို့ လှပချောမောမှု မျိုကြုံသော်လည်း ကရုဏာလွှမ်းသောမျက်လုံးများဖြင့် တစ်ကြိမ်မှ မကြည့်ခဲ့ဖူးကြပေ။

ထို့ကြောင့်လည်း အနီးတွင်ရှိသော မိန်းမပျိုကို ကရုဏာ စေတရီလေးဟုပင် ယူဆနေမိတော့သည်။ ဝမ်ယီစိန်းသည် မမျှော်လင့်ဘဲ တွေ့ရသော မိန်းမပျိုကို တိတ်တခိုး ချစ်နေမိ တော့သည်။

"ရှင်. . . ကောင်းကောင်း ရပ်နိုင်ရဲ့လား"

ဝမ်ယီစိန်းသည် တွဲပေးနေသော မိန်းမပျိုကို ငေးကြည့် နေရင်း ရှက်ကိုးရှက်ကန်းနှင့် ပြောလိုက်မိသည်။

"ရပ်. . . ရပ်နိုင်ပါတယ်ဗျာ. . . ရပ်နိုင်ပါတယ်"

မိန်းမပျိုသည် ထိုအခါကျမှ ဝမ်ယီစိန်းကို ဆွဲကိုင်ထား သော လက်ကို လွှတ်လိုက်ပြီး နောက်ပြန်ဆုတ်သွားသည်။ဝမ်ယီ စိန်းသည် ကောင်းကောင်းရပ်နိုင်ခြင်း မရှိသေးသဖြင့် ယိုင်ထိုး ယိုင်ထိုးနှင့် လဲကျသွားပြန်သည်။ မထင်မှတ်သောအဖြစ်ကြောင့် မိန်းမပျိုပင် မျက်လုံးပြူးသွားရပြန်သည်။ ဝမ်ယီစိန်းသည် လဲကျ နေရာမှ မိန်းမပျိုကို လှမ်းကြည့်လိုက်ပြီး ကမန်းကတန်း ပြောလာ သည်။

"ကျုပ်. . . ကျုပ် အပြောမှားသွားတယ်ဗျာ၊ ကျုပ်က ကျုပ်ကိုကျုပ် ကောင်းကောင်းရပ်နိုင်ပြီလို့ ထင်နေတာ၊ ခုတော့ ညာပြောသလို ဖြစ်သွားတယ်"

ဝမ်ယီစိန်း၏စကားကြောင့် မိန်းမပျိုသည် မပြုံးချင် ပြုံးချင် ပြုံးရင်း ရယ်မောလိုက်မိသည်။ လူငယ်ကမူ နဖူးရေများ တွန့်တက်သွားပြီး ဝမ်ယီစိန်းကို ဆတ်ခနဲ ဆွဲထူလိုက်သည်။



"ခင်ဗျား. . . ဘာအကြောင်းကြောင် လုပ်နေတာလဲ၊ ကျုပ် မေးတာကိုဖြေ"

လူငယ်က ဒေါသမျက်လုံးနှင့် စူးစူးရဲရဲကြည့်ပြီး ငေါက် ပြောသည်။ ဝမ်ယီစိန်း၏မျက်လုံးများ ကလည်ကလည် ဖြစ်သွား သည်။

"ခင်ဗျား ဘယ်လိုလူလဲ၊ မေးစရာရှိရင် အေးအေးဆေး ဆေး မေးပါ၊ ကျုပ်ကလဲ ခင်ဗျား ဘယ်ကရောက်လာတဲ့လူလဲ ဆိုတာ မေးချင်နေတဲ့လူပဲ"

"ခင်ဗျားမေးစရာရှိရင် နောက်မှမေး၊ ခု ကျုပ်မေးတာ ကို အရင်ဖြေ"

"ခင်ဗျားက ဘာမေးချင်နေတာလဲ"

"ခင်ဗျားဟာ ဒီကျေးရွာကလူလား"

"ဟုတ်တယ်၊ လီကျားကျေးရွာထဲက လီဝူချောင်အရပ်မှာ နေတယ်၊ မကြာခင်ကပဲ လီကျားကျေးရွာ တစ်ရွာလုံး မီးလောင် သွားပြီ"

ဝမ်ယီစိန်း အဖြေကြောင့် မိန်းမပျို မျက်လုံးပြူးသွားသည်။

"ဩော်. . . မီးက လီကျားတစ်ရွာလုံးကို လောင်သွားပြီ ဟုတ်လား"

မိန်းမပျိုအမေးကြောင့် လူငယ်က မျက်စောင်းထိုးကြည့် သည်။

"နင်ဘာမှ ဝင်မေးမနေနဲ့၊ ငါကိုယ်တိုင် သူ့ကို စစ်မယ်၊

အပိုတွေ ဝင်မပြောနဲ့"

"ကောင်းပါပြီတဲ့ရှင်. . . ကောင်းပါပြီတဲ့"

မိန်းမပျိုက ခပ်ငေါ့ငေါ့ပြောသည်။ ဝမ်ယိစိန်းသည် မိန်းမပျို၏အမေးကို ဖြေကြားလိုက်ချင်သော်လည်း ဟလိုက်... သောပါးစပ်ကို ပြန်ပိတ်လိုက်ရသည်။

လူငယ့်အသံ ပေါ်လာသည်။

"ခင်ဗျားက လီကျားရွာသားဖြစ်နေတယ်ဆိုတော့ ကျုပ်တို့ လာရင်းကိစ္စပိုပြီး အဆင်ပြေသွားပြီ၊ ကျုပ်တို့က ဒီရွာက ရွာသား တစ်ယောက်နဲ့ တွေ့ချင်လို့ လာခဲ့ကြတာ၊ အဲဒီလူကို ခင်ဗျား သိသလား မဆိုနိုင်ဘူး"

"အိုး. . . ကျုပ်က ဒီရွာထဲကလူတွေကို တစ်ယောက်မကျန် သိတဲ့သူ၊ မေးချင်တဲ့သူကိုမေး၊ ကျုပ်ကောင်းကောင်း ပြောနိုင်တယ်"

ဝမ်ယိစိန်း၏စကားသည် အမှန်စကားဖြစ်သည်။ ဤ ရွာတွင် သူမသိသူ မရှိသကဲ့သို့ သူ့ကို မသိသူလည်း မရှိပေ၊ ကလေးကအစ လူကြီးအဆုံး ပျိုပျိုအိုအို အကုန်သိကြသည် ချည်းဖြစ်သည်။

"ဒါဆို. . . ဝမ်ယိစိန်းဆိုတဲ့ လူကို ခင်ဗျားသိသလား၊ ကျုပ်တို့က သူနဲ့တွေ့ဖို့ လာခဲ့ကြတာ"

ဝမ်ယိစိန်း တအံ့တဩဖြစ်သွားသည်။ ဤလူငယ်နှင့် မိန်းမပျိုသည် သူနှင့် တစ်ကြိမ်တစ်ခါမျှ သိကျွမ်းဖူးခြင်း ရှိခဲ့ကြ သည် မဟုတ်၊ သူ့ကို လိုက်ရှာနေသည် ဆိုသည်ကား မည်သည့် အရေးကိစ္စကြောင့်နည်း။

မည်သို့ပင်ဖြစ်စေ ကရုဏာရှင်မလေးနှင့် ရင်းနှီးတွေ့ဆုံ



နှင့်ရရှိလာသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိသည်ကား အမှန်ပင်ဖြစ်သည်။

လူငယ်သည် ဝမ်ယိစိန်း ငြိမ်သက်နေသည်ကို အားမလို အားမရဖြစ်လာသဖြင့် ဝမ်ယိစိန်း နံကြားကို လက်ညှိုးဖြင့် လှမ်း ထောက်လိုက်သည်။

ဝမ်ယိစိန်းသည် အူထဲအသည်းထဲ ယားသွားပြီး ဟဟား ဟား ရယ်မိတော့သည်။ ဒီလူ ဘယ့်နှယ် ကလိထိုးရတယ်လို့။

"ဟေ့လူ . . မလုပ်နဲ့၊ မလုပ်နဲ့၊ ကျုပ်က သိပ်ယားတတ်တဲ့ လူ၊ ဟား. . . ဟား ကျုပ်ပြောပြမယ်၊ ကျုပ်ပြောပြမယ်"

ဝမ်ယိစိန်း အမူအရာကြောင့် လူငယ်သည် ဣန္ဒြေ မဆည် နိုင်တော့ဘဲ တဟဲဟဲ ရယ်လိုက်မိတော့သည်။

"ဒီ. . ဒီရွာမှာ ဝမ်ယိစိန်း ဆိုတဲ့ လူတစ်ယောက်တော့ ရှိပါတယ်၊ ဒါပေမယ့် အဲဒီလူက ခင်ဗျားတို့ တွေ့ချင်တဲ့လူ ဟုတ်မှ ဟုတ်ပါ့မလားလို့"

မိန်းမပျိုက ဝင်ပြောလာသည်။

"အဲဒီလူဟာ ကျွန်မတို့တွေ့ချင်နေတဲ့သူ မဟုတ်ဘူးလို့ ရှင်က ဘာကြောင့် ထင်နေရတာလဲ"

"ဟဲ. . . ဟဲ. . . ဝမ်မယိစိန်း ဆိုတာ ကျုပ်ဖြစ်နေလို့ပေါ့ ဗျ၊ ခင်ဗျားတို့က ကျုပ်ကို တကယ် လိုက်ရှာနေကြတာလား"

လူငယ်နှင့် မိန်းမပျို တအံ့တဩဖြစ်သွားသည်။

"ခင်ဗျားက. . ."

လူငယ် ဝမ်ယိစိန်း ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက် ပြန်သည်။ သူတို့ရှေ့တွင် ရပ်နေသော ဝမ်ယိစိန်းသည် မိမိတို့

လိုက်ရှာနေသော ဝမ်ယိစိန်း ဟုတ်မှဟုတ်ပါလေစ။

ဝမ်ယိစိန်းသည် သူတို့နှစ်ယောက်၏ သံသယမျက်လုံးများကို ကြည့်ပြီး မေးခွန်း ထုတ်လိုက်မိသည်။

"ခင်ဗျားတို့က ကျုပ်စကားကို မယုံကြဘူးလား၊ ကျုပ်က လီကျားရွာက ဝမ်ယိစိန်း အစစ်ပဲ၊ ခင်ဗျားတို့ နာမည်များ မှားနေသလား"

"မမှားဘူး၊ ကျုပ်တို့ရှာနေတာ ဝမ်ယိစိန်းပဲ၊ ဒီရွာမှာ ဝမ်ယိစိန်း ဆိုတဲ့လူ ဘယ်နှစ်ယောက် ရှိသလဲ"

"တစ်ရွာလုံးမှာ ကျုပ်ထစ်ယောက်တည်းပဲ၊ အနီးပတ်ဝန်းကျင်က ရွာကလေးတွေမှာလည်း ဝမ်ယိစိန်း ဆိုတာ မရှိဘူး"

မိန်းမပျိုနှင့်လူငယ် တွေဝေငေးမောသွားကြသည်။ သူတို့ ခန့်မှန်းတွက်ဆနေမိသူနှင့် တကယ်တွေ့နေရသောလူသည် တစ်ခြားစီဖြစ်နေသည်။ မိန်းမပျိုသည် တစ်စုံတစ်ခုကို သတိရလာသဖြင့် ဖျတ်ခနဲ မေးသည်။

"ဒါဖြင့် ရှင့်အဖေနာမည်က ဘယ်သူလဲ"

"အဖေ. . . ကျုပ်အဖေ ဟုတ်လား"

ဝမ်ယိစိန်း စကား မဆက်နိုင်၊ ရင်ထဲ ဆို့နင့်သွားပြီး ကြေကွဲမှု ဝေဒနာကို ခံစားလာရသည်။ ယောကျ်ားတန်မဲ့ မျက်ဝန်းအိမ်တွင် မျက်ရည်များ ဝဲလာသည်။

"သူ. . . သူ. . . ကွယ်လွန်သွားတာ ကြာပါပြီဗျာ"

ဝမ်ယိစိန်းအသံက ဆို့နင့်ကြေကွဲသံ။

"ပြီးခဲ့တာတွေဟာ ကြေကွဲစရာကောင်းလွန်းလို့ မေးမနေကြပါနဲ့တော့ဗျာ"



"ဒါဆို ရှင့်အဖေက ကွမ်းတုန်း သိုင်းဆရာကြီး မြို့ငံဘက်ကင်း ရွှေမားရှင် ဝမ်တုန်းထန်း မဟုတ်လား"

"ဗျာ. . . ခင်ဗျားတို့က ကျုပ်အဖေနာမည်ကို ဘယ်လိုသိနေကြတာလဲ"

ဝမ်ယိစိန်းအသံက ငိုသံပါလာသည်။ မိန်းမပျိုသည် မျက်ခုံးနှစ်ဘက်ကို ပင့်တင်လိုက်ရင်း လူငယ်ကို လှည့်ပြောလိုက်သည်။

"အစ်ကို၊ ကျွန်မတို့ တွေ့နေရတဲ့လူဟာ ကျွန်မတို့ ရှာနေတဲ့လူအစစ်ပဲ၊ မိုင်ပေါင်းရာချီဝေးတဲ့နေရာက လာခဲ့ရပေမယ့် တွေ့ချင်သူကို အဆင်သင့် တွေ့နေရပြီ အစ်ကို"

လူငယ်၏မျက်နှာသည် ကြည်ကြည်လင်လင် မရှိတော့၊ စိတ်ပျက်အားလျော့သွားဟန်နှင့် ညှိုးညှိုးနွမ်းနွမ်း ဖြစ်သွားရသည်။

"တွေ့မယ့် တွေ့တော့လဲ အဖြစ်က စိတ်ပျက်စရာပဲ ညီမလေး၊ ကွမ်းတုန်းသိုင်းဆရာကြီးရဲ့ မျိုးဆက်ဟာ သိမ်သိမ်ငယ်ငယ် ပေါ့ပေါ့ချာချာ ဖြစ်နေတော့ လာရကျိုး မနပ်ပါဘူး"

ဝမ်ယိစိန်းသည် ကြားနေရသောစကားကြောင့် ရှက်စိတ်များ မွန်ထူသွားပြီး မျက်နှာတစ်ပြင်လုံး နီရဲသွားတော့သည်။

'ပေါ့ပေါ့ချာချာ' ဟူသော စကားလုံးကြောင့် ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားမိသည်။ လူငယ်က အေးစက်စက်ဟန်နှင့် မချိပြုံးလေးပြုံးပြီး မိန်းမပျိုကို လှမ်းပြောလိုက်သည်။

"ကဲ. . . ညီမလေး၊ သွားကြစို့"

"အို. . . အစ်ကိုက ဘယ်သွားမှာမို့လဲ"

"ကွမ်းဝိုက်(မဟာတံတိုင်းကြီးအပြင်ဘက်)ကို သွားဖို့ပေါ့"

"မဟုတ်သေးပါဘူး အစ်ကိုရယ်၊ ခရီးအဝေးကြီးက လာခဲ့ပြီးမှ တွေ့ချင်သူနဲ့လဲ တွေ့ရော ဘာမှ မပြောဘဲ ပြန်ကြမယ်ဆိုတော့ အစ်ကိုလုပ်ပုံက မဟုတ်သေးပါဘူး"

"ညီမလေး . . ဆရာကြီးက ငါတို့ကို ဘယ်လို မှာလိုက်သလဲ"

"ရွှေခေးရှင် ဝမ်းတုန်းထန်းရဲ့ မျိုးဆက်ဟာ မရေမရာလူစား ဖြစ်နေရင် အပိုစကားမပြောဘဲ ပြန်လာခဲ့ပါတဲ့"

"ဒီတော့ ငါတို့ ဘာတွေ ဆက်ပြီး စကားရှည်နေဖို့ လိုတော့လဲ၊ တို့တွေ့နေရတဲ့ လူက ခပ်ပေါပေါ လူမျိုး ဖြစ်နေတော့ အချိန်ကုန်ခံနေလို့ ဖြစ်မလား"

"ဆရာ့အမှာစကားထဲမှာ အဲဒီလူရဲ့ ကိုယ်ကျင့်တရားကောင်း၊မကောင်းဆိုတာ အဓိကပါ၊ ကိုယ်ကျင့်တရား ပျက်စီးနေသူဖြစ်နေရင် ဘာမှ မပြောဘဲ ပြန်လှည့်ခဲ့ဖို့ မှာလိုက်တာပါ အစ်ကို"

"အိုး . . . သူကကော ကိုယ်ကျင့်တရားကောင်းတဲ့လူ ဟုတ်လို့လား"

"မဆိုးပါဘူး၊ သူ့ချွတ်ယွင်းချက်က သိုင်းပညာအဆင့်နိမ့်ကျလွန်းတာတစ်ခုပါပဲ"

ဝမ်ယိစိန်းသည် သူတို့နှစ်ယောက် ပြောနေသမျှကို မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း နားထောင်နေမိသည်၊ မိန်းမပျိုသည် မိမိကို ကာကွယ်ပြောဆိုပေးနေသဖြင့် လှိုက်လှိုဝမ်းသာနေမိသည်။ ရင်ထဲမှ ခံစားချက်ကို မျိုသိပ်နိုင်ခြင်း မရှိတော့သဖြင့် စကားလုံးများ ပွင့်ထွက်သွားတော့သည်။



"မိတ်ဆွေမလေး အပြောကောင်းလို့ ကျေးဇူးတင်မိပါတယ်ဗျာ၊ ဒီလိုမှ မဟုတ်ရင် ကျုပ်ဘဝက အသုံးမကျ အရာမဝင်တဲ့ လူအဖြစ်က တက်တော့မှာ မဟုတ်ပါဘူး"

မိန်းမပျိုတို့ မောင်နှမသည် ဝမ်ယိစိန်း စကားကြောင့် တဟားဟား ရယ်လိုက်မိကြတော့သည်၊ သို့သော် လူငယ်က မျက်နှာကို ချက်ချင်း တည်ပစ်လိုက်ပြီး သံမှန်နှင့် ပြောလာပြန်သည်။

"ညီမလေး . . . ဆရာက ဒီကိစ္စကို ပေါ့ပေါ့တန်တန် သဘောမထားရဘူးလို့ မှာလိုက်တယ် မဟုတ်လား၊ နင် ဒါကို မေ့နေသလား"

မိန်းမပျိုသည် နှုတ်ခမ်းလှလှကို ဖူးဖူးကလေး စူပစ်လိုက်သည်။

"အစ်ကိုဟာ တကယ့်ကို ခွကျတဲ့လူ၊ ကျွန်မက ဝါးလုံးဆိုရင် အစ်ကိုက ဝါးခြမ်း၊ ကျွန်မက ဟိုဟာဆိုရင် အစ်ကို က ဒီဟာ၊ အမြဲ ကန့်လန့်လုပ်နေတာပဲ၊ ကျွန်မသဘောက သူ့ကို ဆရာကြီးဆီ ခေါ်သွားပြီး တိုက်ရိုက်တွေ့ပေးချင်တယ်၊ သူ့ အရည်အချင်းနဲ့ အဆိုးအကောင်းကို ဆရာကြီးကိုယ်တိုင် ခွဲခြားစေချင်တယ်"

"မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့ဟာ၊ မိုင်ပေါင်းရာချီတဲ့ခရီးကို ဒီလိုလူမျိုးနဲ့ အတူတူသွားလို့ ဖြစ်မလား၊ စဉ်းစဉ်းစားစား ပြောစမ်းပါ"

"ဒီလိုဆို . . ပြောစရာရှိတာကိုတော့ ပြောခဲ့မှ ဖြစ်တော့မပေါ့"

လူငယ်သည် စိတ်ရှုပ်သွားဟန်နှင့် ခေါင်းကို တဖျင်းဖျင်း ကုတ်လိုက်သည်။ ပြီး . . ဝမ်ယိစိန်းဘက် ဖျတ်ခနဲ လှည့်လာသည်၊

"ဒီကောင်မျိုးက ဘာမှ အသုံးကျမယ့်လူစား မဟုတ်ဘူး သူ့မှာ ဘာဆက်ခံခွင့်မှလဲ ရှိဟန်မတူပါဘူး၊ ဒါပေမယ့် ခုချိန်ကျမှတော့ မပြောချင်လဲ ပြောရတော့မှာပဲ"

လူငယ်က ညည်းညည်းညူညူနှင့် ရေရွတ်သလိုပြောသည်။ ဝမ်ယိစိန်းသည် သူတို့ဘာကို ဆိုလိုသည်ကို နားမလည်နိုင်ဘဲ ခပ်ကြောင်ကြောင်ဖြစ်နေသည်။ သူတို့စကားသာ ဆုံးသွားသည် ဘာဆိုဘာမှမသိ။

"ခင်ဗျားတို့ ဘာတွေ ပြောနေကြတာလဲဗျာ၊ ကျုပ်တော့ ခင်ဗျားတို့ ပြောနေတာကို ဘာမှ နားမလည်ဘူး"

ဝမ်ယိစိန်းသည် စိတ်ရှုပ်ဟန်နှင့် ရှုံ့ရှုံ့မဲ့မဲ့ လုပ်ပြောသည်၊

လူငယ်က. . . .

"ခင်ဗျား အဖေက သူမသေမီ အချိန်ကလေးမှာ ကျုပ်တို့ ဆရာကြီးနဲ့ တွေ့ခဲ့တယ်၊ သူက သူ့မှာ မပြေနိုင်တဲ့ ရန်ငြိုးတစ်ခု ရှိနေတဲ့အတွက် ဆရာကြီးဆီမှာ အကူအညီတောင်းတယ်၊ ဆရာကြီးနဲ့ ခင်ဗျားအဖေက အင်မတန် ချစ်ခင်ရင်းနှီးကြတဲ့ မိတ်ဆွေရောင်းရင်းတွေ၊ ဒါပေမယ့် ဆရာကြီးဟာ မမျှော်လင့်တဲ့ အကြောင်းကိစ္စကြောင့် အကူအညီ မပေးနိုင်ခဲ့ဘူး"

လူငယ့်စကား တစ်ပိုင်းတစ်စမှာပင် ဝမ်ယိစိန်း ဒေါသထွက်လာသည်။

"သေရေးရှင်ရေးကိစ္စကျမှ အားကိုးမရတဲ့ နောက်တော့ ခင်ဗျားတို့ ဆရာကြီးဟာ မိတ်ဆွေကောင်း မပီသပါဘူး၊ မိတ်



ဆွေကောင်းဆိုတာ အခက်အခဲ ရောက်နေတဲ့အခါကျမှ စစ်မစစ် သိရတာပါ၊ ခင်ဗျားတို့ဆရာကြီးဟာ ကျုပ်အဖေရဲ့မိတ်ဆွေကောင်းတစ်ယောက် မဟုတ်နိုင်ပါဘူး"

ဝမ်ယိစိန်းသည် ရင်ထဲတွင် ခံစားနေရသည့်အတိုင်း ရှင်းရှင်းနှင့်ဘွင်းဘွင်း ပြောချလိုက်သည်။

လောကတွင် အဘယ်မျှ ချစ်သည် ခင်သည် ကြင်သည် ကျွမ်းသည်ဆိုစေ၊ လျှာဖျားပေါ်က စကားအရာထက် လက်တွေ့ဘဝကသာ ပမာဏ ကျပေသည်။ နှုတ်ဖျားပေါ်မှ သဒ္ဒါစကားသည် မိုးပေါက်ပမာ များပြားလှသော်လည်း လက်တွေ့၌မူ သဲရေကျပမာ အရာမထင် ဖြစ်တတ်ကြပေသည်။

မိတ်ဆွေစစ်သည် မစစ်သည် ဆိုခြင်းကား ဘေးရောက်သောအခါ၌လည်းကောင်း၊ ငတ်မွတ်ခေါင်းပါးသောကာလ၌လည်းကောင်း၊ ဥစ္စာစည်းစိမ် ပျက်စီးသောအခါ၌လည်းကောင်း၊ ရန်သူလက်ရောက်သောအခါ၌ လည်းကောင်း ကွဲပြားခြားနားစွာ သိရမြဲပင်။

လူငယ်သည် ဝမ်ယိစိန်းစကားကြောင့် မျက်နှာပျက်သွားပြီး ဒေါသနှင့် ပြောလာသည်။

"ခင်ဗျားက အကြောင်းစုံကို ပြည့်ပြည့်စုံစုံမသိဘဲ ခုလို ပြောလာတာဟာ သက်သက်မဲ့ စော်ကားတာပဲ"

"အိုး. . . ကျုပ်က အမှန်ကို ပြောတာပဲဗျ၊ မိတ်ဆွေစစ် မိတ်ဆွေမှန်ဆိုတာ ဘေးအန္တရာယ် ကျရောက်နေတဲ့အချိန်မှာ တက်တက်ကြွကြွ အကူအညီပေးမှ မိတ်ဆွေစစ် ဖြစ်တော့မှာပေါ့ဗျ၊ ခုတော့ ခင်ပါတယ်၊ ရင်းနှီးပါတယ်ပြောပြီး တကယ့်တကယ်

အရေးကျတော့ ဘယ်သူမှ ရောက်လာကြတာမဟုတ်ဘူး၊ ဒါကြောင့် မို့ ကျုပ်အဖေ အသေဆိုးတဲ့ သေရတာပေါ့ဗျ။ ယောကျ်ား ဆိုတာ ပေးပြီးတဲ့ကတိကို မဖျက်မှ ယောကျ်ားပီသတာဗျ"

မိန်းမပျိုသည် ဝမ်ယိစိန်း၏ ပြောဟန်ဆိုပေါက်ကို ကြည့်ရင်း ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။

ဝမ်ယိစိန်းသည် လူငယ်မောင်နှမကို ဒေါသနှင့် ပြောနေမိသော်လည်း သူတို့အပေါ် မုန်းတီးစိတ်ကား မရှိခဲ့ပေ။ သူ၏ စကားများသည် ဘဝတစ်လျှောက်လုံး ခံစားခဲ့ရသော ဝေဒနာ အိုးကြီး ပေါက်ကွဲနေသည်ဟုသာ ဆိုရပေတော့မည်။

"ကျုပ်ပြောနေတာက အဖြစ်မှန်ကို အမှန်အတိုင်းပြောနေ တာပါ၊ ကျုပ်အဖေဟာ သူများအတွက်ဆို အသက်စွန့် ကူညီ တတ်တဲ့လူပါ၊ ဒါပေမယ့် သူ့အလှည့်ကျတော့ သူ့မိတ်ဆွေ အစုတ်အပဲ့တွေ တစ်ယောက်မှ ပေါ်မလာကြဘူးဗျ"

"တော်တော့. . .ခင်ဗျား ပါးစပ်ပိတ်ထားတော့"

လူငယ်သည် သူ့ဆရာကို ထိခိုက်လာသဖြင့် ရဲရဲတင်းတင်း နားမထောင်ရဲတော့ချေ။ ဝမ်ယိစိန်းမှာ လူငယ်၏ တားမြစ်မှုကြောင့် ပါးစပ်ပိတ်လိုက်ရသော်လည်း စိတ်ထဲ၌ကား လုံးဝ ကျေနပ်မှု မရှိခဲ့ပေ။

"ကျုပ်သဘောက မိတ်ဆွေကောင်းဆိုတာ. . ."

ဝမ်ယိစိန်း၏စကားသည် လမ်းခုလတ်မှာပင် ရပ်သွားရ ပြန်သည်၊ မိန်းမပျိုက ရွှန်းလဲ့တောက်ပသော မျက်လုံးများနှင့် စကားပြောလိုက်သောကြောင့်ပင်။ ထိုစဉ် လူငယ်က ဖျတ်ခနဲ နောက်ဆုတ်သွားပြီး မိန်းမပျိုကို လှမ်းပြောလိုက်တော့သည်၊



"ကဲ. . . ကဲ. . တို့ သွားကြစို့၊ ဒီလူပေါလှချာနဲ့ ဆက်ပြီး ပြောနေလို့ ဘာမှ အကျိုးရှိမှာမဟုတ်ဘူး"

မိန်းမပျိုက နှုတ်ခမ်းကို ဖွဖွကလေးစူပြီး နွဲ့ဆိုးဆိုးဟန် နှင့် ပြောလာသည်။

"နေပါအုံး အစ်ကိုရယ်၊ ကျွန်မမှာ ပြောစရာလေး နည်းနည်း ရှိသေးလို့ပါ"

လူငယ်သည် ပို၍စိတ်တိုလာဟန်နှင့် မာဆတ်ဆတ် ပြော လာသည်။

"ညီမကို ဆရာက ဘာမှာလိုက်လဲ၊ လမ်းခရီးတစ်လျှောက် မှာ ဘယ်လို အခြေအနေမျိုး ကြုံရကြုံရ၊ အစ်ကို့စကားကို နားထောင်ရမယ်လို့ မှာလိုက်တယ် မဟုတ်လား၊ ခုတော့ ညီမက ဆရာ့စကားကို သွေဖည်ပြီး ကန့်လန့်ချည်း လုပ်နေတာ ဘာ သဘောလဲ"

"ညီမက ဆရာ့အမိန့်ကို ဆန့်ကျင်နေတာ မဟုတ်ပါဘူး၊ လမ်းတစ်လျှောက်လုံးမှာ အစ်ကို့စကားကို တသဝေမသိမ်း နားထောင်ခဲ့တာပဲ မဟုတ်လား၊ ပြီးတော့ ညီမတို့ လာခဲ့ရတဲ့ခရီးက နီးတဲ့ ခရီးမဟုတ်ဘူး၊ ရက်ရှည်လများ ထွက်ခဲ့ရတဲ့ခရီး၊ ဒီလောက် ခက်ခက်ခဲခဲ လာခဲ့ပြီးမှ တွေ့ချင်တဲ့သူနဲ့လဲ တွေ့ရော ဘာမှအကျိုး အကြောင်းမပြောဘဲ ပြန်လှည့်ရမယ်ဆိုတာ လမ်းမကျဘူး"

ဝမ်ယိစိန်းသည် ကြားရသောစကားကြောင့် ပို၍အံ့ဩ သွားသည်။ မိမိကို ခက်ခက်ခဲခဲ လာရှာကြသည်မှာ မည်သည့် အရေးကိစ္စကြောင့်ပေနည်း။

လူငယ်က မိန်းမပျိုကို လှမ်းမေးလိုက်ပြန်သည်။

"ဒီလူက လူပေါ်လူချာတစ်ယောက် ဖြစ်နေတော့ သူ့အမေ့အတွက် လက်စားချေဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား၊ သူ့မှာ မျှော်လင့်စရာ ဘာရှိလို့လဲ"

ဝမ်ယိစိန်းသည် လူငယ့်စကားကြောင့် ဒေါသ ထောင်းခနဲ ထွက်လာသည်၊ ရုပ်ဆိုးရသည့်အထဲ မျက်နှာကြီး နီရဲလာသောအခါ သူ့ပုံက ကြောက်စရာကောင်းသောရုပ်မျိုး ဖြစ်ပေါ်လာတော့သည်။

စင်စစ် ဝမ်ယိစိန်းသည် ရှုးသွပ်နေသူတစ်ဦးကား မဟုတ်ချေ။ သူ၏ အသိမြင်များသည် တစ်ခါတစ်ရံ အများတကာနှင့် ဆန့်ကျင်ခြားနားသော အမြင်များ ဖြစ်သော်လည်း အမှန်အမှား၊ မတရားမှု၊ တရားမှုတို့ကို ကောင်းစွာ ခွဲခြားတတ်သူဖြစ်သည်၊ သူ့တွင် မောက်မာဝင့်ကြွားမှုဟူ၍ လုံးဝမရှိဘဲ ပျော်ပျော် နေတတ်သူ၊ ပြောစရာရှိက ရှေ့နောက်မစဉ်းစားဘဲ ဘွင်းဘွင်း ပြောတတ်သူဖြစ်သည်။ သူသည် လူကြီးလူငယ်၊ ကလေးသူငယ်မရွေး ရင်းရင်းနှီးနှီး ပျော်ပျော်ရွှင်ရွှင် ဆက်ဆံတတ်သူဖြစ်ပြီး နှိမ့်ချ နောက်ပြောင်မှု ဟူသမျှကို အလေးထား ဂရုစိုက်တတ်သူလည်း မဟုတ်ချေ။ မျက်နှာပေါက်သည် ရယ်စရာ၊ သနားစရာ။ မလေးစားစရာရုပ်မျိုး ဖြစ်နေ၍သာ လူပေါ်လူချာ၊ လူနုံလူအ ဟူ၍ သတ်မှတ်ခံနေရခြင်းဖြစ်သည်။

ဤလူပေါ်လူချာ ဝမ်ယိစိန်းသည် တကယ့်တကယ်၌ စိတ်နှလုံးကောင်းရှိသူတစ်ယောက်ဖြစ်ပြီး ကိုယ်ကျင့်တရားအရာတွင် ဂုဏ်သရေရှိ လူကြီးများထက်ပင် သာလွန်မြင့်မားသူ၊ သန့်စင်သူတစ်ယောက် ဖြစ်သည်။ ဝမ်ယိစိန်းသည် လူငယ်၏စကားများကို အသည်းကြွေမတတ် နာကျည်းနေမိသည်။



ဖခင်ဖြစ်သူ၏မိတ်ဆွေ သူရဲကောင်း အမည်ခံ ပုဂ္ဂိုလ်များသည် တကယ့်အရေးအကြောင်းတွင် အလကားလူများသာ ဖြစ်ခဲ့ပေသည်။ မိမိမှာ ဖခင်ကို မည်သူ သတ်သည်ကိုပင် သိခွင့်မရခဲ့ပေ။ မိမိသည် ဖခင် ကွယ်လွန်သွားကတည်းက ဘကြီးလီလုံထံတွင် ကပ်ရပ်နေခဲ့ရသူဖြစ်သည်၊ ဆွေမျိုးသားချင်း ရှိသော်လည်း ဘဝသည် အထီးကျန်သော အဖိခံ၊ အနှိမ်ခံ ဘဝသာ ဖြစ်ခဲ့သည်။ သိုင်းပညာအဆင့် နိမ့်ကျလွန်းနေသောကြောင့်လည်း ဖခင်အတွက် ကလဲ့စားချေရေးသည် စိတ်ကူးယဉ် အိပ်မက်သာ ဖြစ်နေခဲ့ရသည်၊ ဘကြီးလီလုံ ဆိုသည်ကလည်း မကောင်းတတ်၍သာ ကျွေးမွေးထားရသည်၊ မိမိကို ချစ်ခင်နှစ်သက်သူ မဟုတ်ပေ။ ရွာသူရွာသားများကလည်း မိမိကို သူကြီးတူဟု သိထားကြသော်လည်း ပျော်စရာရွှင်စရာ ကစားစရာ အဖြစ်သာ သဘောထားခဲ့ကြသည်။

တွေးမိရင် မချိအောင် နာရသော ဘဝပင်၊ မိမိရင်ထဲ အသည်းထဲ ခံစားနေရသသော ဝေဒနာတို့သည် မည်သူမျှ သိမည် မဟုတ်ချေ။သူသည် ခြေလက်အင်္ဂါ အစုံအလင်နှင့် ခံစားတတ်သော အသည်းနှလုံးရှိသူတစ်ယောက်ပင်ဖြစ်သည်၊ ယခုမူ လူငယ်၏စကားများထဲမှ "သူ့ အဖေအတွက် ကလဲ့စားချေဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား" ဆိုသည့် စကားသည် အသည်းကို အပ်နှင့် ဆွလိုက်သကဲ့သို့ မခံချင်စရာ၊ နာကျည်းစရာကောင်းသော စကားပင်။

ဝမ်ယိစိန်းသည် ရှက်လည်း ရှက်၊ ဒေါသလည်းထွက်နေသဖြင့် လူငယ်ကိုသာ မျက်လုံးပြူးကြီးနှင့် ကြည့်နေမိတော့သည်။

ဝမ်ယိစိန်း၏အကြည့်သည် ချောက်ချားဖွယ်ကောင်းသော အကြည့် ဖြစ်သည်။ လူငယ်သည် သူ၏သိုင်းစွမ်းအားနှင့် နှိုင်းယှဉ်လျှင် ဝမ်ယိစိန်း၏ပညာသည် ဆင်နှင့်ဆိတ်လို နိမ့်ကျနေသော်လည်း ကြောက်စရာကောင်းသော စိတ်စွမ်းအင်အကြည့်ကြောင့် တွန့်ဆုတ် ဖြစ်သွားမိသည်။ ဝမ်ယိစိန်းသည် ဘာကိုမျှ မမှုဟန်နှင့် ရှေ့သို့ တိုးလာခဲ့သည်။

"ခင်ဗျားက ကျုပ်ကို သိပ် အထင်သေးနေတာကိုး၊ ကျုပ် အဖေအတွက် လက်စားချေနိုင်စွမ်း မရှိဘူးလို့ ခင်ဗျား ထင်နေသလား၊ အဲဒီလိုထင်ရင် ခင်ဗျား အမြင်သိမ်မှားနေပြီ၊ ကျုပ်ရဲ့ရန်သူ ဘယ်သူဘယ်ဝါကိုသာ ပြော၊ ကျုပ် အသက်စွန့်ပြီး တိုက်ရဲတယ်"

လူငယ်သည် ဝမ်ယိစိန်းကို အထင်သေးဆဲဖြစ်သည်၊ ထို့ကြောင့် ဟက်ခနဲ ရယ်လိုက်ပြီး. . .

"ဒီလိုဆို ခင်ဗျားအစွမ်း ဘယ်လောက်ရှိသလဲဆိုတာ သိရအောင် ခင်ဗျား အဖေရဲ့ရန်သူ ဘယ်သူဆိုတာ ကျုပ်ပြောပြမယ်"

"အစ်ကိုနေအုံး. . . နေအုံး၊ ခုချက်ချင်း ပြောပြလို့ သင့် မသင့်ဆိုတာ စဉ်းစားအုံး"

မိန်းမပျိုက တစ်စုံတစ်ရာကို ပူပန်သွားဟန်နှင့် တမင်ကတန်း ဆိုသည်။ လူငယ်က ပြောလက်စ စကားကို ရပ်ပစ်လိုက်ပြီး မျက်မှောင်ကုပ်စဉ်းစားသည်။

ဝမ်ယိစိန်းမှာ သိချင်စိတ်ပြင်းပြနေသောကြောင့် နေမထိထိုင်မသာ ဖြစ်နေသည်။ အောင့်အည်းသည်းခံနိုင်စွမ်း မရှိတော့သဖြင့် အော်ဟစ်ပြောဆိုလာပြန်သည်။



"ခင့်ဗျား ပြောစရာရှိတာ မြန်မြန်ပြောပါဗျာ၊ ကျုပ်က ပြောပြီးရင် ပြောတဲ့အတိုင်း လုပ်တတ်ပါတယ်၊ ကျုပ် သေရမှာ မကြောက်ပါဘူး၊ ကျုပ်အဖေအတွက် ကျုပ် သေရဲပါတယ်၊ ပြောစရာရှိတာကို မပြောဘဲနေရင် ခင်ဗျားကို လူလို့ မခေါ်နိုင်ဘူး၊ လုပ်စရာရှိလျက်နဲ့ မလုပ်ဘဲနေရင် ကျုပ်ကိုလဲ လူလို့မခေါ်နဲ့"

ဝမ်ယိစိန်းစကားကြောင့် လူငယ် ဒေါသထွက်လာည်။

"ခင်ဗျားဘာသာ သေရဲရဲ မသေရဲရဲ ကျုပ်နဲ့ မဆိုင်ဘူး၊ စကားကို ကောင်းကောင်းပြောစမ်းပါ၊ အေး. . ခင်ဗျားအနေနဲ့ ဒီလောက်တောင် ဖြစ်နေမှတော့ ကျုပ်ကလဲ ပြောရတော့မှာပဲ"

"မပြောနဲ့ ခုချိန်မှာ အကုန်ပြောလို့ မဖြစ်သေးဘူးရှင့်" မိန်းမပျိုက ကန့်ကွက်သည်။

"နင်ဘာမှ ဝင်စွက်မနေနဲ့၊ သူ့ထိုက်နဲ့ သူ့ကံ ဘာပဲဖြစ်ဖြစ် တို့နဲ့ မဆိုင်ဘူး၊ ချင့်ချိန်နေဖို့လဲ မလိုဘူး"

လူငယ်သည် မိန်းမပျိုကို ပြောရင်း ဝမ်ယိစိန်းဘက် လှည့်လာသည်။

"ဟေ့လူ. . ခင်ဗျားအဖေကို သတ်သူတို့ တွေ့ချင်ရင် ကျုံးနန်ကိုသွား၊ ကျုံးနန်တောင်ပေါ်ရောက်ရင် ခင်ဗျားသိချင်တာ အားလုံး သိလိမ့်မယ်"

လူငယ်သည် တိုတိုနှင့်လိုရင်းသာ ပြောသည်။ လူငယ်၏ စကားဆုံးသောအခါ ဥမင်လိုဏ်အတွင်း တိတ်ဆိတ်သွားတော့သည်။

ဝမ်ယိစိန်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့၊ ကျုံးနန်တောင်ပေါ်မှ ကျုံးနန်ဂိုဏ်းကို ရဲရဲ ရင်ဆိုင်မည်ဟု

သာ ဆုံးဖြတ်နေမိတော့သည်။ ကျူးနန်ဂိုဏ်းမှ ပုဂ္ဂိုလ်သည် မိမိ ဖခင်ကို သတ်ဖြတ်သူ ဟူ၍လည်း သဘောပေါက်နေမိတော့သည်။ စင်စစ် ကျူးနန်ဂိုဏ်းသည် နယ်နယ်ရရ သိုင်းဂိုဏ်းမဟုတ်ပေ။ သိုင်းလောကတွင် ထိပ်တန်းရောက် သိုင်းဂိုဏ်းတစ်ဂိုဏ်းသာ ဖြစ်သည်။ ထိုဂိုဏ်းတွင် သိုင်းစွမ်းအားအထက်ဆုံး၊ အတော်ဆုံးလူ လေးယောက် ရှိသည်။ တပည့်လက်သား ဂိုဏ်းဝင်များကလည်း အစွမ်းထက်မြက်သူများချည်းဖြစ်သည်။

ဝမ်ယိစိန်းအနေဖြင့် သူတို့ကို ရင်ဆိုင်ရန် ဆိုသည်မှာ 'ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးကို ဖြိုမယ့်ကြံ၊ ခါးက မသန်' ဆိုသကဲ့သို့သာတည်း။ ဝမ်ယိစန်းသည် အခြေအနေမှန်ကို ထည့်တွက်စဉ်းစားခြင်းမပြု။ အသက်စွန့် တိုက်မည်ဟူသော အသိသာ ကိန်းအောင်းနေဆဲဖြစ်သည်။

မိန်းမပျိုက တိတ်ဆိတ်ငြိမ်သက်မှုကို ဖြိုခွင်းပစ်လိုက်သည်။

"မိတ်ဆွေဝမ်၊ ပြီးခဲ့တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ဘယ်သူ့ကိုမှ အပြစ်မတင်သင့်ဘူး၊ ရှင့်အဖေကို ကျွန်မတို့ဆရာ အကူအညီ မပေးနိုင်ခဲ့တာဟာ အဲဒီအချိန်မှာ ကျွန်မတို့ဆရာကြီးကိုယ်တိုင် သေရေးရှင်ရေးနဲ့ ရင်ဆိုင်နေခဲ့ရပါတယ်၊ ဒါကို ရှင်နားလည်သင့်ပါတယ်"

မိန်းမပျိုစကားကြောင့် ဝမ်ယိစိန်း ရှက်စိတ်ဝင်သွားသည်၊

သူပြောခဲ့သမျှသည် ဘက်တစ်ဘက်တည်းမှ ကြည့်ပြီး ပြောသောစကားများသာဟု သဘောပေါက်လာမိသည်။ လွန်လွန်ကျူးကျူး ပြောမိသောစကားများအတွက် အားတုံ့အားနာ ဖြစ်နေ



မိပြန်သည်။ သို့သော် မိမိအဖေ သေဆုံးရခြင်းကိစ္စကိုကား ကျေနပ်နိုင်စွမ်းရှိပေ။ ကျူးနန်ကို သွားမည်ဟူသောစိတ်ထား ပြင်းပြင်းထန်ထန် ပေါ်နေဆဲဖြစ်သည်။ မိန်းမပျိုသည် ဝမ်ယိစိန်း၏ အတွင်းသဘောကို ကောင်းစွာအကဲခတ်မိဟန်နှင့် ပခုံးကို အသာအယာ ပုတ်လိုက်သည်။

"မိတ်ဆွေ ဝမ်၊ ရှင့်ကို မေတ္တာရပ်ခံချင်တာကတော့ ရှင်အခုလို အခြေအနေမျိုးနဲ့ ကျူးနန်ကို မသွားစေချင်သေးဘူး၊ ခုချက်ချင်း သွားမယ်ဆိုရင်တော့ ရှင့်ခရီးဟာ သေလမ်းခရီးက လွဲလို့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး"

"ဘာ. . . ကျူးနန်ဟာ ကျုပ်အတွက် သေလမ်းခရီး. . . ဟုတ်လား၊ သေပါစေဗျာ. . သေပါစေ၊ အဖေ့အတွက် လက်စားချေရရင် တစ်သက်တစ်ခါ မဟုတ်ဘူး၊ ဆယ်သက်ဆယ်ခါ သေရဲပါတယ်"

မိန်းမပျိုသည် စိုးရိမ်ပူပန်စိတ်များ ပိုပြီးလွှမ်းမိုးလာသည်။ သူမသည် လူငယ်ကို မျက်လုံးဝင့်ကြည့်ပြီး. . .

"အစ်ကို. . သူခုလို တဇွတ်ထိုးလုပ်ရင် သေရုံကလွဲလို့ ဘာမှ အကျိုးရှိမှာ မဟုတ်ဘူး၊ ကျွန်မတို့က ဆရာကြီးကို ဘယ်လို တင်ပြရမလဲ၊ ကိစ္စက အားလုံး ကိုယ်ကျိုးနည်းမယ့်ကိစ္စ ဖြစ်နေပြီ"

"ဘာမှ ပူမနေနဲ့ ညီမလေး၊ လာရင်းကိစ္စက ပြောစရာရှိတာ ပြောဖို့ပဲ၊ ခု ပြောစရာရှိတာ ပြောပြီးပြီ၊ ဒီတော့ ပြန်ကြရုံပဲ ရှိတယ်၊ ဘာမှ နောက်ဆံတင်းမနေနဲ့"

မိန်းမပျိုက လူငယ်ကို မျက်စောင်းထိုးလိုက်သည်။

"အစ်ကိုလုပ်ပုံ မဟုတ်သေးဘူး၊ လူတစ်ယောက်ရဲ့သေရေး

ရှင်ရေးကိစ္စကို မျက်နှာလွှဲ ခဲပစ်လုပ်လို့ ဘယ်ဖြစ်မလဲ၊ ခုကိစ္စက မိတ်ဆွေလေးဝမ်ရဲ့ အသက်အန္တရာယ် ဖြစ်ရုံတင် မဟုတ်သေးဘူး ရှင့်၊ ကျွန်မတို့ရဲ့ ဂုဏ်သိက္ခာပါ အဖတ်ဆည်မရအောင် ဖြစ်မယ့် ကိစ္စ အစ်ကိုရဲ့"

လူငယ်သည် ခုမှ အလောတကြီး ပြုမူနေသည်ကို မှား မှန်း သတိပြုမိလာသည်။ သူတို့တွင် အခြားကိစ္စများ ရှိနေပေ သေးသည်။ ဇွတ်တရွတ်နိုင်လှသော ဝမ်ယိစိန်းသည် လိုက်ဂူထဲမှ ထွက်စပြုနေပေပြီ။ မိန်းမပျိုက လွှားခနဲ ခုန်သွားပြီး ဝမ်ယိစိန်း ရှေ့တွင် ပိတ်ရပ်လိုက်သည်။

"ရှင်က ဘယ်ကို သွားအုံးမလို့လဲ"

"ကျုံးနန်တောင်ကို သွားမလို့ပေါ့၊ ကျုပ်တကယ် သတ္တိ ရှိမရှိ ဆိုတာကို ခင်ဗျားတို့ သိရမယ်လေဗျာ"

"မဟုတ်သေးပါဘူးရှင်၊ ရှင်ခုချက်ချင်း သွားလို့ မဖြစ်သေး ပါဘူး၊ ဘယ်ကိစ္စမဆို ခေါင်းအေးအေးနဲ့ လုပ်မှ အောင်မြင်တာ မျိုးပဲ၊ ခုလဲ ကျွန်မတို့မှာ ရှင့်ကို ပေးစရာ ပစ္စည်းတစ်ခု ရှိနေပါသေး တယ်၊ ကဲ . . အစ်ကိုကြီး သူ့ကို ထုတ်ပေးလိုက်ပါ"

မိန်းမပျိုက ဝမ်ယိစိန်းနှင့်လူငယ်ကို တစ်ဆက်တည်း ပြောလိုက်သည်။ လူငယ်သည် ကျောခိုင်းရပ်နေရာမှ ပစ္စည်းတစ်ခု ကို ထုတ်ယူပြီး မြောက်တင်လိုက်သည်။ မိန်းမပျိုက ဝဲပျံလာသော အရာဝတ္ထုကလေးကို ဆတ်ခနဲ ဖမ်းယူလိုက်ပြီး ဝမ်ယိစိန်းကို လှမ်းပေးသည်။

"ရှင် . . . အဲဒါကို ယူထားပါ"

ဝမ်ယိစိန်းက ခေါင်းညိတ်ပြပြီး ပစ္စည်းကလေးကို သေ



သေချာချာ ကြည့်သည်။ ပေးလာသောပစ္စည်းကား ကျောက်ဗူး ကလေးတစ်ဗူးသာဖြစ်သည်။ အရှည်သုံးလက်မခန့်ရှိသော ကျောက်ဗူးကလေးဖြစ်ပြီး အဖုံးပါသည်။ အဖုံးကို ဖွင့်ကြည့် လိုက် သောအခါ ရေမြေတောတောင်များနှင့် လူရုပ်ပုံများ ထွင်းထုထား သည်ကို တွေ့ရသည်။ သေသေချာချာကြည့်သော် လက်ရာ မြောက်လှသော ပန်းပုလက်ရာစွမ်းကို တွေ့မြင်ရသည်၊ ဝမ်ယိစိန်း အဓိပ္ပာယ် နားမလည်။

"ကျုပ်က ဒီပစ္စည်းကို ယူပြီး ဘာလုပ်ရမှာလဲ"

"ဒီပစ္စည်းက သာမန်အမြင်နဲ့ကြည့်ရင် ဘာမှ အဖိုးထိုက် တဲ့ ပစ္စည်းမဟုတ်ပါဘူး၊ ဒါပေမယ့် ဒီပစ္စည်းလေးက ရှင့်အဖေ အလေးအမြတ်ထားတဲ့ပစ္စည်းပဲ၊ ရှင့်အဖေက သူ့ရန်သူနဲ့ တိုက်ပွဲ ဆင်ကြခင်လေးမှာ ကျွန်မတို့ ဆရာကြီးကို တလေးတစား အပ်နှံထားခဲ့တယ်၊ အဲဒီတုန်းက ဒီပစ္စည်းကလေးကို ရှစ်နှစ်တိတိ ထိန်းသိမ်းပြီးရင် သူ့သား လက်ကို အပ်နှံဖို့ မှာကြားခဲ့တယ်၊ ပစ္စည်းကလေးဟာ ဘယ်လောက်အရေးကြီးတဲ့ပစ္စည်းဖြစ်တယ် ဆိုတာ ရှင် ခန့်မှန်းနိုင်ပါလိမ့်မယ်၊ ပြီးတော့ ရှင့်အဖေက မှာခဲ့ ပါသေးတယ်၊ ဒီပစ္စည်းလေးကို ရှင့်လက်ထဲကို ထည့်ပြီးရင် ရှင့်ကို အနောက်ပိုင်းဒေသကို ခရီးထွက်ဖို့နဲ့ အဲဒီဒေသက ရှီစန်း နှင်း တောင်အနီးမှာရှိတဲ့ ပုလဲချောင်ကို သွားဖို့လဲ မှာခဲ့သေးတယ်"

"ကျုပ် အဲဒီကို မသွားချင်ဘူး၊ ကျုပ် ကျုံးနန်တောင်ကိုပဲ သွားမယ်"

"အို . . . ရှင်က ရှင့်သဘောနဲ့ ရှင်လုပ်လို့ ဖြစ်မလားရှင့်၊ ကျွန်မပြောနေတာက ရှင့်အဖေရဲ့ သဘောဆန္ဒကို ပြောပြနေတာ၊

ရှင်က ကွယ်လွန်သူရဲ့ အရေးကြီးမှာကြားချက်ကို ဆန့်ကျင်သလား"

ဝမ်ယိစိန်း ငိုင်ကျသွားသည်။

"ကျုပ်. . . ကျုပ် အဖေကို ချစ်သလောက်၊ ကျုပ်အဖေရဲ့ ဆန္ဒကို မပယ်လှန်ဝံ့ပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်လုပ်မှာက ပထမ နေနဲ့ ကျုံးနန်ကို သွားမယ်၊ ပြီးမှ နှင်းတောင်က ပုလဲချောင်ကို သွားမယ်"

မိန်းမပျိုက တစ်စုံတစ်ရာ ထပ်မပြောတော့။ ဝမ်ယိစိန်းက ကျောက်ဗူးကလေးကို အင်္ကျီအတွင်းအိတ်ထဲသို့ ထိုးသွင်းလိုက်သည်။

မိန်းမပျိုသည် အကြင်နာလွှမ်းသောမျက်လုံးများဖြင့် ကြည့်နေသည်။

"မိတ်ဆွေ ဝမ်၊ ရှင်အစစ ဂရုတစိုက်ရှိပါ၊ ကျွန်မတို့ အနေနဲ့ ကွမ်းဝိုက် (မဟာတံတိုင်းကြီး)ကို အချိန်မီ သွားဖို့ကိစ္စ ကြီးရှိနေပါသေးတယ်၊ ရှင့်ကို အကူအညီမပေးနိုင်တာကိုတော့ စိတ်မကောင်းပါဘူး"

မိန်းမပျိုက အလေးအနက်ပြောသည်။ ဝမ်ယိစိန်းသည် မိန်းမပျို၏ စေတနာမေတ္တာကို ကောင်းစွာ သဘောပေါက်နေသည်။

"ကိစ္စမရှိပါဘူးဗျာ၊ ခင်ဗျားရဲ့ စေတနာနဲ့ မေတ္တာကို ကျုပ် နားလည်ပါတယ်၊ ခုလဲပဲ ခင်ဗျားတို့အနေနဲ့ ကျုပ်ကို အကူအညီ အများကြီး ပေးပြီးနေပါပြီ၊ ကျုပ်သဘောကို ပြောရရင် ခင်ဗျားကို ကျုပ် ခင်ပါတယ်၊ ခင်ဗျားအစ်ကိုကိုတော့ သိပ်သဘော မကျလှ ဘူးဗျ၊ သူက နိုင်ထက်စီးနင်း လုပ်ချင်တဲ့လူစား၊ ဒါပေမယ့် ကျုပ်



အဖေရဲ့ရန်သူ ဘယ်မှာရှိနေတယ်ဆိုတာကို ပြောပြတဲ့အတွက် သူ့ကိုလဲ ကျေးဇူးအများကြီးတင်ပါတယ်"

မိန်းမပျိုသည် လှလှပပ ပြုံးသွားသည်။ စိတ်ထဲတွင်မူ နှိုးအလွန်းသော လူတစ်ယောက် ကျုံးနန်ရောက်လျှင် ဒုက္ခရောက်တော့မည်ကို တွေးရင်း စိတ်ထိခိုက်လာသည်။ ရှေ့သို့ ခရီးဆက်ရန် ကိစ္စကို ချီတုံချတုံဖြစ်နေသည်။

"ဟော့. . . ညီမလေး၊ ကိစ္စပြီးရင် သွားမယ်လေ၊ ဘာငိုင်နေတာတုန်း"

လူငယ်က လောဆော်သည်။

ဝမ်ယိစိန်းသည် သူတို့မောင်နှမ နာမည်ကို မေးရန် ခုမှ သတိရလာသည်။

"ခဏနေကြပါအုံးဗျာ၊ ကျုပ်ခင်ဗျားတို့ နာမည်ကို သိချင်ပါသေးတယ်၊ ပြီးတော့ ခင်ဗျားတို့ ဆရာကြီးနာမည်ကိုလဲ ပြောပြပါ"

မိန်းမပျိုက ချက်ချင်းဖြေသည်။

"ကျွန်မနာမည်က မေယောင်မို၊ အစ်ကိုကြီးနာမည်က တော့ လျူဖေး၊ ဆရာကြီးနာမည်ကတော့ ပြောခွင့်မရှိလို့ သည်းခံပါ၊ တစ်နေ့နေ့မှာတော့ မိတ်ဆွေဝမ်ကိုယ်တိုင် သိလာပါလိမ့်မယ်"

ဝမ်ယိစိန်းက ရှေ့ရေးကို မျှော်တွေးတတ်သူ မဟုတ် သဖြင့်. . .

"ခင်ဗျားတို့ ပြောမပြတော့. . ဘယ်လိုလုပ် သိလာပါ့မလဲဗျာ" ဟု ပြောလိုက်မိတော့သည်။

မိန်းမပျိုက တစ်စုံတစ်ရာပြောရန် ဟန်ပြင်လိုက်သော်

လည်း လူငယ်က ဖျတ်ခနဲ ရောက်လာပြီး သူမ၏လက်ကို ဆတ်ခနဲ ဆွဲကိုင်လိုက်သည်။

"ကဲ. . . သွားစို့. . . သွားစို့"

ဟု ပြောပြီးသည်နှင့် နေရာမှ ထွက်ခွါသွားတော့သည်၊ ဝမ်ယိစိန်းသည် လျှို့ဝှက်လမ်းမှ ထွက်ခွာသွားသော မောင်နှမ နှစ်ယောက်ကို ငေးကြည့်နေရင်း သက်ပြင်းတစ်ချက် ချလိုက်သည်၊

* * *



Win

## အခန်း (၆)
## တောင်ထိပ်ပေါ်က သိုင်းပညာ

ဝမ်ယိစိန်းသည် ဘကြီးလီလုံနှင့် အကျီဖြူတိုက်ပွဲကို သတိရလာသည်။ ဘကြီးလီလုံနှင့် မြေးလိုင်ကဝေတို့ အပြင်းအထန် တိုက်ခိုက်နေစဉ် ပြင်းထန်သော အတွင်းအားလှိုင်းဒဏ်ကို မခံနိုင်သဖြင့် နောက်ဆုတ်နောက်ဆုတ်လာရာမှ လျှို့ဝှက် ဥမင်လိုဏ်ခေါင်းအတွင်းသို့ ရောက်ရှိလာခဲ့ပုံကိုလည်း ပြန်လည် သတိရလာသည်။

မိမိ ဥမင်လိုဏ်ခေါင်းအတွင်းသို့ ရောက်နေခဲ့သည်မှာ အချိန်အတော်ကြာမြင့်ခဲ့ချေပြီ။ အပြင်တွင် မည်သူရှုံး၍ မည်သူနိုင်နေပြီနည်း။ အတွေးကြောင့် ရင်ထဲ တဒိန်းဒိန်း ခုန်လာတော့သည်။ သို့နှင့် လိုဏ်ဂူထဲမှ ကမန်းကတန်း ပြေးထွက်လာခဲ့မိသည်။စောစောက တိုက်ပွဲ ဖြစ်နေခဲ့သောနေရာတွင်။လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရတော့ချေ။

အကြောပိတ်ခံထားရသော ဆံပင်ဖားလျားချ အမျိုးသမီးကိုလည်း မတွေ့ရတော့ချေ။ ဝမ်ယိစိန်းသည် အံ့ဩထိတ်လန့်မှုများနှင့် လျှောက်လှမ်းခဲ့မိပြန်သည်။

ချောင်အပေါက်ဝသို့ရောက်သောအခါ လူနှစ်ယောက် ရေးကြီးသုတ်ပျာ လျှောက်လာသည်ကို တွေ့ရသည်။ ထိုလူနှစ်ယောက်သည် ဝမ်ယိစိန်းအနီးသို့ ရောက်သည်နှင့် အလောတကြီး ပြောလာသည်။

"ငါတို့ မင်းကို လိုက်ရှာနေကြတာကွ၊ မင်းဘကြီးကို ကန်တော့ဖို့ကိစ္စက အရေးကြီးနေတယ်၊ လာ. . . လာ. . ."

ဝမ်ယိစိန်းရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။ ဘကြီးလီလုံ ကျဆုံးပြီလော။ မိမိကို လာခေါ်သူများသည် ဘကြီးလက်အောက်မှ အဆင့်မြင့်သိုင်းသမားများဖြစ်သည်။ ကြားရသောစကားကြောင့် ဝမ်ယိစိန်း ခေါင်းနားပမ်း ကြီးသွားသည်။တစ်ယောက်က ဝမ်ယိစိန်း ငိုင်နေသည်ကို ကြည့်ပြီး ပခုံးကို တို့လိုက်သည်။

"ဝမ်ယိစိန်း၊ တို့အတွက်တော့ ရွှေတောင်ကြီးပြိုသွားပြီလို့ ဆိုရတော့မယ်ကွာ၊ သူကြီးလီလုံ ကျဆုံးသွားလို့ သဂြိုလ်တော့မယ် ငါတို့ထဲက အဆင့်မြင့်သိုင်းသမား ခြောက်ယောက်လဲ ဘကြီးနဲ့အတူ ကျဆုံးသွားကြပြီ"

ဝမ်ယိစိန်းသည် သတင်းဆိုးကြောင့် ဝမ်းနည်းကြေကွဲမှုကို ခံစားလာရပြီး မျက်ရည်များ ဝဲကျလာတော့သည်။မတရား ဗိုလ်ကျလာသော ခြူးလိုင်ကဝေတို့ကို နာကျည်းမုန်းတီးမိသည်နှင့်အမျှ အသားများပင် တဆတ်ဆတ်တုန်နေတော့သည်။သူသည် ခံစားမှု ပြင်းထန်သူဖြစ်သည်နှင့်အမျှ သူ့ကို မြင်ရသူများပင်



ထိတ်လန့်ချောက်ချားသော ဝေဒနာကို ခံစားလိုက်ကြရလေသည်။

လူနှစ်ယောက်သည် သက်ပြင်းကို ဘင်းခနဲ ချလိုက်ပြီး ဝမ်ယိစိန်းကို ဆွဲခေါ်သွားကြတော့သည်။

ကိုက်နှစ်ရာမျှ လျှောက်လှမ်းမိသောအခါ တောင်ကုန်းလေးတစ်ခုပေါ်၌ လွင့်ပြန့်ကျဲနေသော အလောင်းများကို တွေ့ရတော့သည်။ စုစုပေါင်း လေးငါးဆယ်မျှ ရှိမည်ထင်သည်။ သေဆုံးသူများသည် အပြစ်မဲ့သော ရွာသူရွာသားများ ဖြစ်နေသည်။

မြင်တွင်းကြောင့် ဝမ်ယိစိန်း၏မျက်နှာ တင်းခနဲ ဖြစ်သွားသည်။ သူသည် လက်သီးတဆုပ်ဆုပ်၊ အံတကြိတ်ကြိတ်နှင့် ကြိတ်မနိုင်ခဲမရ ဖြစ်နေတော့သည်။

ကျောက်တုံးကြီးတစ်တုံးပေါ်တွင် သီးသီးသန့်သန့် ငြိမ်သက်နေသူကား ဘကြီးလီလုံပင် ဖြစ်တော့သည်။ ဝမ်ယိစိန်းသည် ပတ်ဝန်းကျင်တွင်ရှိနေသည့်လူများကို လေ့လာ လိုက်သောအခါ မိမိကို ခေါ်လာသူနှစ်ယောက်မှအပ အခြားသိုင်းသမားအားလုံး ဒဏ်ရာကိုယ်စီနှင့် ဖြစ်နေသည်ကို တွေ့မြင်နေရသည်။

"ကျုပ်. . . ကျုပ်ဘကြီး. . ဘယ်. . . ဘယ်လို သေခဲ့တာလဲဗျာ၊ ဘကြီး. . . ဘကြီး၊ အဖြစ်ဆိုးလှချည်လည်း ဘကြီးရယ်"

ဝမ်ယိစိန်းသည် ပြောရင်းပြောရင်း ငိုသံပါလာတော့သည်။

ဤတွင် အသက်ခပ်ကြီးကြီး သိုင်းသမားတစ်ဦးက ဝမ်ယိစိန်းကို ငေါက်လာသည်။

"ဟေ့ကောင်. . အပိုတွေ မေးမနေစမ်းနဲ့၊ ဘကြီးကို မြန်မြန်ကန်တော့လိုက်၊ တော်ကြာ မြေမြှုပ်သဂြိုလ်တော့မှာ၊ တို့မှာ အချိန်သိပ်မရှိဘူး"

ဝမ်ယိစိန်းသည် အော်ငေါက်ပြောဆိုနေသူကို လှည့်မကြည့်နိုင်တော့ဘဲ ကျောက်တုံး အလောင်းစင်အနီးသို့သာ တိုးကပ်သွားတော့သည်။ သူသည် လီကျားကျေးရွာ သူကြီးငွေနတ်လီလုံ၏ မျက်နှာကို နောက်ဆုံးကြည့်ခြင်းဖြင့် စိုက်ကြည့်လိုက်မိသည်။

လီလုံ၏မျက်နှာသည် သက်ရှိထင်ရှားရှိစဉ်က ဒေါသမျက်နှာကြီးအတိုင်း တင်းတင်းမာမာရှိနေဆဲဖြစ်သည်။ ကိုယ်ပေါ်တွင် သွေးထွက်သံယိုဖြစ်သော ဒဏ်ရာဟူ၍ တစ်ခုမျှ မတွေ့ရပေ၊ မသိလျှင် အိပ်မောကျနေသည်ဟု ထင်ရမည့် ပုံသဏ္ဌာန်မျိုးပင်၊

လက်တစ်ဘက်ကို ဆွဲကိုင်ကြည့်လိုက်မှ ရေခဲလို အေးစက်၍ တောင့်တင်းနေသည်ကို သိရတော့သည်။ လီလုံ အသက်ထွက်ခဲ့သည်မှာ အချိန်အတော်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ဝမ်ယိစိန်း သတိထားလိုက်မိသည်။

ဘကြီးလီလုံ မည်သို့မည်ပုံ သေဆုံးခဲ့သည်ကိုကား ဝမ်ယိစိန်း မသိပေ။ လျှို့ဝှက်လိုဏ်ဂူထဲ ရောက်သွားစဉ် လီလုံ၏ အော်ဟစ်ပြောဆိုသံများကို ယခုထိ ကြားယောင်နေဆဲဖြစ်သည်၊ ထိုစဉ်က အကျီဖြူတစ်ယောက်နှင့် ဘကြီးလီလုံ တိုက်ခိုက်နေပုံကိုလည်း ယခုတိုင် မြင်ယောင်နေဆဲရှိသည်။ ထိုစဉ်က ဘကြီးလီလုံ၏ အခြေအနေသည် အသာစီးရနေသည့် အခြေအနေမျိုးပင်။

ယခုမူ ဘကြီးလီလုံ အဘယ်သို့ ဖြစ်သွားသည်ကို စဉ်းစား၍ မရတော့ပေ။

"ဘကြီးလီလုံ. . ဘယ်လိုဘယ်လို ရှုံးနိမ့်သွားရတာလဲဗျာ"

ဝမ်ယိစိန်းအမေးကို မည်သူကမျှ အဖြေပေးမလာကြပေ၊

အနီးတွင်ရပ်နေသော သိုင်းသမားတစ်ယောက်က



စိတ်မရှည်တော့ဟန်နှင့် ဝမ်ယိစိန်း၏ကုပ်ကို ဖိနှိပ်ချလိုက်သည်၊ ဝမ်ယိစိန်းသည် ဘကြီးလီလုံကို အလိုလို ရှိခိုးကန်တော့ပြီးသားဖြစ်သွားတော့သည်။

"ကျုပ်ဘကြီးကို ဘယ်သူ သတ်လိုက်တာလဲဗျာ၊ ဘယ်အဆင့်မြင့်သိုင်းသမားက သတ်လိုက်တာလဲဗျာ" ဟု ရေရွတ်ရင်း ထပ်မံ၍ ဦးချကန်တော့လိုက်ပြန်သည်။ ဝမ်ယိစိန်းအမေးကိုကား မည်သူကမျှ အဖြေမပေးခဲ့ကြချေ။

ဝမ်ယိစိန်း ရှိခိုးကန်တော့ပြီးသွားသည်နှင့် သိုင်းသမားတစ်ယောက်က ဘေးသို့ တွန်းထုတ်လိုက်သည်၊ ရုတ်တရက်မို့ ဝမ်ယိစိန်း လွင့်သွားပြီး မြေပြင်တွင် လေးငါးပတ် လိမ့်သွားသည်၊ မတ်မတ်ရပ်နိုင်လိုက်ချိန်တွင် လီလုံ့အလောင်းကို လူနှစ်ယောက်တထမ်းယူသွားကြပြီး အသင့်တူးထားသော ကျင်းအနီးမှ သံခုတင်ပေါ်တင်လိုက်ကြပြန်သည်။

ထိုအခါကျမှ ဒဏ်ရာရထားသော သိုင်းသမားများ ဝိုင်းလာကြပြီး ဂါရဝပြု ဦးညွှတ်လိုက်ကြသည်၊ ထို့နောက်တွင်မူ လီလုံ၏အလောင်းကို ကျင်းထဲသို့ ချလိုက်ပြီး မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။ ကိစ္စပြီး၍ လူအားလုံး ထွက်ခွါသွားကြသော်လည်း ဝမ်ယိစိန်းကား ငိုင်ငိုင်ကြီး ရပ်နေမိဆဲပင်၊

မည်မျှကြာအောင် ရပ်နေမိသည်မသိ၊ နေဝင်၍ အမှောင်ဖျိုးလာတော့မှ ရုတ်တရက် သတိဝင်လာတော့သည်။ပတ်ဝန်းကျင်သည် ချောက်ချားဖွယ် တိတ်ဆိတ်နေပြီး တောင်ကုန်းလေးပေါ်၌ ပြန့်ကျဲနေသောအလောင်းများသည် ပို၍ပို၍ ထိတ်လန့်ဖွယ်ကောင်းလာသည်။ ဝမ်ယိစိန်းသည် အလောင်းကောင်များဆီမှ

မျက်စိကို လွှဲဖယ်လိုက်ပြီး လီလုံ့မြေပုံကို ငေးကြည့်လိုက်ပြန်သည်၊ နှုတ်ကလည်း တတွတ်တွတ် ရေရွတ်နေမိပြန်သည်။

"ဘကြီးလီလုံ၊ ဘကြီးခုလို သေဆုံးခဲ့ရတာကို ကျွန်တော် ဝမ်းနည်းလို့ မဆုံးပါဘူးဗျာ၊ ကျွန်တော် ဘကြီးကို ဒီကပဲ နှုတ်ဆက်ကန်တော့ခဲ့ပါတယ်၊ ကျွန်တော်. . ကျွန်တော့်အဖေအတွက် လက်စားချေခရီး ထွက်ရပါဦးမယ်ခင်ဗျာ၊ ကျွန်တော့်ကို ရွာက ထွက်လို့ အပြစ်မတင်ကြပါနဲ့ခင်ဗျာ. . နော်. . ဘကြီး"

ဝမ်ယီစိန်းသည် အရူးတစ်ယောက်လို ပြောလိုက်ငိုလိုက် လုပ်နေသည်မှာ အချိန်အတော်ကြာသွားခဲ့သည်။ သူ့အဖို့ အားကိုးရာဆို၍ တစ်စုံတစ်ယောက်မျှ မရှိတော့ပေ။ ဝမ်ယီစိန်းဘဝကား ချောင်းမြောင်းထဲမှ ဒိုက်သရော ပေဒါနှယ် မျောချင်ရာမျော ရမည့်ဘဝပင် ဖြစ်တော့သည်။

ထိုစဉ် သူ့နောက်ကျောဘက်မှ တစ်စုံတစ်ယောက်၏ အသံကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်။

"ဘယ့်နှယ်. . . ဘယ့်နှယ်၊ ဒီလောက်ဝမ်းနည်းနေရတာလဲကွာ၊ ယောကျ်ားဆိုတာ မျက်ရည်မကျကောင်းဘူးကွ၊ ငါ့လူက တယ်ပျော့တဲ့လူကိုး"

ဝမ်ယီစိန်းဖျတ်ခနဲ လှည့်လိုက်မိသည်။ ရုတ်တရက် ရောက်လာသူသည် အရပ်ပုပု၊ ခေါင်းကြီးကြီး၊ ရွှေဝါရောင် ဆံပင်နှင့်လူ ဖြစ်နေသည်။

"ဒါက ဘယ်လိုဖြစ်ကြတာလဲကွ"

ရွှေဝါရောင်ဆံပင်ရှင်က အရိုးခံအတိုင်း မေးသည်၊ ဝမ်ယီစိန်း ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။



"ဒါနဲ့ . . . သူကြီးလီလုံက ဘယ်မှာလဲ"

ဝမ်ယီစိန်းက ထစ်ထစ်ငေါ့ငေါ့ ဖြေသည်။

"သူ. . . သူ. . . သေသွားပါပြီ. . ."

ထိုလူ မျက်နှာညိုးသွားပြီး. . .

"ငါ အလာနှောင်းသွားတယ်၊ အဖြစ်က စိတ်မကောင်းစရာပဲ"

"သေသူက သေသွားပါပြီဗျာ၊ ခင်ဗျား အလာနောက်ကျတာနဲ့ သူသေတာနဲ့ ဘာမှ မဆိုင်ပါဘူး"

ဝမ်ယီစိန်းက ပါးစပ်ထဲရှိရာ ပြောချလိုက်သည်။ ရွှေဝါရောင်ဆံပင်ရှင်က စိတ်မကောင်းဟန်နှင့် ထပ်မေးသည်။

"မင်း ဘကြီးသေသွားပြီဆိုတော့ ကျန်တဲ့ သိုင်းသမားတွေ ဖိုရောက်သည်ရောက် ဖြစ်ကုန်ပြီလား"

"ဒါပေါ့ဗျာ၊ သေသူသေ၊ သွားသူသွားဆိုတာ လောကထုံးစံပါပဲ၊ ကျုပ်တောင် ဘကြီးခေါင်းချရာမှာ မနေနိုင်တော့လို့ တစ်ခြားကို သွားရတော့မယ့် ဥစ္စာ"

"မင်းက ဘယ်ကိုများ သွားအုံးမလို့လဲ"

"ကျုံးနန်တောင်ပေါ် သွားမှာပါ၊ သူတို့က ကျုပ်အဖေကို သတ်ခဲ့ကြတဲ့သူတွေဆိုတော့ သူတို့ကို လက်စားချေဖို့ပေါ့ဗျာ"

"ကျုံးနန်တောင်"

ရွှေဝါရောင်ဆံပင်ရှင်က ပဲ့တင်ရွတ်ရင်း ထခုန်မတတ် ဖြစ်သွားသည်။ ဝမ်ယီစိန်းသည် အမူအရာ ပြောင်းသွားသော ရွှေဝါရောင်ဆံပင်ရှင်ကို နားမလည်နိုင်အောင် ဖြစ်သွားသည်။

"မင်းက ကျုံးနန်တောင်ကို သွားမလို့ ဟုတ်လား"

ရွှေဝါရောင်ဆံပင်ရှင်က တအံ့တသြမေးသည်။

ဝမ်ယိစိန်းက. . .

"ဟုတ်တယ်၊ . . အဲဒီလူတွေက ကျုပ်အဖေကို သတ်ခဲ့တဲ့ လူတွေ"

"ဒါဖြင့် မင်းအဖေက ဘယ်သူများလဲ"

"နာမည်ကျော် သူရဲကောင်း ကွမ်းတုံသိုင်းသမားကြီး ဖြိုင်ဘတ်ကင်း ရွှေမားရှင် ဝမ်တုန်းထန်း"

ဝမ်ယိစိန်းက ကြွားကြွားဝင့်ဝင့် ပြောသည်။

ရွှေရောင်ဆံပင်ရှင်က ဟက်ခနဲ ရယ်လိုက်သည်။

"မင်းအဖေက တော်ရုံတန်ရုံ သိုင်းသမား တစ်ယောက် ပါကွ၊ သူရဲကောင်းလို့ ခေါ်လို့ရလောက်တဲ့အဆင့်မျိုး မရောက်သေး ပါဘူး၊ ဖြိုင်ဘက်ကင်း ရွှေမားရှင် ဆိုတာကိုက ရယ်စရာ ဖြစ်နေ တယ်၊ ဖြိုင်ဘက်ကင်း ရွှေမားရှင် အမှန်ဖြစ်ရင် သူများသတ်လို့ ဘယ်သေပါ့မလဲ ငါ့လူရ"

ရွှေဝါရောင်ဆံပင်ရှင့်စကားကြောင့် ဝမ်ယိစိန်း မခံချိ မခံသာ ဖြစ်သွားသည်။ သို့သော် ထိုလူပြောသောစကားသည် အမှန်စကား ဖြစ်နေသောကြောင့် ပါးစပ်ပိတ်ထားရတော့သည်။

"ဒီမယ် ငါ့လူ၊ အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုရင် စဉ်းစဉ်းစားစား လုပ်ဖို့လိုတယ်ကွ၊ မင်းအဖေလိုလူမျိုးတောင် အသက်ဆုံးရှုံးခဲ့ရတဲ့နောက်တော့ မင်းအနေနဲ့ ကလဲ့စားချေမယ် ဆိုတဲ့စကားဟာ ဖြစ်နိုင်ပါ့မလား"

ဝမ်ယိစိန်းပါးစပ်အဟောင်းသားဖြစ်သွားသည်။ ရွှေရောင် ဆံပင်နှင့်လူက ထပ်ပြောသည်။



"မင်းအနေနဲ့ ရန်သူကို ကလဲ့စားသွားချေဖို့ဆိုတာ အောင်မြင်နိုင်တဲ့ကိစ္စ မဟုတ်ပါဘူး"

ဝမ်ယိစိန်းသည် မခံချင်စိတ်ကြောင့် မျက်နှာကြီး နီရဲ လာသည်။

"ကျုပ်လိုလူကို နှိမ်မနေပါနဲ့ဗျ၊ ကျုပ်က ကျုပ်အဖေ အတွက်ဆို အသေခံရဲတဲ့လူပါ၊ ခင်ဗျားကို ပြောနေရတာ အချိန်ကြာပါတယ်၊ ကျုပ် သွားတော့မယ်"

ဝမ်ယိစိန်းသည် ဇွတ်တရွတ်နိုင်သူတစ်ဦးဖြစ်သည်နှင့် အမျှ စကားဖြတ်ပြီး လှည့်ထွက်သွားတော့သည်။ ရွှေရောင်ဆံပင် ရှင်က တားမြစ်ခြင်းမပြုဘဲ နောက်ကျောဘက်မှနေ၍ လှမ်းအော် လိုက်သည်။

"ငါ့လူက ကိုယ့်သေတွင်း ကိုယ်တူးတဲ့ လူကိုး၊ သွား သွား. . . ရှေ့မှာ မင်းအတွက် မရဏမင်းကြီး စောင့်နေတယ်၊ ဟား . . . ဟား. . ."

ရွှေရောင်ဆံပင်ပိုင်ရှင်က သဘောကျစွာ တဟားဟား ရယ်ရင်း ဆန့်ကျင်ဘက်သို့ လှစ်ခနဲလှစ်ခနဲ ပြေးထွက်သွားတော့ သည်။

* * *

တစ်ညလုံး ခရီးပြင်းနှင်လာခဲ့သော ဝမ်ယိစိန်းသည် အရုဏ်ကျင်း၍ အလင်းရောက်လာသည်နှင့် နှစ်ဆယ့်ငါးမိုင်ကျော် ခရီးပေါက်လာခဲ့သည်။ ဝမ်ယိစိန်းသည် ခရီးသာ ထွက်လာခဲ့ သော်လည်း ကျုံးနန်တောင် ဘယ်မှာရှိမှန်း သိသူမဟုတ်ပေ။

မိုးစင်စင်လင်းလာသောအခါမှ ဈေးသွားလမ်းလာများ

ကို မေးပြီး ခရီးဆက်ခဲ့ရသည်။

ကျုံးနန်တောင်သည် ထင်ရှားကျော်ကြားသော တောင်ကြီးဖြစ်သည်နှင့်အမျှ ဘုရားကျောင်းများ အများအပြားရှိသော တောင်ကြီးဖြစ်သည်။ ထို့ကြောင့် လူသွားလူလာများသော ဘုရားဖူးများသော တောင်ကြီးဖြစ်သည်။

ငါးရက်ကြာမျှ ခရီးပြင်းနှင်ပြီးသောအခါ ကျုံးနန်တောင်အနီးသို့ ဆိုက်ရောက်ခဲ့လေသည်။ ထိုမှ လမ်းသွားလမ်းလာ ဈေးသည်များနှင့် ဘုရားဖူးလာကြသူများ၏ ခြေရာကိုခံပြီး ခရီးဆက်ရပြန်သည်။ ကျုံးနန်တောင်ကြီးနှင့် ငါးမိုင်မျှအကွာသို့ ရောက်သောအခါ ကျောက်သားကျောက်တိုင်များနှင့် ဆောက်လုပ်ထားသော ဘုရားကျောင်းများ၊ သိမ်များ၊ ဇရပ်များကို အနှံ့အပြားတွေ့လာရတော့သည်။

မြင်းကွင်းထဲတွင် ထူးထူးခြားခြားနှင့် ခန့်ခန့်ထည်ထည်ဖြစ်နေသည်မှာ ဖြူလွလွကျောက်သားများဖြင့် ဆောက်လုပ်ထားသော ဇရပ်ကြီးလေးခုမှ တိုင်လုံးကြီးများတွင် လုပသော နဂါးရုပ်ကြီးများကို လက်ရာမြောက်စွာ ထွင်းထုထားသည်ကို တွေ့မြင်ရသည်။ ဇရပ်ကြီးလေးခု၏ နဖူးစည်းတွင် မိုးဇရပ်၊ မြစိမ်းရောင်ဇရပ်၊ ဆုတောင်းပြည့်ဇရပ်၊ လယ်တောရွှေဝါဇရပ် ဟူ၍ ကမ္ပည်းထွင်းထားပြီး စာလုံးများကို ရွှေချထားသည်။

ဇရပ်ပေါ်၌ နှစ်ယောက်ထိုင် ထိုင်ခုံများကို အစီအရီတန်းစီချထားသည်။ ဇရပ်ပေါ်တွင် အပန်းဖြေ နားနေသူများများစွာ ရှိနေသည်။

ဇရပ်အဝင် တံခါးပေါက်တွင်မူ ဗလကောင်းကောင်းထောင်ထောင်မောင်းမောင်းနှင့် လူကြီးတစ်ယောက် ရပ်နေသည်။ မုတ်ဆိတ်မွေးဗရပျစ်နှင့် ခါးကြားတွင် ရွှေဓားတစ်လက် ချိတ်ထားသည်။ ဤပုံကို ကြည့်ရုံနှင့် သိုင်းသမားတစ်ယောက်မှန်း သိသာလှသည်။ ထိုလူသည် ဇရပ်ထဲမှ လူအများကို လက်သီးဆုပ် ဂါရဝပြုပြီး ရယ်ရယ်မောမော လုပ်နေသည်ကို တွေ့မြင်နေရသည်။



ဝမ်ယိစိန်းသည် ဇရပ်ပေါ်မှ လူများကို အကဲခတ်လိုက်သော်လည်း မည်သူမည်ဝါ ဖြစ်သည်ကို မသိပေ။ သူ့ရှေ့မှာ ရှိနေသောဇရပ်သည် လူတိုင်း အနားယူရာ နေရာဖြစ်၍ ထိုနေရာတွင်ပင် ခေတ္တအနားယူလိုက်ပြီး တစ်ခုခုစားရန် တွေးလိုက်မိသည်။

ဇရပ်ရှေ့သို့ရောက်ရှိချိန်တွင် ထိုင်ခုံတွင် ထိုင်နေသော လူနှစ်ယောက်က ထိုင်ရာမှ ထလာပြီး ဂါရဝပြု နှုတ်ဆက်လာကြသည်။ ဝမ်ယိစိန်းသည် ကြောင်ငေးငေးဖြစ်သွားရာမှ လောကဝတ်အပြုအမူကို သတိရလာသည်။

ထို့ကြောင့်လက်သီးဆုပ်ပြီး ဦးညွှတ်ဂါရဝပြုလိုက်သည်။ တစ်ယောက်သောလူက-

"မိတ်ဆွေက ကျုံးနန်တောင်ပေါ်ကို အာသွားလုပ်မလို့လဲ"

ဝမ်ယိစိန်းက အနီးရှိ ကျောက်ခုံတစ်ခုံတွင် ထိုင်ချလိုက်ရင်း အဖြေပေးလိုက်သည်။

"ကျုပ်လူတစ်ယောက်ကို သွားတွေ့မလို့ပါ"

ဝမ်ယိစိန်း၏ စကားကြောင့် နှုတ်ဆက်သူနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး တဟဲဟဲ ရယ်လိုက်ကြသည်။

"ခင်ဗျားက ဘယ်ဂိုဏ်းကလဲ ဒီကိုလာတာ ဘယ်သူနဲ့

တွေ့ချင်လို့လဲ"

ဝမ်ယိစိန်း ငိုင်သွားသည်။ ဘယ်ကစ၍ ဘယ်လို ဖြေရမှန်း မသိအောင် ဖြစ်သွားသည်။ ထို့ကြောင့် ပြန်လှန်မေးခွန်းထုတ် လိုက်သည်။

"ခင်ဗျားတို့ကကော ဘယ်ကလူတွေလဲ၊ ကျုံးနန်ဂိုဏ်းက လွှတ်လိုက်တဲ့ လူတွေလား"

ဝမ်ယိစိန်းအမေးကြောင့် လူစိမ်းနှစ်ယောက် မျက်နှာ တည်သွားသည်။

"လက်စသပ်တော့ ခင်ဗျားက လူစိမ်းကိုး၊ ဒီကို တစ်ခါမှ မရောက်ဖူးသေးတဲ့လူပဲ၊ ဒီဇရပ်ကြီးလေးခုဟာ ကျုံးနန်ဂိုဏ်းရဲ့ ဧည့်ကြိုဇရပ်တွေပဲ၊ ကျုံးနန်ဂိုဏ်းရဲ့မိတ်ဆွေ မဟုတ်ဘူးဆိုရင် ဒီနေရာက အမြန်ထွက်သွားပါ"

ကြားရသော စကားကြောင့် ဝမ်ယိစိန်းရင်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။ ထိုလူနှစ်ယောက်သည် မိမိ ဖခင်ကို သတ်ခဲ့သူများ ဖြစ်နေပြီလား။ ဝမ်ယိစိန်းသည် ပါးစပ်ထဲ ရှိသည့်အတိုင်း မေးလိုက် မိပြန်သည်။

"ခင်ဗျားတို့က ကျုပ်ကို သိုင်းသမားတစ်ယောက် ဖြစ်မှန်း ဘယ်လိုများ သိနေကြတာလဲဗျာ"

"ဒါက ရှင်းပါတယ်၊ သိုင်းသမားကောင်းတစ်ယောက်ဟာ လူတစ်ယောက်ရဲ့ လှုပ်ရှားမှုကိုမြင်တာနဲ့ သိုင်းသမား ဟုတ်၊မဟုတ် သိပါတယ်၊ ဒါနဲ့ ခင်ဗျားက ဒီကို ဘာလာလုပ်တာလဲ ဆိုတာ ပြောပါ"

"ကျုပ် ပြောပြီးပါပကော၊ လူတစ်ယောက်ကို လာရှာတာ



ပါလို့"

"ခင်ဗျားရှာတဲ့ လူက ဘယ်သူလဲ"

"ဟဲ. . . ဟဲ. . . ကျုပ်အဖေကို သတ်သွားတဲ့လူကို လာရှာတာပဲ၊ သူ့အမည်ကိုတော့ ကျုပ် မသိဘူး။ ကျုပ်သိတာက ကျုပ်အဖေကို သတ်သွားတဲ့လူဟာ ကျုံးနန်ဂိုဏ်းသားပဲ"

ဝမ်ယိစိန်းက သူ့အဖြစ်ကို အမှန်အတိုင်း ပြောကြားသည်။

ကြားနာရသူအဖို့ကား ရယ်စရာလို ဖြစ်နေသည်။ ရုတ်တရက် လူနှစ်ယောက်သည် အနီးသို့ ရုတ်ခနဲ ရောက်လာပြီး ဝုန်းခနဲ တွန်းထုတ်လိုက်ကြသည်။ ဝမ်ယိစိန်းခမျာ လွင့်ထွက် သွားပြီး ချုံဖုတ်တစ်ခုပေါ် တိုးရိုးကားယား ပြုတ်ကျသွားသည်။ ဇရပ်ပေါ်တွင် အနားယူနေကြသူများက ဝါးခနဲ ရယ်မောလိုက်ကြ သည်။ ဝမ်ယိစိန်းကို တွန်းထုတ်လိုက်သူများသည် ဇရပ်လှေကား အနီးသို့ ပြန်လျှောက်သွားကြသည်။ ဝမ်ယိစိန်းသည် ချုံဖုတ်ထဲမှ လူးလဲထလာပြီး ဒေါသတကြီး အော်ဟစ်လိုက်တော့သည်။

"ကျုံးနန်ဂိုဏ်းကကောင်စုတ်တွေဟာ တော်တော် ရမ်းကားတဲ့လူတွေပဲ၊ ခင်ဗျားတို့ဟာ တဆိတ်ရှိ သတ်ဖို့ဖြတ်ဖို့ စိတ်ကူးနေကြတဲ့လူတွေပဲ"

ဝမ်ယိစိန်း ဒေါသကြီးနေလေပြီ၊ သူသည် ဘာမျှ စဉ်းစား နိုင်စွမ်းမရှိတော့၊ သူ့ကို တွန်းထုတ်လိုက်သူ နှစ်ယောက် ရပ်နေရာ သို့သာ တဟုန်ထိုး ပြေးဝင်သွားတော့သည်။ ကျောက်သားလှေကား ထိပ်တွင် ရပ်နေသော လူနှစ်ယောက်သည် ဝမ်ယိစိန်း ပြေးဝင် လာသည်နှင့် လက်နှစ်ဘက်ကို ဆန့်တန်းပြီး အတွင်းအား လှိုင်း များကို ထုတ်လွှတ်ကြသည်။ ဝမ်ယိစိန်းသည် ပြင်းထန်သော

အားလှိုင်းရိုက်ခတ်မှုကြောင့် မြေးရှိန် တန့်သွားပြီး တံ့ခနဲ ရပ်လိုက်ရသည်။

"ဘာလဲ. . . ခင်ဗျားတို့က ခုမှ သေမှာ ကြောက်နေကြသလား၊ ကျုပ်ကို ယှဉ်မတိုက်ရဲလို့ ပဋ္ဌလက်နည်းကို သုံးပြီး ခြောက်လှန့်နေကြတာလား"

ဝမ်ယိစိန်းက ခြေကားယား လက်ကားယားနှင့် စိတ်ထင်ရာပြောနေသဖြင့် ဇရပ်ပေါ်မှ လူများသည် ပြုံးစိပြုံးစိလုပ်ရင်း ဝါးခနဲ ရယ်လိုက်ကြတော့သည်။

ဝမ်ယိစိန်းသည် ရှက်လည်းရှက်၊ ဒေါသလည်းထွက်ဖြစ်လာသဖြင့် ရပ်နေသူနှစ်ယောက်အနီးသို့ တိုးကပ်သွားသည်၊

လူနှစ်ယောက်သည် ဝမ်ယိစိန်းကို စူးစူးရဲရဲ စိုက်ကြည့်နေရင်းမှ ဖျတ်ခနဲ ဖျတ်ခနဲ လှုပ်ရှားလိုက်ကြပြီး ဝမ်ယိစိန်းကို ကိုင်မြှောက်ပစ်လိုက်ပြန်တော့သည်။ ဤတွင် လေတိုးသံကြီး ဟူးခနဲမြည်သွားပြီး ဝမ်ယိစိန်း၏ကိုယ်လုံးကြီး မြောက်တက်သွားတော့သည်။

ဝမ်ယိစိန်းသည် ကိုယ်လုံးကြီး မြောက်တက်သွားသည်နှင့် မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်ပြီး သည်တစ်ချီတော့ သေပြီဟု ယူဆလိုက်မိတော့သည်။ ဝမ်ယိစိန်းသည် မြေပြင်မှ ကိုက်သုံးဆယ်အမြင့်သို့ မြောက်တက်သွားပြီး ပြန်ကျလာသည့်အခါတွင် နားထဲ၌ လေပြင်းမုန်တိုင်းကျသကဲ့သို့ လေတိုးသံများ တဟူးဟူးမြည်နေသည်။

ဝမ်ယိစိန်းသည် လောကကြီးတစ်ခုလုံး ကျွမ်းထိုး မှောက်ခုံဖြစ်သွားသည်ဟု ထင်မတ်လိုက်ပြီး ကြောက်အားလန့်အား



အော်ဟစ်လိုက်မိတော့သည်။

"ကယ်ကြပါဗျို့. . . ကယ်ကြပါ. . . ကယ်ကြပါ. . ."

ဇရပ်ပေါ်မှလူများသည် ဝမ်ယိစိန်းကို ကြည့်နေကြရင်း ပွဲကြည့်ပရိသတ်လို ငြိမ်သက်နေကြသည်။ သူတို့အထဲတွင် သိုင်းပညာအဆင့်မြင့်သူ များစွာရှိနေ၍ တစ်စုံတစ်ယောက်ကသာ အကူအညီပေးချင်စိတ်ရှိ၍ ကူညီလာလျှင် ဘာမျှ ခဲယဉ်းသောကိစ္စမဟုတ်ပေ။

ဝမ်ယိစိန်းကိုယ်တိုင် သိုင်းပညာ ကျွမ်းကျွမ်းကျင်ကျင်ရှိသူဖြစ်လျှင် ထိုမျှလောက် အမြင့်ဆီမှ ပြုံကျလာသည့်ကိစ္စမှာ ကယ်ပါယူပါ အော်စရာပင်လိုသောကိစ္စ မဟုတ်ချေ။ကြောင်ကလေးတစ်ကောင်လို ပေါ့ပေါ့ပါးပါး ပြန်ကျလာမည့်ကိစ္စသာဖြစ်သည်။ ယခုမူ သိုင်းပညာ ကျွမ်းကျင်လွန်းသူ မဟုတ်သဖြင့် သေတွင်းထဲပြုတ်ကျသည့် အခြေအနေမျိုး ဖြစ်နေသည်။ သူသည် ဖခင်အတွက် လက်စားချေရန်သာ စိတ်စောနေပြီး အရည်အချင်းကို တွက်ဆချင့်ချိန်ခြင်း မပြုခဲ့ချေ။

ဇရပ်ပေါ်မှလူများမှာလည်း ဝမ်ယိစိန်းသည် သူ့ဖခင်အတွက် လက်စားချေရန် ရောက်ရှိလာသူ ဖြစ်ကြောင်း သိထားကြသဖြင့် ဝမ်ယိစိန်း၏သိုင်းပညာမှာ အလွန်အမင်း ညံ့ဖျင်းလိမ့်မည်ဟု မထင်မှတ်ကြချေ။

ဝမ်ယိစိန်းသည် ကယ်ပါ ယူပါ တစာစာနှင့် တရှိန်ထိုးပြုတ်ကျလာရာမှ ခြေအစုံသည် မြေကြီးနှင့် သုံးပေအကွာသို့ပင် ရောက်ရှိလာပြီဖြစ်သည်။ထိုအချိန်ကျမှ ဝမ်ယိစိန်း၏ ပြုတ်ကျလာမှုသည် ခုခံ ကာကွယ်မှု မရှိဘဲ သာမန်လူတစ်ယောက် အမြင့်မှ

ပြုတ်ကျလာသကဲ့သို့ ဖြစ်နေသည်ကို သိလိုက်ကြပြီး ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြတော့သည်။ ထိုစဉ် မမျှော်လင့်သော အပြောင်းအလဲကြီး တစ်ခု ဖြစ်ပေါ်လာတော့သည်။

အဖြစ်အပျက်သည် ဝမ်ယိစိန်း၏ ကိုယ်လုံးကြီး မြေကြီးနှင့် ထိတွေ့ရန် တစ်ပေမျှအရောက်တွင် လေပြင်းကြီးတစ်ခု ကျရောက်လာသကဲ့သို့ ဖြစ်သွားပြီး မြေပြင်မှ ပင့်တက်လာသော လေထုအားလှိုင်းတစ်ခုသည် ကိုယ်လုံးကြီးကို ပင့်တင်ထားတော့သည်။ ဝမ်ယိစိန်းသည် အပေါ်မရောက် အောက်မရောက်နှင့် ငွမ်းပုံကြီးပေါ် ရပ်နေမိသကဲ့သို့ ခံစားနေရပြီး ဖြည်းဖြည်းချင်း မြေကြီးပေါ် ရပ်မိသွားတော့သည်။

ဇရပ်ကြီးသေးခုထဲတွင်ရှိသော ကျုံးနန်ဂိုဏ်းသားများသည် မထင်မှတ်သော အဖြစ်ကြောင့် မျက်စိပျက် မျက်နှာပျက် ဖြစ်သွားကြသည်။ စိတ်ထဲတွင်လည်း ဝမ်ယိစိန်းကို ကိုယ်ဖော့ပညာစွမ်းထက်မြက်လှသူတစ်ဦးဟူ၍ ထင်မှတ်မှားလိုက်ကြတော့သည်။

ကျုံးနန်ဂိုဏ်းဝင်တို့သည် အမြင့်မှပြုတ်ကျလာပြီး မြေပြင်မရောက်ခင် ပြန်တက်သွားသောပညာမျိုးကို တစ်ကြိမ်တစ်ခါမျှ တွေ့ဖူးကြုံဖူးခြင်း မရှိကြသဖြင့် ရင်သပ်ရှုမော ဖြစ်သွားကြပြီး ထိတ်လန့်ချောက်ချားမှုများပင် ဖြစ်ပေါ်လာကြတော့သည်။

ဝမ်ယိစိန်းကို တွန်းထိုးကိုင်မြှောက်ပစ်လိုက်သော သိုင်းသမားနှစ်ယောက် ပို၍ထိတ်လန့်နေကြသည်။ မျက်နှာများပင် သွေးဆုတ်သူကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေကြလေပြီ။

ဝမ်ယိစိန်း သူတို့အနီးသို့ရောက်သွားသောအခါ ထိုလူနှစ်ယောက်က လက်သီးကိုဆုပ် ဂါရဝပြု ဦးညွှတ်လိုက်ကြပြီး ချီးကျူး



စကားလည်း ပြောကြားလာသည်။

"ဆရာရဲ့ အတွင်းအားနဲ့ ကိုယ်ဖော့ပညာစွမ်းက အံ့မခန်းအောင် ကောင်းမွန်လှလို့ ကျွန်တော်တို့အတွက် အများကြီး ဗဟုသုတ ရရှိပါတယ်ဗျာ"

ကျုံးနန်ဂိုဏ်းသားနှစ်ယောက်မှာ 'လေဟာပြင်' ကိုယ်ဖော့သိုင်းပညာရပ်ကို တွေ့ကြုံဖူးသူများ မဟုတ်သဖြင့် ဝမ်ယိစိန်းကို မျက်နှာလို မျက်နှာရ ချီးကျူးလိုက်ကြသည်။ ဝမ်ယိစိန်းသည် ကံကောင်းထောက်မပြီး အသက်ဘေးမှ ချမ်းသာလာသူဖြစ်၍ ငေးကြောင်ကြောင် ဖြစ်နေသည်။

"ကျုပ်က ဘယ်တုန်းက ဘာပညာတွေ ထုတ်ပြခဲ့လို့လဲဗျာ. . ."

ဝမ်ယိစိန်းက အမှန်အတိုင်း ပြောလိုက်သော်လည်း ကျုံးနန်ဂိုဏ်းသားနှစ်ယောက်က ကိုယ့်ကိုယ်ကို နှိမ့်ချပြောနေသည်ဟု ထင်မှတ်လိုက်ကြပြီး ဝမ်ယိစိန်း၏ သိုင်းပညာကို မခန့်မှန်းတတ်အောင် ဖြစ်သွားကြသည်။

ဝမ်ယိစိန်းသည် ထိုလူနှစ်ယောက်ကိုကျော်ပြီး ဇရပ်ပေါ် တက်သွားခဲ့သည်။ ထိုအခါ ဇရပ်ထဲမှ သိုင်းသမားအချို့ ထလာကြပြီး လက်တစ်ဘက်က လက်ကမ်းနှုတ်ဆက်ပြီး ကျန်တစ်ဘက်က ရင်ဝကို အကာအကွယ်ပြုထားကြသည်။ ဝမ်ယိစိန်းသည် ထိုလူများ၏ အပြုအမူကို နားမလည်ဟန်နှင့် မျိုသိပ်ထားရသော စကားများကို အော်ဟစ်ပြောဆိုလိုက်ပြန်သည်။

"ကျုပ်ဒီကို ရောက်လာတာဟာ ကျုပ်အဖေကို သတ်ခဲ့တဲ့ ကျုံးနန်ဂိုဏ်းသားကို လက်စားချေဖို့ ရောက်လာတာ၊ ကျုပ်ကို ခုလို

ဂါရဝပြုရုံနဲ့ ကျုပ်က ကျေနပ်သွားမှာ မဟုတ်ဘူး"

ဝမ်ယိစိန်းစကားကြောင့် အရိပ်အခြည် စောင့်ကြည့်နေကြသော သိုင်းသမားအချို့ ထပ်မံ ရောက်ရှိလာကြသည်။ ဝမ်ယိစိန်းအနီးတွင် သိုင်းသမားရှစ်ယောက်တိတိ ရှိနေပေပြီ။ သူတို့သည် ဝမ်ယိစိန်းကို ဝိုင်းရံထားလိုက်ကြသော်လည်း စတင်တိုက်ခိုက်ခြင်းကား မပြုကြသေးပေ။ အသက် ငါးဆယ်အရွယ် လူကြီးတစ်ယောက်က ဝမ်ယိစိန်းကို မေးမြန်းသည်။

"မိတ်ဆွေက ကျုံးနန်ဂိုဏ်းက ဘယ်သူနဲ့ တွေ့ချင်တာလဲ ကျုံးနန်ဂိုဏ်းသားအားလုံးဟာ ခင်ဗျားအဖေကိုသတ်တဲ့သူ မဖြစ်နိုင်ဘူး၊ မိတ်ဆွေအနေနဲ့ ခင်ဗျားအဖေကို သတ်သွားတဲ့သူဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာကိုတော့ ထုတ်ပြောဖို့ လိုတယ် ဒီလိုမှမဟုတ်ပဲ ဝါးလုံးချေးသုတ် ရမ်းနေရင်တော့ ခင်ဗျားဟာ ကျုံးနန်ဂိုဏ်းကို အကြောင်းမဲ့ ရန်ရှာသူတစ်ယောက်လို့ ယူဆရမယ်"

ဝမ်ယိစိန်းသည် ခုမှ မျက်လုံးမျက်ဆန် ပြူးသွားမိတော့သည်။ မေယောင်တို့ မောင်နှမသည် 'ကျုံးနန်ကိုသွား' ဟူ၍သာ ဆိုခဲ့သော်လည်း အဖေ့ကို သတ်သူ မည်သူမည်ဝါ ဆိုသည်ကိုကား ထုတ်ဖော်ပြောပြခြင်း မရှိခဲ့ချေ။ ဝမ်ယိစိန်းသည် အသက်ငါးဆယ်အရွယ် လူကြီး၏ နည်းလမ်းကျသော စကားကြောင့် ဘာပြောရမည် မသိအောင် ဖြစ်သွားရသည်။

သို့သော် အဖေသည် နာမည်ရ သိုင်းသမား တစ်ယောက် ဖြစ်၍ သူ့ကို သတ်သူသည် အဆင့်မြင့်ပုဂ္ဂိုလ်သာ ဖြစ်ရမည်ဟု တွေးလိုက်မိသည်။ ပေါ်လာသောအတွေးကြောင့် မေးခွန်းထုတ်



လိုက်မိပြန်သည်။

"ဒီလိုဆို ကျုံးနန်ဂိုဏ်းက အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်တွေဟာ ဘယ်သူတွေလဲ"

"ထိပ်သီး အဆင့်မြင့် ပညာရှင်တွေဟာ လေးယောက်တိတိ ရှိပါတယ်၊ သူတို့ဟာ နာမည်ကျော်ကြား ထင်ရှားတဲ့ လူတွေချည်းပဲ၊ နာမည်တွေက စကြာဝဠာလီကျုံစန်နဲ့ရင်၊ ကြာပန်းနတ်မယ် လီလွေ၊ တိမ်လှိုင်းဓားသမားနဲ့ အကျီပျံဝူယင်းတို့ ဖြစ်ပါတယ်. ."

ဝမ်ယိစိန်းက ခေါင်းတညိတ်ညိတ် လုပ်ပြီး ထပ်မေးသည်။

"အဲဒီလေးယောက်ထဲမှာ သိုင်းပညာအတော်ဆုံးက ဘယ်သူလဲ"

"ဂိုဏ်းချုပ်ကြီးပေါ့ဗျာ"

"ဟား. . . ဟား. . . ဟား၊ ကျုပ်က ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ချင်နေတာ. . . ဟား. . . ဟား"

ဝမ်ယိစိန်းသည် အားရပါးရ ရယ်မောရင်း သရော်တော်တော် ပြောလိုက်သည်။ ကျုံးနန်ဂိုဏ်းသားတို့ မျက်စိမျက်မျက်နှာပျက် ဖြစ်သွားကြသည်။

"ခင်ဗျားက ဂိုဏ်းချုပ်ကြီးနဲ့ တကယ်တွေ့ချင်နေတာလား"

ဂိုဏ်းသားတစ်ယောက်က ဝင်မေးသည်။

ဝမ်ယိစိန်းက မခိုးမခန့်ဖြေသည်။

"တကယ်တွေ့ချင်လို့ တကယ်လာခဲ့ပြီပဲဗျာ၊ အပိုတွေ မေးမနေစမ်းပါနဲ့"

ကျုံးနန်ဂိုဏ်းသား ရှစ်ယောက်စလုံး ငြိမ်ကျသွားသည်။ ထိပ်သီးအဆင့်မြင့်လေးယောက်ဆိုသည်မှာ သိုင်းလောက တစ်ခုလုံး

တွင် ထိပ်တန်းနေရာရောက်သည့် သိုင်းသမားများသာ ဖြစ်သည်၊ ဝမ်ယိစိန်းကို ဝိုင်းထားသော သိုင်းသမားရှစ်ယောက်မှာလည်း တော်ရုံတန်ရုံ သိုင်းသမားများ မဟုတ်ချေ။ သူတို့သည် ဝမ်ယိစိန်း စကားကြောင့် ဘာလုပ်ရမှန်း မသိအောင် တွေဝေသွားကြပြီး ဝမ်ယိစိန်းကိုသာ အကဲခတ်ကြည့် ကြည့်နေကြတော့သည်။

သူတို့သည် ဝမ်ယိစိန်းကို ပေါကြောင်ကြောင် လူတစ်ယောက်ဟု အကဲခတ်မိကြသော်လည်း စောစောက ဖြစ်ပွားခဲ့သော ကိစ္စကြောင့် အရမ်းတိုက်ခိုက်ခြင်း မပြုရဲကြပေ။ အတန်ကြာမှ ကျုံးနန်ဂိုဏ်းသားတစ်ယောက်က ဝမ်ယိစိန်းကို ပြောလာသည်၊

"မိတ်ဆွေက ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ချင်နေသူဆိုတော့ ကျုပ်တို့ နောက်ကသာ လိုက်ခဲ့ပေတော့"

ကျုံးနန်ဂိုဏ်းသားနှစ်ယောက်သည် ရပ်နေရာမှ ပြောပြော ဆိုဆို ပြေးထွက်သွားတော့သည်။

"ရပ်လိုက်"

ဝမ်ယိစိန်းက အော်ဟစ်ပြီး ဟန့်တားသည်။

ပြေးထွက်သွားသူနှစ်ယောက် တန့်ခနဲ ရပ်သွားသည်၊

"ခင်ဗျားက ဘာဖြစ်ရပြန်တာလဲ၊ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ချင်တယ်လဲဆိုသေး၊ ရပ်လဲရပ်ခိုင်းသေး"

"အို . . . ခင်ဗျားတို့က ကျုပ် ခြေလှမ်းတောင် မလှမ်းရသေးဘူး၊ ပြေးထွက်သွားတာက မြားပစ်သလိုကိုးဗျ"

ရပ်တန့်နေသူနှစ်ယောက် မျက်မှောင်တစ်ချက်ကုပ်သွားသည်။ သူတို့သည် ဝမ်ယိစိန်းကို အဆင့်မြင့် သိုင်းသမားဟု အမှတ်မှားနေကြသဖြင့် သူတို့ ပြေးထွက်သွားသည်ကို မြန်လွန်းသည်ဟု ဆိုနေခြင်းအတွက် နားမလည်တတ်အောင် ဖြစ်သွားသည်။ သို့ရာတွင် သူတို့က ဝမ်ယိစိန်းကို ပညာလျှို့နေသည်ဟု ထင်သည်။ သူတို့သည် ဝမ်ယိစိန်း၏အကဲကို ကောင်းစွာ မခတ်နိုင်ကြသဖြင့် လိုက်လိုက် လျောလျော ပြေလာကြ၏။



"မြန်တယ်ဆိုတော့လဲ ကျုပ်တို့က ဖြည်းဖြည်းပဲ သွားမှာပါ"

ကျုံးနန်ဂိုဏ်းသား နှစ်ယောက်သည် ခြေလှမ်းမှန်မှန်နှင့် ထွက်ခွါစပြုသည်။ ဝမ်ယိစိန်းသည် ဘာကိုမျှ ဂရုမစိုက်ဟန်နှင့် ပြေးလိုက်သွားခဲ့သည်။ ဝမ်ယိစိန်းသည် လီကျားကျေးရွာတွင် ကြီးပြင်းခဲ့သူဖြစ်၍ တောင်တက်ခရီးကို ကျွမ်းကျွမ်းကျင်ကျင် သွားနိုင်သူဖြစ်သည်။

သို့သော် သူ၏ တောင်တက်ခရီး သွားလာမှုသည် အတွင်းအားကောင်းသူတို့၏ သွားခြင်းမျိုး မဟုတ်သဖြင့် မောပန်းမှု ဝေဒနာကို ခံစားနေရသည်။ ကျုံးနန်ဂိုဏ်းသားနှစ်ယောက်က လည်း ဝမ်ယိစိန်းအခြေအနေကို ကြည့်ပြီး အတွင်းအား ပညာရှင် မဟုတ်မှန်း ရိပ်မိနေကြသည်။

တစ်မိုင်မျှ ခရီးပေါက်လာသောအခါ ကျုံးနန်ဂိုဏ်းသား နှစ်ယောက်က လမ်းကွေ့လေးတစ်ခုထဲ ပြေးဝင်သွားကြသည်။ လမ်းကလေးသည် သုံးပေကျော် လေးပေမျှ အကျယ်အဝန်းရှိသော လမ်းကလေးဖြစ်ပြီး ဘေးတစ်ဘက်တစ်ချက်တွင် မိုးထိအောင် မြင့်မားသော သစ်ပင်ရှည်ကြီးများ တန်းစီ ပေါက်နေသည်။ လမ်းထိပ်တွင်မူ ကျောက်စာတိုင်တစ်တိုင်ကို စိုက်ထူထားပြီး ကျောက်သားပေါ်တွင် "သိုင်းမိတ်ဆွေကို ကြိုဆိုပါ၏။ သစ္စာတရားဖြင့် လောကကို အလုဆင်ပါမည်" ဟူသော စာလုံးများ ရေးထိုးထား

သည်။

ဝမ်ယိစိန်းသည် ကျောက်စာတိုင် စိုက်ထူထားသော လမ်းကလေးအတိုင်း ဝင်သွားပါက ကျုံးနန်ဂိုဏ်း တည်ရှိရာကို ရောက်လိမ့်မည်ဟု တွက်ဆနေမိသည်။

လမ်းကလေးအတွင်း ဝင်မိသောအခါ သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်နေပြီး တိတ်ဆိတ်မှုများ ကြီးစိုးနေသည်။ တစ်မိုင်ကျော်မျှ လျှောက်လှမ်းမိပြန်သောအခါ မြေကွက်လပ်တစ်ခု ကို တွေ့မြင်ရပြန်သည်။ ကွက်လပ်အနီး သစ်ပင်ကြီးလေးပင်တွင် ကြေးခေါင်းလောင်းကြီး လေးခု ချိတ်ဆွဲထားသည်ကိုလည်း တွေ့ရသည်။ သစ်ပင်ကြီးများအောက်တွင် လူနှစ်ယောက်စီ နှစ်ယောက်စီ ထိုင်နေကြသည်ကိုလည်း တွေ့မြင်နေရသည်၊ ထိုင်နေသူများသည် ဝမ်ယိစိန်းတို့သုံးယောက် ဝင်ရောက်လာ သည်ကို မြင်လိုက်သည်နှင့် ထိုင်ရာမှ ထလိုက်ကြသည်။

ဝမ်ယိစိန်းကို ခေါ်လာသူ နှစ်ယောက်က ရပ်နေသူများကို လှမ်းပြောလိုက်သည်။

"ရောင်းရင်းတို့. . . ကျုပ်တို့နဲ့ အတူပါလာတဲ့လူက ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ချင်လို့၊ ခေါင်းလောင်းထိုးပြီး အကြောင်း ကြားပေးကြပါ"

ခေါင်းလောင်းအနီးမှ နှစ်ယောက်သည် ရှေ့သို့တိုးလာကြ ပြီး ဟိတ်ဟန်အပြည့်နှင့် ပြောလာသည်။

"ဂိုဏ်းချုပ်ကြီးက ဧည့်သည်နဲ့ အတွေ့မခံတာ အတော် ကြာသွားပြီ၊ ရှင်းစရာရှိရင် ကျုပ်တို့နဲ့ပဲ ရှင်းပါ"

ကြားရသောစကားကြောင့် ဝမ်ယိစိန်း ဒေါသထွက်သွား



သည်။

သူတို့သည် ဧည့်ကြိုသိုင်းသမားများ ဖြစ်သော်လည်း ဟိတ်ဟန်က ဂိုဏ်းချုပ်ထိပ်သီးများပမာ ဟန်လုပ်ကြသည်။ ဝမ်ယိ စိန်းက ထိုလူများကို ရှုံ့မှုန်းသောအကြည့်ဖြင့် စိုက်ကြည့်ပြီး ခပ်မာမာ ပြောသည်။

"ခင်ဗျားတို့က ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးနေကြတာကိုး၊ ကျုပ်ဒီကို ရောက်လာတာဟာ ကျုပ်အဖေကို သတ်သွားတဲ့လူနဲ့ စာရင်းရှင်းဖို့ ရောက်လာခဲ့တာ၊ ကျုပ်တွေ့ချင်တာက ခင်ဗျားတို့နဲ့ တွေ့ချင်တာ မဟုတ်ဘူး၊ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ချင်တာ၊ ဒါကြောင့် ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးဆီ ကျုပ်ရောက်နေပြီဖြစ်ကြောင်း ခေါင်းလောင်းထိုးပြီး အကြောင်းကြားလိုက်ပါ၊ ခင်ဗျားတို့ မထိုးရင် ကျုပ်ကိုယ်တိုင် ခေါင်းလောင်းထိုးရလိမ့်မယ်"

ဝမ်ယိစိန်းက ဒေါနှင့်မောနှင့် ခြေကားယား လက်ကား ယားလုပ်ပြီး ပြောသည်။ လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောသည်။ ဝမ်ယိစိန်း လက်ညှိုးထိုးပြလိုက်ချိန်မှာပင် ခေါင်းလောင်းကြီးလေးခုမှ အသံများ မြည်ဟိန်းထွက်လာသည်။

"ဒေါင်. . . ဒေါင်. . . ဒေါင်. . . ဒေါင်"

ကြောက်စရာကောင်းအောင် မြည်ဟိန်းနေသော ခေါင်း လောင်းသံကြောင့် ဝမ်ယိစိန်းနှင့် သိုင်းသမားအားလုံး ထိတ်လန့် သွားကြသည်။ ဝမ်ယိစိန်းသည် ခေါင်းလောင်းကြီးလေးခု အဘယ် ကြောင့် မြည်ဟိန်းသွားသည်ကို မသိပေ။

ကျုံးနန်ဂိုဏ်းသားတို့ကား ဝမ်ယိစိန်း လက်ညှိုးထိုးပြစဉ် မြည်သွားသောကြောင့် မျက်လုံးမျက်ဆံပြူးသွားကြသည်။

ဝမ်ယိစိန်း လက်ညှိုးချက်ကြောင့် ခေါင်းလောင်းကြီး မြည်ဟည်း သွားသည်ဟုလည်း ထင်မှတ်လိုက်ကြသည်။

ခေါင်းလောင်းသံသည် အလေးချိန် ကွဲပြားချက်ကြောင့် မြည်သံများ ကွဲပြားကြသည်။

ဧည့်ကြိုသိုင်းသမားများသည် ဝမ်ယိစိန်းကို ကြောက်ရွံ့ ထိတ်လန့်သွားကြပြီး စကားရောဖောရော လုပ်လာကြသည်။

"မိတ်ဆွေက ဒီခေါင်းလောင်းကြီးကို လက်ညှိုးထိုးပြီး မြည်အောင်လုပ်နိုင်တယ်ဆိုတော့ သိုင်းပညာ အတော်ကောင်းတဲ့ လူပဲ၊ မိတ်ဆွေကို ကျုပ်တို့ရဲ့ဆရာကြီးလေးယောက်ဆီ ပို့ပေးပါ့ မယ်ဗျာ"

"ကောင်းပြီ. . . ရှေ့ကသာ လမ်းပြ"

သိုင်းသမားနှစ်ယောက် ရှေ့မှ ထွက်သွားသည်။

ဝမ်ယိစိန်းက အလယ်မှ လိုက်သည်။ သူ့နောက်တွင် သိုင်းသမားရှစ်ယောက် ဝိုင်းရံပါလာသည်။ ဝမ်ယိစိန်းစိတ်ထဲတွင် ကျုံးနန်ဂိုဏ်းချုပ်သည် ဖခင်ကို သတ်သူ ဟုတ်ချင်မှ ဟုတ်မည်ဟု တွေးနေမိသည်။

အားလုံးတောင်ခြေသို့ရောက်လာသည်။ တောင်ဘက် လမ်းကလေးအတိုင်း တက်လာကြသည်။ တောင်တက်လမ်းဘေး တွင် နက်ရှိုင်းသော ချောက်ကမ်းပါးကြီးများ ရှိနေသည်။ သူတို့ အားလုံး မတ်စောက်သော လမ်းကလေးမှ တက်လာကြသည်။ တောင်ခုလပ်ဆီမှ စကားပြောသံများ ကြားနေရသည်။ အသံရှင် များသည် လူလေးငါးခြောက်ယောက် ပြောဆိုနေသောအသံဖြစ်ပြီး စူးရှသောအသံများ ဖြစ်နေသည်။ အသံကို ကြားရုံနှင့် စကားပြော



သူများသည် အတွင်းအား ကောင်းသူများဖြစ်ကြောင်း ထင်ရှား နေသည်။

"ရပ်ဝေးကလာတဲ့ ဧည့်သည်ကို တကူးတက မကြိုမိတာ အားနာစရာပဲ"

တောင်ပေါ်မှ စကားသံများကို ပီပီသသ ကြားနေရသည်။

ဝမ်ယိစိန်းသည် တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမရှိဘဲ ငြိမ်သက် နေမိသည်။ တောင်ပေါ်မှ ပြောလိုက်သော စကားသည် အတွင်း အားကို သုံး၍ ပြောလိုက်သောစကားဖြစ်သည်။

ဧည့်သည်၏ တုံ့ပြန်စကားသံ ထွက်မလာသောအခါ တောင်ပေါ်မှ သိုင်းဆရာကြီးများ အူကြောင်ကြောင် ဖြစ်သွားကြ သည်။

ဝမ်ယိစိန်းကို ခေါ်ဆောင်လာသော သိုင်းသမားများက လည်း ဝမ်ယိစိန်း၏ တုံ့ပြန်သံ ထွက်မလာသဖြင့် အလိုမကျ ဖြစ်သွားကြသည်။ လျှောက်မြဲအတိုင်း ဆက်လျှောက်လာကြရာ ကျောက်လှေကားအဆုံးသို့ ရောက်သွားကြပြီး ထိုမှတစ်ဖန် တောင်ပေါ်လွင်ပြင်တစ်ခုသို့ ရောက်ရှိခဲ့ကြပြန်သည်။

တောင်ပေါ်လွင်ပြင်တွင် မြင့်မားလှသော သစ်ပင်ကြီးများ ခုနှစ်ပင် ရှစ်ပင်ခန့် ပေါက်ရောက်နေပြီး နေရာအနှံ့ ပြန့်ကျဲနေ သော ကျောက်တုံးကြီးများကို ထိုင်ခုံ ပြုလုပ်ထားသည်ကို တွေ့ရ သည်။

သစ်ပင်ကြီးတစ်ပင်အောက်ရှိ ကျောက်တုံး ထိုင်ခုံကြီး တစ်ခုပေါ်တွင် လူလေးယောက် ထိုင်နေသည်ကို တွေ့ရသည်။

ကျုံးနန်ဂိုဏ်းသားဆယ်ယောက်က ထိုင်နေသူများကို

လက်သီးဆုပ်ပြီး ဂါရဝပြုကြသည်။ ထိုင်နေသော လူလေးယောက်သည် ထိပ်သီးဆရာကြီးလေးယောက်ဖြစ်ကြောင်း ဝမ်ယိစိန်း သတိပြုလိုက်မိသည်။ ဝမ်ယိစိန်းသည် ကြောက်လန့်ဟန်မရှိဘဲ ခပ်တည်တည် ရပ်နေသည်။ မျက်လုံးများက သိုင်းဆရာကြီးလေးယောက်ကို တစ်ယောက်စီတစ်ယောက်စီ ကြည့်လိုက်သည်။

အရပ်ထောင်ထောင်မောင်းမောင်း၊ မုတ်ဆိတ်မွေးဖြူဖြူနှင့် အဘိုးကြီးသည် မျက်လုံးအရောင် အတောက်ဆုံးဖြစ်သည်။ သူ့ဘေးတွင် ထိုင်နေသော အသက်ငါးဆယ်ခန့် အမျိုးသမီးကြီးသည် အသားအရေ ဝါကြန့်ကြန့်ဖြစ်ပြီး မာနခက်ထန်ဟန် ရှိသည်။ တစ်ယောက်သည် စာပေသမားဟန် ပေါက်နေပြီး ခါးကြားတွင် ဓါးရှည်ကြီးတစ်လက် ချိတ်ထားသည်။ အကျီစများသည် လေပြည်ကြောင့် တလူးလူးတလွင့်လွင့် ဖြစ်နေသည်။

စာပေသမားဘေးတွင် ရှိနေသူကား ဦးခေါင်းကို ပြောင်နေအောင် ရိတ်ထားသဖြင့် ရယ်စရာကောင်းသော လူတစ်ယောက်အသွင် ပေါက်နေသည်။ သူတို့သည် ဝမ်ယိစိန်းကို အကဲခတ်နေကြပြီး သိုင်းပညာအဆင့် သာမန်မျှ ဖြစ်ကြောင်း သိနေသည်။

အသားဝါဝါနှင့် မိန်းမ ကြာပန်းနတ်မယ်လီလေ့က ဝမ်ယိစိန်းကို ကြည့်နေရာမှ ခတ်ဆတ်ဆတ် လှမ်းပြောသည်။

"ဒီလူက ဘာကိစ္စ ရောက်လာတာလဲ"

အသံက မာသည်။ ခက်ထန်သည်။

ကျုံးနန်ဂိုဏ်းသားထဲမှ တစ်ယောက်က ပျာပျာသလဲ ပြန်ပြောသည်။

"ဆရာမကြီး၊ ဒီလူရဲ့ သိုင်းပညာစွမ်းဟာ အင်မတန်ထူးခြားစရာကောင်းပါတယ်၊ သူလုပ်ပြပုံတွေက ကျွန်မတော်တို့မစွမ်းဆောင်နိုင်တဲ့နည်းတွေချည်း ဖြစ်ပါတယ်၊ သူ့ပညာက ဘာပညာလို့ ခေါ်ရမှန်းမသိတဲ့ ပညာမျိုးပါ၊ ကျွန်တော် လက်တွေ့မြင်ခဲ့တာကို ရှင်းမပြနိုင်တာကိုတော့ ကိုယ့်ကိုယ်ကို ရှက်မိပါတယ်"



လီလေ့ မျက်မှောင်ကုပ်သွားသည်။

ဝမ်ယိစိန်းက မအောင့်နိုင်တော့သဖြင့် သိုင်းဆရာကြီးလေးယောက်ကို လှမ်းမေးလိုက်သည်။

"ခင်ဗျားတို့ လေးယောက်ထဲမှာ ဂိုဏ်းချုပ်က ဘယ်သူလဲ"

မုတ်ဆိတ်မွေးဖြူဖြူနှင့် အဘိုးကြီးက အဖြေပေးသည်။

"ကျုပ်ပါပဲ"

အသံသည် တိုးတိုးကလေး ပြောလိုက်သောအသံ ဖြစ်သော်လည်း စူးစူးရှရှ ရှိသည်။ အမည်သည် စကြာဝဠာ လီကျုစန့်ရင် ဖြစ်သည်။

"ခင်ဗျားမှာ . . ."

ဝမ်ယိစိန်းက စကားကို ဆုံးအောင် မပြောဘဲ ရပ်လိုက်သည်။ သူ ရှေ့ဆက်ပြောရမည့်စကားအတွက် အခက်တွေ့နေသည်။

အဘိုးကြီးက စူးရဲတောက်ပြောင်သော မျက်လုံးများနှင့် စိုက်ကြည့်နေဆဲဖြစ်သည်။ ဝမ်ယိစိန်းသည် အဘိုးကြီး၏မျက်လုံးဒဏ်ကို မခံနိုင်တော့သဖြင့် တွန့်ခနဲ နောက်ဆုတ်သွားသည်။

ဝမ်ယိစိန်း၏ အတွင်းသဘောကို ရိပ်မိဟန်ရှိသော လီကျုစန့်ရင်က စကားလမ်းကြောင်းပေးသည်။

"တကူးတက ရောက်လာပြီးမှတော့ ဘာကိုမှ ကြောက်

မနေပါနဲ့၊ ပြောစရာရှိတာကို ရဲရဲတင်းတင်း ပြောပါ"

"ခင်ဗျား ကျုပ်အဖေကို တကယ်သတ်ခဲ့သလား"

ပြောမယ့်ပြောတော့ ဝမ်ယိစိန်းက တဲ့တိုးပြောသည်။

လီကျူစန့်ရင် မျက်ခုံးနှစ်ဘက် မြင့်တက်သွားသည်။

"ခင်ဗျားမေးခွန်းကို ကျုပ် ကောင်းကောင်းသဘော မပေါက်ဘူး"

"ဩော်. . . ဩော်. . . ဒါဆို ရှင်းအောင် ပြောပါမယ်၊ ကျုပ် အဖေကို ကျုံးနန်ဂိုဏ်းသားတစ်ယောက်က သတ်ဖြတ်သွားခဲ့ပါတယ်၊ ကျုပ်အနေနဲ့ အဲဒီလူ ဘယ်သူဘယ်ဝါဆိုတာ မသိခဲ့ဘူး၊ သိထားတာက ကျုံးနန်ဂိုဏ်းသားတစ်ယောက် သတ်တယ်ဆိုတာပဲ သိထားတယ်၊ ဒါကြောင့် ဒီကိစ္စကို သွေးစာရင်းရှင်းဖို့ ရောက်လာခဲ့တာပါ"

"ခင်ဗျားအဖေက ဘယ်သူလဲ"

"မြိုင်ဘက်ကင်း ရွှေမားရှင် ဝမ်တုန်းထန်း"

ဝမ်ယိစိန်းက ရင်ကော့ပြောသည်။

ကြာပန်းနတ်မယ်လီလွေက ခပ်မာမာ ဝေါက်လာသည်၊ သူမ၏ဝေါက်သံသည် စူးရှ ကျယ်လောင်လှသဖြင့် နားထဲ အူထွက်သွားသည်။

လီလွေသည် မာနခက်ထန်သူ၊ ဂေါသကြီးသူ ဖြစ်သည့်အတိုင်း ထိုင်နေရာမှ ဖျတ်ခနဲ ထလိုက်ပြီး လက်နှစ်ဘက်ကို ဆန့်တန်းလိုက်သည်။ ထို့နောက်တွင်မူ တွဲလောင်းကျနေသော အကျီလက်အိုးကြီးကို ဝှီးခနဲ ယမ်းခါပစ်လိုက်သည်။

ထိုအခါ ဟူး. ဟူး. ဟူး ဟူသော လေလှိုင်းအော်သံကြီး



ပေါ်လာပြီး ဘုမသိ ဘမသိ ရပ်နေသော ဝမ်ယိစိန်းသည် လေဟာပြင်ထဲ မြောက်တက်သွားတော့သည်၊ အဖြစ်ကား အသူရာ ချောက်ကမ်းပါးထဲကျပြီး သေဆုံးရမည့်အဖြစ်ပင်။

"ညီမလေး အရမ်းမလုပ်နဲ့"

လီကျူစန့်ရင်က ပြောပြောဆိုဆို လေဟာပြင်ထဲ ခုန်တက်သွားသည်။ တိမ်လှိုင်းမားသမားကလည်း လီကျူစန့်ရင်နှင့်အတူ လေဟာပြင်ထဲ ခုန်တက်လာသည်။ သူတို့နှစ်ယောက်သည် ဝမ်ယိစိန်းအနီးသို့ လျှပ်ပြက်သလို ရောက်ရှိသွားပြီး တစ်ဘက်တစ်ချက်မှ ဆုပ်ကိုင်လိုက်ကြသည်။ ပြီး. . . ချောက်ကမ်းပါးထဲ ကျရောက်တော့မည်ဖြစ်သော ဝမ်ယိစိန်းကို မြေညီကျောက်ပြားချပ်ကြီး တစ်ခုအပေါ် လွှဲပစ်တင်လိုက်ကြသည်။

ထို့နောက်တွင်မူ လေဟာပြင်ထဲ ပျံတက်သွားကြပြီး ကျောက်ပြားကြီးရှိရာ တဖြည်းဖြည်း ပြန်ကျလာသည်။

အံ့ဩစရာကောင်းအောင် အစွမ်းထက်လှသော ကိုယ်ဖော့ပညာပေတကား။

ဝမ်ယိစိန်းသည် သေတွင်းထဲ ကျရောက်သွားမှ အစွမ်းထက်လှသော ပညာရှင်နှစ်ဦး၏ ကယ်တင်မှုကြောင့် အသက်ရှင်လာရသည်ကို သိမြင်နိုင်ခြင်းမရှိဘဲ ငေးငေးငိုင်ငိုင်ကြီး ဖြစ်နေသည်။

သူသည် လေဟာနယ်ထဲ မြောက်တက်သွားကတည်းက မျက်စိမှိတ်ထားသည်မှာ ယခုတိုင် မဖွင့်မိသေး၊ မူးဝေနောက်ကျိမှုများ လျော့ပါးသွားတော့မှ ဖြည်းဖြည်းချင်း ဖွင့်ကြည့်မိသည်။

သူ့ဘေးတွင် လူနှစ်ယောက်ရပ်နေသည်ကို မြင်တွေ့နေ

ရပြီဖြစ်သော်လည်း အလိုက်ကမ်းဆိုးမသိပဲ အော်ဟစ်နေပြန်သည်၊

"ပြောကြလေဗျာ. . ပြောကြစမ်းပါ၊ ကျုပ်အဖေကို သတ်တာ ဘယ်သူလဲဆိုတာ၊ ဘာလဲ. . ခင်ဗျားတို့ မပြောရဲကြဘူးလားဟင်၊ ကျုပ်က သေမှာကြောက်တဲ့လူ မဟုတ်ဘူးဗျ၊ ဒီကိုလာခဲ့ပြီးမှ ကျုပ်အဖေကို သတ်တဲ့လူ ဘယ်သူဆိုတာ မသိရလို့ မဖြစ်ဘူး"

ဝမ်ယိစိန်းသည် အရူးတစ်ယောက်လို အော်ဟစ်နေပါ၏၊

လီလွေ စိတ်မရှည်တော့ချေ။

"သေနာကောင်လေး၊ နင့်အဖေကိုသတ်တာ ငါပဲဟဲ့"

ဝမ်ယိစိန်းသည် မျက်လုံးများ ပြာခနဲ ဖြစ်သွားပြီး လီလွေဆီ ဝုန်းခနဲ ပြေးဝင်သွားတော့သည်။ လီလွေသည် လှုပ်ရှားခြင်းမရှိဘဲ ရပ်မြဲတိုင်း ရပ်နေသည်။ ဝမ်ယိစိန်းသည် လီလွေကို သတ်ချင်လွန်း၍ ပြေးဝင်သွားခဲ့သော်လည်း သူ့ရှေ့တွင် သဏ္ဍာန်မဲ့ နံရံကြီး တားထားသကဲ့သို့ ခံစားလိုက်ရပြီး ရှေ့ကို ဆက်မတိုးနိုင်ဘဲ ဖြစ်နေတော့သည်။

ထိုအချိန်မှာပင် ဟူးခနဲ လေတိုးသံကို ကြားလိုက်ရပြီးမှ ကိုယ်လုံးကြီး မြောက်တက်သွားပြန်သည်။

သည်တစ်ခါ မြောက်တက်သွားပုံသည် စောစောကလို မဟုတ်ဘဲ ရပ်နေရာမှ အပေါ်တည့်တည့် မြောက်တက်သွားခြင်းဖြစ်၍ အတ္တရာယ်ကင်းစွာ ဖျတ်ခနဲ ပြန်ကျလာခဲ့သည်။

ဝမ်ယိစိန်းသည် အခဲကျေဟန် မရှိဘဲ နောက်တစ်ကြိမ် ခုန်ဝင်ရန် ကြိုးစားလိုက်ပြန်သည်။ ထိုစဉ် လီကျူးစန့်ရင်၏ တည်ငြိမ်သောစကားသံ ပေါ်လာသည်။



"မိတ်ဆွေလေး. . ငြိမ်ငြိမ်နေစမ်းပါ၊ ခင်ဗျားအဖေ သေဆုံးရတဲ့ကိစ္စက အတော်ရှုပ်ထွေးတဲ့ကိစ္စတစ်ခု ဖြစ်နေတယ်၊ ပြဿနာတစ်ခုကို ရှင်းရှင်းလင်းလင်း မသိရသေးမီ ဘာဖြစ်လို့ အရမ်းကာရော လုပ်ချင်နေရတာလဲ"

"ခင်ဗျားစကားက ဘာစကားလဲဗျ၊ ဒီဟာမကြီးက သူသတ်ပါတယ်လို့ ဝန်ခံပြီးမှ ခင်ဗျားက ရှုပ်ရှုပ်ထွေးထွေး လာလုပ်မနေစမ်းပါနဲ့"

လီကျူးစန့်ရင်. ဒေါသထွက်လာသည်၊

"ခင်ဗျား ပါးစပ် ပိတ်ထားစမ်း"

အသံက မိုးခြိမ်းသံလို ဟိန်းသွားသည်၊

ဝမ်ယိစိန်းသည် နည်းနည်းမှ ကြောက်စိတ် မရှိတော့၊ ဒေါသသံကို ဒေါသသံနှင့် ပြန်ပြောသည်၊

"ခင်ဗျား ပိတ်ခိုင်းတိုင်း ကျုပ်က ပိတ်ရမှာလား၊ ကျုပ်ကို ဟိန်းဟောက်လို့ ကြောက်မယ်ထင်နေသလား၊ ကျုပ်က ဘာကိုမှ မကြောက်လို့ ဒီကို အရောက်လာခဲ့တာဗျ"

"ခင်ဗျား စိတ်ထင်တိုင်း လာပြောမနေစမ်းပါနဲ့၊ ခင်ဗျား တတ်ထားတဲ့ပညာက ဘာမှ သုံးလို့ရသေးတာ မဟုတ်ဘူး။ အခြေအနေကို နားလည်စမ်းပါ။ ကျုပ်တို့က ခင်ဗျားကို မသတ်ချင်သေးလို့ ခုလို ပြောနေတယ်ဆိုတာ ခေါင်းထဲ ထည့်ထားစမ်းပါ၊ အကောင်းဆုံးက ဒီတောင်ပေါ်က မြန်မြန်ဆင်းသွားပါ၊ ခင်ဗျား အပေါ်မှာ ဘယ်လိုမှ သဘောမထားဘူး၊ ဒါကို နားမလည်ဘဲ ပေါက်ကရတွေ ဆက်လုပ်လာရင် ကိုယ့်သေတွင်းကိုယ် တူးတာပဲ ဖြစ်လိမ့်မယ်"

ဝမ်ယိစိန်းသည် အခြေအနေကို နားမလည်၊ တစောက်ကန်း တဇွတ်ထိုး စိတ်သာရှိ၍ ရပ်နေရာမှ ဝုန်းခနဲ ခုန်လိုက်ပြီး လီကျူစန့်ရင်၏ ဝမ်းဗိုက်ကို ခေါင်းနှင့် ပြေးဆောင့်လိုက်တော့သည်။

လီကျူစန့်ရင်သည် ရှောင်တိမ်းခြင်းမရှိဘဲ ရပ်မြဲတိုင်း ရပ်နေသဖြင့် ဝမ်ယိစိန်း၏ခေါင်းက ထိထိမိမိကြီး ဝင်ဆောင့်လာတော့သည်။

သို့သော် လီကျူစန့်ရင် မည်သို့မျှ မဖြစ်ပေ၊ ဝမ်ယိစိန်းသာ ကျောက်နံရံကြီးကို ဆောင့်မိသကဲ့သို့ ဖြစ်သွားပြီး မျက်လုံးများ ပြာဝေသွားတော့သည်။ တစ်ခဏအတွင်းမှာပင် တစ်ခေါင်းလုံး မူးဝေနောက်ကျိသွားပြီး သတိလစ် မေ့မြောသွားတော့သည်။

* * *



အခန်း (၇)

## နှင်းပင်လယ်မှ အထီးကျန်

ဝမ်ယိစိန်းသည် အချိန်မည်မျှ ကြာအောင် သတိလစ် မေ့မြောသွားသည်ကို စဉ်းစား၍ မရတော့ပေ၊ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေသည်ကိုသာ တွေ့ရတော့သည်။

ခေါင်းထဲတွင်မူ တစစ်စစ်နှင့် နာကျင်ကိုက်ခဲနေပြီး နောက်ကျိကျိ ဖြစ်နေဆဲရှိသည်၊ အတန်ကြာမှ မြင်းလှည်းတစ်စီး အတွင်း ရောက်နေကြောင်း သိမြင်လာခဲ့သည်။

လဲနေရာမှ လူးလဲထလိုက်ပြီးနောက် မြင်းလှည်းမောင်း နေသူကို လှမ်းအော်လိုက်မိသည်။

"ဟေ့. . . ဟေ့. . . ရပ်. . . ရပ်. . . ရပ်ဆို ရပ်စမ်း၊ လှည်းကို ဘယ်သူမောင်းနေတာလဲ"

ဝမ်ယိစိန်းသည် ထိတ်ထိတ်ပျာပျာ အော်ဟစ်ရင်း လှည်းအိမ်တံခါးကို ဆောင့်ကန်ဖွင့်လိုက်သည်။ တံခါးပွင့်သွားသောအခါ လောကကြီးတစ်ခုလုံး မှောင်မည်းနေသည်ကို တွေ့ရသည်။

မြင်းလှည်းမောင်းသူသည် အရပ်ပုပုဖြစ်ပြီး အော်သံကို မကြားဟန်ပြုပြီး ငြိမ်သက်မြဲ ငြိမ်သက်နေသည်။

"ဟေ့လူ. . . မြင်းလှည်းကို ရပ်မပေးဘူးလား၊ ရပ်မပေး ရင် ခုန်ချလိုက်မယ်နော်"

ဝမ်ယိစိန်းက ပြောပြောဆိုဆို မြင်းလှည်းပေါ်မှ ခုန်ချလိုက်သည်။ မြင်းလှည်းမောင်းသမားက ဇက်ကြိုးကို တုံ့ခနဲ ဆွဲလိုက်ပြီး မြင်းလှည်းကို ရပ်တန့်လိုက်သည်။

ဝမ်ယိစိန်းသည် မြေပြင်ပေါ် လဲကျသွားရာမှ လူးလဲထလိုက်သည်။ မြင်းလှည်းမောင်းသမားကို ကြည့်လိုက်သောအခါ အလိုမကျသော အရိပ်အရောင်များ လွှမ်းနေသည်ကို တွေ့ရသည်။ ဝမ်ယိစိန်းသည် ထိုလူ့ကို တစ်ကြိမ်တစ်ခါမျှ သိကျွမ်းဖူးခြင်း မရှိသဖြင့် အံ့အားသင့်သွားသည်။ စိတ်ထဲ၌မူ ကျုံးနန် ဂိုဏ်းသား တစ်ယောက်သာဖြစ်မည်ဟု ထင်မှတ်နေသည်။

"ခင်ဗျားတို့ ကျုံးနန်ဂိုဏ်းသားတွေဟာ သိပ်လူဝါးဝတဲ့ လူတွေ၊ ကျုပ်ကို နှိပ်စက်လို့ အားမရလို့ ဘယ်ကို ခေါ်ပြီး နှိပ်စက်ကြအုံးမှာလဲ"

မြင်းလှည်းမောင်းသမားက စိတ်တိုလာဟန်နှင့် ခတ်ဆတ်ဆတ်ပြောသည်။

"မင်း ဘာတွေ ပြောနေတာလဲ၊ ပေါက်ကရတွေ ပြောမနေစမ်းနဲ့ မြင်းလှည်းပေါ် မြန်မြန်တက်"



ဝမ်ယိစိန်း ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ကျုပ်ပြောတာ မှားလို့လား၊ ခင်ဗျားက ကျုံးနန်ဂိုဏ်းက လူ မဟုတ်လား၊ ခင်ဗျားက လှည်းပေါ်တက်ခိုင်းပြီး ဘာလုပ်အုံးမလို့လဲ"

"စကားကြော ရှည်မနေနဲ့ တက်ဆို မြန်မြန်တက်"

ဝမ်ယိစိန်းသည် ဘာဆက်လုပ်ရမည်ကို မသိတော့၊ ပတ်ဝန်းကျင်တစ်ခုလုံးကား မှောင်နှင့်မည်းမည်း။ မည်သည့်နေရာ ရောက်နေသည်ကိုပင် မသိ။ ကျုံးနန်ဂိုဏ်း တည်နေရာသည် မည်သည့်နေရာမှာ ရှိနေသနည်း၊ မိမိသည် ကျုံးနန်ဂိုဏ်း တည်နေရာနှင့် မည်မျှဝေးသည့်နေရာကိုရောက်ရှိနေသနည်း။ စိတ်ထဲတွင် လီလွေ့ကို လက်စားချေလိုစိတ်များ ပေါ်ပေါက်လာ မြန်သည်။

"မြင်းလှည်းဆရာ၊ ကျုံးနန်ဂိုဏ်း တည်နေရာနဲ့ ဒီနေရာ ဘယ်လောက်ဝေးလဲ ဗျ"

"မင်း တယ်အပြောရခက်တဲ့ကောင်ပါလား၊ တက်ဆို တက်ကွာ၊ မင်း မတက်ရင် ငါ သွေးကြောပိတ်ပြီး တင်ရလိမ့်မယ်"

"ခင်ဗျား သိပ်ကြီးကျယ်မနေနဲ့၊ ခင်ဗျား တက်ခိုင်းတိုင်း ကျုပ်က တက်ရမှာလား"

မြင်းလှည်းမောင်းသူက စိတ်မရှည်တော့။ ဝမ်ယိစိန်းရှိရာ လွှားခနဲ ခုန်ဝင်လာပြီး ဖျတ်ခနဲ ချုပ်ကိုင်လိုက်သည်။ ထို့နောက် ဝမ်ယိစိန်းကို မြင်းလှည်းပေါ် ပစ်တင်လိုက်သည်။ ထိုလူ၏ လှုပ်ရှားမှုသည် လျှပ်ပြက်သကဲ့သို့ မြန်သည်။ ဝမ်ယိစိန်းသည် လုံးဝ ရုန်းကန်ခြင်း မပြုနိုင်ဘဲ မြင်းလှည်းအိမ်ထဲ ပြန်ရောက်သွားသည်။

ထိုလူသည် မြင်းလှည်းပေါ်ပြန်တက်လာပြီး မြင်းလှည်းကို ဆက်မောင်းသည်။ ဝမ်ယိစိန်းမှာ ဒေါသထွက်နေသောကြောင့် မကျေနိုင် မချမ်းနိုင် အော်ဟစ်နေသည်။

"ခင်ဗျားက ကျုပ်ကို အနိုင်ကျင့်တယ် ဟုတ်လား၊ ဒါပေါ့ဗျာ. . . ဒါပေါ့၊ ကျူးနန်ဂိုဏ်းသားတွေဟာ တစ်ယောက်မှ ကောင်းတာမှ မဟုတ်ဘဲ၊ ခင်ဗျားလဲ ဘယ်ကောင်းမလဲ၊ တစ်နေ့ကျရင် ခင်ဗျားတို့ကို ကောင်းကောင်းကြီး လက်စားချေပြမယ်"

မြင်းလှည်းသမားသည် သဘောကျသွားဟန်နှင့် တခစ်ခစ် ရယ်လိုက်သည်။

"အပြောကတော့ တယ်ကောင်းဗျာ. . . တယ်ကောင်း"

ဝမ်ယိစိန်းသည် ထိုလူကို နားမလည်သလို ဖြစ်သွားသည်၊ မိမိက မကျေမနပ်နှင့် ပြောဆိုကြိမ်းမောင်းနေသော်လည်း ထိုလူက စိတ်ဆိုးဟန်မရှိဘဲ ရှိနေသည်မှာ အံ့သြဖို့ကောင်းသည်။ သည်အတိုင်းဆိုလျှင် ထိုလူသည် ကျူးနန်ဂိုဏ်းသား ဖြစ်ဟန်မတူချေ၊ ဝမ်ယိစိန်းသည် ထိုလူ မည်သူမည်ဝါဖြစ်ကြောင်း ပိုသိချင်လာသည်။

"ဟေ့လူ. . . ခင်ဗျား ဘယ်သူလဲ"

မြင်းလှည်းမောင်းသူက အဖြေမပေးသေးဘဲ မြင်းကို ဖျန်းခနဲ ရိုက်လိုက်သည်။ ခပ်ဖြည်းဖြည်းသွားနေသော မြင်းသည် အရိုက်ခံလိုက်ရသည်နှင့် တပြိုင်နက် တဟုန်ထိုး ပြေးသွားတော့သည်၊ ထိုအခါကျမှ မြင်းလှည်းမောင်းသူက ပြန်ပြောသည်။

"ငါပြောရင် မင်းက သိတော့ သိမှာမို့လား"

ဝမ်ယိစိန်း မျက်မှောင်ကုပ်သွားသည်။



"ခင်ဗျားက ကျုပ်ကို ဘယ်မှာတွေ့ပြီး ဘယ်ကို ခေါ်သွားမလို့လဲ"

"ဟဲဟဲ . . . ဒီလောက်သိချင်နေမှတော့ ပြောပါ့မယ်ကွာ၊ မင်းဟာ ကျူးနန်ဂိုဏ်းချုပ်ကြီးလက်ချက်နဲ့ ကျောက်ပြားကြီးတစ်ချပ်ပေါ်မှာ သတိလစ်နေတာကွ၊ ငါက တောင်ပေါ်တက်လာတုန်းတွေ့လို့ ခေါ်လာတာ၊ မင်းကို ခေါ်လာတာက မင်းအဘွားနဲ့ တွေ့ပေးဖို့ ခေါ်လာတာ"

ဝမ်ယိစိန်း မျက်လုံးပြူးသွားသည်၊

အဘွား. . . ဘယ်ကအဘွားလဲ. . .၊ မိမိမှာ အဘွားရှိသည်ဟု တစ်ကြိမ်တစ်ခါမျှ မကြားခဲ့စဖူး။ အမေရှိသည်ဟုလည်း မည်သူကမျှ မပြောဖူး။

သည်လူသည် မိမိကို သတ်ပစ်ရန် လိမ်ညာခေါ်လာခဲ့သူလော၊ ဖြစ်နိုင်သည်က ကျူးနန်ဂိုဏ်းက သူတို့ အမြစ်လွတ်အောင် လိမ်ညာလှည့်ဖြား၍ ကြံစည်သော အကောက်ဉာဏ် ဖြစ်ကောင်းဖြစ်နိုင်သည်။ ဝမ်ယိစိန်းသည် မျက်မှောင်ကုပ်ရင်း အတွေးနက်နေပြန်သည်။ ပြီးမှ စိတ်ထဲထင်ရာ လှမ်းပြောလိုက်သည်။

"ဟေ့လူ. . . ခင်ဗျားက ကျုပ်ကို သတ်ဖို့ ခေါ်လာတယ်ပေါ့ ဟုတ်လား၊ ဒီလိုလုပ်လို့ ခင်ဗျားမှာ ဘာအခွင့်အရေးရှိလို့လဲ၊ ခင်ဗျားနဲ့ကျုပ်က ဘယ်တုန်းက ရန်ငြိုးရှိခဲ့လို့လဲ"

မြင်းလှည်းမောင်းသမားက သဘောကျဟန်နှင့် တဟားဟား ရယ်သည်။

"ဟား. . ဟား. . . ဟား. . . ဒါကြောင့်မို့ လူတွေက မင်းကို အရူးလို့ ပြောကြတာပဲ၊ အစကတော့ လူတွေပြောတာကို

အလကားလို့ ထင်ခဲ့တယ်၊ ခုတော့. . . မင်းက လူတွေပြောတဲ့ အတိုင်းပါပဲလား"

ဝမ်ယိစိန်းသည် မျက်စိပျက် မျက်နှာပျက် ဖြစ်သွားသည်။

"ခင်ဗျားက ကျုပ်ကို အရူးလို့ ပြောတယ် ဟုတ်လား၊ ကျုပ်ဘယ်မှာ ရူးလို့လဲဗျ၊ ကျုပ်ကို ခင်ဗျား သက်သက် စော်ကား နေတာလား"

ဝမ်ယိစိန်းသည် ခပ်ကြောင်ကြောင် အမူအရာနှင့် လှမ်း မေးနေပြန်သည်။ မြင်းလှည်းမောင်းသမားသည် ဝမ်ယိစိန်း၏ ရိုးအမူကို သဘောကျသွားပြီး တဟားဟား ရယ်မောလိုက်တော့ သည်။

"ဟား. . . ဟား. . . ဟား. . . ဟား. . ဟား. . ဟား"

"ဟေ့လူ. . . ခင်ဗျား ဘာရယ်နေတာလဲ"

"ရယ်စရာ ရှိလို့ပေါ့ကွ"

"ဒါဆို ခင်ဗျားလဲ အရူးပဲ၊ ရယ်စရာမရှိဘဲ တစ်ယောက် တည်း ရယ်တာဟာ အရူးမှ ရယ်တာ၊ ခင်ဗျား အရူး. . . ခင်ဗျား. . . အရူး. . . "

"ဟေ့ကောင်. . . ငါ မရူးဘူးကွ၊ လူကောင်း. . . လူကောင်း၊ ငါ့နာမည် လီအော့၊ မင်းငါ့ကို ဦးလေးလီအော့လို့ ခေါ်နိုင်တယ်"

ဝမ်ယိစိန်း အခုမှ သတိထားမိသည်။ လီအော့ဆိုသူ၏ လေသံသည် စစ်ချွမ်းပြည်နယ်သားတို့၏ လေသံဖြစ်နေသည်။ မိမိသည် စစ်ချွမ်းပြည်နယ်တွင် အနေကြာခဲ့သူဖြစ်၍ ဤလေသံ မျိုးနှင့် စကားပြောသည်ကိုပို၍ပြီး အာသွက်သည်။ စစ်ချွမ်းပြည်



နယ်သည် ဝမ်ယိစိန်း၏ ဇာတိချက်ကြွေအရပ် မဟုတ်ပေ။ စစ်ချွမ်း ပြည်နယ်ကို ရောက်ခဲ့ခြင်းသည် ဖခင်သေခါနီးမှ ရောက်ခဲ့ခြင်း ဖြစ်သည်။ ငယ်ငယ်ကတည်းက အဖေနှင့်သာ အတူနေခဲ့ရပြီး အမေဟူ၍ မရှိခဲ့ချေ။ အမေ့အကြောင်း မေးလျှင် အဖေက သေပြီဟုသာ ပြောခဲ့သည်။ စစ်ချွမ်းပြည်နယ်ရောက်ပြီး ဘကြီး လီလုံနှင့်နေစဉ် အမေ့အကြောင်း မေးဖူးသည်။ သို့သော် ဘကြီးက ဘုကြည့်ကြည့်ပြီး ဘာမျှ ပြန်မပြော။ ထိုအချိန်ကတည်းက အမေ့အကြောင်းကို မည်သူ့ကိုမျှ မေးမကြည့်မိတော့။

ယာခ ကိုအော[illegible]က တွေ့ဆုံပေးမည်ဆိုသည့် အဘွား ကြီးသည် မိမိ အမေမှ[illegible]နေမလား။ ဝမ်ယိစိန်းသည် တောင်စဉ် ရေမရ တွေးရင်း ငိုင်နေမိပြန်သည်။ လီအော့က ဝမ်ယိစိန်းကို ကြည့်ပြီး ကရုဏာသက်ဟန်နှင့် မေးလာသည်။

"ကောင်လေး၊ ဘာတွေ တွေးနေတာလဲကွ"

"ကျုပ်ဘကြီး အကြောင်းပါ၊ ခင်ဗျား ဘကြီးကို သိသလား"

လီအော့ ငိုင်သွားသည်။ အတန်ကြာအောင် ငြိမ်သွားပြီးမှ သက်ပြင်းချပြီး ပြောသည်။

"မင်းဘကြီးကို ငါသိပါတယ်ကွာ၊ သူသေသွားတာကိုလဲ ငါသိထားပါတယ်၊ ငါသူ့ဆီ အရောက် နောက်ကျခဲ့တဲ့အတွက် မီးလောင်ပြင်နဲ့ မြေပုံကိုပဲ တွေ့ခဲ့ရတယ်၊ ပြီးတော့ ချင်ဖုန်းရဲ့ တပည့်နှစ်ယောက်နဲ့ပါ တွေ့ခဲ့လို့ မင်း ကျူးနန်ကို ထွက်သွား ကြောင်း သိခဲ့ရတယ်၊ ဒါကြောင့် မင်းဆီကို လိုက်လာနိုင်ခဲ့တာပေါ့"

ဝမ်ယိစိန်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ချင်ဖုန်း တပည့်နှစ်ယောက်ဆိုသော စကားကြောင့်လည်း ရင်ထဲ ထိတ်ခနဲ

ခုန်သွားသည်။

လျှပ်ဖေး၏ ရိုင်းပျစော်ကားသော အပြုအမူများ မျက်စိထဲ ပေါ်လာပြီး ချက်ချင်း ပြန်ပျောက်သွားသည်။

မယောင်၏ ကရုဏာလွှမ်းသောမျက်လုံးလေးများနှင့် ချစ်စရာကောင်းသော အလှရုပ်ပုံကလေးသည် အသည်းထဲမှာ စွဲထင်နေသည်။ ထိုစဉ် လီအော့၏အသံကြောင့် အတွေး ပျက်သွားပြီး ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။

"ချင်ဖုန်းကို မင်း သိသလား"

ဝမ်ယိစိန်းက ခေါင်းညိတ်ရင်း လှမ်းပြောသည်။

"သိပါတယ်၊ ကွမ်းဝိုက်က နံပါတ်တစ် သိုင်းဆရာကြီး မဟုတ်လား"

"မင်းပြောတာ မှားတယ်၊ ချင်ဖုန်းက ကွမ်းဝိုက်မှာ နံပါတ်နှစ်ကွ"

"ဩော်. . . ဩော်. . . ဒါဖြင့် ကျုပ်အဖေ ပြိုင်ဘက်ကင်း ရွှေဓားရှင်က နံပါတ်တစ်လား"

"ဟား. . . ဟား. . မင်းအဖေက နံပါတ်သုံးပါကွ၊ ဟား ဟား"

"ဒါဖြင့် နံပါတ်တစ်က ဘယ်သူလဲ"

"ညံ့သေးတာပဲ၊ နံပါတ်တစ်က မင်းဦးလေး လီအော့၊ လီအော့ဆိုတာ ငါ၊ ဟား. . . ဟား. . . ဟား. . ."

ဝမ်ယိစိန်း ငြိမ်သွားသည်။ ဘဝင် သိပ်မကျ။ မိမိသည် အဖေ့နောက် တကောက်ကောက်လိုက်ဖူးသည်။ အဖေ့ သူငယ်ချင်း မိတ်ဆွေများထံ အကြိမ်ကြိမ် ရောက်ဖူးသည်။ လီအော့ အမည်



ကိုကား မကြားဖူးခဲ့ချေ။

ယခု လီအော့က နံပါတ်တစ် သိုင်းဆရာကြီးဟု ပြောနေသည်။ ယုံရမည်လား။ ဘာပဲဖြစ်ဖြစ် သူပြောတာကို ယုံရမည်။ လီအော့သည် ကွမ်းဝိုက် နံပါတ်တစ် သိုင်းဆရာကြီးပါတည်း။

ဝမ်ယိစိန်းသည် လီအော့ကို ငေးကြည့်နေမိသည်။ ရုတ်တရက် လီအော့သည် တဟဲဟဲရယ်ရင်း မာန်သွင်း အော်ဟစ်လိုက်သည်။ လက်ထဲမှ ကြာပွတ်ကြီးကိုလည်း လှုပ်ယမ်းလိုက်သည်။ ကြာပွတ်ကြီးသည် လှံတံတစ်ချောင်းကဲ့သို့ တန်းတန်းကြီး ဖြစ်သွားသည်။ ထို့နောက် ကြာပွတ်ကို ဝှစ်ခနဲ ပစ်လွှတ်လိုက်သည်။ ကြာပွတ်ထိပ်ဖျားသည် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်ထဲ နစ်ဝင်သွားသည်။

ဝမ်ယိစိန်းသည် မျက်လုံးပြူး မျက်ဆံပြူးနှင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"မင်း ဒါမျိုး မြင်ဖူးလား"

လီအော့က ခပ်ကြွားကြွားမေးသည်။

"ဟင့်အင်း. ."

ဝမ်ယိစိန်းက ခေါင်းခါ ပြသည်။

"မင်းအဖေမှာ ဒီလိုအဖြစ်မျိုးရောက်အောင် လုပ်နိုင်တဲ့ အတွင်းအားမျိုးရှိလား"

ဝမ်ယိစိန်း မဖြေနိုင်၊ ကြာပွတ်ဟူသည် ပျော့ပျောင်းသော လက်နက်တစ်မျိုးသာဖြစ်[illegible]။အတွင်းအား ကောင်းမွန်ခြင်းမရှိဘဲ ဤကဲ့သို့ ပြုလုပ်နိုင်စွမ်း မရှိ။ ဝမ်ယိစိန်း ငိုင်နေသည်။

လီအော့က ထပ်ပြီး မေးခွန်း ထုတ်လိုက်သည်။

"ဘယ်လိုလဲကွ၊ မင်းအဖေဆီမှာ ဒီလိုအရည်အသွေးရှိတဲ့ အတွင်းအား ရှိရဲ့လား"

"မရှိဘူးထင်တယ်"

လီအော့ မျက်နှာ ပြုံးသွားသည်။ ဝမ်ယိစိန်းက စကားလမ်းကြောင်း ပြောင်းပြောသည်။

"ဦးလေးလီအော့၊ ကျုပ်အဖေကို သိတယ်လား"

လီအော့က သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။

"သိရုံတင် ဘယ်ကမလဲကွ၊ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတွေပေါ့"

ဝမ်ယိစိန်းမျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ဖခင်၏ မျက်နှာကို ပြန်လည်မြင်ယောင်လာပြီး ဒေါသ ထွက်လာသည်။

"ဦးလေးလီအော့နဲ့ ကျုပ်အဖေက ရင်းနှီးတဲ့ မိတ်ဆွေတွေ ဟုတ်လား၊ ဒါဆို ကျုပ်အဖေနဲ့ ရန်သူတွေ တိုက်ခိုက်နေကြချိန်မှာ ခင်ဗျားက ဘာဖြစ်လို့ အကူအညီ မပေးခဲ့တာလဲ"

လီအော့သည် ဝမ်ယိစိန်းစကားကြောင့် မျက်လုံးပြူးသွားသည်။ သူသည် ဝမ်ယိစိန်းက ဤသို့သောမေးခွန်းမျိုး မေးမည်မထင်သဖြင့် ဘာပြန်ပြောရမည်မသိအောင် ဖြစ်သွားသည်၊ စောစောက ဝမ်ယိစိန်းသည် သူ့ကို လေးစားဟန် ရှိနေသော်လည်း ယခုတွင်မူ အပြစ်တင်သံနှင့် မေးလာပြန်သောကြောင့် ခပ်ကြောင်ကြောင်ဖြစ်သွားသည်။

မျက်နှာကြီးတစ်ခုလုံး နီရဲနေကာ အိုးတိုးအမ်းတမ်း ဖြစ်နေသည်။ အချိန်အတော်ကြာသွားမှ ထစ်ထစ်ငေါ့ငေါ့နှင့် ပြောလာသည်။



"အဲ. . . အဲဒီတုန်းက. . ငါ. . ငါက . . အဝေးကြီးကို ရောက်နေခဲ့တာကွ၊ ငါ. . ငါပြန်ရောက်တော့ သူတို့က ပြဿနာဖြစ်ပြီးသွားကြပြီကွ၊ ဒီတော့ ငါ ဘာတတ်နိုင်တော့မှာလဲ"

ဝမ်ယိစိန်းသည် သက်ပြင်းကိုသာ ဟင်းခနဲ ချလိုက်မိတော့သည်။

လီအော့ကိုလည်း ယုံကြည်စိတ် မရှိတော့ပေ။ လီအော့ ပြောနေသောစကားများသည် အလိမ်အညာစကားများ ဖြစ်သည်ဟု တွေးနေမိသည်။

လီအော့က စကားလမ်းကြောင်းကို ပြောင်းပစ်လိုက်သည်။

"ကဲကဲ. . . ငါတို့ သွက်သွက်လေး ခရီးဆက်ကြအုံးစို့ကွာ၊ အဘွားကြီးက ငါ့ကို ရက်အတိအကျ သတ်မှတ်ပေးလိုက်တာ၊ အရောက်နောက်ကျသွားရင် ဒေါသူပုန်ထနေလိမ့်မယ်"

"ခင်ဗျားပြောနေတဲ့ အဘွားကြီးက ခင်ဗျားထက် သိုင်းပညာ ပိုတော်လို့လား"

လီအော့သည် အဖြေပေးမလာတော့။

ကြာပွတ်ကိုသာ တဝှီးဝှီးမြည်အောင် ဝှေ့ယမ်းလိုက်ပြီး မြင်းတင်ပါးကို တရှမ်းရှမ်း ရိုက်ပစ်လိုက်သည်။ မြင်းသည် မှန်မှန်ပြေးနေရာမှ ကဆုန်စိုင်းပြီး ပြေးတော့သည်။

မြင်းခွါသံနှင့် လှည်းဝင်ရိုးသံ၊ ဘီးလိမ့်သံ စသည်တို့က အမှုဟုတ်ခြင်း ဆူညံသွားသည်။ လမ်းပေါ်မှ ကျောက်ခဲကလေးများ ဖွားခနဲဖွာခနဲ လွင့်ထွက်သွားကြသည်။

ဝမ်ယိစိန်းသည် ဘယ်အရပ်၊ ဘယ်ဒေသသို့ သွားနေသည်

ကိုပင် မမေးမိတော့။ ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာပေါက် ဆိုသောသဘောနှင့် ငြိမ်သက်စွာ လိုက်လာခဲ့တော့သည်။ မြင်းလှည်းသည် အနောက်စူးစူးသို့သာ ဦးတည် မောင်းနှင်နေသည်။ လမ်းတစ်လျှောက်လုံးသည် ကွင်းခေါင်ခေါင်ဖြစ်နေပြီး တစ်ခါတစ်ရံ ကျောက်တုံးကျောက်ခဲကြီးများကို အနံ့အပြား တွေ့ရသည်။

တစ်နေ့လုံး တစ်ညလုံး မောင်းနှင်ခဲ့သော်လည်း လွင်တီးခေါင်ကြီးသာဖြစ်သည်။ လူနေအိမ်ခြေဟူ၍ တစ်အိမ်တစ်လေမျှ မတွေ့ချေ။

ထိုမှလွန်သော် သဲပြင်သက်သက် ကန္တာရကြီးထဲတွင် လေးငါးရက်ကြာအောင် မောင်းနှင်ရပြန်သည်။ နောက်တစ်ဖန် တောင်ပေါ်လမ်းများနှင့် တောလမ်းများထဲတွင် ကွေ့ကာ ကောက်ကာ မောင်းနှင်ခဲ့ရပြန်သည်။

သို့နှင့် ထွက်လာသည့်ခရီးသည် ရက်ပေါင်းနှစ်ဆယ်ကျော် လာသည်။ ထိုရက်ပေါင်း နှစ်ဆယ်ကျော်အတွင်း ဝမ်ယိစိန်းနှင့် လီအောက်တို့သည် ထူးထူးထွေထွေ စကားမပြောမိခဲ့ကြပေ။

မောင်းသူကလည်း သူ့အတွေးနှင့်သူ မောင်းသည်၊ လိုက်သူကလည်း ကိုယ့်အတွေးနှင့်ကိုယ် လိုက်လာသည်။

ဝမ်ယိစိန်း၏ စိတ်ထဲတွင် လီအောက သူ့ကို သတ်ပစ်ရန် အတွက် ညာခေါ်လာသည်ဟု ထင်နေသည်။

လီအောက်သည် သိုင်းပညာအဆင့်မြင့်မားသူဖြစ်သဖြင့် အမှန်တကယ်သတ်ချင်လျှင် လွယ်လွယ်ကူကူ သတ်နိုင်သူဖြစ်သည်၊ ဤမျှ ဝေးဝေးလံလံ နေရာထိအောင် ခေါ်လာစရာ အကြောင်း မရှိချေ။ ယခုသော်မည်သည့်အကြောင်းကြောင့် ဤမျှဝေးလံသည့်



နေရာကို ခေါ်ဆောင်လာခဲ့လေသနည်း။ ဝမ်ယိစိန်း မစဉ်းစားတတ်တော့ချေ။

သူသည် လှည်းအိမ်အတွင်းမှ ခေါင်းပြူပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ အေးမြသောလေသည် တသုန်သုန် တိုက်ခတ်လျက် ရှိနေပြီး နှင်းများ တဖွဲဖွဲ ကျနေသည်၊ ပတ်ဝန်းကျင် တစ်ခုလုံး နှင်းကမ္ဗလာကြီး ဖြန့်ကြက်ထားသကဲ့သို့ ရှိနေသည်၊ မြေပြင်တွင် နှင်းပွင့်နှင်းခဲများ ဖွေးဖွေးဖြူဖြူ ဖြစ်နေသည်မှာ လွမ်းမောဖွယ် ကောင်းလှသည်။

လီအောက မြင်းဇက်ကြိုးကို ဆောင့်ဆွဲလိုက်သည်။ပြေးနေသော မြင်းသည် ဟီးသံပေးပြီး ရပ်သွားသည်။ လီအောက်သည် ကြာပွတ်ကို ကိုင်ထားရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ဝမ်ယိစိန်းသည် လွမ်းမောဖွယ်ကောင်းသော နှင်းပင်လယ်ကြီးကို တငေးတမော ကြည့်နေရင်း သက်ပြင်းတစ်ချက်ကို ဟင်းခနဲ ချလိုက်သည်။ ထို့နောက် လီအောက်ကို လှမ်းပြောသည်။

"ဦးလေးလီအောက်၊ ဘာဖြစ်လို့ မြင်းလှည်းကို ရပ်လိုက်ရတာလဲ၊ တစ်လမ်းလုံး ရပ်လိုက် မောင်းလိုက် လုပ်နေတာ လေးငါးခါ ရှိပြီ။ တော်ကြာ အချိန်မီ မရောက်လို့ အဘွားကြီးက ခင်ဗျားကို ဆူနေအုံးမယ်၊ မောင်းလေဗျာ၊ ဘာလုပ်နေတာလဲ"

လီအောက ဘာမှ ပြန်မဖြေ။ တွေတွေငေးငေးကြီး လုပ်ပြီး ငြိမ်သက်နေသည်။ အချိန်အတော်ကြာမှ ညည်းညည်းညူညူ အသံကြီး ပေါ်လာသည်။

"ဝမ်တုန်းထန်း. . . . ဝမ်တုန်းထန်း၊ ခင်ဗျားသေခဲ့တဲ့နေ့ဟာ ခုလို နှင်းတွေဖွေးနေတဲ့အချိန်မှာ သေခဲ့ရတာနော်၊ အင်း. . .

ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ ကျုပ်ကို ခွင့်လွှတ်ပါ"

လီအော့က ကြေကွဲဆို့နင့်နေသောလေသံနှင့် ညည်းသည်။ ဝမ်ယိစိန်းက လီအော့ကို ကြည့်ပြီး မျက်ရည်များ ဝဲလာသည်။တစ်ချိန်တည်းတွင် ရွှေဓားကို ကိုင်ထားသော ဝမ်တုန်းထန်းသည် ရန်သူကို တစ်ယောက်တည်း ခုခံတိုက်ခိုက်နေပုံကို မြင်ယောင်လာသည်။ ထို့နောက် ဝမ်တုန်းထန်းသည် ကိုယ်ပေါ်တွင် ဒဏ်ရာများ ပြည့်နှက်သွားပြီး သွေးများ စီးကျလာသည်ကို မြင်နေရသည်။

ဝမ်ယိစိန်းသည် မျက်လုံးထဲမှ မြင်ယောင်နေသည်ကို ချက်ချင်းလက်ငင်း ဖြစ်ပေါ်နေသကဲ့သို့ ခံစားလိုက်ရပြီး အလန့်တကြား အော်ဟစ်လိုက်မိသည်။

"ဟော့လူ. . . ခင်ဗျား ပါးစပ်ပိတ်ထားစမ်း၊ ပိတ်ထားစမ်း ကျုပ်ဘာမှ မကြားချင်တော့ဘူး"

ဝမ်ယိစိန်းသည် မျက်နှာကို လက်ဝါးဖြင့်အုပ်ရင်း အော်ဟစ်နေ၏။ ထိုစဉ် တစ်စုံတစ်ယောက်က ပခုံးကို ဆုပ်ကိုင်လိုက်သဖြင့် ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။ ထိုအခါ မျက်နှာကြီးနီနေသော လီအော့ကို တွေ့ရတော့သည်။ လီအော့သည် ဝမ်ယိစိန်းကိုကြည့်ပြီး ခပ်ကြောင်ကြောင် အမူအရာမျိုး ဖြစ်နေသည်။ ဝမ်ယိစိန်းသည် ထိတ်ခနဲဖြစ်သွားပြီး စိုးရိမ်တကြီး မေးလိုက်သည်။

"ဦး. . . ဦးလေးလီအော့၊ ဘာဖြစ်တာလဲဗျ"

လီအော့သည် ဘာမျှပြန်ပြောခြင်းမရှိဘဲ ခပ်ကြောင်ကြောင်ပင် ရှိနေသည်။ ခေါင်းပေါ်၌ နှင်းပွင့်များ ဖွေးဖွေးဖြူနေပြီး နှုတ်ခမ်းများ တဆတ်ဆတ် တုန်နေသည်။ ဝမ်ယိစိန်းသည် အခြေအနေကို နားမလည်နိုင်ဘဲ ဖြစ်နေသည်။ ထိုစဉ် လီအော့က



နောင်တရဟန်နှင့် တုန်တုန်ယင်ယင် ပြောလာသည်။

"ငါ. . . ငါ မင်းကို လိမ်ညာနေမိတယ်ကွာ၊ အဲဒါကို စိတ်မကောင်း ဖြစ်နေမိလို့ပါ၊ တကယ်တော့ မင်းအဖေအသတ်ခံရတုန်းက အဝေးကြီး ရောက်နေတယ်ဆိုတာ မဟုတ်ပါဘူး၊ ငါမင်းအဖေနဲ့ နီးနီးကပ်ကပ်ကြီး ရှိနေခဲ့တာပါ"

ဝမ်ယိစိန်းသည် လီအော့ကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွားသဖြင့် ဖြေရာမြေကြောင်း ဖြေပြောလိုက်သည်။

"တကယ်တော့လဲ ဦးလေးလီအော့နဲ့ မဆိုင်ပါဘူးဗျာ၊ အဖေ့ဆီမှာက မိတ်ဆွေအပေါင်းအသင်းတွေ အများကြီးရှိခဲ့တဲ့ဥစ္စာ၊ ဦးလေးတစ်ယောက်တည်း အပြစ်ရှိတယ်လို့ ဘယ်ပြောလို့ဖြစ်မလဲ၊ ဦးလေးလီအော့ ဘာမှ စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ဗျာ"

ဝမ်ယိစိန်း၏ ခွင့်လွှတ်စကားကို ကြားလိုက်ရသော လီအော့သည် ရှက်စိတ်ကြောင့်လော၊ ဒေါသစိတ်ကြောင့်လော မသိ၊ နဖူးပြင်တွင် ချွေးပေါက်များ သီးလာတော့သည်။ ချွေးနှင့် နှင်းပွင့် နှင်းပေါက်များ ရောထွေးသွားပြီး နှင်းရည်နှင့် ချွေးများ ပါးပြင်ပေါ် စီးကျလာသည်။

လီအော့သည် ဝမ်ယိစိန်းနှင့် မျက်နှာချင်း မဆိုင်ရဲတော့သကဲ့သို့ တစ်ဘက်သို့ လှည့်သွားပြန်သည်။

ဝမ်ယိစိန်းသည် ရိုးသားဖြောင့်မတ်သူ၊ စိတ်နှလုံးကောင်းရှိသူဖြစ်၍ လီအော့ကို နှစ်သိမ့်စကား လှမ်းပြောလိုက်သည်။

"ဦးလေးလီအော့ရယ်၊ ဘာမှ စိတ်မကောင်း ဖြစ်မနေစမ်းပါနဲ့၊ လူဆိုတာ တစ်ခါတစ်လေတော့ အမှားဖြစ်စမြဲပါ၊ ကျုပ်အနေနဲ့ ခင်ဗျားကို လုံးဝ မပြစ်မမြင်တော့ပါဘူးဗျာ"

လီအော့သည် ဝမ်ယိစိန်းကို ကျောပေးနေရင်းမှ တုန်တုန်ယင်ယင်ပြောပြန်သည်။

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် မင်းအဖေ ဝမ်တုန်းယန် ရန်သူကို အသေအလဲ တိုက်နေချိန်မှာ ငါက အနားမှာ ရှိနေခဲ့တာကွ၊ ဒါပေမယ့် အဲဒီတုန်းက ငါ့စိတ်ထဲ ဝင်တိုက်ချင်ပေမယ့် မကူရဲခဲ့ဘူးကွာ၊ ဒီကိစ္စဟာ ပြန်တွေးတိုင်း စိတ်ထိခိုက်စရာကောင်းတဲ့ ကိစ္စပါ၊ မင်းအဖေမှာ မိတ်ဆွေသူငယ်ချင်းတွေ အများကြီးရှိပေမယ့် သူ့အချစ်ဆုံးလူက ငါကွ၊ ဒီတော့ ရန်သူနဲ့ ရင်ဆိုင်နေချိန်မှာ ငါက လက်ပိုက်ကြည့်နေရတဲ့ အဖြစ်မျိုး ရောက်နေခဲ့တာဟာ ရှက်စရာကောင်းတဲ့ကိစ္စကြီးပါ၊ စဉ်းစားလေ စဉ်းစားလေ မျက်နှာကို ဓားနဲ့ လှီးပစ်ချင်လောက်အောင် ခံစားရတဲ့ကိစ္စပါ"

လီအော့သည် ကြေကြေကွဲကွဲ ဆို့ဆို့နင့်နင့် ပြောနေရင်း သူ့ခေါင်းကို သူ့လက်နှစ်ဘက်နှင့် တဖျန်းဖျန်း ရိုက်လိုက်ပြန်သည်၊ ရိုက်ရင်းကလည်း အရူးလို အော်ဟစ်နေသည်။

"ငါဟာ သတ္တိရှိတဲ့ကောင် မဟုတ်ဘူး၊ ငါသတ္တိမရှိဘူး. . . ငါသတ္တိမရှိဘူး၊ ငါဟာ အလကားလူ. . . အလကားလူ"

လီအော့၏အသံသည် ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားသည်။ ဝမ်ယိစိန်းသည် သူ့ကို ငေးကြည့်နေရင်း မျက်လုံးပြူးသွားသည်။

"အင်း. . ဦးလေးလီအော့ အခုလို ခံစားရမယ်ဆိုလဲ ခံစားရလောက်ပါတယ်ဗျာ၊ ကျုပ်တွေးမိသလောက် ဦးလေးလီအော့လို အဆင့်မြင့် သိုင်းသမားတစ်ယောက်အနေနဲ့ ကျုံးနန်ဂိုဏ်းသား အဆင့်မြင့်လေးယောက်ကို ကောင်းကောင်းယှဉ်နိုင်ပါတယ်ဗျာ"



"ဘာကွ. . . ကျုံးနန်ဂိုဏ်းက ထိပ်သီးလေးယောက်ကို ငါက ယှဉ်နိုင်တယ် ဟုတ်လား၊ မင်းဘာသဘောနဲ့ ပြောနေတာလဲကွ ဟေ"

လီအော့က အူကြောင်ကြောင်ဟန်နှင့် ပြောသည်။

"ကျုပ်ပြောတာ ရှင်းပါတယ်ဗျာ၊ ကျုပ်အဖေကို သတ်ခဲ့တဲ့ လူဟာ ကျုံးနန်ဂိုဏ်းက လီလွှမဟုတ်လား၊ ဒီတော့ ကျုပ်အဖေကို တိုက်တဲ့နေရာမှာ ကျုံးနန်ဂိုဏ်းက ထိပ်သီးလေးယောက်စလုံး ရှိနေရမယ် မဟုတ်လား၊ ဒီတော့ သူတို့လေးယောက်ကို ဦးလေးလီအော့ ယှဉ်နိုင်ရမယ် ဆိုရတာပေါ့ဗျ"

"မင်းပြောတာ မှန်လဲမှန်တယ်၊ မှားလဲမှားတယ်ကွ"

"ဗျာ. . ."

"ဒီလိုကွာ၊ ကျုံးနန်ဂိုဏ်းက ထိပ်သီးလေးယောက်ကိုတော့ ယှဉ်ရဲတယ်ကွ၊ ဒါဟာ အမှန်ပဲ၊ ဒါပေမယ့် ကိစ္စက ဒီလို မဖြစ်ခဲ့ဘူးကွ၊ မင်းအဖေနဲ့ ရန်သူတွေ တိုက်ခိုက်နေတုန်း ငါ နှင်းတောထဲ ဝင်ပြီး ပုန်းနေတာဟာ သူတို့လေးယောက်ကို ကြောက်လို့ မဟုတ်ဘူး"

"ဦးလေးလီအော့ပြောမှ ဇာတ်က ပိုရှုပ်လာတယ်. . . ၊ ရှင်းအောင် ပြောစမ်းပါ"

"ဒီလိုကွာ. . . ဒီလို၊ မင်းအဖေသေရတဲ့ကိစ္စဟာ အဲဒီ ကျုံးနန် ထိပ်သီးလေးယောက်နဲ့ ဘာမှမဆိုင်ဘူး"

"ဘာ. . . ခင်ဗျားက ကျုပ်ကို လာညာနေတာလား"

ဝမ်ယိစိန်းသည် လီအော့၏စကားကြောင့် ဒေါသထောင်းခနဲ ထွက်သွားပြီး မာကျောကျော ပြောလိုက်သည်။ တစ်ကိုယ်လုံး

သည့် ဒေါသကြောင့် တဆတ်ဆတ်တုန်နေသည်။

လီအော့သည် ဝမ်ယီစိန်း ပြောင်းလဲသွားပုံကို ကြည့်ပြီး အံ့အားသင့်နေသည်။ ဝမ်ယီစိန်းက ထပ်ပြောသည်။

"ကြာပန်းနတ်မယ်လီလှေကိုယ်တိုင်က ကျုပ်အဖေကို သတ်တာ သူပဲလို့ ပြောခဲ့တာဗျ၊ တာယက်ရှင်က ကိုယ်တိုင် ဝန်ခံထားပြီးမှ ခင်ဗျားက ဘာကြောင့် သူ့ကို ကာကွယ်နေရတာလဲ"

လီအော့သည် ခေါင်းကို ယမ်းခါလိုက်ပြီး သက်ပြင်းဟင်းခနဲ ချလိုက်သည်။

"မင်းက ပြဿနာကို ရှင်းရှင်းလင်းလင်း မသိသေးတော့ ဒီစကားပြောတာ မဆန်းပါဘူးကွာ၊ တကယ့်ပြဿနာက ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတုန်းမို့ မင်း အမှန်ကို မသိသေးတာကွ၊ တစ်နေ့တော့ မင်း ဒီကိစ္စကို ရှင်းသွားမှာပါ"

ဝမ်ယီစိန်းသည် လီအော့ကို အံကြိတ်ကြည့်ရင်း မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်သည်။

သူသည် ဒေါသ အလွန်ကြီးနေပြီး လီအော့ကို လက်ညှိုးတထိုးထိုးနှင့် အော်ဟစ် ပြောဆိုတော့သည်။

"ခင်ဗျား ကျုပ်ကို ညာနေတာ၊ ခင်ဗျား လူညာကြီး၊ လူညာကြီး လီအော့၊ လူညာကြီး လီအော့"

ပတ်ဝန်းကျင်တစ်ခုလုံး ဝမ်ယီစိန်း အသံညံသွားသည်။

လီအော့သည် ဝမ်ယီစိန်းကို ကြည့်ရင်း စိတ်မကောင်းဖြစ်နေသည်။ အတန်ကြာမှ တစ်စုံတစ်ရာ ပြောဟန် ပြင်လိုက်သည်။ ထိုစဉ်မှာပင် သူ့မျက်နှာ ကွက်ခနဲ ပျက်သွားပြီး ကြောက်စရာကောင်းအောင် တင်းမာလာသည်။ မျက်လုံးသည် ဒေါသအရောင်တဝင်းဝင်း တောက်နေပြီး တစ်စုံတစ်ရာကို စိုက်ကြည့်နေသည်။



ဝမ်ယီစိန်းသည် လီအော့၏ ပြောင်းလဲသွားမှုကို သတိမထားမိဘဲ အရူးတစ်ယောက်လို အော်ဟစ်မြဲ အော်ဟစ်နေသည်။

"လူညာကြီး လီအော့၊ ခင်ဗျား ကျုပ်ကို ဘာညာချင်သေးသလဲ၊ ကျူးနန် ထိပ်သီးလေးယောက်ကို ခင်ဗျားယှဉ်ရဲတယ်ဆိုတာ အလကားစကား၊ သူတို့ကို အကာအကွယ်ပေးဖို့ ပြောနေတာကို ကျုပ်ယုံမယ် မှတ်နေသလား၊ ခင်ဗျား လူညာကြီး"

ဝမ်ယီစိန်းသည် အသံကွဲအောင် အော်နေသော်လည်း လီအော့သည် သူ့အသံ သူ့စကားကို ကြားဟန်သိဟန် မရှိချေ။ လီအော့၏မျက်နှာသည် တစ်ချိန်ထက် တစ်ချိန်ပို၍ တင်းမာလာပြီး ပို၍ပို၍ ကြောက်စရာကောင်းလာသည်။

ထိုအဖြစ်ကို ဝမ်ယီစိန်း အကဲမခတ်မိချေ။ သူ့အသိ သူ့အမြင်ကို ဒေါသမီး ဖုံးနေသဖြင့် အရူးတစ်ယောက်လို ဖြစ်နေသည်။

ထိုစဉ်. . . လီအော့ လက်ထဲမှ ကြာပွတ်ကြီးသည် ရွှမ်းခနဲ မြည်သွားပြီး ရပ်နေသော မြင်းကြီးပင် လန့်ဖျပ်ပြေးတော့သည်။ မြင်းလှည်းကြီး ကိုက်နှစ်ဆယ်ခန့် ရောက်သွားသောအခါ လီအော့က မြင်းလှည်းအိမ်ကို ဖြုတ်ပစ်လိုက်ပြီး မြင်းပေါ် ခုန်တက်သွားသည်။ မြင်းသည် လေးညှို့မှ ပစ်လွှတ်လိုက်သော မြားကဲ့သို့ တဟုန်ထိုး ပြေးနေသည်။ မြင်းလှည်းအိမ်ကြီးမှာ ဖြုတ်ချခံလိုက်ရသော်လည်း အရှိန်နှင့် ပြေးနေဆဲရှိသည်။

လီအော့နှင့် မြင်းကြီးသည် တရိပ်ရိပ်ပြေးနေရင်း နှင်းမှုန်နှင်းပွင့်များကြားတွင် တဖြည်းဖြည်း အစရှာမရအောင် ပျောက်ကွယ် သွားတော့သည်။

လျှပ်ပြက်သလို ဖြစ်ပွားသွားသောကိစ္စကြောင့် ဝမ်ယိစိန်းသည် မျက်လုံးပြူးကြီးနှင့် တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့သည်။

ဖြုတ်ချခံရသော မြင်းလှမ်းအိမ်ကြီးသည် ဝုန်းခနဲ လဲကျသွားတော့သည်။

ဝမ်ယိစိန်းသည် မမျှော်လင့်သော အဖြစ်အပျက်များကို ငေးကြောင်ကြောင် ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေလေတော့သည်။

လီအော့ကို တကျော်ကျော် အော်ခေါ်လိုက်သော်လည်း လီအော့၏ ပြန်ထူးသံနှင့် အရိပ်အရောင်ကို လုံးဝ မကြားရ မမြင်ရတော့ချေ။

* * *



အခန်း (၈)

## ကျောက်ဗူးနှင့် အသက်

နှင်းပင်လယ်ကြီးထဲတွင် အထီးကျန်ဖြစ်နေသော ဝမ်ယိစိန်းမှာ အားငယ်စိတ်များ ဝင်လာပြီး ဒေါသထွက်နေမိပြန်တော့သည်။

ကျောက်ခဲကျောက်တုံးများ၊ ကျောက်တောင်ကုန်းများ၊ သစ်ပင်ကြီးငယ်များအပေါ်တွင် နှင်းပွင့်နှင်းဖတ်များ ဖွေးဖွေးလှုပ်နေပြီး အေးစိမ့်ငြိမ်သက်နေသည်။

ဝမ်ယိစိန်းသည် ပတ်ဝန်းကျင်ကို ငေးမောကြည့်နေရင်း စိုးရိမ်စိတ်များ ဝင်လာသည်။ တစ်နေ့တာ ကုန်ဆုံးသွားပြီး အမှောင်ရိပ်များ ယှက်သမ်းလာသည်နှင့်အမျှ ဘယ်သွား၍ ဘယ်လာရမှန်းမသိဖြစ်နေသော ဝမ်ယိစိန်းသည် ငိုချင်သလိုလို ဖြစ်လာတော့သည်။

သူတစ်ကိုယ်လုံးတွင် နှင်းပွင့်များ ဖွေးနေပြီး နှင်းလူဘဝသို့ ရောက်ရှိနေသည်။ သူ၏ခေါင်းနှင့်အင်္ကျီပေါ်တွင် တွယ်ကပ်နေသော နှင်းမှုန်နှင်းပွင့်များကို ခါချလိုက်ပြီး အနောက်ဘက်သို့ ခြေဦးလှည့်လိုက်သည်။

ထိုစဉ် မမျှော်လင့်ဘဲ တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဆတ်ခနဲ တုန်သွားပြီး လှမ်းလက်စ ခြေလှမ်းကိုပင် တုံ့ခနဲ ရပ်ပစ်လိုက်မိသည်။

ဝမ်ယိစိန်းသည် မြင်ရသောအရာကိုပင် မျက်စိအမြင်မှားနေသည်ထင်၍ လက်နှစ်ဘက်ဖြင့် ပွတ်သပ်ကြည့်လိုက်မိသည်။ အမြင်မမှားပါပေ။ ဆယ်ကိုက်ကျော်လောက်တွင် လူတစ်ယောက် မတ်မတ်ကြီး ရပ်နေသည်မှာ အမှန်ပင်ဖြစ်သည်။ ရပ်နေသူ၏ ကိုယ်ပေါ်တွင် နှင်းပွင့်များ ဖွေးနေသဖြင့် မည်သူမည်ဝါ ဖြစ်ကြောင်း မသိရပေ။

ဝမ်ယိစိန်းသည် လှုပ်ရှားနေသောစိတ်ကို ထိန်းချုပ်လိုက်ပြီး ရှေ့သို့ တိုးသွားသည်။

ထိုစဉ် ရပ်နေသူက သူ့နှာခေါင်းနှင့် မျက်နှာပေါ်မှ နှင်းပွင့်နှင်းမှုန်များကို ပွတ်ခါချလိုက်သဖြင့် အဘွားကြီးတစ်ယောက် ဖြစ်နေသည်ကို သိလာရတော့သည်။

"ခင်ဗျား ဘယ်သူလဲ"

ဝမ်ယိစိန်းက လှမ်းမေးသည်။

အဘွားအိုက မေးခွန်းကို မဖြေဘဲ သူ သိလိုသည်ကိုသာ ပြန်မေးသည်။

"မင်းက ဝမ်ဟုန်းထန်းရဲ့သား မဟုတ်လား"



"ဟုတ်ပါတယ်"

ဝမ်ယိစိန်းက ခပ်သွက်သွက် ပြန်ဖြေသည်၊ စိတ်ထဲတွင်မူ မိမိအဘွားများ ဖြစ်နေသလားဟု ထင်နေမိပြန်သည်၊ အဘွားအိုက ကိုယ်ကို အသာကလေး လှုပ်ရှားလိုက်ရုံနှင့် ဝမ်ယိစိန်းရှေ့ကို ဖျတ်ခနဲ ရောက်လာသည်၊ အဘွားအို၏ မျက်နှာပြင်ပေါ်မှ အသားအရေတွန့်နေ၍ အဘွားအိုဟု ခေါ်ဆိုလိုက်ရသော်လည်း သူမ၏လှုပ်ရှားမှုသည် မိန်းမပျိုတစ်ယောက်လို လျင်မြန်လှပေသည်၊ အဘွားအို၏ မျက်လုံးများသည် အရောင်တလက်လက် တောက်နေပြီး ကြွင်နာမှုအရိပ်များ ယှက်သမ်းနေသည်ဟု ဝမ်ယိစိန်း ထင်သည်။

အဘွားအိုသည် ဝမ်ယိစိန်းကို စိုက်ကြည့်နေရာမှ လေသံအေးအေးနှင့် ပြောလာသည်။

"မင်းအခု ဘယ်နေရာကိုရောက်နေတယ်ဆိုတာ သိရဲ့လား၊ မင်းကို လီအော့ဆိုတဲ့ကောင်က ချန်ထားရစ်ခဲ့တာ မဟုတ်လား"

"ဟုတ် . . . ဟုတ်ပါတယ်ခင်ဗျာ၊ သူ . . . သူ . . . လီအော့က . . "

ဝမ်ယိစိန်းသည် ဘာဆက်ပြောရမည် မသိတော့သဖြင့် စကားကို ရပ်ပစ်လိုက်မိသည်။

အဘွားအိုသည် ဝမ်ယိစိန်း၏ နောက်တွင် ရပ်နေသည်မှာ အချိန်အတော်ကြာခဲ့ပေပြီ။ သို့သော် သူ ရောက်နေကြောင်းကို ဝမ်ယိစိန်း မသိခဲ့ပေ။ ဝမ်ယိစိန်းသည် ခုမှ အခြေအနေကို သဘောပေါက်လာမိတော့သည်၊ မိမိပြစ်တင်ကြိမ်းမောင်းနေစဉ် လီအော့တစ်ယောက် မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ထွက်ပြေးသွားသည်မှာ

ဤအဘွားအိုကြီး ရောက်ရှိလာ၍သာဖြစ်ကြောင်း ဝမ်ယိစိန်း တွေး လာမိသည်။

ဤသို့ဆိုလျှင် လီအော့ပြောခဲ့သည့် အဘွားအိုဆိုသူသည် မိမိမျက်စိရှေ့တွင် ရှိနေသော အဘွားအိုကြီး မဟုတ်နိုင်၊ ဤ အဘွားအိုသည် မိမိအဘွားသာ အမှန်ဖြစ်ခဲ့ပါက လီအော့အနေနှင့် ထွက်ပြေးစရာ အကြောင်းမရှိပေ။ ဦးလေးလီအော့သည် လမ်း တစ်လျှောက်လုံး မိမိမေးခဲ့သမျှကို ဖြေချင်မှဖြေသည်။ မဖြေနိုင်ဘဲ ငြိမ်ပြီးနေသည်က ပိုများသည်။ သူပြောပြသမျှသည် ရှင်းရှင်းလင်း လင်း မရှိလှ၊ ခေါင်းရှုပ်စရာများသာ ဖြစ်ခဲ့သည်။ ယခုသော် မိမိကို တစ်ယောက်တည်း ချန်ထားခဲ့ပြီး ထွက်ပြေးသွားပြန်ပြီ။ ဦးလေး လီအော့ ဆိုသူသည် မည်သို့သော လူစားပေနည်း။ ဝမ်ယိစိန်း မသိတော့ပေ။ မိမိသည် သပွတ်အူလို ရှုပ်ထွေးသော အဖြစ် အပျက်ကြီးတစ်ခုတည်းတွင် ဘုမသိဘမသိ ကပြနေရသော ဇာတ် ကောင်တစ်ကောင် ဖြစ်နေသည်ဟုသာ ဝမ်ယိစိန်း သိမြင်နေ တော့သည်။

ယခုလည်း ဘယ်ကရောက်လာမှန်း မသိသော အဘွား ကြီးတစ်ယောက်နှင့် တွေ့နေရပြန်ပြီ။

အဘွားကြီးသည် မိမိ၏ဆွေမျိုးရင်းချာ အဘွား တစ် ယောက်လော၊ သူစိမ်းသက်သက် အဘွားအိုကြီးတစ်ယောက်လော ဆိုသည်ကို မခွဲခြားတတ်တော့ပေ။

ဝမ်ယိစိန်းသည် စိတ်ရှုပ်ထွေးနေသဖြင့် အဘွားအိုကြီးကို မရဲတရဲ မေးကြည့်လိုက်မိသည်။

"အဘွားက ကျွန်တော့်အဘွားများလားဗျာ"



အဘွားအိုက ဟုတ်သည်၊ မဟုတ်သည် အဖြေမပေးချေ။ သို့သော် သူပြောသောစကားက အဖြေပေးသလို ဖြစ်နေသည်။

"ဩော်. . . မင်းက မင်းအဘွားနဲ့ တွေ့ဖို့လာခဲ့တာကိုး ဟုတ်လား"

အဘွားအို၏ စကားအမေးကြောင့် ဝမ်ယိစိန်း တွေသွား သည်။

"ကျွန်. . . ကျွန်တော်က လီအော့ခေါ်ရာ လိုက်လာခဲ့ရ တာပါ၊ သူက အဘွားဆီ ပို့ပေးမယ်ဆိုပြီး ခေါ်လာတာ၊ သူပြောတဲ့ အဘွားဆိုတာ ဘယ်သူ့ကို ပြောမှန်း ကျွန်တော် မသိဘူး"

"အေး. . . အေး. . . ဒါဆိုလဲ ငါ့နောက်သာ လိုက်ခဲ့ပေ တော့"

"ခင်ဗျားက ဘယ်မှာနေလို့ ဘယ်ကို ခေါ်နေတာလဲဗျာ"

"ငါနေတာက ဟိုရှေ့နားမှာပါ"

အဘွားအိုက ခပ်လှမ်းလှမ်းကို လက်ညှိုးထိုးပြသည်။

ထို့နောက် ဝမ်ယိစိန်း၏လက်ကို ဆွဲတိုင်လိုက်ပြီး တဟုန် ထိုး ပြေးထွက်သွားတော့သည်။

ဝမ်ယိစိန်းသည် အဘွားအို ဆွဲခေါ်ရာ လွင့်ပါသွားပြီး တအံ့တဩ ဖြစ်နေမိတော့သည်။ တစ်စုံတစ်ရာပြောရန် ပါးစပ်ဟ လိုက်စဉ် နှင်းပွင့်နှင်းခဲများ ဝင်လာသဖြင့် ဘာမျှ မပြောနိုင် ဖြစ်သွားခဲ့သည်။

အဘွားအိုသည် ကိုယ်ဖော့ပညာနှင့် အတွင်းအားပညာ ထက်မြက်လှသူဖြစ်၍ ဝမ်ယိစိန်းကို သစ်ရွက်ကလေးတစ်ရွက်လို လွင့်ပါအောင် ခေါ်နိုင်စွမ်းသည်။

သူတို့နှစ်ယောက်သည် နှင်းပင်လယ်ကြီးထဲတွင် အရှိန်ပြင်းစွာပြေးလာရင်း ကျောက်သားအိမ်ကလေးတစ်အိမ်သို့ ရောက်ရှိခဲ့ကြသည်။ ကျောက်သားအိမ်ကလေးထဲသို့ ရောက်သောအခါ ဝမ်ယိစိန်းက ဟိုဟိုသည်သည် လှည့်ကြည့်သည်။

ကျောက်သားအိမ်ထဲတွင် ပရိဘောဂပစ္စည်းများ မည်မည်ရရ မရှိ၊ ကျောက်စားပွဲလေး သုံးခုသာ ရှိသည်။ ကျောက်စားပွဲများနှင့် မလှမ်းမကမ်း ကျောက်ခုံတန်းလျားပေါ်တွင်မူ ခပ်ငိုင်ငိုင်ငိုင်ထိုင်နေသော လူနှစ်ယောက်ကို တွေ့မြင်ရသည်။

ထိုလူနှစ်ယောက်ကို မြင်လိုက်သည်နှင့် ဝမ်ယိစိန်း မျက်လုံးပြူးသွားတော့သည်။ မြင်တွေ့ရသော လူနှစ်ယောက်မှာ အခြားသူများ မဟုတ်ဘဲ မေယောင်နှင့် လျူဖေးတို့ မောင်နှမ ဖြစ်နေလေသတည်း။

သူတို့သည် မျက်စိပျက် မျက်နှာပျက်ဖြစ်နေကြသဖြင့် ဝမ်ယိစိန်းမှာ တအံ့တသြဖြစ်နေမိပြန်သည်။ နှစ်ယောက်စလုံးသည် ဘာစကားမျှ မပြောကြဘဲ အဘွားကြီးနှင့် ဝမ်ယိစိန်းကိုသာ ငေးကြောင်ကြောင် ကြည့်နေကြသည်။

ဝမ်ယိစိန်းက မေယောင်ကိုလှမ်းကြည့်ပြီး နှုတ်ဆက်စကားပြောလိုက်သည်။

"လက်စသတ်တော့ ခင်ဗျားတို့က ဒီကို ရောက်နေကြတာကိုး၊ ခင်ဗျားတို့ ကွမ်းဝိုက်ကို သွားမယ်ဆိုတာ မသွားဖြစ်ကြသေးဘူးလား"

ဝမ်ယိစိန်း၏ အမေးကို မည်သူမျှ အဖြေမပေးကြပေ၊ မေယောင်၏မျက်လုံးများသည် ပုတ်ခတ်ပုတ်ခတ် လုပ်နေပြီး ဝမ်ယိစိန်းကိုသာ ငေးကြည့်နေသည်၊ ထိုစဉ် အဘွားအိုက ဝမ်ယိစိန်းကို သြဇာလှမ်းပေးသည်။



"ဟေ့ကောင်လေး. . . စကားပြောရင် ထိုင်ပြော"

အဘွားအို၏ အမိန့်ကြောင့် ဝမ်ယိစိန်း ထိုင်ချလိုက်ရသည်။ အဘွားအိုက လျူဖေးနှင့် မေယောင်တို့ရှိရာ တိုးကပ်သွားပြီး ပုခုံးကို လက်ညှိုးနှင့် ဖျတ်ခနဲဖျတ်ခနဲ ထိုးစိုက်လိုက်သည်၊ ထိုအခါကျမှ လျူဖေးနှင့် မေယောင်တို့နှစ်ယောက်စလုံး လှုပ်လှုပ်ရှားရှားဖြစ်လာကြတော့သည်။

"ဟား. . . ဟား. . လက်စသတ်တော့ ခင်ဗျားတို့နှစ်ယောက်က သွေးကြောအပိတ်ခံထားရတာကိုး"

ဝမ်ယိစိန်းက ဝမ်းသာအားရ ပြောသည်။

လျူဖေးက ဒေါသတကြီး အော်သည်၊

"ဟေ့ကောင်. . . ငါတို့ သွေးကြော အပိတ်ခံထားရတာမင်းကြောင့်ကွ သိပလား. . . မင်းကြောင့်"

လျူဖေး၏ အပြစ်တင်စကားကြောင့် ဝမ်ယိစိန်းမှာ ဘုမသိဘမသိနှင့် ကြောင်တောင်တောင် ဖြစ်သွားသည်။

" မိတ်ဆွေမလေး မေယောင်၊ ကျွန်တော် ဘာများ လုပ်မိလို့လဲဗျာ"

မေယောင်က ဝမ်ယိစိန်းကို ကြည့်ပြီး သက်ပြင်းချသည်။ စကားကိုကား တစ်လုံးမျှ မပြောပါ။

အဘွားအိုက ဝမ်ယိစိန်းကို စေ့စေ့ကြည့်ရင်း လေသံမာမာနှင့် မေးမြန်းလာသည်။

"သူတို့နှစ်ယောက်က ချင်ဖုန်းရဲ့ တပည့်တွေ မဟုတ်လား၊

သူတို့က ကွမ်းဝိုက်ကနေ မင်းဆီကို ရောက်လာပြီး ပစ္စည်းတစ်ခု ပေးခဲ့တယ် မဟုတ်လား"

မေယောင်က မျက်စိတစ်ဘက်မှိတ်ပြသည်။

ဝမ်ယိစိန်းက မမြင်၊ အဘွားအိုမေးသည်ကို အမှန်အတိုင်း ဖြေသည်။

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင် အဲဒီပစ္စည်းကို ငါ့ကိုပေး"

အဘွားအိုက လက်ဖြန့်တောင်းသည်။

ဝမ်ယိစိန်းသည် မည်သို့ လုပ်ရမည်မသိဘဲ ဖြစ်သွားသည်၊

ကျောက်ဗူးထဲတွင်ရှိသော ပစ္စည်းသည် မည်မျှ အရေးကြီးသည်၊ မည်မျှတန်ဖိုးရှိသည်ကို ဝမ်ယိစိန်း မသိ၊ မိမိဖခင်က အထိမ်းအမှတ်ပစ္စည်းတစ်ခုအဖြစ်နှင့် ပေးခဲ့သည်ဟုသာ ယူဆထား၏၊ ထို့ကြောင့် အဘွားအို တောင်းသည်ကို မပေးချင်သလို ဖြစ်နေသည်။

"ကျွန်တော်က ခင်ဗျားကို ဘာဖြစ်လို့ ပေးရမှာလဲ၊ ဒီပစ္စည်းက ကျွန်တော့်အဖေပစ္စည်းပဲ"

အဘွားအိုမျက်နှာ ရဲခနဲ နီသွားသည်။

ကျောက်သားခုံပေါ်တွင် ထိုင်နေသော လျှုဖေးက ဆတ်ခနဲ မတ်တပ်ရပ်လိုက်ပြီး အဘွားအိုကို လှမ်းပြောသည်၊

"ဆရာမကြီး၊ သူ့ဆီမှာ အဲဒီလျှို့ဝှက်ပစ္စည်း ပါလာတာ သေချာတယ်၊ မရ ရအောင်တောင်းပါ၊ အသာတကြည်မပေးရင် နာနာကလေး နှိပ်စက်ပါ"

လျှုဖေးစကားကြောင့် မေယောင် ဒေါသထွက်လာသည်၊



"အစ်ကိုက ဘာဖြစ်လို့ ဒီလိုပြောရတာလဲ"

လျှုဖေးက အဖြေပြန်မပေးသေးပေ၊ ဒေါသနှင့် စိုက်ကြည့်နေသည်။

"မင်း ပြန်ထိုင်ပါ"

အဘွားအိုက လျှုဖေးကို ပြန်ထိုင်ခိုင်းသည်။

လျှုဖေး ပြန်ထိုင်လိုက်ရသည်။ အဘွားအိုက ဝမ်ယိစိန်းကို ဆက်ပြောသည်။

"မင်းပြောတာမှန်တယ်၊ အဲဒီပစ္စည်းဟာ မင်းအဖေရဲ့ ပစ္စည်းပါ ဒါပေမယ့် မင်းအဖေဟာ အဲဒီပစ္စည်းကို ခိုးမင်လွှန်းလို့ အသက် သေခဲ့ရတယ်ဆိုတာ မင်းသိသလား"

"မသိဘူး"

ဝမ်ယိစိန်းက တိုတိုနှင့်ပြတ်ပြတ်ဖြေသည်။ ဝမ်ယိစိန်းသည် ဖခင်ဖြစ်သူ သေခဲ့ပုံကို သိထားသော်လည်း မည်သည့်အကြောင်းကိစ္စကြောင့် သေခဲ့သည်ကို မသိခဲ့ချေ။

အဘွားအို၏စကားကြားမှ ရင်ဘတ်ထဲတွင် သိမ်းထားသော ကျောက်ဗူးကလေးကို ကပျာကယာ စမ်းကြည့်လိုက်သည်။

ကျောက်ဗူးကလေး မပျောက်မပျက် ရှိနေသည်ကို သိရသည်နှင့် စိတ်ထဲအေးသွားပြီး အဘွားအိုကို ပြန်မေးသည်။

"ကျွန်တော့်အဖေက ဘာကိစ္စကြောင့် သေခဲ့ရတာလဲ"

"ငါ မင်းကို ပြောခဲ့တာ မင်း မကြားဘူးလား၊ တိုတိုပြောရရင် မင်းအဖေရဲ့ နောက်ကို လိုက်မသွားချင်ဘူးဆိုရင် အဲဒီပစ္စည်းကို ထုတ်ပေးပါ"

ဝမ်ယိစိန်း မျက်မှောင်ကုပ်သွားသည်၊ အတန်ကြာအောင်

စဉ်းစားပြီးမှ ခပ်ရှင်းရှင်းပြန်ပြောသည်။

"ကျုပ်အဖေပစ္စည်းကို ဘယ်သူ့ကိုမှ မပေးနိုင်ဘူး"

"မင်းတဲ့ကယ် မပေးဘူးလား"

ဝမ်ယိစိန်းက မိုက်မိုက်ကန်းကန်း ထပ်ဖြေသည်။

"မပေးဘူးဗျာ"

အဘွားအို၏ လက်တစ်ဘက်က တဖြည်းဖြည်းချင်း မြောက်တက်သွားသည်။

မယောင်က ထိတ်လန့်တကြားနှင့် လှမ်းအော်သည်။

"ဝမ်. . . မြန်မြန်ပေးလိုက်၊ ပြောစရာရှိတာ နောက်မှပြော"

မယောင့်အသံကြောင့် ဝမ်ယိစိန်းတစ်ကိုယ်လုံး တုံ့ခနဲဖြစ်သွားသည်။

အဘွားအို၏ လက်က လေထဲတွင် တန့်သွားသည်။

"ဘယ်လိုလဲ ကောင်လေး"

"ကျုပ် ပြောပြီးပြီဗျာ၊ ထပ်မမေးနဲ့တော့"

ဝမ်ယိစိန်းက ဘုတောသည်။

အဘွားအိုသည် ဒေါသ ထောင်းခနဲ ထွက်သွားပြီး အနီးတွင်ရှိသော ကျောက်စားပွဲတစ်လုံးကို ဝုန်းခနဲ ရိုက်ချလိုက်သည်။ ကျောက်စားပွဲလေးသည် အပိုင်းပိုင်း အတစ်တစ် ဖြစ်သွားပြီး ကျိုးကြေသွားသည်။

ဝမ်ယိစိန်းသည် မမျှော်လင့်သောအဖြစ်ကို မြင်လိုက်ရသောကြောင့် ကြောက်ရွံ့တုန်လှုပ်သွားပြီး မျက်လုံးကြီးပြူးထွက်လာတော့သည်။ နဖူးတွင်လည်း ချွေးစေးများ သီးထလာပြီး ခြေဖျားလက်ဖျားများ အေးစက်သွားတော့သည်။

"ဘယ်လိုလဲ ကောင်လေး၊ မင်း ငါ့အစွမ်းကို မြင်ပြီမဟုတ်လား၊ မင်းကိုယ်ကြီး အဲဒီလို ဖြစ်မသွားချင်ရင် ပစ္စည်းကို ထုတ်ပေး"

အဘွားအိုက ခြိမ်းခြောက်သံနှင့် ပြောသည်။

ဝမ်ယိစိန်းကား အဘွားအို ပြောသည်ကို ကြားဟန်မတူဘဲ ကြေမွနေသည့် ကျောက်ပုံကြီးကိုသာ ငေးကြည့်နေသည်။

စိတ်ထဲတွင် အဘွားအိုကဲ့သို့သော သိုင်းပညာအဆင့်ရှိလျှင် ကျုံးနန် ထိပ်သီးလေးယောက်ကို ကြောက်စရာ မလိုတော့ဟု တွေးနေမိသည်။ မိမိ၏စွမ်းရည်သည် ဤသို့သော အဆင့်မရှိဘဲဖြစ်နေသည့်အတွက် စိတ်ပျက်စွာ ခေါင်းခါလိုက်မိပြန်သည်။

အဘွားအိုသည် ဝမ်ယိစိန်းကို မျက်ချည်မပြတ် ကြည့်နေသူဖြစ်၍ ဝမ်ယိစိန်းခေါင်းခါသည်ကို သူ့ဆန္ဒကို ဆန့်ကျင်သည်ဟု ယူဆလိုက်ပြီး ဒေါသထွက်လာပြန်သည်။

"မင်းက ဝမ်တုန်းထန်းလို ခေါင်းမာတဲ့လူပဲ"

ဝမ်ယိစိန်းသည် အတွေးထဲ နစ်နေရာမှ 'ဝမ်တုန်းထန်း' ဟူသောအသံကြောင့် ခေါင်းထောင်ကြည့်လာသည်။

"ခင်ဗျားက ကျုပ်အဖေကို သိသလား"

"သိရုံတင် ဘယ်ကမလဲကွယ်၊ အဲဒီတုန်းက သူ့လက်ထဲမှာရှိတဲ့ပစ္စည်းကို ထုတ်ပေးခဲ့ရင် ခုလို အသက်သေတဲ့အဖြစ်မျိုး ဘယ်ရောက်ပါ့မလဲ"

"ကျုပ်အဖေရဲ့ ပစ္စည်းကို လုယူဖို့ ကြိုးစားခဲ့ကြသူတွေဟာ ကျုံးနန်ဂိုဏ်းသားတွေ မဟုတ်လား"

"အပိုစကားတွေ ပြောမနေစမ်းပါနဲ့၊ မင်းဆီမှာ ပါလာတဲ့ ပစ္စည်းကို ပေးမလား၊ မပေးဘူးလားဆိုတာသာ ပြော"

အဘွားအိုက မရရအောင် ဇွတ်အတင်း တောင်းနေပြန်သည်။

ဝမ်ယိစိန်းစိတ်ထဲတွင်မူ အဘွားအိုသည် ပစ္စည်းကို ဇွတ်တောင်းနေသော်လည်း အတင်း အဓမ္မ လုမယူဘဲ ရှိနေသည်ကို နားမလည်နိုင်အောင် ဖြစ်နေမိသည်။

အဘွားအိုသည် သိုင်းပညာအဆင့်မြင့်မားသူဖြစ်၍ မိမိတွင် ရှိနေသော ပစ္စည်းကို လုယူမည်ဆိုလျှင် အသာတကြည် လုယူနိုင်စွမ်းရှိသူဖြစ်သည်။

သို့စင်လျက် အဓမ္မလုမယူဘဲ တစာစာ တောင်းနေသည်မှာ နားလည်၍ မရသောကိစ္စတခု ဖြစ်နေသည်။ ဝမ်ယိစိန်းသည် အဘွားအိုကို ကြောက်ရွံ့နေမိသော်လည်း သွေးတိုးစမ်းဟန်နှင့် ပြောလိုက်မိသည်။

"ဒီမယ်ဗျာ. . . ဒီမယ်. . . ကျုပ်အဖေ ကျုပ်ကို ပေးခဲ့တဲ့ ပစ္စည်းက သူ့အသက်နဲ့ လဲထားရတဲ့ပစ္စည်းဗျ၊ ဒီတော့. . ကျုပ်က ခင်ဗျားကို ဘယ်လိုလုပ် ပေးနိုင်ပါ့မလဲ၊ တောင်းချင်ရင်လဲ စဉ်းစဉ်းစားစား တောင်းပါဗျာ"

အဘွားအို၏ မျက်နှာ ကွက်ခနဲ ပျက်သွားပြန်သည်။

အဘွားအို၏ အခြေအနေကို အကဲခတ်နေသော လျှုဖေးက ထိုင်နေရာမှ ဆတ်ခနဲ ထပြီး ပြောလာသည်။

"အဘွား. . . ကျွန်တော်တို့ကို မေးစရာရှိတာတွေ မေးပြီးပြီဆိုတော့ ကျွန်တော်တို့ သွားလို့ ရပြီလားဗျာ"



လျှုဖေးအမေးကြောင့် အဘွားအိုက စူးစူးဝါးဝါး ကြည့်လာသည်။ ကြောက်စရာကောင်းသောအကြည့်ကြောင့် လျှုဖေး ငြိမ်ကုပ်သွားသည်။ မေယောင်ကမူ လျှုဖေးကို မကျေမနပ် ဖြစ်သွားသဖြင့် မျက်စောင်းလှမ်းထိုးသည်။ ဝမ်ယိစိန်းသည် တစ်စုံတစ်ခု အတွေးပေါက်လာသည်နှင့် အဘွားအိုကို လှမ်းပြောသည်။

"ဒီမယ်အဘွား၊ ကျုပ်ဆီမှာရှိနေတဲ့ပစ္စည်းဟာ ကျုပ် အဖေ ပစ္စည်းပါ၊ ဒီပစ္စည်းကြောင့် သူ့အသက်ကို အသေခံခဲ့တယ်ဆိုတာလဲ အများသိပြီးသားဖြစ်ပါတယ်၊ ဒီတော့ သူ့အသက် အသေခံပြီး ပေးခဲ့တဲ့ပစ္စည်းကို ကျုပ်အနေနဲ့ ဘယ်သူ့ကိုမှ မပေးနိုင်ဘူး၊ ခင်ဗျား သိပ်လိုချင်ရင် လုယူပေါ့ဗျာ"

ဝမ်ယိစိန်း၏ စကားကြောင့် အဘွားကြီး မျက်မှောင်ကုပ်သွားသည်။ ပြီးမှ. . ဟက်ခနဲ ရယ်လိုက်ပြီး လျှုဖေးကို လှမ်းကြည့်လိုက်သည်။

လျှုဖေးသည် အဘွားအို၏ အပြုံးကို မြင်လိုက်သည်နှင့် ထွက်ပေါက်ရလေပြီ ဟူသောသဘောနှင့် လှမ်းပြောသည်။

"အဘွား၊ ကျွန်တော်တို့ သွားခွင့်ရပြီလား ခင်ဗျာ"

အဘွားအိုက သွားခွင့်မပေးသေးဘဲ အသံညင်းညင်းနှင့် လှမ်းပြောသည်။

"မင်း ဒီကထွက်သွားချင်ရင် ငါ့ကို ကိစ္စတစ်ခု ဆောင်ရွက်ပေးရမယ်"

"ဆောင်ရွက်ပေးပါ့မယ် အဘွားရယ်၊ ကျွန်တော် အဘွားနိုင်းတဲ့ကိစ္စကို အရိုးကြေကြေ အရေခန်းခန်း ဆောင်ရွက်ပေးဖို့

အသင့်ရှိနေပါတယ်"

"ကိစ္စက သိပ်ခက်တဲ့ကိစ္စ မဟုတ်ပါဘူးကွယ်. . .၊ ဟောဒီ ကောင်ကလေးဆီက ပစ္စည်းကို လုယူပေးဖို့ပါ"

အဘွားအို၏ အေးစက်စက်စကားကြောင့် လျှုဖေး မျက်နှာ ကွက်ခနဲ ပျက်သွားပြီး နီမြန်းလာသည်။

သို့သော် လျှုဖေးက ငြင်းဆန်ခြင်းမပြုဘဲ အလွယ်တကူ လက်ခံလိုက်သည်။

"အဘွားဆန္ဒအတိုင်း ကျွန်တော်ဆောင်ရွက်ပေးပါ့မယ်"

လျှုဖေးက ပြောပြောဆိုဆို ဝမ်ယိစိန်းအနီးသို့ တိုးကပ်သွားသည်။

မေယောင်က လျှုဖေး၏ အင်္ကျီလည်ကုပ်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်ပြီး မကျေမနပ်နှင့်ပြောသည်။

"အစ်ကိုလုပ်ပုံက နည်းလမ်းမကျဘူး အစ်ကို၊ ပေးပြီးသား ပစ္စည်းကို ပြန်လုယူပြီး သူများလက်ထဲ အပ်ရမယ်ဆိုတာ တော်တော် ရှက်စရာကောင်းတဲ့ အလုပ်"

"ဘာပြောတယ် မေယောင်၊ ငါ ဒီလိုမလုပ်ရင် သူက တို့ကို ပြန်လွှတ်မှာ မဟုတ်ဘူး"

"အို. . . ရှင်. . . သူပြန်မလွှတ်ရုံမကလို့ သတ်ပဲပစ်ပစ်၊ ဒီလိုလုပ်ဖို့တော့ မကောင်းပါဘူး၊ ခုကိစ္စက သစ္စာမဲ့တဲ့ကိစ္စရှင့်"

"တော်တော့ မေယောင်၊ နင့်ပါးစပ် ပိတ်လိုက်တော့"

လျှုဖေးသည် ဒေါသတကြီးနှင့် မေယောင့်ကို တွန်းပစ် လိုက်သည်။

မေယောင်မှာ အမူမဲ့ အမှတ်မဲ့ ဖြစ်သွားသဖြင့် လဲပြိုမလို



ဖြစ်သွားရာမှ ဝမ်ယိစိန်းကို လှမ်းကိုင်လိုက်မိသည်။

သူမသည် ဒေါသထောင်းခနဲ ထွက်လာသည်နှင့် လျှုဖေး ကို စိန်းစိန်းကြည့်ရင်း အံကို တင်းခနဲ ကြိတ်လိုက်သည်။

"ဒီမယ် အစ်ကို၊ ဆရာကိုယ်တိုင်က အလေးထား ဂရုစိုက် တဲ့ကိစ္စကို အစ်ကိုက လျစ်လျူရှုတော့မလို့လား၊ ခုလို အဖြစ်မျိုးနဲ့ ဆရာကိုယ်တိုင် တွေ့ကြုံခဲ့ရင် ဆရာဟာ အစ်ကို့လို လုပ်မှာ မဟုတ်ဘူး"

"ဒီမယ် မေယောင်၊ ဆရာက ငါ့ကို အစစအရာရာ ကြိုတင်မှာထားပြီးသားပါ၊ ငါတို့ လာရင်းကိစ္စနဲ့ ပတ်သက်ပြီး ငါ့မှာ စီစဉ်ပိုင်ခွင့် အပြည့်ရှိတယ်၊ ငါကြိုက်သလို လုပ်နိုင်ခွင့်ရှိတယ်၊ နင်ဘာမှ ဆရာလုပ်မနေနဲ့"

"ဩော်. . . ဩော်. . . ရှင်က အရေးအကြောင်းကျရင် ဒူးထောက်ချင်တဲ့လူကိုး၊ အစကသာ ရှင်ဒီလို လူမျိုးမှန်းသိရင် ဆရာက ရှင့်ကို ဒီလို အခွင့်အရေးမျိုး ပေးထားမှာ မဟုတ်ဘူး"

"တော်တော့. . . မေယောင်၊ တော်တော့၊ မိကျောင်းမင်း ရေခင်းပြတဲ့အလုပ်တွေ လာလုပ်မနေနဲ့"

မေယောင် ဘာစကားမျှ ဆက်ပြောနိုင်စွမ်း မရှိတော့ချေ။ မျက်ဝန်းအိမ်တွင် မျက်ရည်များ ရစ်ဝဲလာပြီး အံတကြိတ်ကြိတ် ဖြစ်နေလေတော့သည်။

ဝမ်ယိစိန်းသည် မေယောင်၏ အဖြစ်ကို ကြည့်ရင်း စိတ်မကောင်း ဖြစ်သွားမိပြန်သည်၊ အဘွားအိုသည် မိမိတွင် ရှိနေသောပစ္စည်းကို မရပါက သူတို့နှစ်ယောက်ကို ချုပ်နှောင်ထား မည်မှာ သေချာလှပေသည်။ မိမိကိစ္စကြောင့် သူတို့နှစ်ယောက်စလုံး

အချုပ်အနှောင်ခံရမည့်အဖြစ်ကို ဝမ်ယိစိန်း မတွေ့လို မမြင်လိုပေ။

ဝမ်ယိစိန်းမှာ မေယောင်၏မေတ္တာစေတနာကို ကောင်းစွာ နားလည်နေသူဖြစ်၍ မေယောင်ကို လှမ်းပြောလိုက်သည်။

"မေယောင်. . ခင်ဗျား ကျုပ်အပေါ်ထားတဲ့ စေတနာကို လေးစားလှပါတယ်ဗျာ၊ ကျေးဇူးလဲ သိပ်တင်ပါတယ်၊ အဘွားကြီးက ကျုပ်လက်ထဲကပစ္စည်းကို မရရင် ခင်ဗျားတို့ကို လွှတ်ပေးမှာ မဟုတ်ပါဘူး၊ ဒါကြောင့် ကျုပ်အဖေပေးခဲ့တဲ့ပစ္စည်းကို အဘွားကြီး လက်ထဲ အပ်လိုက်ပါတော့မယ်"

ဝမ်ယိစိန်းက ပြောပြောဆိုဆို အင်္ကျီရင်ဘတ်ထဲတွင် ဝှက်ထားသော ကျောက်ဗူးကလေးကို ထုတ်ယူလိုက်သည်။

ဝမ်ယိစိန်းကသည် ကျောက်ဗူးကလေးကို ကြည့်ပြီး မျက်ရည်များ ဝဲကျလာပြန်သည်။ ဤပစ္စည်းကလေးသည် မိမိ အဖေအသက်နှင့် လဲခဲ့ရသော ပစ္စည်းလေးပါလား ဟူသော အသိကြောင့် မပေးရက်ရက် ဖြစ်နေမိပြန်သည်။

နောက်ဆုံးတွင်မူ မေယောင်တို့ မောင်နှမနှစ်ယောက် အန္တရာယ်အတွင်းမှ လွတ်မြောက်ရေးကို ရှေးရှုလိုက်ပြီး ကျောက်ခုံ လေးတစ်ခုပေါ် တင်ပေးလိုက်တော့သည်။

လျူဖေးသည် မျက်နှာကြီး ဝင်းခနဲဖြစ်သွားပြီး ကျောက်ခုံ လေးပေါ်မှ ကျောက်ဗူးကလေးကို ကောက်ယူလိုက်တော့သည်၊ ထိုစဉ် လျူဖေးနောက်တွင် ရပ်နေသော အဘွားအိုက လျူဖေးကို ဆတ်ခနဲ တွန်းထုတ်လိုက်ပြီး လျူဖေး လက်ထဲရောက်နေသော ကျောက်ဗူးကလေးကို လုယူလိုက်တော့သည်။

လျူဖေးသည် ကျောက်ဗူးကလေး အဘွားအိုလက်ထဲ



ရောက်သွားသည်နှင့် မေယောင့်လက်ကို ဖျတ်ကနဲ ဆွဲယူလိုက်သည်။

"မေယောင်တို့ သွားမယ်၊ ဪ. . . အဘွား ကိစ္စကြီး တစ်ခု ပြီးသွားပြီမို့ ကျွန်တော်တို့ကို သွားခွင့်ပြုပါ"

အဘွားအိုသည် လျူဖေးစကားကို ဂရုစိုက်ဟန်မရှိတော့ဘဲ အားရဝမ်းသာနှင့် တဟားဟား ရယ်နေလေတော့သည်။

လျူဖေးသည် အခြေအနေကို ရိပ်စားလိုက်မိသည်နှင့် တုံ့ဆိုင်းခြင်းမရှိတော့ဘဲ မေယောင်နှင့်အတူ ထွက်ခွာသွားတော့ သည်။

အဘွားအိုသည် သူတို့နှစ်ယောက် ထွက်ခွာသွားသည်ကို စေ့ခနဲကြည့်လိုက်ပြီး ရယ်မောမြဲ ရယ်မောနေတော့သည်။

မေယောင်သည် လျူဖေးခေါ်ရာ ပါလာခဲ့သော်လည်း ဝမ်ယိစိန်းကို လှည့်ကြည့်ပြီး ပြောဖြစ်အောင် ပြောလိုက်ပေသေး သည်။

'မိတ်ဆွေဝမ်၊ ရှင် ကျွန်မတို့ကို ကယ်တင်ခဲ့တဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်၊ ရှင့်အနေနဲ့ ပုလဲချောင်ကို မသွားဘဲ နေလို့တော့ မဖြစ်သေးဘူးနော်"

စကားမဆုံးခင်မှာပင် မေယောင်တို့ နှစ်ယောက်စလုံး ကျောက်သားအိမ်လေး အပြင်သို့ ရောက်ရှိသွားတော့သည်။

ဝမ်ယိစိန်းသည် မမြင်ရတော့သော မေယောင်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ယခုမှ ပုလဲချောင်ကို သွားရန်ကိစ္စကို အမှတ်ရလာသည်။

အစက ကျူးနန်ဂိုဏ်းရှိရာ သွားပြီးမှ ပုလဲချောင်သွားရန် စိတ်ကူးထားခဲ့မိသော်လည်း ယခုထိ မသွားဖြစ်သေးပေ။

သည်ကြားထဲ သီအော့ ခေါ် ရာနောက်သို့ ဘုမသိ ဘမသိ လိုက်လာခဲ့ပြီး ယခုမူ ဖခင်ပေးခဲ့သောပစ္စည်းပင် သူတစ်ပါးလက်ထဲ ရောက်နေခဲ့လေပြီ။

အဘွားအိုသည် ကျောက်ဗူးကလေးကို ရင်ဘတ်တွင် ကပ်ထားရင်း အားရဝမ်းသာ ဖြစ်နေသည်။ သူမသည် အတိုင်းထက်အလွန် မြူးထူးရွှင်ပျလျက်ရှိနေပြီး အော်ကြီးဟစ်ကျယ် ပြောနေပေသေးသည်။

"ဟား. . . ဟား. . . ဒီပစ္စည်းဟာ ဘယ်အရပ် ဘယ်ဒေသ ဘယ်သူ့လက်ထဲ ရောက်ရောက်၊ နောက်ဆုံးတော့. . . ငါ့လက်ထဲ ရောက်ရတော့တာပဲ မဟုတ်လား၊ ဟား. . . ဟား. . . ငါ့လက်ထဲကပစ္စည်းကို ဘယ်သူ လုယူချင်သေးလဲ၊ ကြိုက်တဲ့သူ လာလုနိုင်တယ်ဟေ့. . . ဟား. . . ဟား. . . ဟား. . ."

ဝမ်ယိစိန်းသည် အဘွားအို၏ အပြုအမူနှင့် အပြောအဆိုကိုကြည့်ရင်း ကျောက်ဗူးကလေးကို သိုင်းလောကသားများ လိုချင်လျက်ရှိကြောင်း ရိပ်စားနေမိ၏။ ဤမျှ အာသာငမ်းငမ်း မက်မောနေကြသည်မှာ ကျောက်ဗူးလေးထဲတွင် ရှိနေသောပစ္စည်းသည် အဘယ်မျှ တန်ဖိုးကြီးသောပစ္စည်းဖြစ်လေသနည်း။ သိုင်းလောကအတွက် မည်မျှ အရေးပါ အရာရောက်သောပစ္စည်းဖြစ်လေသနည်း။ အဖြေမှန်ကို ဝမ်ယိစိန်း မသိပေ။

သူသည် မိန်းမကြီး ခုန်ပေါက်မြူးထူးနေသည်ကို ကြည့်ရင်း ရယ်ချင်စိတ်များပင် ပေါက်လာ၏။ မိန်းမကြီးသည် ဝမ်ယိစိန်းကို ဂရုစိုက်ဟန် မရှိတော့ဘဲ ခုန်ဆွခုန်ဆွနှင့် အော်ဟစ်နေပြန်သည်။

"ဟေ့. . . .သိုင်းလောကသားတွေ၊ နင်တို့လိုချင်လှတဲ့



ပစ္စည်းက ငါ့လက်ထဲ ရောက်နေပြီဟေ့၊ ဘယ်သူလိုချင်သေးလဲ၊ သတ္တိရှိတဲ့သူ လာခဲ့၊ အားလုံး မသာဖြစ်ကုန်မယ်၊ ဟား. . . ဟား. . . ဟား"

အဘွားအိုသည် ဥစ္စာရူးကြီးလို အော်ဟစ်နေရင်း လက်ထဲတွင် ကိုင်ထားသောဗူးကို အကောင်းပကတိ ရှိနေသည့် ကျောက်စားပွဲခုံတစ်ခုပေါ် ပေါက်ချလိုက်တော့သည်။ ကျောက်ဗူးကလေးသည် ကျောက်သားထဲသို့ နစ်ဝင် သွားသည်။

အဘွားအိုသည် ကျောက်စားပွဲပြင်ကို သေသေချာချာ ကြည့်ရင်း တီးတိုးရေရွတ်လိုက်ပြန်သည်။

"အိုး. . . ဒီစားပွဲကျောက်သားထဲ ထည့်ထားလို့ မဖြစ်သေးပါဘူး၊ တော်ကြာ တစ်ယောက်ယောက်က ခိုးထုတ်သွားမှ ဒုက္ခဖြစ်နေပါအုံးမယ်"

"ဖြောင်း"

အဘွားအိုသည် ကျောက်စားပွဲပြင်ကြီးကို လက်ဝါးနှင့် ရိုက်ချလိုက်ပြန်သည်။ ထိုအခါ ကျောက်စားပွဲထဲ နစ်ဝင်နေသော ကျောက်ဗူးကလေးသည် ဖျတ်ခနဲ ခုန်ထွက်လာပြန်သည်။

အဘွားအိုသည် လေထဲပျံဝဲသွားသော ကျောက်ဗူးကလေးကို ဖမ်းယူလိုက်ပြီး ဘယ်နေရာ ထားရမှန်းမသိအောင် ဖြစ်နေပြန်သည်။

အဘွားအိုသည် ကျောက်ဗူးကလေးကို ဆုပ်ကိုင်ထားရင်း ကျိုးကြည့်ကြောင်ကြည့် လုပ်နေပုံမှာ ရယ်စရာကောင်းလှသည်။ ဝမ်ယိစိန်းသည် ရယ်ချင်စိတ်ကို မျိုသိပ်နိုင်စွမ်း မရှိတော့သဖြင့် ဟက်. . .ခနဲ ရယ်လိုက်ရင်း အရွဲ့တိုက်ပြောပစ်လိုက်တော့သည်။

"ဒီမယ်အဘွား၊ ထားစရာ နေရာမရှိရင် ပါးစပ်ထဲ ထည့်ပြီး မျိုချလိုက်၊ ဗိုက်ထဲရောက်သွားတဲ့အခါ ဘယ်သူမှ မယူနိုင်တော့ဘူး. . . ဟဲ. . . ဟဲ"

အဘွားအိုသည် ဝမ်ယိစိန်းစကားကြောင့် အယောင်ယောင်အမှားမှားနှင့် ကျောက်ဗူးကလေးကို ပါးစပ်ဝတွင် တေ့လိုက်သည်။ ဝမ်ယိစိန်းသည် အဘွားအိုလုပ်ပုံကို သဘောကျသွားသဖြင့် တဟားဟား အော်ရယ်တော့သည်။ မိန်းမကြီးသည် ပါးစပ်ထဲထည့်ရန် ပြင်ထားသောလက်ကို ပြန်ရုပ်လိုက်ပြီး ရှက်ကိုးရှက်ကန်းနှင့် အော်ဟစ်လာတော့သည်။

"ဟဲ့ကောင်လေး. . . နင် ဘာရယ်နေတာလဲ၊ ဒီအခန်းထဲက ထွက်မသွားသေးဘူးလား"

"သွား. . . သွားပါ့မယ်ဗျာ"

ဝမ်ယိစိန်းသည် အစောကြီးကတည်းက ဤနေရာမှ ထွက်ခွာချင်နေသော်လည်း မိန်းမကြီး၏ခွင့်ပြုချက် မရသေး၍ ငြိမ်နေရသူဖြစ်သည်။ ယခုမူ မြင်းဇောင်းမှ လွတ်လိုက်သော မြင်းတစ်ကောင်ကဲ့သို့ ကျောက်သားအိမ်ကလေးထဲမှ ဖျတ်ခနဲ ခုန်ထွက်လိုက်ပြီး နှင်းတောထဲသို့ ပြေးလာခဲ့တော့သည်။

ဝမ်ယိစိန်းသည် ခြေဦးတည့်ရာ ပြေးသွားလာခဲ့သော်လည်း ဘယ်သွား၍ ဘယ်လာရမှန်းမသိ ဖြစ်နေ၏။ နှင်းသည် စောစောကလောက် ထူထပ်ခြင်း မရှိတော့သော်လည်း မှုန်မွှားမွှားကလေးများကား ကျနေဆဲရှိသည်။

ဝမ်ယိစိန်းသည် ဖြစ်ချင်ရာဖြစ် ရောက်ချင်ရာရောက်ဟူသော သဘောနှင့် မျက်နှာမူရာသို့ အားသွန်ပြေးနေသည်၊ အတန်ကြာ ပြေးလွှားမိသောအခါမှ တုံ့ခနဲ ရပ်ပစ်လိုက်မိသည်။



ထိုစဉ် နောက်ကျောဘက်မှ အော်ဟစ်သံတစ်သံကို စူးစူးဝါးဝါး ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သောအခါ တရိပ်ရိပ် ပြေးလာနေသော သဏ္ဌာန်တစ်ခုကို တွေ့ရတော့သည်။

ရင်ထဲ ဒိန်းခနဲဖြစ်သွားစဉ်မှာပင် ပြေးလာနေသော သဏ္ဌာန်က အနီးသို့ ရောက်ရှိလာပြီး ရင်ဘတ်မှ အကျီစကို ဖျတ်ခနဲ ဆုတ်ကိုင်လိုက်၏။

ထိုသူသည် အခြားသူမဟုတ်၊ မိန်းမကြီးပင်ဖြစ်တော့သည်။

ဝမ်ယိစိန်းသည် ဘာပြောရမှန်းမသိပဲ ကြောင်ငေးငေးဖြစ်နေသည်။ ထိုအချိန်မှာပင် မိန်းမကြီးက ကိုင်ဆွဲထားသောလက်ကို မြှောက်တင်လွှတ်လိုက်သဖြင့် ဝမ်ယိစိန်းသည် ကောင်းကင်သို့ လွင့်တက်သွားသည်။

ဝမ်ယိစိန်းသည် အတော်မြင့်မြင့် မြောက်တက်သွားသဖြင့် ကြောက်အားလန့်အားနှင့် အော်ဟစ်မိတော့သည်၊ ကိုယ်လုံးကြီး မြေကြီးသို့ ကျလုလုတွင် လေတိုးသံတစ်ချက် ကြားလိုက်ရပြီး ထပ်မံလွင့်စဉ်သွားသည်ကို သတိပြုလိုက်မိသည်။

ထို့နောက်တွင်မူ အေးစိမ့်သော ခံစားမှုကို ခံစားလိုက်ရပြီး နှင်းမှုန်ထုကြီးထဲကို နစ်ဝင်သွားကြောင်း သိလိုက်ရတော့သည်။ ထိုအခါကျမှ နှင်းပွင့်နှင်းမှုန်များကို ဖယ်ရှားပြီး အပြင်သို့ ကုန်းကုန်းကုန်းကုန်းနှင့် ထွက်လာခဲ့သည်။ ထိုအချိန်မှာပင် မိန်းမကြီးက ကျောကုန်းကို ဖိနင်းလိုက် ပြန်သည်။ ဝမ်ယိစိန်းသည် မှောက်လျက်ကြီး ဖြစ်နေရာမှ ဒေါသထောင်းခနဲ ထွက်သွားပြီး အော်မေးလိုက်သည်။

"ခင်ဗျားကြီး. . . ဘယ်လို လုပ်လိုက်တာလဲ"

"ဟင်းဟင်း. . . မင်းကျောကုန်းကို နင်းပြီး သတ်မလို့ပေါ့ကွယ်၊ မင်းက ရူးသလိုလို ကြောင်သလိုလိုနဲ့ တော်တော် ပါးတဲ့ကောင်၊ မင်း ဘာလုပ်ထားတယ်ဆိုတာ မင်း မသိဘူးလား. . . ဟား. . . ဟား. . ."

မိန်းမကြီးပြောသည်ကို ဝမ်ယိစိန်း သဘောမပေါက်ပေ။

"ကျုပ် ဘာလုပ်လို့လဲဗျ"

"မင်းလုပ်ထားတာကို မင်းမသိဘူး ဟုတ်လား၊ ဟင်း ဟင်း ဒီလိုဆို ရှင်းရှင်းမေးမယ်၊ ဒီကျောက်ဗူးထဲက ပစ္စည်းကို ဘယ်မှာ ဝှက်ထားခဲ့သလဲ"

အဘွားအိုက ခပ်မာမာမေးရင်း ကျောက်ဗူးကလေးကို ပစ်ချလိုက်သည်။ လှမ်းကြည့်လိုက်သောအခါ ကျောက်ဗူးကလေးသည် အဖုံးပွင့်နေပြီး အတွင်းတွင် ရေမြေတောတောင်နှင့် လူရုပ်ပုံများ ထွင်းထုထားသည်ကို တွေ့ရသည်။ အခြားပစ္စည်း ဟူ၍ မည်သည့်ပစ္စည်းမျှ မရှိပေ။ ဝမ်ယိစိန်း ခေါင်းရှုပ်သွားသည်။

"ခင်ဗျား ဘာတွေပြောနေတာလဲ၊ အစကတည်းက ဒီအထဲမှာ ဘာပစ္စည်းမှ မရှိဘူးဗျ၊ ခင်ဗျား မလိုချင်ရင် ကျုပ်ကို ပြန်ပေး"

ဝမ်ယိစိန်းက ကျောက်ဗူးကလေးကို လှမ်းယူရန် ပြင်လိုက်သည်။ အဘွားအိုက ကျောက်ဗူးကို ဝမ်ယိစိန်းလက်ထဲ အရောက်မခံဘဲ ပြန်ကောက်ယူလိုက်သည်။

ဝမ်ယိစိန်း၏ ကျောကုန်းကို နင်းထားသော ခြေထောက်ကိုလည်း ခပ်ဖွဖွ လုပ်ပေးလိုက်သည်။



ဝမ်ယိစိန်းသည် နင်းမြေပေါ် မှောက်နေရာမှ လူးလဲ ထပြီး ထိုင်သည်။ အဘွားအိုက ဒေါသထွက်စွာ မေးလာသည်။

"ဗူးထဲက ပစ္စည်းကို မင်းဘယ်မှာ ထားခဲ့သလဲ၊ ပြောစမ်း မြန်မြန်"

"ကျုပ်ပြောပြီးပြီ၊ ဒီကိစ္စကို ကျုပ် ဘာမှမသိဘူး"

အဘွားအိုက ဝမ်ယိစိန်းသို့ စိုက်ကြည့်သည်။ ဝမ်ယိစိန်းက တုန်လှုပ်ဟန် မပြ။ အဘွားအိုသည် တစ်စုံတစ်ရာကို မျက်မှောင်ကုပ် စဉ်းစားလိုက်၏။

"မင်း တကယ်မသိဘူးဘား"

"မသိဘူး"

"ဒါဖြင့်. . . မင်းကို ဒီဗူး ဘယ်သူပေးသလဲ"

"လျှူဖေးနဲ့ မေယောင်"

"သူတို့နှစ်ယောက်ထဲက ဘယ်သူ ထုတ်ပေးတာလဲ"

ဝမ်ယိစိန်း မဖြေတတ်။ ဇဝေဇဝါ ဖြစ်နေသည်။ လျှူဖေးလား၊ မေယောင်လား၊ စဉ်းစား၍မရ။ ခေါင်းကို တဗျင်းဗျင်း ကုတ်သည်။ ဘာအဖြေမှ မထွက်။ ဒုက္ခ။ အဲဒါမှ တကယ့်ဒုက္ခ။

"ကျုပ် စဉ်းစားလို့ မရတော့ဘူး"

"နင်. . . တော်တော် အသုံးမကျတဲ့ကောင်။ သူတို့ နှစ်ယောက်နောက်ကို မြန်မြန်လိုက်သွား"

ဝမ်ယိစိန်းသည် ထိုင်နေရာမှ အားယူထလိုက်သည်။ ခုမှ တစ်ကိုယ်လုံး ထုံကျဉ်ကိုက်ခဲနေမှန်း သိလာသည်။ ခြေကို တစ်လှမ်း နှစ်လှမ်း လှမ်းကြည့်သည်။ ကောင်းကောင်းလျှောက်မရ။ ဗိုင်းခနဲ ပြန်လဲကျသွားသည်။

"ခင်ဗျားပဲ လိုက်သွားပါတော့ဗျာ။ ကျုပ်လမ်းလျှောက်လို့ မရတော့ဘူး"

မိန်းမကြီးက ဘာမျှ ပြန်မဖြေတော့။ ရပ်နေရာမှ လှစ်ခနဲ ပြေးထွက်သွားသည်။

ဝမ်ယီစိန်းသည် လဲကျနေရာမှ ပြန်ထကြည့်သည်။ ခြေကို လှမ်းကြည့်သည်။ ကောင်းကောင်းလျှောက်မရ။ အားအင်များ ကုန်ခန်းသွားသကဲ့သို့ ခံစားနေရသည်။ တစ်ကိုယ်လုံးသည် နာကျင် ကိုက်ခဲပြီး မောဟိုက်နေသည်။ ရပ်နေရာမှ ဗုန်းခနဲ ပြန်လဲကျသွား သည်။

ထိုစဉ်. . . မိန်းမကြီး လှစ်ခနဲ ပြန်ရောက်လာသည်။ သူမ မျက်နှာ ညှိုပုပ်နေသည်။ ထွက်ပြေးသွားသူနှစ်ယောက်ကို လိုက် မမီတော့မှန်း သိသာလှပါသည်။

"ကောင်လေး. . . ငါ့နောက် လိုက်ခဲ့"

"ဘယ်ကို လိုက်ရမှာလဲဗျာ"

"နှင်းတောင် ပုလဲချောင်ကို"

"အဲဒီမှာ ဘာကိစ္စရှိလို့လဲ"

"နင် ဟန်ဆောင်မနေနဲ့၊ ကိစ္စအားလုံး ငါ သိပြီးသား၊ ကဲ. . . မြန်မြန်ထ"

မိန်းမကြီးက ပြောပြောဆိုဆို ဝမ်ယီစိန်းကို ခြေဖျားနှင့် ကော်တင်လိုက်သည်။ ဝမ်ယီစိန်းမှာ တစ်စုံတစ်ရာ အားမစိုက် လိုက်ရဘဲ မတ်မတ်ကြီးဖြစ်သွားသည်။

* * *



အခန်း (၉)

## အဆိပ်ပျား ဆူးချွန်ရှင်

မိန်းမကြီးသည် ဝမ်ယီစိန်း၏သွေးကြောများကို လက်ညှိုး ကလေးနှင့် ဟိုဟိုသည်သည် တောက်လိုက်သည်။

တစ်ခဏအတွင်းမှာပင် ဝမ်ယီစိန်း၏ တစ်ကိုယ်လုံးတွင် နာကျင်ကိုက်ခဲမှုများ ပျောက်သွားပြီး ပေါ့ပါးလန်းဆန်းလာသည်။

ဝမ်ယီစိန်း ထူးဆန်းသော ဒါဖြစ်ကြောင့် နားမလည်သလို ဖြစ်သွားရာမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်လာသည်။

"အဘွား. . . ကျုပ်ကိုယ်ပေါ်က သွေးကြောတွေကို ခုလို တောက်ပေးပါဦးလားဗျ၊ ခုနက တောက်ပေးတာ ကျုပ် တစ်ကိုယ် လုံး ပေါ့ပေါ့ပါးပါး ဖြစ်သွားပြီး လန်းဆန်းလိုက်တာ လွန်ရောပဲ"

"ဟင်း. . . ဟင်း၊ ငါ့အစွမ်းကို မင်းသိပြီ မဟုတ်လား၊ ငါ့ စကားသာ နားထောင်ရင် မင်း ဒီထက် အကျိုးရှိဦးမယ်၊ နားလည်

လား၊ သိုင်းလောကမှာနေရင် သိုင်းပညာ အဆင့်မြင့်မှ လူစော်ကား မခံရတာကွယ့်"

ဝမ်ယိစိန်း စိတ်ဝင်စားသွားသည်။ မိန်းမကြီးက သိုင်းပညာများ တကယ်သင်ပေးလျှင် မည်မျှကောင်းလေမည်နည်း။ ဝမ်ယိစိန်းသည် မျှော်လင့်ချက်ကြီးမားစွာနှင့် မိန်းမကြီးကိုမေးသည်၊

"အဘွားက အဘွားလို တတ်အောင် သင်ပေးမှာလား"

"သင်သင့်ရင် သင်ပေးမယ်၊ အရေးကြီးတာက ငါ့စကား နားထောင်ဖို့ပဲ"

"ဟုတ်ကဲ့. . . နားထောင်ပါ့မယ်"

ဝမ်ယိစိန်းသည် ပညာလိုချင်စိတ်နှင့် ကတိပေးသည်၊ မိန်းမကြီးက သဘောကျဟန်နှင့် ပြုံးပြသည်။

သိုင်းလောကရှိ သိုင်းဆရာကြီးများသည် မိမိတို့တတ်ကျွမ်းထားသော ပညာရပ်များကို သင်ကြားပေးရာ၌ ပညာကုန် သင်ပေးလေ့ မရှိကြ။ပညာတူလျှင် ရန်သူဖြစ်တတ်သည့်သဘောကို သူတို့ သိထားကြ၏။

သို့သော် သူတို့ ချစ်ခင်လှသည့် တပည့်လက်သားတစ်ချို့ တစ်လေကိုကား သင်ပေးတတ်ကြ၏။ ဤအဖြစ်မျိုးကား ရှားမှ ရှားသော အဖြစ်သာဖြစ်၏။

ဝမ်ယိစိန်းကား မိန်းမကြီးအပေါ် ကြီးမားသော မျှော်လင့်ချက်ထားလိုက်ပြီး စိတ်ကူးအယဉ်ကြီး ယဉ်နေမိပြန်၏။မိန်းမကြီးသည် ဝမ်ယိစိန်း၏သဘောကို ရိပ်စားမိဟန်ရှိပြီး ဟက်ခနဲ ပြုံးလိုက်မိ၏။

ဝမ်ယိစိန်းကား မိန်းမကြီး၏အတွင်းသဘောကို ရိပ်စား



မိခြင်း မရှိချေ။ မိန်းမကြီးသင်ပေးသော ပညာရပ်များကို ကြိုးစားပမ်းစား သင်ယူပြီး နှင်းတောင် ပုလဲချောင်သို့ အတူသွားရန် ကိစ္စတိုပင် အပျော်ကြီး ပျော်နေမိသည်။

"အဘွား. . . ကျုပ်ကို ပညာသင်ပေးမယ်ဆိုရင် စောစောက ကျောက်စားပွဲကြီးကို ရိုက်ချိုးပစ်တဲ့ လက်ဝါးတိုက်ကွက်ကို အမြန်သင်ပေးပါဗျာ"

ဝမ်ယိစိန်းစကားကြောင့် မိန်းမကြီး တွေခနဲဖြစ်သွားသည်။ မျက်မှောင်ကုပ်စဉ်းစားလိုက်ပြီးမှ အဖြေပေးလာသည်၊

"ဟင်း. . . ဟင်း. . . ဒါက သိပ်လွယ်တဲ့ပညာပါကွယ်၊ မင်း ငါ့နောက်ကသာ လိုက်ခဲ့ပါ"

မိန်းမကြီးက ပြောပြောဆိုဆို ရှေ့ကို လျှောက်သွားသည်၊ ဝမ်ယိစိန်းလည်း နောက်မှ ကောက်ကာငင်ကာ လိုက်ပါသွားသည်။

ကိုက်နှစ်ဆယ်ခန့် လျှောက်မိကြသောအခါ လမ်းဘေးတွင် သစ်ခြောက်ပင်ကြီးတစ်ပင်ကို တွေ့ကြရသည်။ သစ်ပင်ကြီးသည် လူတစ်ဖက်မျှ ရှိသော်လည်း အခက်အရွက်များ မရှိတော့ဘဲ သေနေသော သစ်ပင်ခြောက်ကြီးဖြစ်သည်၊ မိန်းမကြီးသည် သစ်ပင်ကြီးကိုကြည့်ပြီး ခြေလှမ်းရပ်လိုက်သည်၊

ထိုနောက်တွင်မှ ဝမ်ယိစိန်းအနီးသို့ တိုးကပ်သွားပြီး ဝမ်ယိစိန်း၏ ရင်ဘတ်နှင့်ကျောကို လက်ဝါးနှင့် ဖိကပ်ပြီး အတွင်းအား သွင်းပေးလိုက်သည်။ လက်နှစ်ဘက်ကို ပြန်လွှတ်လိုက်သော် ဝမ်ယိစိန်း တစ်ကိုယ်လုံး အားအင်များ ပြည့်ဖြိုးသလို ခံစားလိုက်ရပြီး တက်ကြွလန်းဆန်းလာတော့သည်၊

မိန်းမကြီးသည် ဝမ်ယိစိန်း၏ အခြေအနေကို ကြည့်ပြီး

သဘောကျသွားသည်။ သူမသည် ဝမ်ယိစိန်းကို တစ်ပွဲထိုး ခွန်အားများ သွင်းပေးလိုက်ခြင်းသာဖြစ်သည်။ ဝမ်ယိစိန်းကား ကိုယ့်အဖြစ်ကို ကိုယ်နားလည်ဟန်မရှိဘဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး သုံးမကုန်သော ခွန်အားများ ရရှိလိုက်ပြီဟု ထင်မှတ်နေတော့သည်။

"ကောင်ကလေး. . . မင်း ဟောဒီသစ်ပင်ကို လဲအောင် ရိုက်ကြည့်စမ်း"

"ဖြစ်ပါ့မလား ဘွားဘွား"

"ဖြစ်ပါတယ်. . . မင်း စမ်းရိုက်ကြည့်"

ဝမ်ယိစိန်းသည် မယုံရဲယုံရဲနှင့် သစ်ခြောက်ပင်ကြီး အနီးသို့ တိုးကပ်သွားသည်။ ထို့နောက် အတွင်းအားများကို စုယူလိုက်ပြီး လက်ဝါးကြီးနှင့် ဖျန်းခနဲ ရိုက်ထည့်လိုက်သည်။ လေတိုးသံ တစ်ချက် ဟူးခနဲ မြည်သွားပြီး လက်ဝါးနှင့်သစ်ပင် ထိတွေ့သွားသည်။ သစ်ခြောက်ပင်တွင် ကပ်ငြိနေသော နှင်းပွင့်နှင်းခဲများ ဖွာခနဲ လွင့်ထွက်သွားပြီး သစ်ပင်ကြီး လဲကျသွားသည်။

သစ်ပင်ကြီးအနီးရှိ နှင်းခဲများနှင့် ကျောက်ခဲမြေခဲများ လွင့်ထွက်သွားသည်။ ဝမ်ယိစိန်းသည် မြင်ကွင်းကိုကြည့်ရင်း ထိတ်လန့်ချောက်ချားသွားသည်။ မိန်းမကြီးက ဝမ်ယိစိန်းကို အကဲခတ်သည်။ ဝမ်ယိစိန်း အံ့ဩနေသည်ကို တွေ့ရသည်။

"ဘယ့်နှယ်လဲကောင်ကလေး၊ မင်း သစ်ပင်ကြီးကို လှဲနိုင်စွမ်း ရှိလာပြီ မဟုတ်လား"

"ဒါ. . . ဒါ. . . ကျုပ်လက်ဝါးအားကြောင့် လဲသွားတာ အမှန်ပဲလား"

"အမှန်ပေါ့၊ စောစောက မင်းရင်ဘတ်က သွေးကြောနဲ့



နောက်ကျောက သွေးကြောတွေထဲကို ငါ အားဖြည့်ပေးခဲ့တာ မမှတ်မိဘူးလား၊ ခု မင်းမှာ ပြည့်ဝတဲ့အတွင်းအားကို ပိုင်ဆိုင်သူ ဖြစ်နေပြီ၊ အဆင့်မြင့် သိုင်းသမားတစ်ယောက်ဘဝကို ရောက်နေပြီ"

မိန်းမကြီးက ခပ်တည်တည် ပြောသည်။ ဝမ်ယိစိန်းသည် မိန်းမကြီးစကားကို ကြားသည်နှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ သူသည် ဘကြီးလီလုံနှင့် အနေကြာခဲ့သူဖြစ်၍ အတွင်းအား ဖြည့်ဆည်းခြင်းပညာကို ကြားဖူးနားဝ ရှိထားသည်။ ထို့ကြောင့် မိန်းမကြီး၏စကားကို လုံးဝ ယုံကြည်သွားသည်။

"ကျေးဇူးအများကြီးတင်ပါတယ် ဆရာမကြီး"

ဝမ်ယိစိန်းက လေးစားစွာ ခေါ်ပြောလာသည်။ သို့သော်. . .

"ဟေ့. . . ကောင်လေး၊ မင်းငါ့ကို ဆရာမကြီးလို့ မခေါ်နဲ့၊ ငါက မင်းရဲ့ ဆရာမ မဟုတ်ဘူး"

ဝမ်ယိစိန်းအဖြစ်ကို ရိပ်စားမိသော မိန်းမကြီးက စကား ပရိယာယ်ဆင်ပြီး ထပ်ပြောသည်။

"ကောင်ကလေး၊ မင်းကို ဆရာမကြီးလို့ မခေါ်နဲ့ပြောတာက အကြောင်းမဲ့ပြောတာမဟုတ်ဘူး၊ မင်းရရှိထားတဲ့ အတွင်းအားဟာ ငါ့အတွင်းအားနဲ့ သိပ်မကွာတော့ဘူး၊ ဒါကြောင့်မို့ ငါ့ကို ဆရာမကြီးလို့ မခေါ်နဲ့လို့ ပြောတာ"

ဝမ်ယိစိန်းသည် မိန်းမကြီး၏စကားကို မယုံရအခက် ယုံရခက် ဖြစ်သွားသည်။

"အဘွားရဲ့သိုင်းပညာက ကျုပ်ထက် သာတာ အမှန်ပါ

ဗျာ"

"မသာလှပါဘူး ကောင်လေးရဲ့"

"ဒီလိုဆို ကျုပ် ထပ်ပြီး စမ်းကြည့်လိုက်အုံးမယ်"

"အိုး. . . မစမ်းနဲ့. . . မစမ်းနဲ့၊ သိုင်းသမားကောင်းတစ်ယောက်ဟာ ကိုယ့်မှာရှိနေတဲ့ အတွင်းအားကို အလဟဿ ဖြုန်းတီးပစ်ရိုး ထုံးစံမရှိဘူးကွယ့်၊ မလုပ်နဲ့"

မိန်းမကြီးက မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ဟန့်တားသည်၊ ဝမ်ယိစိန်းသည် တအံ့တဩ ဖြစ်သွားဟန်နှင့် မိန်းမကြီးကို စိုက်ကြည့်သည်။

"ကောင်လေး၊ နင့်ကိုယ်တွင်းမှာရှိတဲ့ အတွင်းအားပညာဟာ အင်မတန်ကြီးနေပြီ၊ ဒီအားကို သေရေးရှင်ရေး ပြဿနာနဲ့ ရင်ဆိုင်ရမှ ထုတ်သုံးရမယ်၊ အဲဒါကို ကြပ်ကြပ်သတိထားပါ၊ တော်ရုံတန်ရုံကိစ္စမှာ ခုနက သုံးတဲ့အားမျိုးကို လုံးဝ ထုတ်မသုံးပါနဲ့"

"ဟုတ်ကဲ့အဘွား၊ ကျုပ် ကတိပေးပါတယ်"

ဝမ်ယိစိန်းက သဘောပေါက်သွားဟန်နှင့် ကတိပေးသည်။

နားထဲတွင်မူ 'အဆင့်မြင့်သိုင်းသမားဘဝကို ရောက်နေပြီ၊ ဒီအားကို သေရေးရှင်ရေးပြဿနာနဲ့ ရင်ဆိုင်ရမှ ထုတ်သုံးရမယ်" ဆိုသော စကားသံများ ပဲ့တင်ထပ်နေသည်။

မိန်းမကြီး၏စကားသည် ယုံကြည်ရာ၊ လိုက်နာရာ ရှိသော စကားသာ ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် သိုင်းလောက၌ ယင်းကဲ့သို့ ထူးခြားသည့်အဖြစ်များ ဖြစ်လေ့ဖြစ်ထ ရှိစမြဲ ဖြစ်သောကြောင့်တည်း။

ပမာဆိုရလျှင် သိုင်းလောက၌ သိုင်းပညာ လုံးဝမတတ်သူ



တစ်ယောက်ကို ဆယ်ရက်ဆယ့်ငါးရက်အတွင်း အဆင့်မြင့် သိုင်းသမားဖြစ်အောင် လုပ်ပေးနိုင်သော ပညာစွမ်းများ အမှန်ရှိပါ၏။ သို့သော် ထိုသို့သောအဖြစ်မျိုးကား အလွန်ရှားပါးသောအဖြစ်သာ ဖြစ်၏။

ယခုလည်း ဝမ်ယိစိန်းကို မိန်းမကြီးက အတွင်းအားများ သွတ်သွင်းလိုက်သဖြင့် အားလှိုင်းများ စုပြုံတည်ရှိသွားခဲ့သည်၊ ထို့ကြောင့်လည်း လက်ဝါးရိုက်ချက်တွင် ကြီးမားသောအားလှိုင်းများ ဖြစ်ပေါ်ပြီး သစ်ခြောက်ပင်ကြီးကို ဖြိုလှဲလိုက်နိုင်ခြင်းဖြစ်သည်။ သို့သော် ဒုတိယအကြိမ် ရိုက်ချက်ကို ထုတ်သုံးပါက သစ်ခြောက်ပင်ကြီးကို လှဲနိုင်စွမ်းရှိတော့မည် မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော် မိန်းမကြီး သွတ်သွင်းပေးသော သိုင်းအားသည် တစ်ပွဲတိုး တစ်ချက်ရိုက်သိုင်းအားသာ ဖြစ်သောကြောင့်တည်း။ထို့ကြောင့် မိန်းမကြီးက ဝမ်ယိစိန်းကို လိမ်ညာလှည့်ဖြားပြီး တားမြစ်ပိတ်ပင်ခြင်းပင်ဖြစ်ပါ၏။

ဝမ်ယိစိန်းကား လူရိုးလူအ တစ်ယောက်သာဖြစ်၍ ထိုအချက်ကို ရိပ်စားမိခြင်း မရှိ၊ သူ့ကိုယ်သူ တကယ့်သိုင်း အကျော်အမော်တို့၏ အတွင်းအားပညာရပ်ကို ရရှိပိုင်ဆိုင်ထားပြီဟု ယူဆနေသည်။

"ကဲ. . . ကောင်ကလေး၊ မင်းအနေနဲ့ ငါ့ကို မိတ်ဆွေတစ်ယောက်လို သဘောထားနိုင်ပြီလား"

"ထားနိုင်ပါပြီ အဘွား၊ အဘွားဟာ ကျုပ်ဘဝကို ကြီးမားတဲ့ အပြောင်းအလဲ တစ်ခုကို လုပ်ပေးနိုင်တဲ့အတွက် အဘွားဟာ ကျုပ်ရဲ့ အကောင်းဆုံးမိတ်ဆွေတစ်ယောက်ပါပဲ"

"ကောင်းပြီ ဒါပေမယ့် မင်းကို ပြောချင်သေးတာကတော့ ငါ့ကို အဘွားကြီးလို့ ခေါ်ပါ၊ ဘာလို့လဲဆိုတော့ ငါဟာ မင်းရဲ့ အဘွား မဟုတ်လို့ပဲ၊ ဒါကို မင်း သဘောပေါက်တယ်မဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့ ကျုပ်သဘောပေါက်ပါတယ်၊ ခုချိန်က စပြီး အဘွားဆန္ဒအတိုင်း အဘွားကြီးလို့သာ ခေါ်ပါ့မယ်"

မိန်းမကြီးက ဝမ်ယိစိန်းကိုကြည့်ပြီး သဘောကျစွာ ပြုံးလိုက်သည်။ မိန်းမကြီးကို တွယ်တာစရာ လူတစ်ယောက်အဖြစ် သဘောထားလိုက်ပြီး ကြည်နူးချမ်းမြေ့သွားသည်၊ ထိုစဉ် မိန်းမကြီးက လှမ်းမေးသည်။

"ကောင်ကလေး. . . နင်က နှင်းတောင်ပုလဲချောင်ကို သွားမလို့ မဟုတ်လား"

"မဟုတ်ပါဘူး ဦးလေးလီအော့က ကျုပ်အဘွားဆီ လိုက်ပို့မယ်ဆိုပြီး ခေါ်လာတာပါ"

"မင်းအဘွားက ဘယ်သူလဲ"

"အဲဒါ ကျုပ်မသိဘူး၊ ကျုပ်အဘွားရှိတယ်ဆိုတာ ဦးလေးလီအော့ ပြောမှ သိရတာပါ၊ အဘွားဆိုတာကို ကျုပ် မြင်လဲ မမြင်ဖူးဘူး၊ အဘွားတစ်ယောက်ရှိနေတယ်ဆိုတာလဲ မသိဘူး"

"ဩော်. . . ဩော်. . . စောစောက ငါ့ကို တွေ့လို့ မြင်းနဲ့ ထွက်ပြေးသွားတဲ့လူဟာ လီအော့ ဆိုတာလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် မင်းအမေကတော့ ဘယ်သူများလဲ"

"အိုး. . . အဘွားကြီးက ကျုပ်အဖေကို သိတယ်ဆိုပြီးမှ ကျုပ်အမေကို မသိဘူးလားဗျ၊ ကျုပ်အမေက သေတာ ကြာခဲ့ပါပြီ



ဗျာ၊ အမေ့ရုပ်ပုံတောင် ကျုပ် မမှတ်မိတော့ပါဘူး၊ အမေက စစ်ချွမ်းနယ်က ငွေနတ်လီလုံရဲ့ညီမ ဖြစ်ပါတယ်"

ဝမ်ယိစိန်းစကားကြောင့် မိန်းမကြီး မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သို့သော် မိန်းမကြီးက မျက်နှာကို ချက်ချင်းပြန်ပြင်လိုက်ပြီး . . .

"ဒီလိုဆိုတော့၊ မင်းက မင်းအဘွားဆိုတာကို တွေ့ချင်နေပြီပေါ့ဟုတ်လား၊ အေး . . . ဟိုယခင်နှစ်တွေတုန်းကတော့. . ."

မိန်းမကြီးသည် စကားကို ဆက်မပြောတော့ဘဲ လမ်းခုလတ်မှ ဖြတ်ချလိုက်ပြန်၏။ ဝမ်ယိစိန်းသည် အခြေအနေကို ရိပ်မိဟန် မရှိသကဲ့သို့ သူ သိချင်သည်ကိုသာ မေးလိုက်ပြန်၏။

"အဘွားကြီးက ကျုပ်အဘွားကို သိတယ်ဟုတ်လား"

မိန်းမကြီးသည် ပြုံးပြုံးပျာပျာ ဖြစ်သွားပြီး ခြေကားရားလက်ကားရားနှင့် ထိတ်ထိတ်ပျာပျာ ပြောသည်။

"ဘယ့်နှယ်. . . ဘယ့်နှယ်. . . မင်းအဘွားကို မင်းကိုယ်တိုင်တောင်မသိတဲ့ဥစ္စာ ငါက ဘယ်လိုလုပ် သိပါ့မလဲကွယ့်"

မိန်းမကြီး၏ ဖုံးဖုံးကွယ်ကွယ်စကားကို ဝမ်ယိစိန်း မရိပ်မိပေ။ မိန်းမကြီးကို ယုံကြည်ရင်းစွဲ ရှိနေသည်နှင့်သာ တစ်စုံတစ်ရာ သံသယဖြစ်ခြင်းမရှိဘဲ၊ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"ကဲ ကဲ. . . စကားက တစ်ခြားတောင် ရောက်သွားပြန်ပြီကွယ်၊ မင်းအနေနဲ့ နှင်းတောင် ပုလဲချောင်ကို သွားဖို့ စိတ်ကူး မရှိဘူးလား"

"အင်း. . . ကျုပ်ဒီကို ရောက်တာဟာ ဦးလေးလီအော့

ခေါ်လာလို့ ရောက်လာတာ၊ ခုအချိန်မှာ ဘယ်သွားရမယ်ဆိုတာ မသိပါဘူးဗျာ"

မိန်းမကြီးသည် ဝမ်ယိစိန်းကို ဘာမျှ ပြန်မပြောတော့ဘဲ ကျောက်ဗူးကလေးကိုသာ သေသေချာချာ ကြည့်လိုက်ပြန်သည်၊ သူမသည် အတန်ကြာအောင် ငြိမ်သက်သွားပြီးမှ ခပ်အေးအေး ပြောလာသည်။

"ကောင်ကလေး၊ မင်း ငါနဲ့သာ လိုက်ခဲ့၊ နှင်းတောင်ပုလဲချောင်ကိုရောက်ရင် ကိစ္စအားလုံး ရှင်းသွားလိမ့်မယ်"

ဝမ်ယိစိန်းသည် မိန်းမကြီးက မည်သည့်ကိစ္စကြောင့် ခေါ်သည်ကို မသိဘဲ အလွယ်တကူ ခေါင်းညိတ်ပြလိုက်သည်။

"အေး. . . ဒါပေမယ့် ငါတို့နှစ်ယောက် နှင်းတောင်ပုလဲချောင်ကို သွားတဲ့အခါ အတူတူသွားလို့ မဖြစ်ဘူး၊ လမ်းခွဲပြီး သွားမှ ဖြစ်မယ်၊ ငါပြောတာ သဘောပေါက်တယ် မဟုတ်လား"

မိန်းမကြီး၏စကားကို ဝမ်ယိစိန်း မရှင်း။ မျက်မှောင်ကုပ်ပြီး ငြိမ်နေသည်။မိန်းမကြီးသည် ဝမ်ယိစိန်း၏တက်တက်ကြွကြွ မရှိမှုကို သဘောမကျနိုင် ဖြစ်နေသော်လည်း ဟန်လုပ်ပြီး ပြုံးလိုက်သည်။

"ငါဆိုလိုတာက မင်းရှေ့က သွားနှင့်၊ ငါက နောက်က လိုက်ခဲ့မယ် ပြောတာကွယ့် ကောင်လေးရဲ့၊ နားလည်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

ဝမ်ယိစိန်းသည် ဟုတ်ကဲ့သာ ဆိုလိုက်ရသော်လည်း မိန်းမကြီး ယခုကဲ့သို့ စီစဉ်သည်ကို နားလည်ခြင်း မရှိချေ။ ဘာ



ကြောင့်များ ဒီလိုစီစဉ်ရပါလိမ့်ဟုသာ တွေးနေမိသည်။ နောက်ဆုံးတွင်မှ မိန်းမကြီး နားရှင်းသွားအောင် ကတိပေးလိုက်သည်။

"အဘွား. . . ကျုပ် ခင်ဗျားပြောသလို လုပ်မယ်ဗျာ"

"အေး. . . အေး. . . ရော့. . . မင်းကျောက်ဗူး"

မိန်းမကြီးက သဘောကျ ကျေနပ်သွားဟန်နှင့် ကျောက်ဗူးကို လှမ်းပေးသည်။

ဝမ်ယိစိန်းသည် မိန်းမကြီး၏ အပြုအမူကို နားလည်ဟန်မရှိဘဲ မျက်လုံးပြူးကြီးနှင့် ပြန်ပြောသည်။

"ခင်ဗျားက ဒီကျောက်ဗူးကို မလိုချင်တော့ဘူးလား"

"ဟင့်အင်း. . . ဒါ မင်းအဖေရဲ့ အမွေပစ္စည်းပဲ၊ ငါ မလိုချင်ပါဘူး၊ စောစောက လုပ်ခဲ့တာတွေဟာ ကျောက်ဗူးကို သေသေချာချာ ကြည့်ချင်လို့ လုပ်ခဲ့တာပါ၊ ငါ ဒီဗူးကို လိုချင်စိတ် မရှိပါဘူး၊ မင်းပဲ ပြန်ယူထားလိုက်ပါ"

မိန်းမကြီးက ကျောက်ဗူးကို ကမ်းပေးထားသော လက်ကို ပြန်မရုပ်သေးဘဲ ကမ်းပေးမြဲ ကမ်းပေးသည်။ ဝမ်ယိစိန်းသည် သဘောပေါက်သွားသလိုဖြစ်သွားပြီး ကျောက်ဗူးကို လှမ်းယူလိုက်သည်။ ဝမ်ယိစိန်းသည် ဖခင်၏ အမွေပစ္စည်းကလေးကို မြတ်နိုးစုံမက်လှသည်ဖြစ်၍ ယခုလို လက်ထဲ ပြန်ရောက်လာသောအခါ အတိုင်းမသိအောင် ဝမ်းသာနေတော့သည်။

"အဘွား. . . ကျုပ် ရှေ့ကသွားနှင့်မယ်"

"အေး. . . အေး"

ဝမ်ယိစိန်း ဘာမျှ မစဉ်းစားတော့၊ ကျောက်ဗူးကလေးကို လုံခြုံအောင် သိမ်းဆည်းပြီး ရပ်နေရာမှ လှမ်းထွက်လိုက်သည်။

ခြေလှမ်းများသည် ယခင်ကလို မဟုတ်ဘဲ အလွန်ပေါ့ပါး နေသည်၊ ထိုအချက်ကို သတိထားလိုက်မိသော ဝမ်ယိစိန်းသည် ကိုယ်တွင်း၌ ပြည့်ဝသော အတွင်းအားများ ဖြစ်တည်နေပြီဟု သတော့ပိုက် လိုက်မိတော့သည်။

သူသည် နှင်းပင်လယ်ကြီးထဲ ပြေးလာရင်း ရှစ်မိုင်မျှ ခရီးပေါက်လာခဲ့သည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး နှင်းတောင်များ နှင့် နှင်းပွင့်နှင်းခဲများ စုပုံနေပြီး သဏ္ဌာန်အမျိုးမျိုးဖြစ်နေသည်၊

ဝမ်ယိစိန်းသည် လှမ်းလက်စ ခြေလှမ်းကို ရပ်တန့်လိုက်ပြီး အခြေအနေကို အကဲခတ်လိုက်သည်။ ပတ်ဝန်းကျင်တွင် နှင်းပွင့် နှင်းမှုန်များမှ လွဲ၍ ဘာကိုမျှ မတွေ့မြင်ရပေ။

ဝမ်ယိစိန်းသည် နှင်းပင်လယ်ထဲ၌ အထီးကျန်ဖြစ်နေသော်လည်း ယခင်ကလို ကြောက်စိတ်မရှိတော့။ မိမိသည် အတွင်းအား ကောင်းမွန်သော အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်နေပြီ၊ သည်အခြေ သည်အနေမျိုးကျမှ ဘာကို ကြောက်ရွံ့နေရတော့မည်နည်း၊ တဖြည်းဖြည်းနှင့် ရှေ့ဆက် လျှောက်လာပြန်သည်။ သို့နှင့် သုံးမိုင်ကျော်ကျော် ခရီးပေါက်လာခဲ့ပြန်သည်၊

ထိုစဉ်. . .

ရုတ်တရက် ဟောင်လိုက်သော ခွေးဟောင်သံများကို ချောက်ချားဖွယ် ကြားလာရသည်။ ခွေးဟောင်သံသည် မာန်ဖီနေသော ဟောင်သံဖြစ်၍ ဝမ်ယိစိန်းသည် မျက်လုံးပြူးသွားမိသည်၊ မရှေးမနှောင်းမှာပင် ကြိမ်းမောင်းသံများနှင့် ဟိန်းဟောက်သံများပါ ကြားလာရပြီး အမျိုးသမီးတစ်ယောက် ပြေးလွှားသည်ကို တွေ့ရလေတော့သည်၊



အမျိုးသမီးသည် ရင်ခွင်ထဲ၌ တစ်စုံတစ်ခုကို ပွေ့ပိုက်ထားပြီး သေပြေးရှင်ပြေး ပြေးလာသည်။ သူမသည် ပြေးရင်းလွှားရင်း လဲကျသွားလိုက် ပြန်ထလိုက် ပြေးလိုက်၊ ဝုန်းခနဲ လဲကျသွားလိုက် ပြန်ထပြေးလိုက်ဖြစ်နေသည်။

သူမ နောက်မှ ဟိန်းနေအောင် ဟောင်ပြီး ပြေးလာသော ခွေးများသည် လေးငါးကောင် ဖြစ်နေပြီး အစွယ်အဖွေးသားနှင့် ထွားကျိုင်းသန်မာသော ခွေးများဖြစ်နေသည်။ ခွေးများသည် စွတ်ဖားလှည်းတစ်စီးကို ဆွဲရင်း ပြေးလာခြင်းဖြစ်ပြီး သွားရည်များ တမြားမြား ကျနေသည်။ စွတ်ဖားပေါ်တွင် ပါလာသောလူက ကြာပွတ်ကို ရွှမ်းခနဲ ရွှမ်းခနဲ ဝှေ့ယမ်းနေသည်။

ပြေးနေသော အမျိုးသမီးသည် အလွန်တရာ ထိတ်လန့်နေဟန်ရှိပြီး ဝမ်ယိစိန်းရှိရာ ဦးတည် ပြေးလာသည်။ ဝမ်ယိစိန်းသည် အသည်းယားဖွယ်မြင်ကွင်းကို ငေးကြည့်နေရင်း ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေသည်။ ပြေးလာနေသော အမျိုးသမီးသည် ဗိုင်းခနဲ လဲကျသွားသည်။ နောက်မှ လိုက်လာသော ခွေးများသည် ဟိန်းသံဟောင်သံများ ဆူညံနေပြီး မာန်ဖီလိုက်လာနေဆဲဖြစ်သည်၊

အမျိုးသမီးသည် လဲနေရာမှ လူးလဲထလိုက်ပြန်ပြီး လက်ထဲတွင် ပွေ့ပိုက်ထားသော အရာတစ်ခုကို ဝမ်ယိစိန်းထံ ပစ်ပေးသည်၊ လေထဲတွင် ဝဲလာသောအရာသည် သက်မဲ့ပစ္စည်း မဟုတ်ဘဲ သက်ရှိကလေးငယ်လေး ဖြစ်နေသည်၊

ဝမ်ယိစိန်းသည် မမျှော်လင့်ဘဲ ဖြစ်ပေါ်နေသော မြင်ကွင်းကို ငေးကြည့်နေရင်း လွင့်လာသော ကလေးငယ်ကို ကမန်းကတန်း ပမ်းယူပုိက်မိသည်။ ကလေးငယ်၏ အူဝဲ အူဝဲ ဟူသော အော်သံ

သည် ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားသည်။ အမျိုးသမီးငယ်သည် ကလေးငယ်ကို ပစ်ပေးပြီးသည်နှင့် လဲပြိုကျသွားပြန်၏။ သူမကိုယ်လုံးတွင် သွေးများ ရွှဲနေသည်ကို တွေ့ရ၏။ အမျိုးသမီးသည် အသက်နှစ်ဆယ်မျှပင် ပြည့်ပုံမပေါ်သေးဘဲ ချောမောလှပသော မိန်းမပျိုတစ်ယောက်ဖြစ်၏။ မိန်းမပျိုသည် လဲကျနေရာမှ တုန်ယင်သော အသံနှင့် လှမ်းအော်နေပြန်၏။

"သူ့ရဲ့ကောင်းမိတ်ဆွေကြီး ရှင်ဒီနေရာက မြန်မြန် ထွက်သွားပါ၊ ကလေးနဲ့အတူပါလာတဲ့ပစ္စည်းဟာ ရှင့်ကို ကျေးဇူးဆပ်တဲ့ အနေနဲ့ ပေးတဲ့ပစ္စည်းပါ"

ဝမ်ယိစိန်းသည် ကလေးငယ်ကို ပွေ့ပိုက်ထားသော်လည်း ကလေးနှင့်အတူ ပါလာသောပစ္စည်းကို မည်သည့်ပစ္စည်းဖြစ်မှန်း မသိသေးပေ။ မိန်းမပျိုက သူ့ရဲ့ကောင်းကြီးဟု ခေါ်လိုက်သည်ကို သဘောကျသွားပြီး ပီတိဖြစ်နေမိသည်။

"ကိစ္စမရှိပါဘူး အမျိုးသမီးရယ်၊ ခင်ဗျားနောက်ကို လိုက်လာတဲ့လူတွေကို ကျုပ် ရင်ဆိုင်ပေးပါ့မယ် ဘာမှမပူပါနဲ့"

အမျိုးသမီးသည် ဘာမှ ထပ်မပြောနိုင်သေးဘဲ လဲနေရာမှ လူးလဲထလာပြန်၏။ သူမသည် ဝမ်ယိစိန်းအနီးသို့ ရောက်သည်နှင့် ထပ်မံ၍ လဲပြိုကျသွားပြန်၏။

ဝမ်ယိစိန်းသည် အမျိုးသမီးငယ်ကို ငေးကြည့်နေရင်း လက်ထဲမှ ကလေးငယ်ကို လှမ်းပေးလိုက်မိသည်။

Win

စာစဉ်(၂)ကို ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ်နေလင်းအောင်